
ကမ္ဘာမြေအောက်ခရီး
ဒဂုန်ရွှေမျှား
JOURNEY TO
THE CENTRE OF
THE EARTH
BY JULES VERNE

စာအုပ်အမှတ် [၃]

**Quality Publishing House**
အမှတ် ၅၆၊ ၅(ခ)လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်း
ဖုန်း – ၇၀၆၄၁၄

**ဒို့တာဝန်အရေးသုံးပါး**

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

**ဒဂုန်ရွှေမျှား**
(မြန်မာပြန်)

# ကမ္ဘာမြေအောက်ခရီး

# Journey to The° Center of The Earth

By
Jules Verne

စာမူခွင့်ပြုချက်အမှတ် – ၄၉၇/၉၉(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၁၀/ ၉၉(၆)

■

**စီစဉ်သူ** – ကိုမြင့်ထွန်း
တန်ဖိုး – ၆၀၀ ကျပ်

■

**ပုံနှိပ်ခြင်း**
တတိယအကြိမ် – (၁၉၉၉၊ စက်တင်ဘာ)
အုပ်ရေ – (၁၀၀၀)

■

မျက်နှာဖုံးပန်းချီ – ဇော်မောင်
ကာလာခွဲ – Prestige
အတွင်းဖလင် – ဇမ္ဗူအေး

■

**မျက်နှာဖုံးပုံနှိပ်**
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် ၁၆၄၊ ၄၈ လမ်း၊ ဗိုလ်တထောင်

■

**ပုံနှိပ်သူ**
ဒေါ်ကျင်လှိုင် (၀၃၂၄၉) ကျော့အောင်အော့ဖ်ဆက်
၇၈၊ ၄၄ လမ်း၊ ဗိုလ်တထောင်

■

ဒေါ်ရွှေအိမ် (၀၂၁၉၄၁) တိုင်းလင်းစာပေ
အမှတ် ၆၅၊ ၃–ရပ်ကွက်၊ စော်ဘွားကြီးကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

# ကမ္ဘာမြေအောက်ခရီး

အချိန်သည်ကား ခရစ်သက္ကရာဇ် ၁၈၆၃ ခုနှစ်ဖြစ်၍ နေ့ရက်မှာ မေလ ၂၄ ရက်၊ တနင်္ဂနွေနေ့ဖြစ်၏။ ကျွန်ုပ်၏ဦးလေးဖြစ်သူ ပါမောက္ခဆရာကြီးပရော်ဖက်ဆာ "လင်ဒင်ဗရွတ်" သည် သူ၏အိမ်ကလေးရှိရာ ဟမ်းဗတ်မြို့ (ဂျာမဏီပြည်) ကွန်နစ်စထရာစီလမ်း အိမ်အမှတ် ၁၉ သို့ ပြန်လည်ရောက်ရှိလာလေသည်။

အိမ်မှ ထမင်းချက်မိန်းမကြီး 'မာသာ' သည် နေ့လယ်စာအတွက်အချိန်နှောက်ကျနေပြီဟု အထင်ရောက်ရှိရာ၊ ကျွန်ုပ်ကလည်း ဤအတိုင်းထင်သဖြင့်

"အင်း ဦးလေး လာရင်တော့ ဒုက္ခပဲ။ သူက နည်းနည်း မှ သည်းခံတဲ့လူမဟုတ်ဘူး"

ဟု ညည်းညူလိုက်မိ၏။

မာသာက ထိတ်လန့်ဟန်ဖြင့်

"သခင်ကြီး ပြန်လာပြီလား"

"ဟုတ်တယ်၊ ပြန်လာပြီမာသာ။ တစ်နာရီခွဲ ရှိသေးတယ်"

"ဘာဖြစ်လို့ စောစောစီးစီး ပြန်လာရသလဲ"

"ဘယ်သိမလဲ မာသာရဲ့"

"ဟိုက် – နောက်ကျနေပြီထင်တယ်၊ မီးဖိုချောင် ပြေးလိုက်ဦးမှဟေ့"

ကျွန်ုပ်တစ်ယောက်တည်း ရှိနေသော်လည်း ဦးလေး စိတ်တိုတတ်ကြောင်းသိသဖြင့် မမေးဝံ့ချေ။ သို့နှင့် အိမ်အပေါ် ထပ်သို့တက်တော့မည်ပြုစဉ် သူသည် ထမင်းစားခန်းကိုဖြတ် ကာ သူ၏ စာကြည့်ခန်းသို့ တောက်လျှောက်ပြေးဝင်သွားလေ ၏။ သူသည် တုတ်ကောက်ကို အခန်းထောင့်တစ်ခုသို့လည်း ကောင်း၊ ဦးထုပ်ကို စားပွဲပေါ်သို့လည်းကောင်း ပစ်တင်လိုက် ပြီးနောက်

"ဟေ့ အိတ်ဇယ်၊ ငါ့နောက်ကို လိုက်ခဲ့စမ်း"

ဟု ကျွန်ုပ်အား အော်ပြောလိုက်လေသည်။

သူခေါ်ရာသို့ သွားတော့မည်ပြုစဉ် ဦးလေးက စိတ် တိုသောအသံကြီးဖြင့်

"ဟေ့ကောင်၊ ခုထက်ထိမရောက်သေးဘူးလား"

ဟု ထပ်မံဟစ်အော်လိုက်ပြန်၏။ သို့နှင့် ကျွန်ုပ်လည်း ဦးလေးထံ တစ်ခါတည်း ခုန်ပေါက်ပြေးသွားလေတော့၏။ ဦးလေးကား အလွန်စိတ်တို၏။ သို့သော် စိတ်ထားဆိုးသူတစ် ယောက်မဟုတ်ပါပေ။

သူသည် တက္ကသိုလ်တွင် ဘူမိဗေဒပညာကိုသင်ကြား ပြသသူ ပါမောက္ခကြီးဖြစ်၏။ သင်ကြားရာတွင် တစ်ခါတစ်ရံ

သူ့စိတ်ကို ထိန်းမအောင်ဖြစ်တတ်၏။ တပည့်များ ကောင်းစွာအလုပ်လုပ်သည် မလုပ်သည်ကိုလည်းကောင်း၊ နားထောင်သည် မထောင်သည်ကိုလည်းကောင်း၊ သူတို့စားပွဲအောင်သည် မအောင်သည်ကိုလည်းကောင်း စိုးစဉ်မျှ ထားသူမဟုတ်ချေ။ သူ၏စိတ်အလိုကျ သူ့နည်းနှင့်သူ သင်ပြ၏။ သူသင်ပြပုံကို အခြားသူများက တစ်မျိုးထင်မည်ကိုဖြစ်စေ၊ အခြားသူများမည်မျှ နားလည်တတ်ကျွမ်းသည်ကိုဖြစ်စေ အရေးထားသူမဟုတ်ပေ။ ဂျာမဏီနိုင်ငံတွင် သူကဲ့သို့ ပါမောက္ခဆရာကြီးများ များစွာရှိလေသည်။

ဦးလေးကား လူအများရှေ့တွင် စကားပြောရာ၌ ခဲခဲယဉ်းယဉ်းပြောရ၏။ စကားပြောကောင်းတစ်ယောက်မဟုတ်ချေ။ သိပ္ပံပညာရပ်နှင့် ပတ်သက်၍ ရှည်လျားစွာ အသံထွက်သော စကားလုံးများကို ပါးစပ်မှ ရုတ်တရက်မထွက်နိုင်သောအခါ သူသည် စကားကိုချက်ချင်းရပ်ပစ်လိုက်၏။ ထိုအခါမျိုး၌ သူ၏ပါးစပ်မှ ခပ်ကြမ်းကြမ်းစကားလုံးများ ထွက်လာတတ်ပြီးလျှင် စိတ်တို၍ မဆုံးနိုင်အောင်ရှိတော့၏။

ဘူမိဗေဒပညာရပ်တွင် ခက်ခဲနက်နဲသော စကားလုံးများရှိ၏။ အချို့စကားလုံးများမှာ အလွန်ရှည်လျားပြီးလျှင် ဂရိဘာသာတစ်ဝက် လက်တင်ဘာသာတစ်ဝက်ဖြစ်၍ ပြောဆိုသူ၏ ပါးစပ်တွင် အပြောခက်သည်နှင့်အမျှ ကြားရသူ၏ နားဝတွင် အဝင်ဆိုးလေသည်။ ဦးလေးသည် ထိုခက်ရာခက်ဆစ်စကားလုံးမျိုးကို ရွတ်ဆိုရာ၌ ပါးစပ်မှ ရုတ်တရက်မထွက်နိုင်

သဖြင့် ဒေါသထွက်ခြင်းကိုပင် ရယ်မောရန်လာရောက်ကြသော ကျောင်းသားများလည်း မရှားပေ။ မည်သို့ပင်ဖြစ်စေ ဦးလေးသည်ကား လောကဓာတ်ပညာဘက်တွင် စွမ်းစွမ်းတမံတတ်မြောက်သည့် ပါရဂူကြီးတစ်ယောက်ပါပေတည်း။

ကျောက်ခဲတစ်လုံး ကြည့်ရှုစစ်ဆေးရမည်ဆိုက ယင်းကျောက်ခဲကို မျက်စိဖြင့်ကြည့်ရုံမျှမက လက်ဖြင့်စမ်းသပ်ကြည့်၏။ တီးခေါက်ကြည့်၏။ အသံကိုနားထောင်၏။ နှာခေါင်းဖြင့် အနံ့ခံလေ၏။ ထိုနောက် ယင်းကျောက်ခဲသည် မည်သည့်ကျောက်မျိုးဖြစ်သည်၊ မည်သည့်ဓာတ်သတ္တုများပါဝင်သည်ကို ပြော၏။ မည်သည့်နေရာမှ ရကြောင်းကိုပင် ပြောနိုင်ကောင်း ပြောနိုင်ပေမည်။ ယခုအခါ ကမ္ဘာပေါ်တွင် ကျောက်ခဲအမျိုးပေါင်း ၆၀၀ ခန့်ရှိ၍ ဦးလေးသည် ထိုအမျိုးပေါင်း ၆၀၀ အနက်မှ မည်သည့်အမျိုးအစားဖြစ်သည်ကို ချက်ချင်းပြောနိုင်လေသည်။

လောကဓာတ်ပညာဘက်၌ အကျော်ကြားဆုံးပုဂ္ဂိုလ်များပင် ဦးလေးထံလာရောက်ကြ၏။ အလွန်ခက်ခဲ၍ သူတို့မဆုံးဖြတ်နိုင်သော ပြဿနာများအတွက် လာရောက် အကြံဉာဏ်တောင်းကြ၏။ သူကိုယ်တိုင်လည်း လောကဓာတ်ပညာနှင့်ပတ်သက်သည့် အလွန်အရေးကြီးသော အချက်အလက်ပေါင်းများစွာကို ရှာဖွေတွေ့ရှိထားသူဖြစ်လေသည်။

ဦးလေးသည် ကြုံလှီ၍ အရပ်မြင့်သော်လည်း သံကဲ့သို့မာကြောသော ကိုယ်ခန္ဓာရှိ၏။ အသက် ၄၀ မျှသာရှိသေး

သော်လည်း ၅၀ ရွယ်နှင့်တူ၏။ မျက်လုံးကြီးများသည် မျက်မှန်၏ နောက်တွင် ဝင်းပြောင်တောက်ပလျက်ရှိ၏။ သေးသွယ်ရှည်လျားသော နှာတံသည် ဓားသွားကဲ့သို့ ရှိနေ၏။ အချို့သူများက သူ၏နှာခေါင်းသည် သံလိုက်တစ်မျိုးဖြစ်၍ သံမှုန်များပင် ကပ်သည်ဟုဆို၏။ လမ်းလျှောက်သောအခါ ခြေလှမ်းမှာ ၃ ပေရှိ၏။ ပြေးသောအခါ ခြေတစ်လှမ်းလျှင် ၄ ပေမျှကျယ်ပြန့်လေသည်။

သူသည် ဟမ်းဗတ်မြို့၏ ရှေးအကျဆုံးသောနေရာဗဟိုအချက်အချာ 'ကွန်နစ်စထရာစီ' လမ်းရှိ သူ၏အိမ်ကလေး၌ နေထိုင်ပြီးလျှင် သာမန်ပါမောက္ခတစ်ဦးမျှသာဖြစ်သော်လည်း အတော်အတန်ကြွယ်ဝချမ်းသာသူဖြစ်လေသည်။ အိမ်နှင့်တကွ အိမ်တွင်းပစ္စည်းများမှာ သူပိုင်ဖြစ်၏။ အိမ်သားများမှာ ဦးလေးအပြင် ကျွန်ုပ်၊ ကျွန်ုပ်၏ ညီမဝမ်းကွဲ အသက် ၁၇ အရွယ်ရှိ "ဂရိုင်ဗင်"နှင့် အိမ်စေမိန်းမကြီး မာသာဖြစ်၏။ ကျွန်ုပ်မှာ ငယ်စဉ်ကပင် မိဘနှစ်ပါးသေဆုံးခဲ့၍ ဦးလေးတစ်ယောက်သာရှိသည့်အတိုင်း သူနှင့်အတူလာရောက်နေထိုင်ခဲ့ပြီးလျှင် သူ၏လုပ်ငန်းဆောင်တာများကို ကူညီလျက်ရှိလေသည်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ဘူမိဗေဒပညာရပ်ကို ဝါသနာထုံလှသဖြင့် ကျောက်ခဲများ၊ ကျောက်ဆောင်၊ ကျောက်တောင် အစိုင်အခဲများကို လေ့လာရာ၌ ငြီးငွေ့သည်ဟူ၍ မရှိပေ။

ဤသို့ဖြင့် အိမ်ရှင်ဖြစ်သူမှာ သည်းမခံတတ်၍ စိတ်တိုတောင်းသူဖြစ်သော်လည်း ကျွန်ုပ်မှာ ဤအိမ်ကလေးတွင်

အလွန်ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့လေသည်။ သူသည် ကျွန်ုပ်အပေါ်၌ တစ်ခါတစ်ရံ တိုတောင်းကြမ်းတမ်းစွာ ပြုမူတတ်သော်လည်း အမှန်အားဖြင့်မူ ကျွန်ုပ်အား ချစ်ခင်ပေ၏။ ကိစ္စတစ်ခုပြုလုပ်ရန်ရှိက သူသည် မည်သည့်အခါမျှ ဆိုင်းငံ့၍မနေနိုင်။ သူ၏စိတ်ဓာတ်မှာ သဘာဝထက်ပင်ပို၍လျှင်မြန်နေ၏။ ဥပမာအားဖြင့်စိုသော် ပန်းပင်များကို ဧပြီလတွင်ပျိုးပြီးနောက် ရင့်သန်ကြီးထွားလာစေရန် အချိန်စောင့်ဆိုင်း၍မနေဘဲ သစ်ရွက်များကို နံနက်တိုင်း ဆွဲ၍ကြည့်ရှုတတ်လေသည်။ သို့နှင့် ကျွန်ုပ်အား ဦးလေးက ခေါ်လိုက်သောအခါ ကျွန်ုပ်မှာ သူ၏စာကြည့်ခန်းသို့ တစ်ဟုန်တည်းပြေးဝင်သွားလေသည်။

စာကြည့်ခန်းမှာ ပြတိုက်ကလေးသဖွယ် ရှိနေ၏။ ကျောက်ခဲအမျိုးမျိုးကို တွေ့ရှိနိုင်၍ ယင်းတို့အား သေချာသပ်ရပ်စွာ စီစဉ်ထားပြီးလျှင် တစ်ခုစီ ကမ္ပည်းထိုးထား၏။ ထိုကျောက်ခဲကျောက်တုံးအားလုံးကို ကျွန်ုပ်အား နောကြေအောင် သိနေ၏။ ထိုကျောက်တုံးကလေးများကို သန့်ရှင်းအောင်မကြာခဏ ပွတ်တိုက်နေရခြင်းကိုပင် စိတ်ထဲတွင် ပျော်၍နေမိ၏။ စာကြည့်ခန်းသို့ ရောက်သောအခါ ကျွန်ုပ်မှာ ထိုထူးဆန်းအံ့ဩဖွယ်ကောင်းသော ကျောက်တုံးကျောက်ခဲများအကြောင်းကို သတိမရနိုင်တော့ဘဲ ဦးလေးကိုသာ အာရုံစိုက်နေမိတော့၏။ သဥသည် လက်တန်းကုလားထိုင်ကြီးတစ်လုံးပေါ်၌ထိုင်ကာ စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်၍နေသည်ကို တွေ့ရ၏။

ဦးလေးသည် တစ်ယောက်တည်း ရေရွတ်လျက်ရှိလေသည်။

"အမယ်လေး၊ ထူးဆန်းလိုက်တဲ့စာအုပ်ကွယ်။ ကြည့်ပါဦး၊ ထူးဆန်းလိုက်တာ"

ဦးလေးကား စာအုပ်ကို ချစ်မြတ်နိုးသူဖြစ်၏။ စာအုပ်တွင်ပါရှိသော အကြောင်းအရာများကို စိတ်ဝင်စားတတ်၏။ စာအုပ်ဟောင်းဆိုလျှင်လည်း မည်သည့်နေရာမျှ မတွေ့နိုင်သော စာအုပ်၊ မဖတ်နိုင်သောစာအုပ်များကို သူအမြတ်နိုးဆုံးဖြစ်တော့၏။ ဦးလေးကား ဆက်လက်ရေရွတ်ဆဲပင် ရှိနေလေသည်။

"ကြည့်ပါဦးကွယ်၊ ကြည့်ပါဦး၊ အံ့စရာကောင်းလိုက်တာ လွန်ပါရော။ ဒါဟာ ရတနာပဲကွဲ့။ အဖိုးမဖြတ်နိုင်ဘူးဟေ့၊ အဖိုးမဖြတ်နိုင်ဘူး။။ ဒီကနေ့မနက်ပဲ စာအုပ်အဟောင်းဆိုင်တစ်ဆိုင်က တွေ့လာခဲ့တယ်လေ"

"အံ့သြစရာကောင်းတယ် ဟုတ်လား ဦးလေး"

ဦးလေးမှာ ဉာဏ်မျှလောက် စိတ်လှုပ်ရှားနေသည်ကို ကျွန်ုပ်အနေနှင့် မတွေးတောနိုင်ပေ။ စာအုပ်မှာ အလွန်ဟောင်းနွမ်းလျက် စုတ်ပြတ်နေသော အဖုံးနစ်ဘက်မှ သားရေများပင် ဆွေးမြေ့လုမတတ်ရှိနေလေပြီ။ ဦးလေးမှာ စာအုပ်ကိုကြည့်ရှုရင်း တစ်ယောက်တည်း အမေးအဖြေများ ပြုလုပ်လျက်ရှိလေသည်။

"သိပ်ကောင်း သိပ်လှ။ နေပါဦး၊ ကောင်းသေးရဲ့လား။ အို အကောင်းကြီးရှိသေးတယ်။ ဖွင့်လို့မှ ကောင်းကောင်းရရဲ့လားဟ။ ဟာ ရတယ်ပေ့ ရတယ်။ နေရာကျတာပဲ။ အင်း နို့ပေမယ့် ဒီစာအုပ်ရဲ့အသက်ဟာ နှစ်ပေါင်း ၆၀၀ ကျော်ရှာပြီ"

ဦးလေးသည် အထက်ပါစကားများကို တစ်ကိုယ်တည်းရေရွတ်ရင်း စာအုပ်ကို ဖွင့်ချည်တစ်ခါ ပိတ်ချည်တစ်လှည့် ပြုလုပ်လျက်ရှိလေ၏။ ကျွန်ုပ်မှာကား အနည်းငယ်မျှ စိတ်ဝင်စားခြင်းမရှိချေ။

"စာအုပ်ရဲ့နာမည်က ဘာတဲ့လဲ ဦးလေးရဲ့"

ဦးလေးက ပိုဂျတုန်လှုပ်သည့်ဟန်ဖြင့်–

"စာအုပ်က အင်း စာအုပ်နာမည်က 'ဟိမ်–ကရင်ဂလာ'တဲ့၊ ရေးတဲ့လူက 'စနိုရီတာလင်'တဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၀ လောက်က အင်မတန်ထင်ရှားကျော်ကြားတဲ့ အိုက်စလန်ကျွန်းသား စာရေးဆရာကြီးပေါ့ကွယ်။ အိုက်စလန်ကျွန်းကို အုပ်ချုပ်တဲ့ 'နော်ဝေဂျီယံ'လူမျိုး မင်းသမီးကလေးဝတ္ထုပေါ့"

ကျွန်ုပ်က စိတ်တုန်လှုပ်သည့်ဟန်ဖြင့်

"အို ဟုတ်လား။ ဂျာမန်ဘာသာနဲ့ ရေးထားလား ဦးလေး"

"ဘာကွဲ့။ ဂျာမန်ဘာသာ မဟုတ်ဘူးကွ။ ပထမစပြီး ရေးထားတဲ့အတိုင်း ရှေးရိုးအိုက်စလန်ဘာသာနဲ့ရေးထားတာ"

"အို ဟုတ်လား ဦးလေး။ ပုံနှိပ်ထားတာကောင်း ရဲ့လား"

"ပုံနှိပ်ထားတာ ဟုတ်စ။ ဘယ်သူကပြောလဲ ပုံနှိပ်ထားတာလို့။ မင်းကတော့ ပုံနှိပ်ထားတယ်ထင်သပေါ့လေ။ လူမိုက်။ လက်နဲ့ရေးထားတာကွ။ ရေးတာမှ 'ရူနစ်'အက္ခရာနဲ့ ရေးထားတယ်"

"ရူနစ် ဟုတ်လား ဦးလေး"

"အေး ဟုတ်တယ်။ ဒီစကားအဓိပ္ပာယ် မင်းမသိဘူးလား။ ဒီစကားအကြောင်း ငါက ရှင်းပြရဦးမလား"

"မရှင်းပါနဲ့တော့ ဦးလေးရယ်၊ မရှင်းပါနဲ့တော့"


သို့နှင့်ပင် ဦးလေးသည် တစ်ယောက်တည်း ပြောဆိုလျက်ရှိလေသည်။

"ရူနစ်အက္ခရာဆိုတာ အိုက်စလန်ကျွန်းမှာ ဟိုရှေးတစ်ကြိမ်က သုံးခဲ့ဖူးတယ်။ ဒီအက္ခရာတွေကို နတ်များက တီထွင်ခဲ့တယ်လို့ ပြောကြတယ်။ ကြည့်လေ၊ ဒီမှာ ဘယ်လောက်အံ့သြစရာကောင်းလဲ။ နတ်တွေတီထွင်ထားတဲ့ အက္ခရာတွေကိုကြည့်ပါဦး"

ထိုခဏ၌ ဟောင်းနွမ်းပေကျံလျက်ရှိသော ပေရွက်ကလေးတစ်ရွက်သည် စာအုပ်ဟောင်းကြီးအတွင်းမှ ထွက်ကျလာလေရာ ဦးလေးလည်း နေရာမှခုန်၍ထကာ ကောက်ယူလိုက်၏။ ပေရွက်ကလေးမှာ နှစ်ပရိစ္ဆေဒ ရာပေါင်းများစွာ ကြာမြင့်ဟန်တူ၍ စာအုပ်ဟောင်းကြီးထဲမှ ကျလာခြင်းဖြစ်ရာ၊ ယင်းအချက်ကိုပင် ဦးလေးက များစွာတန်ဖိုးထားလေသည်။

"ဟ၊ ဒါဘာလဲဟ"

သူသည် ပေရွက်ကလေးကို ကောက်ယူလိုက်ပြီးလျှင် သတိကြီးစွာဖြင့် စားပွဲပေါ်တွင် တင်ထားလိုက်၏။ ပေရွက်ကလေးမှာ အလျား ၅ လက်မ၊ အနံ ၃ လက်မရှိ၍ မျက်နှာပြင်ပေါ်၌ အောက်ပါ ထူးဆန်းသော စာလုံးများကို ရေးသားထားလေသည်။



ဦးလေးသည် ထူးဆန်းသော အက္ခရာများကို အတော်ကြာငေးမောကြည့်ရှုလျက်ရှိလေ၏။ ထို့နောက်

"အင်း ရှုနစ် ရှုနစ် အမှန်ပဲ။ ဒီအက္ခရာတွေနဲ့ စာအုပ် ထဲရေးထားတဲ့ အက္ခရာတွေနဲ့အတူတူပဲ။ အင်း ဟုတ်တယ်။ ဒါ ရှေးအိုက်စလန်ဒစ်ဘာသာပဲ။ ဘာကိုဆိုလိုတယ် မသိ ဘူး။"

ဦးလေးသည် ဘာသာရပ်အမျိုးမျိုးကို တတ်ကျွမ်းနာလည်သူဖြစ်သည့်အတိုင်း ယင်းအက္ခရာများမှာ အိုက်စလန်ဒစ် ဘာသာဖြစ်ကြောင်းကိုကား အမှန်ပင်သိရှိ၏။ သူသည်ကမ္ဘာပေါ်ရှိ ဘာသာစကား ၂၀၀၀ ခန့်ရှိသည့်အနက် အကုန်အစင်ပင် မတတ်ကျွမ်းစေကာမူ အတော်ခပ်များများ တီးခေါက်မိသူဖြစ်လေသည်။

ဦးလေးမှာ ဤကဲ့သို့ တစ်စုံတစ်ရာကို တွေးခေါ်၍မရသည့်အခါတွင် ပြုလုပ်တတ်သည့်အတိုင်း ပါးစပ်မှ ကြမ်းတမ်းစွာ ရေရွတ်ကာ ဒေါသယမ်းအိုး ပေါက်ကွဲတော့မည်ကိုသာ ကျွန်ုပ်က မျှော်လင့်၍နေမိတော့၏။ ထိုအချိန်၌ စာကြည့်ခန်းတံခါးပွင့်လာပြီးလျှင် အိမ်စေမိန်းမကြီးမာသာသည် တံခါးဝမှနေ၍

"စားပွဲပေါ်မှာ သုံးဆောင်ဖို့အဆင့်သင့်ဖြစ်နေပါပြီရှင်"

ဟု ပြောလိုက်၏။ ထိုအခါ ဦးလေးသည် အသံကြားရာသို့ တစ်ချက်နားစွင့်လိုက်ပြီးနောက်

"သွား သွား၊ မစားဘူး။ ခွေးလို ဝက်လို လာအောင်မနေနဲ့၊ သွား"

ဟု ဟစ်အော်ရေရွတ်လိုက်ရာ မာသာသည် တစ်ခါတည်း ထွက်ပြေးလေတော့၏။ ကျွန်ုပ်မှာမူ ဆာလောင်လာပြီဖြစ်၍ မာသာ၏ နောက်မှလိုက်ပါသွားပြီးလျှင် ညစာစားခန်းစားပွဲရှိ ကျွန်ုပ်ထိုင်နေကျကုလားထိုင်တွင် ထိုင်လိုက်လေ၏။ စားပွဲမှာ ၂ ယောက်စာအတွက် ပြင်ဆင်ထားသော်လည်း ဦးလေးမှာ ကျွန်ုပ်စားပြီးသည့်အချိန်အထိ မရောက်လာသဖြင့် ကျွန်ုပ်ကပင် သူ့အတွက်ကိုပါ စားလိုက်ရ၏။ အရေးမကြီးသော ပေရွက်စုတ်ကလေးတစ်ချပ်ကို ကြည့်၍ အချိန်ဖြုန်းကာ မစားမသောက်ဘဲ အငတ်ခံ၍နေသည်ကို စိတ်ထဲက အပြစ်တင်မိ၏။

"ဦးလေးလည်း ခက်ပါတယ်။ တစ်ခါမှ ဒီလောက် ဖွဲ့နဲ့ဘဲ မကြီးဖူးဘူး။ ဘာများ ဒီလောက်တောင် အရေးကြီး သလဲ မပြောတတ်ပါဘူး။ တစ်ခုခုတော့ ကြောက်စရာ လန့် စရာ ဖြစ်တော့မယ်ထင်တယ်"

ဟု စိတ်ထဲက အောက်မေ့ကာ သူ့အတွက်ထားသော အစားအသောက်များကို ကျွန်ုပ်က စားပစ်လိုက်မိသည့်အတွက် အကယ်၍ သူရောက်လာလျှင် ဒေါသူပုန်ထမည်ကိုလည်း တွေး၍ ပူပန်မိ၏။ စားသောက်၍ ပြီးခါနီး၌ ဦးလေးက မိုးခြိမ်းသကဲ့သို့ ကျယ်လောင်ကြီးမားသော အသံကြီးဖြင့် ခေါ်သံကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း စာကြည့်ခန်းသို့ တစ်ဖန် ပြေးသွားရပြန်လေတော့၏။

"ဟုတ်တယ်ကွဲ့။ ဒါ ရှုနစ်အမှန်ပဲ။ နို့ပေမယ့် အထဲမှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်။ အဲဒီလျှို့ဝှက်ချက်ကို ငါ သိအောင် လုပ်မယ်။ လုပ်မယ်ကွယ်၊ လုပ်မယ်။ မရရင်တော့ တယ်လေ၊ ငါ မပြောလိုက်ချင်ဘူး"

သူသည် နောက်ဆုံးစကားလုံးကိုပြောရာတွင် စားပွဲကို လက်သီးဖြင့် တစ်ချက်နှစ်ချက် ထုလိုက်ပြီးလျှင် သူ၏ တစ်ကိုယ်လုံးမှာလည်း တုန်တုန်ရီရီ ရှိနေလေသည်။

ဦးလေးက စားပွဲတစ်လုံးကို လက်ညှိုးထိုးလျက်–]

"ဒီမှာ ထိုင်စမ်းဟေ့၊ ငါပြောတာ ရေးစမ်း"

သူ့စကားမဆုံးမီပင် ကျွန်ုပ်မှာ အသင့်ဖြစ်နေလေပြီ။

ဦးလေးက ဆက်လက်၍

"ဒီမယ် အိုက်စလန်ဒစ် စာလုံးတစ်လုံးစီရဲ့ နေရာမှာ ငါက ရောမ အက္ခရာတွေတစ်ခုစီ ရွတ်ပြသွားမယ်။ ဘာပေါ် လာမလဲစိတ်ကို ကြည့်ရအောင်။ တစ်ခုတော့ သတိထား နော်။ တစ်လုံးဆို တစ်လုံး မမှားစေနဲ့၊ ကြားလား"

"ဟုတ်ကဲ့ ဦးလေး။ မမှားစေရပါဘူး"

ဦးလေးသည် စာလုံးများကို တစ်လုံးပြီးတစ်လုံး ရွတ် ဆိုလေရာ ကျွန်ုပ်က သူရွတ်ဆိုသည့်အတိုင်း မမှားယွင်းစေဘဲ လိုက်၍ရေးရ၏။ သို့နှင့် ရေးပြီးသောအခါ အောက်ပါအတိုင်း စားလုံးများကို ရရှိလေသည်။

| | | |
|---|---|---|
| mm,rnlls | esreuel | seecjde |
| Sgtssml | unteief | niedrke |
| ktsamn | atrateS | Saodrrn |
| emtnael | nuaeet | rrilSa |
| Atvaar | -nserc | ieaabs |
| ccdrmi | eeutul | frantu |
| dt,iac | oseibo | KediiY |

ကျွန်ုပ် ရေးပြီးသောအခါ ဦးလေးသည် ကျွန်ုပ်ထံမှ စာရွက်ကို ကြမ်းတမ်းစွာ ဆွဲယူလိုက်ပြီးနောက် စာလုံးများကို အချိန်အတော်ကြာမျှ ကြည့်ရှုလျက်ရှိလေ၏။

"ဘာ အဓိပ္ပါယ်ပေါက်သလဲကွယ်"

သူသည် တစ်ကိုယ်တည်း ပြောဆိုနေခြင်းဖြစ်သဖြင့် ကျွန်ုပ်က ပြောရန်အကြောင်းမရှိပေ။

ဦးလေးက ဆက်လက်၍

"ဒီဟာ စာဝှက်တစ်မျိုးပဲကွဲ့။ စာလုံးတွေရောထားလို့ အဓိပ္ပာယ်မြုပ်နေတယ်။ ဒီတော့ စာလုံးတွေကိုသာ သူ့နေရာနဲ့ သူ နေသားတကျ ထားနိုင်ရင် အဓိပ္ပာယ်ပေါ်လာမယ်။ ပေါ်လာ ရင်တော့ကွယ် တစ်ခုခု ကြီးကြီးကျယ်ကျယ် ငါတို့တွေ့ရမှာပဲ ဟေ့"

သို့သော် ကျွန်ုပ်၏ သဘောကမူ ယင်းစာလုံးများမှာ မည်သည့်အဓိပ္ပာယ်မှမရှိဟု ထင်မိ၏။ သို့သော် ဤသို့ပြောရန် ကား မသင့်ပေ။ ဦးလေးသည် စာအုပ်ကိုတစ်လှည့်၊ ပေရွက် ဟောင်းကလေးကိုတစ်လှည့် အကြိမ်များစွာ နှိုင်းယှဉ်ကြည့်ရှု လျက်ရှိလေသည်။


"ဒီနှစ်ခုဟာ လူတစ်ယောက်တည်း ရေးတာတော့ မဟုတ်ဘူးကွ။ စာဝှက်က စာအုပ်ကိုရေးပြီးတဲ့နောက် အတော် ကြာမှ ရေးတာ။ ဒီမှာကြည့်လေ 'မမ'ဆိုတဲ့ ပထမစာလုံး အတွက် ရေးထားတဲ့အက္ခရာဟာ တာလီဆင်ရဲ့ စာအုပ်ထဲမှာ မပါဘူးကွဲ့။ ဘာဖြစ်လို့လည်းဆိုတော့ ဒီအက္ခရာဟာ တာလီ ဆင်ရှိနေတဲ့ လက်ထက်ကမသုံးဘဲ သူမရှိတဲ့နောက် နှစ်ပေါင်း အတော်ကြာမှ သုံးတာ ထင်ရှားတယ်။ ဒီတော့ စာအုပ်ရေးတဲ့ အချိန်နဲ့ ပေရွက်ရေးတဲ့ အချိန်ဟာ အနည်းဆုံးနှစ်ပေါင်း ၂၀၀ ကွာရမယ်"

ဤအမှန်းအဆသည်ကား ယုတ္တိရှိ၍ လျော်ကန်သင့် မြတ်လှပါပေ၏။

ဦးလေးက တစ်ဖန် ဆက်လက်၍

"ဒါကြောင့် ဒီပေရွက်ပေါ်မှာရှိတဲ့ ထူးခြားတဲ့ အက္ခရာတွေသဟာ ဒီစာအုပ်ကိုပိုင်တဲ့ လူတစ်ယောက်ယောက် ရေးရမယ်လို့ ငါယူဆတယ်။ နို့ပေမယ့် ဒီလူက ဘယ်သူလဲကွာ။ သူ့နာမည်တောင်မှ စာအုပ်တစ်နေရာရာမှာ ရေးမထားဘူးလား။ ငါဖြင့် အံ့သြပါရဲ့"

ဦးလေးသည် စာအုပ်၏ ပထမမျက်နှာများကို အသေအချာ ကြည့်ရှုလျက်ရှိလေ၏။ တစ်ခဏမျှ ကြာလတ်သော် ပထမစာရွက်၏ နောက်ကျောဘက်တွင် တစုံတရာ ညစ်ပတ်ပေရေလျက်ရှိသော အမဲစက်တစ်ခုကဲ့သို့ အရာတစ်ခုကို တွေ့ရ၏။ ပထမတွင် ခပ်မည်းမည်းအစက်တစ်ခုဟု ထင်ရသော်လည်း သေချာစွာကပ်၍ကြည့်ရှုသောအခါ စာလုံးများပေါ်နေသည်ကို တွေ့မြင်ရလေသည်။ ယင်းသည်ပင် စိတ်ဝင်စားဖွယ် အချက်အချာဖြစ်တော့၏။ သို့နှင့် သူသည် ယင်းအက္ခရာများကို မှန်ဘီလူးဖြင့် အထပ်ထပ်ကြည့်ရှုလေရာ၊ ရူနစ်အက္ခရာများပင်ဖြစ်ကြောင်းတွေ့ရသဖြင့် စာရွက်တစ်ရွက်ပေါ်တွင် ထင်ရှားပြတ်သားစွာ အောက်ပါအတိုင်း ကူးယူလေသည်။



Arnye Saknussemn

အာနီ ဆက္ကနူဆမ်

"အာနီ ဆက္ကနူဆမ် ဆိုပါကလား။ ဒါဟာ နာမည်ကွဲ့။ အိုက်စလန်ဒစ်နာမည်။ လောကဓာတ်ပညာမှာ အင်မတန်

ထင်ရှားကျော်စောတဲ့ ပုဂ္ဂိုလ်ကြီးရဲ့နာမည်ပေါ့ကွယ်။ နှစ်ပေါင်း ၃၀၀ လောက်ရှိပြီ"

ကျွန်ုပ်သည် ဦးလေးအား အံ့သြချီးကျူးလိုသောစိတ်ဖြင့် ကြည့်လိုက်မိ၏။

ဦးလေးက ဆက်လက်၍

"ဒီပညာရှိကြီးတွေဟာ သူတို့ အချိန်အခါတုန်းက လောကဓာတ်ပညာကို တကယ်နိုင်နင်း တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့ကွယ်။ သူတို့တွေ့ထားတာတွေဟာ ဖြစ်မှဖြစ်နိုင်ပါ့မလားလို့ ထင်ရတယ်။ နေပါဦး။ ဒီတော့ အခု ဆက္ကနုဆမ်ဟာ ဒီပေရွက်က စကားဝှက်ထဲမှာ အံ့သြစရာကောင်းလောက်တဲ့ တွေ့ရှိချက်တစ်ခုခုကို ဘာဖြစ်လို့ ရေးမထားဘဲ နေရမှာလဲ။ ရေးရမယ်၊ ရေးရမယ်၊ ဟုတ်ပြီပေါ့။ ဟုတ်ပြီ ဟုတ်ပြီ။ ဒီအတိုင်း ဖြစ်ရမယ်ကွယ်"

"ဟုတ်တာပေါ့ ဦးလေးရဲ့။ ဒီအတိုင်းဖြစ်ရမှာပေါ့။ နို့ပေမယ့် ဒီလူက သူရဲ့တွေ့ရှိချက်ကို ဘာဖြစ်လို့ အခုလို ကွယ်ဝှက်ထားရသလဲ"

"ဘာပြောတယ်ကွဲ့။ ဘာဖြစ်လို့ ကွယ်ဝှက်ထားရသလဲ။ ဟုတ်စ။ ဒါပေမယ့် တို့ ကြည့်ရသေးတာပေါ့ကွယ်။ ငါလေ ဒီပေရွက်ကလေးက လျှို့ဝှက်ချက်ကိုသိအောင်လုပ်မယ်။ လုပ်မယ်ဆို လုပ်မယ်ကွယ်။ မသိရသမျှ မစားဘူး။ အိပ်လည်း မအိပ်ဘူးပေါ့"

"အို"

"မင်းရော၊ ငါရော မစားဘူးကွယ်။ မအိပ်ဘူးကွယ် အိတ်ဇယ်"

ထိုအခါ ကျွန်ုပ်လည်း စိတ်ထဲမှ

"အလို ဘုရားရေ။ ဒီကနေ့ည ညစာ နှစ်ယောက်တွက် များ စားနေရဦးမှာလား"

ဟု ရေရွတ်မိလေ၏။

"ပထမ လုပ်ရမယ့်အချက်က ဒီစကားထာရဲ့ ဘာသာ စကားကို စပြီးရှာရမယ်ကွဲ့"

ကျွန်ုပ်က ဦးလေးစကားကို ငြိမ်သက်စွာ နားထောင် လျက်ရှိရာ ဦးလေးက ဆက်လက်၍

"ခက်တော့ ခက်မယ် မဟုတ်လှပါဘူးကွယ်။ ဒီ စာ ရွက်မှာ စာလုံး ၁၃၂ လုံးရှိတယ်ကွဲ့။ အဲဒီအထဲမှာ 'သရ'က ၇၉ လုံး၊ 'ဗျည်း'က ၅၃ လုံးရှိတယ်။ ဒီတော့ ဥရောပတိုက် တောင်ပိုင်း ဘာသာစကားတွေက စကားလုံးဖြစ်ရမယ်လို့ တို့ မျှော်လင့်တဲ့အတိုင်း ကိုက်ရမယ်။ မြောက်ပိုင်းဒေသက ဘာသာ ရပ်တွေကတော့ ဗျည်းအက္ခရာကများတယ်။ ဒါကြောင့် တောင် ပိုင်းက ဘာသာရပ်နဲ့ ရေးထားရမယ်လို့ ငါ ယုံကြည်တယ်"

ဦးလေး၏ အတွေးအခေါ်များသည်လည်း အကျိုးအ ကြောင်း ဆီလျော်လှပါပေသည်။

"ဒါဖြင့် ဘယ်ဘာသာစကားလဲ ဦးလေး"

"ဒီ ဆက္ကနူဆမ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ တကယ့်ပညာရှိ ကြီးကွဲ့။ အကယ်၍ သူဟာ အိုက်စလန်ဒစ်ဘာသာစကားနဲ့

မရေးရင် ဒီအခါမယ်တုန်းက ပညာရှိကြီးတွေ ရေးနေကြတဲ့ ဘာသာနဲ့ မုချရေးရမယ်။ ငါဆိုလိုတာက လက်တင်ဘာသာ ပေါ့ကွယ်။ တကယ်လို့ ငါမှားသွားရင်လည်း တခြားဘာသာ စကားနဲ့ စမ်းရသေးတာပေါ့။ နို့ပေမယ့် လက်တင်ဘာသာ ဖြစ်ရမယ်လို့ ငါတော့ ယုံကြည်တာပဲ"

ကျွန်ုပ်မှာ ဤထူးခြားဆန်ကြယ်၍ မပြေပြစ်သော စကားလုံးများကို ရောမမြို့မှ ယဉ်ကျေးသိမ်မွေ့သည့် ဘာသာ စကားနှင့် မည်ကဲ့သို့ နှိုင်းယှဉ်နိုင်ပါမည်နည်းဟု စိတ်ထဲက တွေး၍အံ့သြမိ၏။

"ဟုတ်တယ်ကွဲ့၊ လက်တင်ပဲ၊ နို့ပေမယ့် လက်တင် က အားလုံးရောနှောနေတာပေါ့ကွယ်"

"ဟုတ်တယ် ဦးလေး။ ဒီတော့ ရောထွေးနေတဲ့ဟာကို ကျွန်ုပ်တို့ခွဲထုတ်နိုင်ရင် ဦးလေးမှန်တော့မှာပေါ့"

"ဟုတ်တာပေါ့ကွဲ့"

ဦးလေးသည် ကျွန်ုပ်ရေးနေသော စာရွက်ကို လှမ်းယူ လိုက်ပြီးလျှင် စာလုံးများကိုကြည့်ကာ ဆက်လက်၍

"ဒီမယ်ကွဲ့။ စာလုံးရေအားလုံး ၁၃၂ လုံးရှိတယ် မဟုတ်လား။ နို့ပေမယ့် အထားအသို လွဲထားတယ်။ တချို့ စကားလုံးတွေမှာ ဗျည်းချည်းပဲ။ ဘာမှမပါဘူး။ ပထမစာပိုဒ် က ¯mmrnLLs˘ဆိုတဲ့ စကားလုံးလိုပေါ့ကွယ်။ တခြားစာပိုဒ် တွေမှာ သရတွေ သိပ်များတယ်။ ဥပမာ နံပါတ် ၅ ကိုကြည့် လေ။ unteief ဆိုတဲ့ စကားလုံးလိုပေါ့။ ဒါမှမဟုတ်ရင်လည်း

နောက်ဆုံးစကားလုံးကိုကြည့်၊ ၉ဇဗ်ေ တဲ့။ ကိုင်း ဒီတော့ ဒီအစီအစဉ်ဟာ မတော်တဆလုပ်ထားတဲ့ အစီအစဉ်ဆိုတာ ထင်ရှားတယ်။ ဒါကြောင့် ဒီမှတ်တမ်းကလေးဟာ ပထမကတော့ ရေးရိုးရေးစဉ် အမှန်အကန်ရေးထားပြီး နောက်ကျမှ တနည်းနည်းနဲ့ အထက်အောင် ပြောင်းပြန်လုပ်လိုက်သလား မပြောတတ်ဘူး။ ဒီနည်းကို ငါရှာရမှာကွ။ အဲဒီ သော့ချက်ကို သိတဲ့လူဟာ ဒီစကားထာကို အလွယ်ကလေး ဖတ်နိုင်မယ်။ နို့ပေမယ့် ဒီသော့ချက်က ဘာလဲ။ ဘယ်မှာလဲကွယ်"

ကျွန်ုပ်မှာ တစ်စုံတစ်ရာ အဖြေမပေးနိုင်ချေ။ ဦးလေး၏ စကားများကြောင့် ဦးခေါင်းတစ်ခုလုံး ရှုပ်ထွေးလျက်ရှိလေသည်။ ထိုအချိန်က ကျွန်ုပ်သည် မျက်နှာချင်းဆိုင်နံရံတွင် ဆွဲချိတ်ထားသော 'ဂရိုင်ဗင်'၏ ပုံကိုကြည့်ရှုလျက်ရှိ၏။ ထိုအခါက ဂရိုင်ဗင်မှာ အယ်လတိုနာမြို့သို့ အလည်အပတ်သွားရောက်နေသဖြင့် အိမ်တွင်မရှိချေ။ သူ မရှိသဖြင့်လည်း ကျွန်ုပ်မှာ စိတ်မပျော်ဘဲရှိနေသည့်အချိန်ဖြစ်၏။ အမှန်ကိုဝန်ခံရသော် ကျွန်ုပ်နှင့် ဂရိုင်ဗင်တို့မှာ မေတ္တာစစ် မေတ္တာမှန် ဂျာမန်လူမျိုးတို့၏ သည်းခံမှု၊ တည်ကြည်ငြိမ်သက်မှုတို့ဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်နေကြပြီးဖြစ်၏။ လက်ထပ်ရန် နှစ်ယောက်သဘောတူပြီးလည်းဖြစ်၏။ သို့သော် ကျွန်ုပ်၏ဦးလေးကမူ ဘူမိဗေဒအလုပ်တစ်ခုတည်းကိုသာ စိတ်ပါဝင်စားလျက် 'အချစ်'ဟူသော စကားအဓိပ္ပာယ်ကို နားလည်ကောင်းမှပင် နားလည်ပေမည်။

ဂရှိုင်ဗင်သည် လှပချောမွေ့သော မိန်းကလေးတစ်ယောက်ဖြစ်၏။ မျက်လုံးပြာကြီးများရှိပြီးလျှင် ကိုယ်ဟန်ကျော့ရှင်း၍ ဣန္ဒြေကြီးလှ၏။ ကျွန်ုပ် အသက်နှင့်ထပ်တူ ချစ်ခင်သော ဂရှိုင်ဗင်၏ ရုပ်ပုံကိုကြည့်ကာ စာအုပ်ဟောင်းကြီးနှင့် ပေရွက်ကလေးကို သတိမရတော့ဘဲ ဂရှိုင်ဗင်နှင့် ရှေးက တွေ့ဆုံပြောဆိုခဲ့ဖူးသည်များကိုသာ တရေးရေးတွေး၍ နေမိတော့၏။

ဂရှိုင်ဗင်သည်သာ ကျွန်ုပ်၏အချစ်၊ ကျွန်ုပ်၏ မိတ်ဆွေဖြစ်လျက် နေ့စဉ်နေ့တိုင်း ဦးလေး၏ ကျောက်တုံးကျောက်ခဲများကို ကျွန်ုပ်က နေသားတကျ ထားသိုရာတွင် ကူညီရှာ၏။ ဤသို့ဖြင့် မစ္စဂရှိုင်ဗင်ကိုယ်တိုင် ဘူမိဗေဒဆရာမလေးတစ်ယောက် ဖြစ်မှန်းမသိဖြစ်၍နေတော့၏။ ကျောက်တုံးကျောက်ခဲကလေးများကို ကြည့်ရှုလေ့လာရင်း ကျွန်ုပ်တို့နှစ်ယောက်မှာ တပူးတွဲတွဲဖြင့် နာရီပေါင်းများစွာ ပျော်ရွှင်ဖွယ်ကောင်းသော အချိန်များကို ကုန်လွန်စေ၏။ အလုပ်ပြီးသည့်နောက်တွင်လည်း ကျွန်ုပ်တို့နှစ်ယောက်သည် မြစ်ကမ်းနဘေးမှ ရေအိုင်ကြီးအဆုံးထိ တစ်ယောက်လက်ကို တစ်ယောက်ကိုကိုင်ကာ စကားတပြောပြောနှင့် လမ်းလျှောက်လေ့ရှိကြ၏။ ကျွန်ုပ်က ရယ်စရာ မောစရာ ပုံတိုပတ်စကလေးများ ပြောသောအခါ ဂရှိုင်ဗင်သည် ပါးခွက်ကလေးများပေါ်အောင် ချစ်ချင့်စဖွယ် ပြုံးရယ်တတ်၏။

* * *

ဤသို့ ဂရွိုင်ဗင်၏ ရုပ်ပုံကိုကြည့်ရင်း အတွေးရေယဉ် ကြော၌ မျောပါလျက်ရှိစဉ် စားပွဲကိုလက်သီးဖြင့် တဒုံးဒုံးထု လိုက်သော ဦးလေး၏အသံကိုကြားသောအခါမှ ကျွန်ုပ်လည်း သတိရလာတော့၏။

"ဒီမယ်ကွဲ့။ ငါထင်တာကတော့ လူတစ်ယောက်ဟာ စာကြောင်းတစ်ကြောင်းက စာလုံးတွေကို ရောချင်လို့ရှိရင် သူဟာ ဒီစာလုံးတွေကို လက်ဝဲလက်က လက်ယာဘက်ကို ရေး မယ့်အစား အထက်အောင် ရေးခယင်ရေးမယ်၊ တစ်စုံကို ၅လုံး ၆ လုံးစီပေါ့ကွယ်"

"ဟုတ်မယ် ဦးလေး"

"ဒီလိုဆိုရင် ဘာဖြစ်မလဲဆိုတာ တို့ ကြည့်ရမယ်။ ကိုင်း ဒီတော့ ဟောဒီစက္ကူပေါ်မှာ ဝါကျတစ်ခုခုမင်းရေးစမ်း။ ဒါပေမယ့် စာလုံးတွေကို တစ်လုံးပြီးတစ်လုံး ရှေ့ဆက်ရေးမယ့် အစား တစ်လုံးရဲ့အောက် တစ်လုံးရေး။ တစ်စုမှာ ၅ လုံး ၆ လုံးစီ ရှိပေစေပေါ့ကွယ်"

သူဆိုလိုသည်ကို သိရှိသဖြင့် ကျွန်ုပ်လည်း စာကြောင်း တစ်ကြောင်းကို ရေးသားလိုက်၏။ သို့သော် စာလုံးများကိုမူ ရေးရိုးရေစဉ်အတိုင်း တစ်လုံးနောက်တစ်လုံး မရေးဘဲ တစ်လုံး အောက်တစ်လုံး အောက်ပါအတိုင်း ရေးချလေသည်။

| | | | | | |
|---|---|---|---|---|---|
| I | Y | d | i | G | e |
| l | O | e | t | r | n |
| O | u | a | t | a | ! |
| V | m | r | l | u | |
| e | Y | l | e | b | |

ဦးလေးက ကျွန်ုပ်ရေးသည်ကို မဖတ်သေးဘဲ

"ကောင်းတယ်ဟေ့၊ သိပ်ကောင်းတယ်။ ကိုင်း၊ မင်းရေးထားတွေ စာကြောင်းလုပ်လိုက်စမ်း"

သို့နှင့် ကျွန်ုပ်က အတန်းလိုက် ရေးချလိုက်ရာ၊ အောက်ပါအတိုင်း ဖြစ်လာလေသည်။

IYdiGe lOetrnOuata!

Vmrlu eyleb

"အေး ဒီအတိုင်းပေါ့ကွဲ့။ ပေရွက်ကြီးပေါ်က စာဟာ ဒီသဘောအတိုင်းဖြစ်မှာပဲ။ ဗျည်းနဲ့သရကို အဲဒီလိုအနေအထား မမှန်အောင် အစုလုပ်ထားတယ်"

သူပြောသည့်အတိုင်း မှန်ကန်ကြောင်း ကျွန်ုပ်တွေးမိတော့၏။

"ကိုင်း ဒီတော့ မင်းဗာတွေ ရေးထားတယ်ဆိုတာတော့ ငါမသိဘူးပေါ့ကွယ်။ နို့ပေမယ့် ငါလုပ်ချင်တာက ဖတ်လို့ဖြစ်အောင် အပေါ်ဆုံးစာလုံးကို "အတန်းလိုက်"ယူပြီး စာကြောင်းဖြစ်အောင်ရေးချလိုက်။ ဒီနောက် ဒုတိယ စာကြောင်းမှာလည်းဒီအတိုင်းပဲရေး။ ဒီနောက် တတိယ၊ စတုတ္ထ ဒီအတိုင်းပေါ့ကွယ်။"

ကျွန်ုပ်သည် အောက်ပါအတိုင်း ရေးချလိုက်သဖြင့် ဦးလေးက ဖတ်လိုက်လေသည်။

I love You, my dear Little Grauben!

"ဟာ ဒီဟာက ဘာလဲကွ ဟင်။ ဒီဟာက ဘာလဲ"

ကျွန်ုပ်သည် အချစ်စိတ် မွှန်နေသူဖြစ်သည့်အတိုင်း တစ်စုံတစ်ရာမသိဘဲ ကျွန်ုပ်၏စိတ်ထဲမှ ခံစားချက်ကို အမှတ်မထင်ရေးပြလိုက်မိလေပြီ။

ဦးလေးက ခက်ထန်သောအသံကြီးဖြင့်

"ဟာ မင်း ဂရွိုင်ဗင်ကိုချစ်တယ် ဟုတ်လား"

ကျွန်ုပ်က တုန်တုန်ရီရီဖြင့်

"ဟုတ်ကဲ့ မဟုတ်ဘူးခင်ဗျ။ ကျွန်တော်ဆိုလိုတာက ဟုတ်တယ် ဦးလေး"

"သြော် မင်းက ဂရွိုင်ဗင်ကို ချစ်သကိုး။ ဟုတ်ပြီ ဟုတ်ပြီ၊ ဒီတော့ ပေရွက်ကလေးပေါ်ကစာကို ဒီနည်းအတိုင်း တို့ စမ်းကြည့်ကြစို့လား"

ဦလေးသည် နက်နဲသော စကားဝှက်များ၏စာလုံးများထားသိုပုံ နည်းလမ်းအမှန်ကိုသာ နက်နဲစွာ ကြံဆစဉ်းစားနေသဖြင့် ကျွန်ုပ်ရေးပြလိုက်သော ဒီစာအကြောင်း၏ အဓိပ္ပာယ်ကိုပင် မေ့လျော့သွားဟန်တူလေသည်။

* * *

ဦးလေးသည် တုန်ရီသောလက်များဖြင့် ပေရွက်ကလေးကိုကိုင်ကာ သူ၏မျက်လုံးများမှာ ယခင်ကထက် စူးရှတောက်ပလျက် အတော်ပင် စိတ်လှုပ်ရှားနေဟန် လက္ခဏာလည်းရှိ၏။ နောက်ဆုံး၌ သူသည် အောက်ပါစာလုံးများကို ကျွန်ုပ်ရေးခဲ့သော ဝါကျစီစဉ်ပုံနည်းအတိုင်း စကားလုံးတိုင်း၏ ရှေ့ဆုံးစာလုံးကို ပထမ၊ ဒုတိယစကားလုံး၏ ရှေ့ဆုံးစာ

လုံးကို ဒုတိယ၊ ထိုနည်းအတူ တတိယ၊ စတုတ္ထ စသည်ဖြင့် အစဉ်အတိုင်း လေးနက်သောအသံဖြင့် ရွက်ဆိုရာ၊ အောက်ပါ အတိုင်း ဖြစ်လာလေသည်။

mmessuKaSenrA.icefdoK.senittamurtn
ecertserrette.rotaivsadua, ednecsedsadne
lacartniiiluJsiracSarbmutabilenmek
meretarciluco YsleffeuSnI.

အဆုံးသို့ရောက်သောအခါ ကျွန်ုပ်သည်ပင် စိတ်ထဲမှ တုန်လှုပ်ချောက်ချား၍လာမိ၏။ စာလုံးများမှာ ၎င်းတို့အနေအားဖြင့် တစ်လုံးစီရွက်ဆိုသောအခါ အနက်အဓိပ္ပာယ်ဟူ၍ တစ်စုံတစ်ရာမရှိချေ။ သို့သော် လက်တင်ဘာသာဖြင့် စာပိုဒ် တစ်ပိုဒ် ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်နေမိ၏။ သို့သော် ကျွန်ုပ်တို့မျှော်လင့်သည့်အတိုင်းမဟုတ်ဘဲ သူသည်စားပွဲကို လက်သီးဖြင့် ခပ်ပြင်းပြင်းတစ်ချက်ထုလိုက်ပြီးနောက်–

"မဟုတ်သေးပါဘူးကွယ်။ ဒါလည်း မဟုတ်သေးပါဘူး။ ဘာအဓိပ္ပာယ်မှ မပေါက်ဘူး"

နောက်တစ်ခဏ၌ ဦးလေးသည် ဒလကြမ်းပြေးဆင်းသွားပြီးနောက် လမ်းပေါ်သို့ ရောက်သွားပြီးလျှင် ခပ်သုတ်သုတ်သွားနေသည်ကို မြင်ရတော့၏။ အခန်းတံခါးကို တစ်အိမ်လုံးသိမ့်သိမ့်တုန်အောင် ဆောင့်၍ပိတ်ခဲ့သဖြင့် ထမင်းချက်မိန်းမကြီးမာသာသည် အသံကြားရာသို့ ပြေးလာပြီးနောက်

"ဘယ်နဲ့လဲ။ သူသွားပြီ ဟုတ်လား"

"ဟုတ်တယ်လေ။ သွားပြီ"

"ထမင်း မစားတော့ဘူးပေါ့"

"ဟုတ်တယ် မာသာ။ မစားတော့ဘူး။ သူ နောက်ကို စားမှာမဟုတ်ဘူး။ ဒီပြင်လူတွေလည်း ဘယ်သူမှ မစားစေရဘူးတဲ့"

"အလို ဘုရားရေ။ တို့များ ငတ်ပြီး သေရတော့မှာလားကွယ်"

ထမင်းချက် မိန်းမကြီးသည် ကတုန်ကယင်ဖြင့် မီးဖို ဘက်ဆီ ပြေးသွားလေတော့၏။

* * *

ကျွန်ုပ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေရာဂရှိုင်ဗင်ထံသွား၍ အကျိုးအကြောင်း အလုံးစုံကို အစမှအဆုံးတိုင် ပြောတော့မည်ဟု စိတ်ကူးပေါက်လာမိ၏။ သို့သော် မည်ကဲ့သို့ ပြောရပါမည်နည်း။ ဦးလေးသည် အချိန်မရွေး ပြန်လာ၍ စကားဝှက်ကိစ္စကို ဆက်လက်လုပ်ကိုင်ပေဦးမည်။ အကယ်၍ ကျွန်ုပ်သာ မရှိခဲ့ပါမူ မည်သို့ဖြစ်ချိမ့်မည်နည်း။

သို့နှင့် ကျွန်ုပ်လည်း ပြင်သစ်ပြည်မှ ဘူမိဗေဒဆရာ တစ်ဦးပို့လိုက်သည့် ကျောက်တုံးများကို တစ်ခုစီ ကမ္ပည်းထိုးပြီးလျှင် အစီအစဉ်အတိုင်း ထားသိုလျက်ရှိလေ၏။ ဤသို့ အလုပ်ရှုပ်နေသည့်အထဲမှပင် ပေရွက်ဟောင်းကလေးအကြောင်းကို သတိရလာပြီးကျွင် ၎င်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်ဦးမည်လောဟု စိတ်မငြိမ်မသက်ဖြစ်နေမိ၏။

တစ်နာရီခန့်မျှကြာ၍ ကျွန်ုပ်လည်း ပက်လက်ကုလား ထိုင်ပေါ်သို့ သွား၍ထိုင်ကာ ဦးလေးပြန်ရောက်လာမည်ကို စောင့်ဆိုင်းလျက်ရှိလေ၏။ သို့သော် မည်သည့်အသံမျှ မကြား ရချေ။ သူသည် စကားဝှက်မှ စာလုံးများ စီစဉ်ပုံကို စဉ်းစား၍ မရတိုင်း စိတ်တိုပြီးလျှင် အယ်လတိုနာရွာအထိ လျှောက်သွား ကောင်းလျှောက်သွားပေမည်။ စိတ်ကူး၍မရသေးလျှင် ဒေါသပုံ ထ၍ ပြန်လာပေဦးမည်။ ဤသို့စဉ်းစားရင်း ကျွန်ုပ်သည် စာ ရွက်ကလေးကို "ဒီဟာ ဘာကိုဆိုလိုပါလိမ့်မလဲ"ဟုစိတ်ထဲက အောက်မေ့မိ၏။ သို့နှင့် အက္ခရာတစ်လုံးစီကို စာလုံးဖြစ်အောင် အမျိုးမျိုးထားကြည့်၏။ ၂ လုံးစီ ၃ လုံးစီ တွဲ၍သော်လည်း ကောင်း၊ ၅ လုံးစီ ၆ လုံးစီ တွဲ၍သော်လည်းကောင်း ထား၍ ကြည့်ပြန်၏။ သို့သော်မည်သည့်အဓိပ္ပာယ်မျှမပေါ်ချေ။ နံပါတ် ၁၃၊ နံပါတ် ၁၅နှင့် နံပါတ် ၁၆ ကိုပေါင်းစပ်ကြည့်ရာ "ICE" ဟူသော အင်္ဂလိပ်စကားထွက်လာ၏။ ထိုနည်းအတူ နံပါတ် ၈၄၊ နံပါတ် ၈၅၊ နံပါတ် ၈၆ တို့ကိုပေါင်းစပ်ရာ "SIR"ဟူ သော စကားပေါ်လာ၏။ စက္ကူရွက်၏အလယ်တွင် လက်တင် ဘာသာစကားများဖြစ်သည့် Rota, mutabile, ira, nec, atra စသည်စာလုံးများကို တွေ့ရ၏။

နောက်ဆုံးစာလုံးများကို ကြည့်ရခြင်းအားဖြင့်

"အင်း။ ဦးလေးလုပ်တာ မှန်လိမ့်မလား မပြောတတ် ဘူး"ဟု ကျွန်ုပ်သည် တစ်ကိုယ်တည်းရေရွတ်မိပြန်၏။ ၎င်းပြင် စတုတ္ထစာကြောင်းတွင် ဣူငျ ဟူသော စာလုံးကို ကျွန်ုပ် သတိပြု

မိပြန်၏။ သို့သော် နောက်ဆုံးစာကြောင်း၌ Mer, are. ˚mere တို့မှာ ပြင်သစ်ဘာသာစကားလုံးများဖြစ်သည်ကို တွေ့ရပြန်၏။

ယင်းတွေးတော ကြံဆချက်သည် လူတစ်ယောက်အား ရူသွပ်၍ပင် သွားစေနိုင်ပေ၏။ အနက်အဓိပ္ပာယ်မရှိသောစာတွင် ဘာသာ ၄ မျိုးပါဝင်လျက်ရှိ၏။ သို့နှင့် ကျွန်ုပ်သည် အနက်အဓိပ္ပာယ်ပေါ်စေရန် အချိန်မည်မျှကြာသည့်တိုင်အောင်ကိုင်၍ ကြည့်မိသနည်းဆိုပါမူ စက္ကူရွက်ပေါ်၌ ရေးသားထားသော စာလုံးကလေးများသည် ကျွန်ုပ်၏ မျက်စေ့ထဲတွင် ပလူပျံသန်းလျက်ရှိကုန်၏။ ထိုအခါ ကျွန်ုပ်မှာ အတန်ငယ်မူးဝေသကဲ့သို့ဖြစ်လာရာ လေကောင်းလေသန့် အနည်းငယ်လိုသည်ထင်သောကြောင့် စာရွက်ကလေးဖြင့် မျက်နှာကိုယပ်တောင်သဖွယ်ခတ်၍နေမိတော့၏။ သို့ဖြစ်၍ စာရွက်ကလေး၏ ရှေ့မျက်နှာဘက်နှင့် နောက်ကျောဘက်တို့ကို တစ်လှည့်စီမြင်ရလေရာ၊ ထိုအခါမှ လက်တင်ဘာသာစကားများဖြစ်ကြသော Craterem နှင့် Terrestre စာလုံးများကို မြင်ရကြောင်း ကောင်းစွာသတိပြုမိလေတော့၏။

ထိုအချိန် ကျွန်ုပ်၏ဦးခေါင်းထဲသို့ အသိဉာဏ်အလင်းရောင်တစ်ခု ဝင်လာ၏။ ကျွန်ုပ်နားလည်ပေပြီ။ စကားထာ၏ လျှို့ဝှက်ရာ "သော့ချက်" ကို သိရပေပြီ။ နောက်ကျောဘက်မှ ဖတ်ရန်ပင်မလိုတော့ဘဲ ကျွန်ုပ်ရေးချထားသည့်အတိုင်းအလွယ်တကူ ဖတ်နိုင်လေသည်။ ဦးလေးသည် စာလုံးများကို စီစဉ်ရာတွင် မှန်ကန်ရုံမျှမက ဘာသာစကားကို ရွေးချယ်ရာ၌လည်း--

မှန်ကန်လေသည်။ သူသည် စကားဂှက်ကိုရှင်းလင်းဖတ်ကြားရန် အထစ်တစ်ထစ်သာ လိုတော့၍ ထိုလိုအပ်သောအထစ်ကို ကျွန်ုပ်သည် ကံအားလျော်စွာ တွေ့ရလေပြီ။

ကျွန်ုပ်၏စိတ်မှာ အဆမတန် လှုပ်ရှားလျက်ရှိတော့၏။ မျက်လုံးများ ဝေ၍လာပြီးလျှင် အနိုင်နိုင်ပင် မြင်ရတော့၏။ နောက်ဆုံး၌ မိမိစိတ်ကို မိမိထိန်းကာ အခန်းထဲတွင် တစ်ကြိမ်နှစ်ကြိမ်မျှ လျှောက်ပြီးနောက် ကုလားထိုင်ပေါ်သို့ ထိုင်လိုက်၏။ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ကာ

"ကိုင်း ငါဖတ်တော့မယ်"

ဟုရေရွတ်လိုက်မိ၏။

* * *

ကျွန်ုပ်သည် စာလုံးတစ်လုံးစီတို့ပေါ်တွင် လက်ထောက်ကာ ကျယ်လောင်စွာရွတ်ဖတ်လိုက်၏။ သို့သော်ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ကြောက်ရွံ့တုန်လှုပ်သွားမိ၏။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုပင် မရွေ့လျားနိုင်သကဲ့သို့ မလှုပ်မယှက်ဖြစ်နေမိ၏။ တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်ယခုဖတ်သည့်အတိုင်း အကယ်ပင်ပြုလုပ်ခဲ့သလော။

ကျွန်ုပ်သည် ကုလားထိုင်ပေါ်မှ ရုတ်တရက် ခုန်ထလိုက်ပြီးနောက်

"အင်း၊ နို့ပေမယ့် မဖြစ်သေးဘူး။ မဖြစ်သေးဘူး။ ဒီဟာ ဦးလေးကို ငါအသိမပေးဘူး။ သူက သိရုံလောက်နဲ့ တော်မယ့်လူမဟုတ်ဘူး။ သူဟာ ဒီခရီးကို မုချသွားမှာပဲ။

ဘယ်သူ့မှလည်း သူ့ကိုတားလို့ရမယ် မဟုတ်ဘူး။ ဘူမိဗေဒကို သူများထက်ပိုပြီး လွန်လွန်ကဲကဲ စိတ်ဝင်စားတဲ့လူဆိုတော့ ဘာပဲဖြစ်ဖြစ် ဘယ်လိုနေနေ သူမုချသွားမှာပဲ။ ဒါတွင်မက သေးဘူး။ သူသွားရင် ငါ့ကိုခေါ်သွားမယ်။ အင်း ငါတို့ပြန်လမ်း တော့ မရှိဘူးပေါ့ကွယ်"

စသည်ဖြင့် တစ်ယောက်တည်း ရေရွတ်နေမိ၏။ ကျွန်ုပ်မှာ မည်မျှလောက် ထိတ်လန့်ကြောက်ရွံ့၍ စိတ်ဒုက္ခ ရောက်နေသည်ကို စာဖြင့်မဖော်ပြနိုင်အောင်ပင် ရှိတော့၏။

"မပြဘူး မပြဘူး၊ ငါဘယ်နည်းနဲ့မှ မပြဘူး။ သူ ဒီလိုလုပ်မယ်ကြံရင် ငါက တားရမှာပဲ။ ဒါပေမယ့် သူကိုယ်တိုင် စာရွက်ကို ဟိုလှန်ဒီလှန်၊ ဟိုရွှေ့ဒီပြောင်းလုပ်ရင် သော့ချက် ကို တွေ့သွားချင်သွားမယ်။ ဒီတော့ စာရွက်ကို မီးနဲ့ရှို့ပစ်မှပဲ"

ထိုအချိန်၌ အိမ်တွင်းမီးဖိုထဲတွင် မီးအနည်းငယ်ရှိ သေး၏။ သို့နှင့် ကျွန်ုပ်သည် လျှို့ဝှက်ချက်ကို ကိစ္စတုံးဖျောက် ဖျက်ရန် စက္ကူရွက်ကလေးနှင့်တကွ "ဆက္ကနူဆမ်"၏ ပေရွက် ချပ်ကလေးကိုပါ မီးဖိုထဲသို့ တစ်ခါတည်း ပစ်ချတော့မည်ပြု စဉ် စာကြည့်ခန်းတံခါးပွင့်လာပြီးနောက် ဦးလေးသည် အခန်း တွင်းသို့ ရုတ်တရက် ဝင်ရောက်လာတော့၏။

ကျွန်ုပ်ကမူ စက္ကူနှင့် ပေရွက်ကလေးကို စားပွဲပေါ်သို့ အနိုင်နိုင် အချိန်မီပြန်တင်ထားလိုက်ရတော့၏။ သို့သော် ဦးလေးမှာ စိတ်သောကအလွန်များနေသည့်အတိုင်း ကျွန်ုပ်၏ အပြုအမူကို မရိပ်မိဘဲ အခန်းတွင်း၌ ကျွန်ုပ်ရှိနေသည်ကိုပင်

သတိပြုမိဟန်မတူချေ။ ဦးလေးသည် အကြံအစည် အထမမြောက်မချင်း ငြိမ်၍နေတတ်သူမဟုတ်သဖြင့် သူ လမ်းလျှောက်ထွက်သွားရာ၌ပင် ယင်းကိစ္စကို အမျှင်မပြတ်သုံးသပ်ဆင်ခြင်ကာ ယခုပြန်ရောက်လာသည်မှာလည်း ထိုလျှို့ဝှက်မှု၏ သော့ချက်ကို ဆက်လက်ရှာဖွေရန် ဖြစ်လေသည်။ ဦးလေးသည် အလုပ်စားပွဲသို့ တန်း၍သွားကာ ကုလားထိုင်ပေါ်တွင်ထိုင်လိုက်၏။ ထို့နောက် ချက်ချင်းပင် ကလောင်တံကိုဆွဲယူကာ စာလုံးများကို အထားအသိုပြောင်းကာ အသစ်စီစဉ်လျက်ရှိပြန်လေသည်။

ကျွန်ုပ်သည် ဦးလေး၏ အပြုအမူကိုကြည့်ကာ မိမိကိုယ်ကိုမိမိ မလုံသကဲ့သို့ စိုးရိမ်၍နေမိ၏။ "နည်းလမ်းအမှန်" ဆိုသည်မှာ တစ်ခုတည်းသာရှိ၍ ၎င်းကိုလည်း ကျွန်ုပ်ကတွေ့ရှိထားပေပြီ။ ဦးလေးသည် ၃ နာရီလုံးလုံး စကားတစ်ခွန်းမျှမပြော၊ ဦးခေါင်းကိုလည်းမဖော်၊ ကလောင်ကိုင်သည့်လက်ကိုပင် မမြောက်ဘဲ စာလုံးများ၊ စာကြောင်းများကို အကြိမ်ပေါင်းများစွာ ပြောင်းရွှေ့လုပ်ကိုင်လျက် ရှိလေ၏။ စာလုံးများကို အထားအသိုအမျိုးပေါင်းကုန်စင်အောင် တစ်ခုစီ စီစဉ်ရေးသားက ဝါကျတစ်ခု မုချအမှန်ဖြစ်ရမည်ကို ကျွန်ုပ်ကောင်းစွာသိရှိ၏။ သို့သော် စာလုံးရေ၂၀ ကိုနည်းမျိုးကုန်စင်အောင်အနေအထားပြောင်းက အမျိုးပေါင်း ၂၀၀၀၄၃၂၀၀၀၉၀၂၀၈၀၀၀၈၀၀၁၁၇၅၆၄၀၀၀၀ ရှိပေလိမ့်မည်။ (စာလုံးပေါင်း ၂၀ ကိုပင် ဤမျှလောက်အကြိမ်ပေါင်းတစ်မျိုးစီပြင်၍ စမ်းသပ်ရန်လို၏။) ယခုမူ ဤစကား

ဝှက်တစ်ခုလုံးတွင် စာလုံးပေါင်း ၁၃၂ လုံးရှိသဖြင့် စမ်းသပ်ရန် အကြိမ်ပေါင်း ရေး၍ပြရလျှင် ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ အစီအစဉ် ဂဏန်းအလုံးရေပေါင်း ၁၃၃ လုံးမျှပင်ရှိ၏။ သို့ဖြစ်၍ ဦးလေးသည် ဤမျှလောက် ရှည်လျားများပြားသော စမ်းသပ်ပုံမျိုးဖြင့် စမ်းသပ်မည်ဆိုပါက ဖြစ်နိုင်မည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ အချိန်သည် တရွေ့ရွေ့ကုန်လွန်ခဲ့ပြီးလျှင် ညဥ့်အချိန်သို့ ရောက်လာတော့၏။ ဆူညံစွာရှိနေသော လမ်းများသည် ငြိမ်သက်စပြုလာ၏။ သို့သော် ဦးလေးကား စကားထာ၏ "သော့ချက်"ကိုသာ ရှာဖွေဆဲရှိနေ၏။ သူသည် အခြားမည်သည့်အရာမျှမမြင်၊ မည်သည့်အရာကိုမျှမကြား၊ အလုပ်ကိုသာ သဲသဲမဲမဲ အာရုံစိုက်လျက်ရှိလေသည်။ မကြာမီ မာသာသည် တံခါးဝမှရပ်ကာ

"ညစာ အသင့်ဖြစ်နေပါပြီရှင်"

ဟု ခပ်ကျယ်ကျယ်အော်၍ပြောလိုက်၏။ သို့သော် ဦးလေးကား ကြားဟန်မတူပေ။ သို့နှင့် မာသာသည် ပြန်သွားရရှာ၏။ ကျွန်ုပ်မှာမူ တတ်နိုင်သမျှ ထိုင်၍စောင့်နေသေး၏။ သို့သော် နောက်ဆုံးတွင် တဖြည်းဖြည်း အိပ်ငိုက်လာသည်နှင့် ကုလားထိုင်ပေါ်၌ပင် အိပ်ပျော်သွားလေရာ၊ ဦးလေးကား အလုပ်လုပ်လျက်ကျန်ရစ်လေသည်။

* * *

နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ ဦးလေးမှာ အလုပ်လုပ်လျက်ပင် ရှိနေသေး၏။ သူ၏မျက်လုံးကြီးများ

မှာ နီမြန်းလျက် မျက်နှာမှာလည်း သွေးမရှိသကဲ့သို့ ဖြူပတ်ဖြူလျော်ရှိနေလေရာ မဖြစ်နိုင်သည့် အရာများကို မရမနေ ကြိုးစားအားထုတ်ကာ တည၌လုံး အချိန်ကုန်ခဲ့ကြောင်း ထင်ရှားလှတော့၏။ သူ၏ ရှုပ်ထွေးနက်နဲလှသော ပြဿနာကြီးမှာ အကယ်၍ ကျွန်ုပ် စကားတစ်ခွန်းဟလိုက်က ပြေလည်ရှင်းလင်းဖွယ်ရှိသော်လည်း ကျွန်ုပ်သည် စကားတစ်ခွန်းမျှ စ၍ မပြောချေ။ ဤကဲ့သို့ ဆိတ်ဆိတ်နေခြင်းမှာလည်း ဦးလေးအား ဂရုဏာသက်မိသောကြောင့် ဖြစ်လေသည်။

"မပြောဘူး၊ ငါ မပြောဘူး၊ ပြောလို့မဖြစ်ဘူး။ ပြောရင် ဒီခရီး မှချသွားပြီပဲ။ သူက တခြားဘူမိဗေဒဆရာတွေလုပ်လို့ ကိုင်လို့မရတဲ့ဟာကို သူလုပ်ရရင် အသက်တောင် သေပေ့စေ လုပ်မယ့်လူကြီး။ ဒီတော့ ငါ့ဘာမှပြောလို့မဖြစ်ဘူး။ အမှတ်မထင် တွေ့ရတဲ့ ဒီသော့ချက်ကို ငါ့ဝမ်းထဲ မျိုသိပ်ထားမှဖြစ်မယ်။ သူဆက်ပြီး စဉ်းစားချင် စဉ်းစားပေစေ။ ငါ့အလုပ်မဟုတ်ဘူး" စသည်ဖြင့် ကျွန်ုပ်လည်း ဝမ်းထဲမှ ရေရွတ်မိ၏။

မာသာသည် နေ့စဉ်ပြုလုပ်နေကျအတိုင်း အပြင်သို့ ဈေးဝယ်ထွက်မည်ပြုသောအခါ အိမ်တံခါးမှာ သော့ခတ်ထားသည်ကို တွေ့ရ၏။ တံခါးသော့လည်း မရှိတော့ချေ။ ဦးလေးသည် ယမန်နေ့ည လမ်းလျှောက်ထွက်သွားရာမှ ပြန်လာသောအခိန်တွင် တံခါးကို သော့ခတ်၍ သော့ကိုယူသွားဟန်တူ၏။ တမင်သက်သက် ပြုလုပ်ခြင်းလော၊ သို့မဟုတ် မေ့လျော့၍ပေလော မပြောတတ်ချေ။ ယခင်ကလည်း ဤကဲ့သို့ တစ်ကြိမ်ပြု

လုပ်ခဲ့ဖူးသည်ကို ကျွန်ုပ်ပြန်၍သတိရမိ၏။ တစ်ခါ ဦးလေးသည် အလွန်ထင်ရှား၍ နာမည်ကြီးသော စာအုပ်တစ်အုပ်ကို ရေးသားခဲ့ဖူးရာ၊ ၄၈ နာရီလုံးလုံး အစားအစာ မစားရတော့ချေ။ သို့ဖြစ်၍ ဤသို့ နှုတ်ဆိတ်မနေဘဲ ကျွန်ုပ်တွေ့ရပုံကို ထုတ်ဖော်ပြောလိုက်ရလျှင် ကောင်းလေမည်လောဟု စဉ်းစားမိ၏။ ဦးလေးကား ထိုင်ရာမှ မထသေးချေ။ အက္ခရာများကို တစ်နေရာမှ တစ်နေရာသို့ အမျိုးမျိုးပြောင်းရွှေ့လျက်ပင် ရှိနေသေး၏။ ဤကိစ္စမှတစ်ပါး သူသည် အခြားမည်သည့်ကိစ္စကိုမျှ သတိမရတော့ဘဲ နေရာမှလည်းမထ၊ အိပ်လည်းမအိပ်၊ စားလည်းမစားတော့ဘဲ ရှိနေလေသည်။

၁၂ နာရီထိုးလေပြီ။ ကျွန်ုပ်တို့မှာ အလွန်ဆာလောင်မွတ်သိပ်လျက်ရှိတော့၏။ မာသာသည် ယမန်ညက ကျန်သော အစားအသောက် အကြွင်းအကျန်များကို အားလုံးစွန့်ပစ်လိုက်တော့၏။

၂ နာရီထိုးသည့်တိုင်အောင် ဦးလေးကား ထိုင်ရာမှ မထသေးချေ။ ထိုအခါ ကျွန်ုပ်မှာ မခံမရပ်နိုင်အောင်ပင် ဖြစ်လာ၍ စိတ်ထဲတွင် အမြင်တစ်မျိုးပေါက်လာ၏။ ဦးလေးသည် ပေရွက်ပေါ်တွင် ရေးထားသော 'စကားထာ' ကို အကယ်၍ဖော်နိုင်စေကာမူ ယုံကြည်ချင်မှ ယုံကြည်ပေမည်။ ယုံကြည်၍ ထိုလမ်းညွှန်အတိုင်း လိုက်မည်ဆိုလျှင်လည်း ကျွန်ုပ်က အကျိုးအကြောင်းပြကာ တားဆီးနိုင်သေး၏။ ထို့ပြင် တစ်ချက်လည်း

ကျွန်ုပ်ကံအားလျော်စွာ တွေ့ရှိသော 'သော့ချက်'ကို သူကိုယ်တိုင် မတွေ့နိုင်သလော။

အထက်ပါ အကြောင်းများကို စဉ်းစားပြီးနောက် ယမန်နေ့ညက ကျွန်ုပ်တွေ့ရှိရသော 'သော့ချက်'ကို သူ့အား ထုတ်ဖော်မပြောမိခဲ့ခြင်းအတွက် မိမိကိုယ်ကိုပင် မိမိအပြစ်တင်မိ၏။ သို့နှင့် ကျွန်ုပ်လည်း ဣန္ဒြေရရထားကာ ဦးလေးအား စကားစလိုက်လေသည်။

"ဒီမယ် ဦးလေး"

ဦးလေးသည် ကျွန်ုပ်ခေါ်လိုက်သည်ကိုပင် ကြားဟန်မတူချေ။

ကျွန်ုပ်က ပို၍ကျယ်လောင်သောအသံဖြင့်

"ဒီမယ် ဦးလေးရဲ့"

အိပ်ရာမှ နိုးလာသကဲ့သို့

"ဟေ၊ ဘာလဲကွ"

"ဘယ့်နှယ်လဲ ဦးလေး။ စကားထာရဲ့ သော့ချက်ကို တွေ့ပလား"

"ဘာကွ၊ သော့ ဟုတ်လား။ ဘာသော့လဲ။ တံခါးက သော့လား"

"မဟုတ်ဘူး ဦးလေးရဲ့။ ကျွန်တော်ပြောတာက စကား ထာက သော့ချက်ကို ပြောတာ"

ဦးလေးသည် ကျွန်ုပ်၏မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ထူးထူးခြားခြား မြင်လိုက်ဘိသကဲ့သို့ ကျွန်ုပ်အား စေ့စေ့ကြည့်

ခါ ပါးစပ်မှ တစ်စုံတစ်ရာမပြောဘဲ ကျွန်ုပ်၏လက်မောင်းကို ခပ်နာနာ ဖျစ်လိုက်၏။ နှုတ်ဖြင့် တစ်စုံတစ်ရာ မပြောသော်လည်း သူ၏မျက်နှာမှာ ကျွန်ုပ်အား တစ်စုံတစ်ရာ မေးမြန်းနေသကဲ့သို့ အမူအရာရှိလေသည်။

ထိုအခါ ကျွန်ုပ်ကလည်း

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် ဖော်နိုင်ပြီ"

ဟုပြောဘိသကဲ့သို့ မျက်နှာထား ပြောင်းသွားလေ၏။ ဦးလေသည် ကျွန်ုပ်အား "မင်း လူမိုက်ပဲ"ဟု ပြောသကဲ့သို့ ဦးခေါင်းကို ရမ်းလိုက်၏။ သို့သော် သူ၏မျက်လုံးများမှာ ယခင်ကထက် တောက်ပြောင်လာပြီးလျှင် ကျွန်ုပ်၏ လက်ကိုလည်း ပို၍တင်းကျပ်စွာ ဖျစ်ညှစ်လိုက်လေသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့၏အနီးတွင်ရှိပါက ကျွန်ုပ်တို့အချင်းချင်း နှုတ်ဖြင့်မပြောကြဘဲ အမူအရာအားဖြင့် ပြောနေသည်ကို ကောင်းစွာမြင်နိုင်ပေမည်။ ကျွန်ုပ်သည် စကားပြောရန်ပင် ကြောက်ရွံ့လျက်ရှိနေ၏။ အကယ်၍ ကျွန်ုပ်သည် ပြောလိုက်ခဲ့လျှင် ကျေးဇူးတင်သည့်အနေဖြင့် ကျွန်ုပ်အား မှုန့်မှုန့်ညက်ညက်ကြေသည်အထိ ဖျစ်ညှစ်ပစ်လိုက်ပေမည်လားဟု တွေး၍ထိတ်လန့်မိ၏။

သူသည် ကျွန်ုပ်အား ယခင်ကထက် တင်းကြပ်စွာ ညှစ်ကိုင်ထားရာ၊ ကျွန်ုပ်မှာ အတော်ပင် နာကျင်လာပြီဖြစ်၍ အဖြေပေးရလေတော့၏။

"ဒီမယ် ဦးလေး။ ဒီသော့ချက်ကိုတွေ့တာက ကံအား လျော်စွာ အမှတ်မထင်"

"ဘာကွဲ့၊ ဘာ ဘာ"

ကျွန်ုပ်လိုက်၍ရေးရသော စာရွက်ကလေးကို သူ့လက်သို့ လှမ်းပေးလိုက်ပြီးနောက်

"ဒီမယ် ဦးလေး။ ဖတ်ကြည့်ပါ"

ဦးလေးသည် စာရွက်ကိုလှမ်းယူပြီးလျှင် အပေါ်ရံဖတ်ကြည့်ပြီးနောက်

"နို့ပေမယ့် မင်းဥစ္စာ အဓိပ္ပာယ်မှမရှိဘဲ"

"မဟုတ်ဘူး ဦးလေး၊ အစက စပြီး ဖတ်ရင်တော့ မရှိဘူး။ နို့ပေမယ့် အဆုံးကစပြီးဖတ်ရင် ရှိတယ်"

ကျွန်ုပ်စကားပြော၍မှ မဆုံးမီ ဦးလေးသည် စာရွက်ကိုတစ်ဖန်ကြည့်လိုက်ပြီးနောက် 'ဟာ'ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်လေသည်။ သူကား ကျွန်ုပ်ဆိုလိုသည်ကို နားလည်သွားပေပြီ။ မျက်နှာထားမှာလည်း လုံးဝပြောင်းလဲသွားလေသည်။

"ဟာ၊ အင်မတန် ပညာရှိတဲ့ ဆက္ကနူဆမ်ပဲ။ ဒါဖြင့် မင်းရေးထားက နောက်က စပြီး ပြန်ရေးထားတာပေါ့"

"ဟုတ်တယ် ဦးလေး"

သို့နှင့် သူသည် စာရွက်ကိုကိုင်ကာ တုန်တုန်ရီရီရှိလှသောအသံဖြင့် စာပိုဒ်တစ်ခုလုံးကို နောက်ဆုံးစာလုံးမှစ၍ တဖြည်းဖြည်း ဖတ်လေသည်။ ယင်းသည်ကား အောက်ပါအတိုင်း ဖြစ်တော့၏။

"In seneffels Yoculis craterem Kem delibat umbra Scartaris JuIn intra calendas descende, audas vator, et terrestre centrum attinges Kod feci Arne Saknussemm"

ယင်းမှာ 'လက်တင်' ဘာသာစကား ဖြစ်ပြီးလျှင် အလွန်ညံ့ဖျင်းစွာရေးထားသည်ကားမှန်၏။ သို့သော် အဓိပ္ပာယ်ကား ထင်ရှားပါပေသည်။ အင်္ဂလိပ်ဘာသာ ပြန်ဆိုသော် အောက်ပါအတိုင်း ဖြစ်လေသည်။

"Go down the crater of the Yokul of Sneffel, that the shadow of Scartars softly touches befores the beginning of July, brave traveller, and you will cone to the canter of the earth. Which I have done. Arne Saknussomm."

ထိုစာကိုဖတ်ရပြီးနောက် ဦးလေးသည် လျှပ်စစ်ဓာတ်ကြိုးထိသဖြင့် ဓာတ်လိုက်သွားသကဲ့သို့ နေရာမှခုန်၍ထလိုက်၏။ သူ၏မျက်နှာပေါ်တွင် အောင်မြင်ခြင်း၊ ကျေနပ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် စိတ်ကိုပိုင်းဖြတ်လိုက်ခြင်း အရိပ်အယောင်များ ပေါ်လွင်ထင်ရှား၍ လာတော့၏။ သူသည် အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန်လျှောက်ကာ စားပွဲ ကုလားထိုင်စသော အိမ်ထောင် ပရိဘောဂများကို လက်ဖြင့် တွန်းချည်ထိုးချည်၊ ပုတ်ချည်ခတ်ချည်ပြုလုပ်၏။ အဘိုးတန် ကျောက်တုံးကလေးများကို ကလေးငယ်တစ်ယောက်ကဲ့သို့ လေထဲသို့ မြှောက်လိုက်ဖမ်းလိုက်ပြုလုပ်၏။ သူ၏စိတ်မှာ ဂဏှာမငြိမ်သကဲ့သို့ လှုပ်လှုပ်

ရှားရှား ဖြစ်နေ၏။ နောက်ဆုံးတွင်မှ ငြိမ်သက်သွားပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်သို့ ကိုယ်ကိုလှဲချလိုက်လေသည်။

"ဟော့၊ ဘယ်နှစ်နာရီ ရှိပလဲ"

"၃ နာရီတိုးပြီ ဦးလေး"

"ဟာ မနက်စာလည်း မစားရ။ ညစာလည်း မစားရ။ ဝမ်းဗိုက်ထဲမှာ ဘာအစာမှ မရှိဘူးဟော့။ အူနဲ့ ဟောင်းလောင်း ပဲ။ ဒီလိုဆို အစာငတ်ပြီး သေရလိမ့်မယ်။ လုပ်ကြစမ်းပါဦး ကွယ်၊ စားစရာ သောက်စရာကလေးများ။ လုပ်ဆိုလုပ်ဟော့။ မြန်မြန်၊ မြန်မြန်။ ပြီးတော့ နောက်"

"ပြီးတော့နောက်၊ ဘာလဲ ဦးလေးရဲ့"

"ငါ့အိတ်ကြီးကိုယူဟော့"

"ဦးလေးရဲ့အိတ်ကြီးကြီးဟာလား"

"အေး ဟုတ်တယ်။ ဒါပဲ။ ပြီးတော့ အဝတ်အစားတွေ ထည့်ကွယ်။ အထုပ်အပိုးလုပ်"

"ဦးလေးရဲ့ အိတ်ကြီးနဲ့ ထုပ်ပိုးရမယ်၊ ဟုတ်လား ဦးလေး။ ဘာလုပ်ဖို့လဲ ဦးလေးရဲ့"

ပြီးတော့ မင်းအိတ်ကိုလည်းယူပြီး ထုပ်ပေ ပိုးပေး တော့ဟော့"

သို့ပြောဆိုပြီးနောက် ဦးလေးသည် ခြေလှမ်းကျဲကျဲ ကြီးဖြင့် ထမင်းစားခန်းဆီသို့ သွားလေတော့၏။

ဦးလေး၏စကားများကြောင့် ကျွန်ုပ်မှာ စိတ်ပျက်၍ သွားမိ၏။ ဦးလေးမှာ မည်သူ၏ အရေးကိုမျှ နားမထောင်၊

လောကဓာတ်ပညာကိုသာ ယုံကြည်သူဖြစ်၏။ သို့သော် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုသို့ သွားရောက်ရန်ဆိုခြင်းသည်ကား အရူးစကားပင်ဖြစ်လေသလော။ ဤအကြောင်းများကို နောက်မှပင် စဉ်းစားရပေတော့မည်။ ယခု လောလောဆယ် ကိစ္စကား ညစာကိစ္စပင်ဖြစ်တော့၏။

အိမ်တွင်း၌ စားဖွယ်သောက်ဖွယ်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရသောအခါ ဦးလေးမှာ မည်မျှလောက်သော ဒေါသထွက်သည်ကို ပြောရန်မလိုတော့ချေ။ သို့သော် ကျွန်ုပ်တို့ကား အကျိုးသင့် အကြောင်းသင့် ပြောပြသောအခါ သူသည် အိမ်တံခါးသော့ကို ထုတ်ပေးသဖြင့် မာသာလည်း ညစာအတွက် အစားအသောက်များဝယ်ရန် ချက်ချင်း ထွက်သွားလေ၏။ နောက်တစ်နာရီခန့်ကြာသောအခါ ကျွန်ုပ်တို့မှာ စားပွဲတွင်ထိုင်ကာ စားသောက်နေကြလေပြီ။

ဤကဲ့သို့ စားသောက်နေသည့်အချိန်တွင် ဦးလေးမှာ အလွန်စိတ်ကောင်းဝင်ကာ ပြုံးပြုံးရွှင်ရွှင်ရှိနေပြီးလျှင် ယခင်က မပြုလုပ်ခဲ့ဖူးသော ရယ်စရာ မောစရာကလေးများကိုပင် တစ်ကြိမ်နှစ်ကြိမ် ပြောသေး၏။ စားသောက်ပြီးသောအခါ ကျွန်ုပ်အား သူ၏စာကြည့်ခန်းသို့ ခေါ်သွားလေသည်။

ကျွန်ုပ်လည်း သူခေါ်သည့်အတိုင်း လိုက်ပါသွားရ၏။ အခန်းတွင်းသို့ ရောက်သည့်အခါ သူသည် စားပွဲတစ်ဘက်ရှိ ကုလားထိုင်၌ ထိုင်လေရာ ကျွန်ုပ်လည်း အခြားတစ်ဘက်၌ ထိုင်လိုက်လေသည်။

ဦးလေးက အလွန်ပျော့ပျောင်းသောအသံဖြင့်

"အိတ်ငယ်။ မင်းဟာ သိပ်လိမ္မာတဲ့အကောင်ကွယ်။ ငါ့မှာ ခြေကုန်လက်ပမ်းကျပြီး လက်လျော့တော့မယ်လုပ်တန်းမှ မင်းအကူအညီလာပေးတယ်။ ဒီဟာအတွက် ဦးလေးဘယ်တော့မှ မမေ့ဘူးငါ့တူ။ ပြီးတော့ ဦးလေး ကျော်ကြားရင်လည်း ငါ့တူပါ ကျော်ကြားစေရမပေါ့ကွယ်"

ထိုအခါ ကျွန်ုပ်မှာ ဦးလေး စိတ်ကောင်းဝင်သည့် အခိုက်၌ သူ့အားစကားပြောရန် အကောင်းဆုံးအခွင့်အရေးဖြစ်သည်ဟု အောက်မေ့လိုက်မိ၏။

ဦးလေးက ဆက်လက်၍

"ဒီမယ်ကွဲ့၊ ငါပြောဦးမယ်၊ ဒီအကြောင်းကို မင်းဘယ်သူ့မှ မပြောနဲ့ ကြားလား။ ငါ့ကို မနာလိုတဲ့ လောကဓာတ်ဆရာတွေရှိတယ်။ သူတို့လည်း ဒီလမ်းကို အများကြီး သွားချင်ကြမှာပေါ့ကွယ်။ ဒီတော့ တို့ပြန်လာတဲ့အထိ ဒီအကြောင်းဘယ်သူမှ မသိစေနဲ့။"

"သူတို့အထဲက ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား သွားချင်လိမ့်မယ်လို့ ဦးလေးက ထင်သလား"

"သွားမှာပေါ့ကွဲ့။ စိတ်သာချ သွားမှာပဲ။ သွားပြီး ထင်ရှားကျော်ကြားတဲ့ဂုဏ်ကို ဘယ်သူမယူချင်ဘဲ နေပါ့မလဲကွယ်။ သူတို့သာ ဒီမှတ်တမ်းကိုသိရရင် အာနီဆက္ကနူဆမ်ရဲ့လမ်းစဉ်ကိုလိုက်မယ့် ဘူမိဗေဒဆရာတွေ ရာနဲ့ချီးပြီးရှိတယ်"

"ဒါကိုပဲ ကျွန်တော် သံသယမကင်း ရှိနေတယ် ဦးလေး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီစာဟာ တကယ်အမှန်

ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဘယ်သူမှမပြောနိုင်ဘူး။ ဘာ အထောက်အထားမှလည်း မရှိဘူး"

"ဘာကွ။ ဒီဟာကို တို့စာအုပ်ထဲက တွေ့တယ်မဟုတ်လား"

"တွေ့တာတော့ ဟုတ်ပါတယ် ဦးလေးရဲ့။ ဒီစာကို ဆက္ကနူဆမ် ရေးတယ်ဆိုတာလည်း ကျွန်တော် သဘောတူပါတယ်။ ဒါပေမယ့်လို့ ဒီလိုရေးတာနဲ့ပဲ သူဟာ အဲဒီခရီးကြီးကို သွားပြီး ကမ္ဘာမြေကြီးရဲ့ ဗဟိုကို ရောက်ခဲ့တယ်လို့ ဆိုနိုင်မလား ဦးလေးရယ်။ ဒီပေရွက်ကလေးဟာ သက်သက်နောက်ပြောင် ရေးထားတာကော မဖြစ်နိုင်ဘူးလား"

နောက်ဆုံး သုံးလိုက်မိသော စကားလုံးများအတွက် 'ငါ့စကား လွန်များသွားပြီလား'ဟု တွေး၍ စိတ်မကောင်းဖြစ်မိ၏။ သို့သော် ဦးလေးကား စိတ်မဆိုးရုံသာမက ပြုံးပင်ပြုံးလိုက်သေး၏။

"ဒါကတော့ ဒို့ကိုယ်တိုင်သွားမှ သိရမှာပေါ့ကွယ်"


"ဩော် ဒါထက် ဦးလေး။ ဒီ ပေရွက်ကလေးနဲ့ ပတ်သတ်ပြီး ကျွန်တော့်စိတ်ထဲရှိတာ ဦးလေးက ခွင့်ပြုမယ်ဆိုရင်"

"ကိုင်း မင်းပြောချင်တာ ပြောစမ်း။ ပွင့်ပွင့်လင်းလင်း ပြောကွဲ့နော်။ ငါဟာ မင်းဦးလေးဖြစ်တယ်ဆိုတာတောင် မေ့ထားလိုက်။ စကားထာရဲ့ 'သော့ချက်'ကိုမင်းက တွေ့ထားတဲ့ လူဆိုတော့ လောကဓာတ်ဆရာအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ပြောနေသလိုပြောစမ်း"

"ဟုတ်ကဲ့။ ကျွန်တော်သိချင်တာက 'Yokul'(ယိုကူ)၊ 'Sneffel'(စနေးဖဲလ်)၊ ပြီးတော့ 'Scartaris' (စကားတရစ်) အဲဒီဟာတွေက ဘာကိုဆိုတာလဲ ဦးလေးရဲ့"


"ဒီဟာတွေ ပြောဖို့မခဲယဉ်းပါဘူးကွယ်။ မကြာခင်တုန်းက လိုက်ပဇစ်မြို့က မိတ်ဆွေတစ်ဦးဆီက ဒီမြေပုံကိုရလာတယ်ကွဲ့။ ဒီမှာကြည့်။ အဲဒါ ကံကောင်းတာပဲပေါ့။ ဒီအထဲမှာ ဘာမဆို တို့သိချင်တာတွေပါတယ်"

ကျွန်ုပ်သည် ဦးလေးပြသောမြေပုံကို ကြည့်ရှုလျက်ရှိ၏။



"ဒီကျွန်းနဲ့ မီးတောင်တွေကို ကြည့်စမ်း။ အားလုံး ယိုကူဆိုတဲ့ နာမည်တပ်ထားတာ မင်းမြင်လိမ့်မယ်။ ဒီမယ်ကွဲ့။ အိုက်စလန်ကျွန်းမှာ မီးတောင်တွေဟာ ရေခဲကြားထဲကနေပြီး ပေါက်ကွဲကြတယ်။ ဒါကြောင့် ယိုကူဆိုတဲ့နာမည်ဟာ ကျွန်းပေါ်မှာရှိတဲ့ ပေါက်ကွဲတတ်တဲ့တောင်တွေ အားလုံးအတွက် သုံးတာပဲ"





"ဟုတ်ကဲ့ ဦးလေး။ စနေးဖဲ ဆိုတာကကော"

"ငါ လက်နဲ့ ထောက်ပြတာ မင်းလိုက်ကြည့်။ အိုက်စလန်ကျွန်းရဲ့ အနောက်ဘက်ပိုင်းမှာ ဟောဒီ 'ရယေကိဲညိက' ရေကီယာဗစ်ဆိုတဲ့ မြို့ကြီးတစ်မြို့ကို မြင်တယ်မဟုတ်လား။ ကိုင်း ကောင်းပြီ။ ဒီတော့ ဒီအငူရဲ့အစွန်းမှာ မင်းဘာတွေ့ရသလဲ"

"တောင်တစ်တောင် တွေ့ရတယ် ဦးလေး"

"အဲဒါ စနေးဖဲပဲ"

"စနေးဖဲ၊ ဟုတ်လား ဦးလေး"

"ဟုတ်တာပေါ့ကွဲ့။ စနေးဖဲပေါ့။ ဒီတောင်က ပေ ၅၀၀၀ မြင့်တယ်။ ပြီးတော့ သူရဲ့မီးတောင်ဝဟာ တကယ်လို့ ကမ္ဘာကြီးရဲ့ ဗဟိုအချက်အချာနေရာကိုသာ ရောက်မယ်ဆိုရင် စိတ်ဝင်စားဖို့ အကောင်းဆုံးတောင်ဖြစ်မှာပေါ့"

"နို့ပေမယ့် မဖြစ်နိုင်ပါဘူး ဦးလေးရယ်"

တည်ငြိမ်သောအသံဖြင့်

"ဘာကွဲ့။ မဖြစ်နိုင်ဘူး ဟုတ်စ။ ဘာမဖြစ်နိုင်တာလဲ။ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မီးတောင်တွင်းဝဆိုတာ ပြာတွေ ချော်ရည်ချော်မြုပ်တွေ မီးလောင်ကျောက်ခဲတွေ အဲဒါတွေဖုံးပြီး"

စကားမဆုံးမီ ဦးလေးက ဖြတ်၍

"ဒါဖြင့် မီးတောင်ဟောင်းဆိုရင်ကောကွယ်"

"မီးတောင်ဟောင်း။ ဟုတ်လား ဦးလေး"

"ဟုတ်တာပေါ့ကွဲ့။ ကမ္ဘာပေါ်မှာ ပြာတွေ၊ ချော်မြုပ်တွေ အမြဲထွက်ပြီးတော့နေတဲ့ မီးတောင် ၃၀၀ လောက်ရှိတယ်။ ဒါပေမယ့် ဘာမှမထွက်တော့ဘဲ 'ကော'နေတဲ့ မီးငြိမ်းတောင်တွေကတော့ အများကြီးပေါ့ကွဲ့။ အဲဒီအထဲမှာ စနေးဖဲလ်ပါတယ်။ တို့ သိရသလောက်တော့ ဒီမီးတောင်ဟာ ၁၂၂၉ ခုနှစ်မှာ နောက်ဆုံးပေါက်ကွဲခဲ့ဖူးတယ်။ အဲဒီအချိန်ကစပြီး အသံတွေဟာ တဖြည်းဖြည်း ငြိမ်ငြိမ်လာပြီးတဲ့နောက် သူ့ကိုမီးရှင်တောင်ထဲမှာ ထည့်ပြီး မတွက်တော့ဘူး"

ကျွန်ပ်မှာ တစ်စုံတစ်ရာ ပြန်၍မပြောနိုင်တော့ချေ။

"စကားတရစ် ဆိုတာကတော့ ဘာကိုဆိုလိုတာလဲ ဦးလေး၊ ပြီးတော့ ဂျူလိုင်လ လဆန်းဆိုတဲ့စကားကကော ဘယ်လိုသက်ဆိုင်သလဲ"

ဦးလေးက ခေတ္တစဉ်းစားပြီးနောက်

"ဒီမယ်ကွဲ့ ငါ့တူရဲ့။ မင်းမျက်စိထဲမှာ မှောင်နေတာ ဦးလေးရဲ့မျက်စိထဲမှာတော့ လင်းနေတယ်။ မင်းစိတ်ထဲမှာ ရှုပ်နေတာဟာ ဦးလေးမှာတော့ ရှင်းတယ်လို့ ပြောတာပေါ့ကွယ်။ ဆက္ကနူဆမ်ဟာ အင်မတန်ပညာရှိတဲ့ ပုဂ္ဂိုလ်ကြီးဆိုတာ ဘာမှယုံမှားစရာမရှိဘူး။ စနေးဖဲမှာ မီးတောင်ထိပ်ဝတွေ အများကြီးရှိတယ်ကွဲ့။ ဒီတော့ ကမ္ဘာရဲ့ ဗဟိုကိုရောက်အောင် ဘယ်အပေါက်ဝပုံကနေပြီး ဆင်းရမယ်ဆိုတာ ညွှန်ပြဖို့လိုတယ်။ ဒါတော့ သူဘယ်လိုလုပ်သလဲသိလား၊ ဇွန်လကုန်လောက်မှာ

စကားတရစ်ရဲ့ တောင်ထိပ်ထဲက တောင်ထိပ်တစ်ခုဟာ အခု ပြောနေတဲ့ မီးတောင်ထိပ်ဝတစ်ခုပေါ်မှာ အရိပ်လာပြီးထိုးမယ် ကိုင်း သိပြီလား။ ဒီလမ်းကိုသိအောင် ဘယ်သူ အခုထက်ပိုပြီး ရှင်းရှင်းလင်းလင်း ရေးနိုင်ပါဦးမလဲကွယ်"

* * *

အားလုံးရှင်းလင်းသွားပြီဖြစ်၍ ကျွန်ုပ်လည်း စကား ဂုက်ကို လက်စသတ်လိုက်ပြီးလျှင် ခရီးစဉ်အကြောင်းကိုသာ ဆွေးနွေးလျက်ရှိလေသည်။

"အညွှန်းတော့ အင်မတန် ထင်ရှားတယ် ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ တကယ်ရေးထားတယ်ဆိုတာလည်း ဝန်ခံပါတယ်။ ဆက္ကနူဆမ်ဟာ စနေးဖဲမီးတောင်ကြီးရဲ့ အောက် ခြေကို ရောက်တယ်။ စကားတစ်ရစ် တောင်ထိပ်ရဲ့အရိပ်ဟာ ဇွန်လမှာ မီးတောင်နှုတ်ခမ်းဝတွေရဲ့ အစွန်းအဖျားတွေဆီကို ရောက်လာတာလည်း သူမြင်တယ်။ ဒီနှုတ်ခမ်းဝ ကနေပြီး ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုကို ရောက်တယ်ဆိုတဲ့အကြောင်း ကိုလည်း သူကြားဖူးတယ်။ ဒါပေမယ့် သူကိုယ်တိုင် ခရီးသွား လို့ ဟိုနေရာရောက်တယ်။ ရောက်ပြီးတဲ့နောက် ပြန်လာတယ် ဆိုတာတော့ မဟုတ်ဘူးဦးလေးရယ်။ တစ်ခါမှကဘူး။ အခါ တစ်ရာ မဟုတ်ဘူး"

"ကဲ ဒီတော့ မင်းအကြောင်းပြချက်က ဘာလဲ။ ဆို စမ်းပါဦး"

"ကျွန်တော့်အကြောင်းပြချက်ကတော့ လောကဓာတ်ပညာအရကိုပဲ ဒီခရီးကို မသွားနိုင်ဘူးဆိုတာ ထင်ရှားနေတာပဲ"

"လောဓာတ်ပညာက ဒီလိုပဲ ဆိုသလားကွဲ့။ ဒီလိုဆိုရင် လောကဓာတ်ပညာဟာ လူကို ဒုက္ခပေးတဲ့အရာတစ်ခုပေါ့။ လောကကြီးမှာဖြစ်နိုင်တဲ့ အရာတွေကို မဖြစ်နိုင်ဘူးလို့ လောကဓာတ်ပညာကသာဆိုရင် အင်း ဒါဟာ သနားစရာကောင်းတာပေါ့ကွယ်"

ဦးလေးသည် ကျွန်ုပ်အားကြည့်၍ ရယ်မောလျက်ရှိရာ၊ ကျွန်ုပ်ကမူ မရပ်သေးဘဲ ရှေ့သို့ဆက်ပြန်လေသည်။

"ဟုတ်တယ် ဦးလေး။ မြေကြီးအောက်ကို အနက်ဆင်းသွားလေလေ အပူရှိန်ပြင်းလာလေလေဆိုတာ အားလုံးသိတယ်။ ပေ ၇၀ နက်တိုင်း ၁ ဒီဂရီလောက် တိုးလာတယ်။ ဒါကြောင့် ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုအထိ မိုင် ၄၀၀၀ ရှိတယ်ဆိုတော့ အပူရှိန်ဟာ ဒီဂရီ ၂၀၀၀၀ ရှိရမယ်။ ဒီလောက်အပူရှိန်ဟာအမာဆုံးကျောက်တွေ၊ သတ္တုတွေကိုအရည်ပျော်စေနိုင်တဲ့ အခြေအနေမှာရှိတယ်။ ဒီတော့ ကျွန်တော် မေးမယ် ဦးလေးရယ်။ ဒီနေရာကို သွားနိုင်ပါ့မလားလို့"

"သြော်၊ ဒါဖြင့် မင်းက အပူရှိန်အတွက် စိုးရိမ်နေတယ်ဆိုပါတော့"

"ဒါပေါ့ ဦးလေးရဲ့။ တကယ်လို့ ကျွန်တော်တို့ မိုင်နည်းနည်းပါးပါး ဆင်းမိရင်တောင် အပူဒီဂရီဟာ ၁၃၀၀ လောက်ရှိမယ်"

"ဒါဖြင့် မင်းက အရည်ပျော်သွားမှာ ကြောက်တယ် ဆိုပါတော့"

"ဒီမေးခွန်းကို ဦးလေးပဲ ဖြေပါတော့ ဦးလေးရယ် ကျွန်တော်တော့ မပြောတတ်တော့ဘူး"

ဦးလေးက တည်ငြိမ်လေးနက်သော အသံဖြင့်

"ဒီမယ်ကွဲ့၊ ဦးလေး အဖြေပေးမယ်။ မင်းရော ငါရော တခြားလူတွေရော အောက်တစ်မိုင်မှာတောင် မြေကြီးဟာ ဘယ်လိုနေတယ်ဆိုတာ ဘယ်သူမှမသိဘူး။ လောကဓာတ် ပညာဆိုတာ အချက်အလက်အသစ်တွေ တွေ့တိုင်း အစဉ် ပြောင်းလဲနေတယ်။ ဒီကနေ့ အမှန်လို့ထင်ပေမယ့် နောက်တစ် နေ့ အမှားဖြစ်ချင်ဖြစ်နေတယ်။ မကြာသေးခင်က မြေကြီးက နေပြီး ဝေးဝေးသွားလေလေ အေးပြီး လာလေလေလို့ ယုံကြည် ကြတယ်။ အခုတော့ မဟုတ်တော့ဘူး။ ရေခဲတဲ့ဒီဂရီရဲ့အောက် ဘယ်နေရာမှာမှ ဒီဂရီ ၄၃၊ ဒါမှမဟုတ် ၅၃ထက်ပိုပြီး မအေး ဘူး။ အပူမှာလည်း ဒီလိုအတိုင်း မဟုတ်ဘဲနေပါ့မလား။ ဒီနေ ရာထက်ပိုပြီး မပူတော့ဘူးဆိုတဲ့နေရာ ဘာဖြစ်လို့ မရှိနိုင်ရမှာ လဲ"

ဦးလေးသည် စင်စစ် တွေ့ရှိချက်မဟုတ်ဘဲ မှန်းဆ ချက်များကို အခြေခံ၍ ပြောနေသဖြင့် ကျွန်ုပ်မှာ တစ်စုံတစ်ရာ ပြန်၍ မပြောနိုင်ဘဲရှိနေလေ၏။

ကိုင်း ဒီတော့ ဦးလေးပြောဦးမယ်။ တကယ်လို့သာ ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုမှာ အပူဒီဂရီ ၂၀၀၀၀ သာရှိမယ်

ဆိုရင် ဒီလောက်ကြီးမားတဲ့ အပူဓာတ်များရဲ့ ဖိနှိပ်အားကြောင့် ကမ္ဘာကြီးတစ်ခုလုံး ပေါက်ကွဲသွားပြီလို့ တကယ့်ပညာရှိ ပုဂ္ဂိုလ်ကျော်တွေက ထင်ရှားအောင် တွက်ချက်ပြခဲ့ပြီကွဲ့"

"နို့ပေမယ့် ဦးလေးရယ်။ ဒီဟာတွေက အဆုံးကျတော့ မှန်းဆချက်တွေပါ"

"မင်းပြောတာမှန်တယ်။ ဒါပေမယ့် ကမ္ဘာမြေကြီးဟာ အတွင်းမှာ ဓာတ်လည်းမဟုတ်ဘူး၊ ရေလည်းမဟုတ်ဘူး။ အင်မတန် လေးလံတယ်ဆိုတဲ့ ကျောက်တို့၊ သတ္တုတို့လည်း မဟုတ်ဘူး။ ဒီလိုဆိုရင်လည်း ကမ္ဘာမြေကြီးရဲ့အလေးချိန်ဟာ အခု တကယ်ရှိနေတဲ့ အလေးချိန်ထက် နှစ်ဆလျော့သွားရမယ်။ အဲဒီလိုထင်နေတာကို ဘူမိဗေဒပါရဂူတွေအားလုံးလိုလို ကပဲ သဘောတူကြတယ်ကွဲ့"

"ဒါကတော့ ဦးလေးရယ်။ ဂဏန်းတွေဆိုတာ ဘယ်ဟာမျိုးမဆို ထင်ရှားအောင် သက်သေပြဖို့ဖြစ်တာပဲ"

"အချက်အလက်ဆိုတာလည်း ဒီလိုပဲကွဲ့ ငါ့တူ။မင်း ကြည့်လေ။ မီးတောင်တွေဟာ ကမ္ဘာဦးအစကနေပြီး အခုအချိန် အထိ တဖြည်းဖြည်း နည်းနည်းလာတာ မှန်တယ်မဟုတ်လား။ ပြီးတော့ အကယ်၍သာ ဗဟိုအချက်အချာနေရာမှာ အင်မတန် ကြီးမားတဲ့ အပူထုကြီးရှိရင် အင်အား နည်းနည်းပြီးလာဖို့ မကောင်းဘူးလား"

"မှန်းဆချက်နဲ့သာ ဦးလေးကစပြီး ပြောနေမယ်ဆိုရင် ကျွန်တော် ဘာမှမပြောစရာ မရှိတော့ဘူး"

"ဦးလေး ပြောချင်တာက ဦးလေး မှန်းဆတယ်ဆိုတာ တခြားကမ္ဘာကျော်လောကဓာတ်ဆရာကြီးတွေရဲ့ မှန်းဆချက် ပဲကွဲ့။ နေပါဦး။ ၁၈၂၅ ခုနှစ်က ကမ္ဘာကျော် လောကဓာတ် ပါရဂူကြီး 'ဆာဟန်ဖရီဒေဗွီ'ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ဦးလေးဆီကို အလယ်လာတာ မင်းမှတ်မိသေးတယ် မဟုတ်လား"

"မမှင်မိဘူး ဦးလေး၊ ဘာမှ မမှတ်မိဘူး။ ကျွန်တော် လူ့ပြည်ရောက်လာတာ ဒီနောက် ၉ နှစ်ကြာမှ ရောက်လာ တာ"

"ဒီလိုကွဲ့။ 'ဟန်ဖရီဒေဗွီ'ဟာ ဟမ်းဗက်မြို့အသွား မယ် ဦးလေးနဲ့တွေ့ရအောင် ဝင်လာတယ်။ ဒါနဲ့ တခြားစကား တွေ ပြောရာကနေပြီး ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုဟာ ဘာနဲ့ တူသလဲဆိုတဲ့အကြောင်း ပြောကြတယ်။ ဒါနဲ့ လောကဓာတ် ပညာ လက်လှမ်းမမီနိုင်တဲ့ အချက်တစ်ခုကို အထောက်အထား ပြုပြီး 'ဒါဟာ ထုထည်အစိုင်အခဲဖြစ်မယ်'လို့ ဦးလေးရော သူရော နှစ်ယောက်စလုံး သဘောတူကြတယ်"

"အဲဒီအချက်ဟာ ဘာလဲ ဦးလေး"

"ဒါက ဒီလိုကွယ်။ မြေကြီးရဲ့ အတွင်းဟာ အစိုင်အခဲ သာမဟုတ်ရင် ပင်လယ်ဒီလှိုင်းလို အတက်အကျရှိမယ်။ လ ဆီကို နီးလိုက်ဝေးလိုက် တစ်နေ့ ၂ ကြိမ်လှုပ်ရှားမယ်။ ပြီးတော့ လျှောင်လှုပ်ရင်လည်း နေရာအားလုံး တစ်ချိန်တည်း ဘယ်နေရာ မဆို လှုပ်ရမယ်၊ ဒါပဲ"

"နို့ပေမယ့် ကမ္ဘာမြေကြီးဟာ တစ်ကြိမ်က မီးလုံးကြီးလို တောက်လောင်နေခဲ့လို့ အပြင်က အရင်စပြီး အေးမယ်ဆိုတာတော့ ကျွန်တော်တို့ သဘောတူရမယ်"

"မဟုတ်ဘူးကွဲ့၊ မီးလောင်နေတယ်ဆိုတာက မြေမျက်နှာပြင်သာဖြစ်တယ်။ တချို့သတ္တုတွေဟာ ရေနဲ့တွေ့တဲ့အခါ မီးထပြီးတောက်တယ်။ ဒါကြောင့် မျက်နှာပြင်ဟာ ဒီသတ္တုတွေနဲ့ တည်ဆောက်ထားတဲ့အတွက် မိုးရွာတဲ့အခါမှာ မီးတောက်မီးလျှံတွေဖြစ်လာတယ်။ ပြီးတော့ မိုးရေဟာ မြေကြီးအောက်အနက်ကို တဖြည်းဖြည်းစိမ့်ဝင်သွားတဲ့အခါ နောက်ထပ် မီးတွေ အသစ်ဖြစ်လာပြီး အပြင်ဘက်ကို ကန်ထွက်လာမှုတွေ ပေါက်ကွဲမှုတွေ ဖြစ်လာတာပဲ။ အဲဒါကြောင့် ဟို ရှေးခေတ်ကမ္ဘာဦးအစမှာ မီးတောင်တွေ အင်မတန်များခဲ့တာပေါ့ကွဲ့"

ကျွန်ုပ်သည် ဦးလေး၏စကား မှန်ကန်ကြောင်း အကယ်ပင် ယုံကြည်လာမိတော့၏။

"ဒီမယ် အိတ်ငယ်။ ကမ္ဘာပထဝီရဲ့ အလယ်ဗဟိုဟာ ဘာနဲ့တူသလဲဆိုတော့ ဘူမိဗေဒဆရာတွေ အမြဲအံ့သြနေတယ်။ နို့ပေမယ့် အင်မတန် ပူလောင်နေတယ်ဆိုတာကိုတော့ ဘယ်တုန်းကမှ ထင်ရှားအောင် မပြနိုင်ခဲ့ကြဘူး။ ဦးလေးရဲ့ အယူအဆကတော့ မပူဘူး၊ မပူနိုင်ဘူးလို့ ယူဆတယ်။ နို့ပေမယ့် အာနီဆက္ကနူဆမ်လို တို့များကိုယ်တိုင် သွားကြည့်တာပေါ့ကွယ်။ အဲဒီတော့ ဘယ်သူမှန်တယ်ဆိုတာ သိကြရောပေါ့"

ကျွန်ုပ်မှာ ဦးလေးကဲ့သို့ပင် စိတ်လှုပ်ရှား ပျော်ရွှင်လာပြီးနောက်

"ဟုတ်တာပေါ့ ဦးလေး။ သွားပြီး ကြည့်ကြတာပေါ့။ တကယ်လို့ သွားနိုင်မယ်ဆိုရင်ပေါ့လေ"

"ဘာဖြစ်လို့ မသွားနိုင်ရမှာလဲကွဲ့။ လျှပ်စစ်အလင်းရောင်တွေ့မယ်လို့ တို့ မမျှော်လင့်နိုင်ဘူးလား။ လေးလံတဲ့ လေထုရဲ့ဖိနှိပ်မှုတောင် အလင်းရောင်ပေးနိုင်သေးတာပဲ"

"ဟုတ်ကဲ့ ဦးလေး။ နောက်ဆုံးတော့ ဒါဟာဖြစ်နိုင်ပါတယ်"

"သေချာပါတယ်။ နို့ပေမယ့် တစ်ခုသတိထားနော်။ ဒီအကြောင်း ဘယ်သူ့မှ မပြောနဲ့။ ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုကို ငါတို့ကိုယ်တိုင်ကလွဲလို့ ဘယ်သူမှ ငါတို့ထက်ဦးပြီး မတွေ့စေရဘူးကွယ်"

ဤနေရာတွင် ကျွန်ုပ်တို့ အချီအချစကားပြောခြင်းကို ရပ်လိုက်ကြ၏။ ကျွန်ုပ်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် ဦးခေါင်းတစ်ခုလုံး ထူပူလျက်ရှိ၏။ သို့နှင့် ဦးလေး၏ စာကြည့်ခန်းထဲမှ ထွက်ခဲ့ပြီးလျှင် လေကောင်းလေသန့်ရရန် အိမ်ပြင်သို့တစ်ဖန် ထွက်ခဲ့ပြန်၏။ သို့သော် ဟမ်းဗတ်မြို့တွင်းရှိ လမ်းများပေါ်သို့ ရောက်သည့်တိုင်အောင် ကောင်းစွာ မအေးသေးသဖြင့် ကျွန်ုပ်သည် မြစ်ကမ်းပါးတစ်နေရာသို့ လျှောက်၍လာခဲ့လေသည်။ သို့ လမ်းလျှောက်ရင်း ကမ္ဘာမြေကြီး၏ အလယ်ဗဟိုသို့သွားရန် လမ်းရှိသည်ဆိုခြင်းမှာ အရူးစကားပင်ဖြစ်လေသလောဟု အောက်မေ့မိ၏။

ကျွန်ုပ်သည် မယုံတစ်ဝက် ယုံတစ်ဝက်ရှိနေမိ၏။ သို့ နှင့် မြစ်ကမ်းနံဘေးတွင် လမ်းလျှောက်လျက်ရှိရာမှ ဂရှိုင်ဗင် ကို တွေ့လိုတွေ့ငြား အယ်လတိုနာဘက်သို့ လျှောက်လာခဲ့မိ ၏။ တစ်ခဏမျှကြာလတ်သော် အိမ်ဘက်သို့ ပြန်လာသော ဂရှိုင်ဗင်နှင့် ပက်ပင်းပါတွေ့ရလေသည်။

ဂရှိုင်ဗင်က အံ့အားသင့်လျက်

"ဒါ ကျွန်မကို လာကြိုတာလား အိတ်ဇယ်"

သို့သော် ကျွန်ုပ်၏ ပင်ပန်းနွမ်းနယ်ပုံရသော မျက်နှာကို မြင်လိုက်သဖြင့် သူက ဆက်လက်၍

"ဘာဖြစ်လို့လဲ အိတ်ဇယ်"

ဟု ထပ်၍မေးလိုက်ပြန်လေသည်။ သို့နှင့် ကျွန်ုပ်က အိမ်တွင်ဖြစ်ပျက်ခဲ့သော အကြောင်းများကို ဇာတ်လှန်၍ပြော လိုက်ရတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် အတန်ကြာမျှတစ်ယောက် နှင့်တစ်ယောက် စကားမပြောဘဲ ဆက်လက်လျှောက်လာခဲ့ကြ တာ ဂရှိုင်ဗင်က

"ဒါဖြင့် အဲဒီနေရာကို သွားရမှာ အတော်ခဲယဉ်းမှာ ပေါ့နော်"

"ဟုတ်တာပေါ့ ဂရှိုင်ဗင်"

"ဟုတ်တယ် အိတ်ဇယ်။ နို့ပေမယ့် ကမ္ဘာကျော် လောကဓာတ်ဆရာကြီးအတွက် ဂုဏ်ယူဝံ့ကြွားနိုင်မယ့်အလုပ် မျိုးမှာ ကူညီရင် နည်းလမ်းလည်းမှန်တယ်။ ကမ္ဘာပေါ်မှာ ထင် ရှားကျော်ကြားလည်း လာနိုင်မယ်"

"ဘာပြောတယ် ဂရှိုင်ဗင်။ ကျုပ်သွားဖို့ သင့်တယ်လို့ မင်းတကယ်ပဲ ထင်သလား"

"ထင်တာပေါ့ အိတ်ဇယ်။ ကျွန်မတောင် အတူတူ လိုက်ချင်သေးတယ်။ နို့ပေမယ့် မိန်းမသားဖြစ်နေလို့ ဘာအကူ အညီမှပေးနိုင်မယ်မဟုတ်ဘူး။ အနှောင့်အယှက်တောင် ဖြစ် ဦးမယ်"

ထိုအခါ ကျွန်ုပ်၏စိတ်ထဲမှ "ငယ်ငယ်ရွယ်ရွယ် မိန်း ကလေး ယောက်ျားကလေးတွေဟာဒီလိုချည့်ထင်ပါရဲ့။ရဲချင် တဲ့အခါ သူတို့အပြင်မရှိဘူး။ ကြောက်ချင်တဲ့အခါလည်း သူတို့ အပြင်မရှိဘူး။ ဘာမှ ဆင်ခြင်တုံတရား မရှိဘူး။ အကျိုး အကြောင်းဆိုတာ နားမလည်ဘူး။ အခုကြည့်ပါလား။ ဒီမိန်း ကလေးက ငါ့ကိုများ ဒီခရီးကြီးသွားဖို့ တိုက်တွန်းလိုက်သေး သဗျာ။ ပြီးတော့ တိုက်တွန်းရုံသာ မကဘူး။ သူကိုယ်တိုင် တောင် လိုက်ချင်သေးသတဲ့"ဟု တွေးမိ၏။ ကျွန်ုပ်မှာ ဝမ်း မြောက်သည်မှန်သော်လည်း မိမိကိုယ်ကိုမိမိမလုံသကဲ့သို့ တွေး ၍ပင်ရှက်မိသေး၏။

"ဒီမယ် ဂရှိုင်ဗင်။ နက်ဖြန်ကျတော့ မင်း ဒီစကား ပြောဦးမလားလို့ ကြည့်ရဦးမယ်"

"နက်ဖြန် ဟုတ်လား အိတ်ဇယ်။ နက်ဖြန်လည်း ပြောမှာပဲ"

ကျွန်ုပ်တို့သည် တစ်ယောက်လက်ကို တစ်ယောက် ကိုင်ကာ စကားမပြောဘဲ လျှောက်လာကြ၏။ ကျွန်ုပ်မှာမူ တွေ့

မြင်ကြားသိခဲ့ပြီးသော အကြောင်းများကြောင့် စိတ်ထဲ၌ တုန်လှုပ်ချောက်ချားလျက်ပင် ရှိနေသေး၏။ သို့နှင့် စိတ်ထဲမှ "အင်းလေ၊ အခုလည်း ဇူလိုင်လဆန်း မရောက်သေးပါဘူး။ ဒီကြားထဲမှာ တစ်ခုခုဖြစ်ချင်ဖြစ်လာမယ်။ ဒီအခါ အခုပြောနေတဲ့ ကမ္ဘာကြီးအောက်ဝင်သွားရမယ့် မြေအောက်ခရီးကြီးကို ဦးလေးလည်း စိတ်ပျက်ချင် စိတ်ပျက်သွားတန်ကောင်းပါရဲ့"ဟု တစ်ကိုယ်တည်းတွေး၍ နေမိ၏။

ကွန်နစ်တရာစီရှိ အိမ်သို့ရောက်သောအခါ အတော်ပင် မိုးချုပ်လေပြီ။ ထိုအချိန်၌ ဦးလေးမှာ ခါတိုင်းကဲ့သို့ပင် အိပ်ရာသို့ဝင်၍ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလိမ့်မည်ဟု ကျွန်ုပ်ထင်မိ၏။

သို့သော် ကျွန်ုပ်အထင်နှင့်အမြင်ကား ကွာခြားလှတော့၏။ လူတစ်စုသည် အိမ်တွင်းသို့ ပစ္စည်းအမျိုးမျိုးကို သယ်ယူပို့ဆောင်လျက် ထမင်းချက်မိန်းမကြီးမှာလည်း ထိုမှဤမှ ပြေးလွှားကာ အလုပ်ရှုပ်လျက်ရှိသည်ကို တွေ့ရလေ၏။ ဦးလေးသည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း

"ဟေ့ အိတ်ဇယ်၊ လာစမ်းလို့ဆို၊ လာစမ်းကွယ်။မင်းဟာ အင်မတန်ခွကျတဲ့အကောင်။ အခုထက်ထိ ပစ္စည်းတွေကို ဘာမှ မထုပ်မပိုးရသေးဘူး။ ငါ့စက္ကူတွေ၊ စာရွက်တွေကိုလည်း ဘာမှ အစီအစဉ်မလုပ်ရသေးဘူး။ မင်းကိုယ်တိုင်လည်း ဘာမှ မပြင်ရသေးဘူး။ ဘာမှ မင်းမလုပ်ရသေးဘူး"

ကျွန်ပ်မှာ မည်သို့မျှ မပြောနိုင်ဘဲ ရပ်၍နေမိ၏။ ဦးလေး၏အပြုအမူကို အံ့အားသင့်သည်ထက် သင့်၍နေမိ၏။ နောက်ဆုံးတွင် ကျွန်ပ်က

"ဒါဖြင့် ကျွန်တော်တို့ သွားကြမလို့လား ဦးလေး"

"သွားမှာပေါ့ကွဲ့။ နေပါဦး၊ မင်းက ထုပ်ဖို့ပိုးဖို့ငါ့ကို မကူညီတဲ့အပြင် လမ်းထွက်ပြီး လျှောက်နေရတာက ဘာ အဓိပ္ပာယ်လဲ"

"ကျွန်တော်တို့ တကယ်သွားကြမှာလား ဦးလေး"

"သွားမှာပေါ့ကွဲ့။ သွားမယ်ဆိုသွားမှာပေါ့။ သဘက် ခါပဲပေါ့။ မနက်စောစော"

ကျွန်ပ်မှာ ရှေ့သို့ဆက်လက်မြည်တွန်ပြောဆိုမည်ကို မကြားလိုတော့သဖြင့် ကျွန်ပ်၏ အခန်းကလေးရှိရာသို့ ပြေးဝင် သွားရတော့၏။

ကျွန်ပ်မှာ သွားမည်ကား မလွဲတည်း။ ကျွန်ပ်တို့မရှိ ခိုက်တွင် ဦးလေးသည် သွားရမည့် ခရီးအတွက် စားရေရိက္ခာ များ ပစ္စည်းပစ္စယများနှင့်တကွ လိုအပ်သော ကိရိယာတန်ဆာ ပလာများကို အမြောက်အမြား ဝယ်ယူပြီးဖြစ်ရာ စားပွဲကုလား ထိုင် ကြမ်းပြင်မှမကျန် ယင်းပစ္စည်းတို့ဖြင့် ပြည့်နှက်လျက်ရှိ တော့၏။ ပစ္စည်းများမှာလည်း လူ ၁၀ ယောက် သည်ပိုးရ လောက်ပင် များပြားလှတော့၏။

ထိုညဥ့်တစ်ညဥ့်လုံး ကျွန်ပ်မှာ အတွေးဖြင့် အိပ်မပျော် နိုင်အောင် ရှိတော့၏။ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ကျွန်ပ်

အား တစုံတစ်ယောက်က ခေါ်နေသံကြားရသဖြင့် ကျွန်ုပ်မှာ တံခါးကိုမဖွင့်ဘဲ ဖွတ်ပေ၍နေတော့မည်ဟု အောက်မေ့လိုက်၏။ သို့သော် မကြာမီပင် အသံမှာဂရှိုင်ဇင်၏ အသံဖြစ်ကြောင်း သိရှိရလေသည်။

"ဒီမယ် အိတ်ဇယ်"

သို့နှင့် ကျွန်ုပ်သည် တံခါးကိုဖွင့်၍ အခန်းထဲမှထွက်ခဲ့၏။ အိပ်ပျက်သဖြင့် နီရဲသော မျက်လုံးများနှင့် ဖြူဖတ်ဖြူလျော်ဖြစ်နေသော ကျွန်ုပ်၏ မျက်နှာကိုမြင်ရလျှင် ဂရှိုင်ဇင်မှာ စိတ်ပြောင်းသွားလိမ့်မည်ဟု ကျွန်ုပ်ထင်မိ၏။ သို့သော် သူက–

"ဟာ၊ အိတ်ဇယ်ကိုကြည့်ရတာ ဒီကနေ့ ပိုပြီး လန်းလန်းဆန်းဆန်း ရှိနေတယ်။ ညက ကောင်းကောင်း အိပ်ရလို့ထင်ပါရဲ့"

"အောင်မယ် ညကလား ကောင်းကောင်းအိပ်ရတာ"

"ဒီမယ်အိတ်ဇယ်။ ညက ဆရာကြီးနဲ့ ကျွန်မအတော်ညဥ့်နက်အောင် စကားပြောနေတယ်။ သူဟာ လောကကြီးမှာ ဘာမှကြောက်တဲ့လူမဟုတ်ဘူး။ ရှင့်ဦးလေးဖြစ်တာ သိပ်ကံကောင်းတာပဲ။ သူ့အကြံအစည်တွေ၊ ဒီအကြံတွေ အောင်တဲ့အခါ ဘယ်လိုဖြစ်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေ၊ ဘာကြောင့် ဒီအကြံတွေ ကြံစည်ရတယ်ဆိုတာတွေ၊ ပြီးတော့ ဒီအကြံကို ဘယ်နည်းဘယ်ပုံ အထမြောက်အောင် ကြံမယ်ဆိုတာတွေ အားလုံး ကျွန်မကို ပြောပြတယ်။ သူပြောတဲ့အတိုင်းလည်း ဒီအကြံတွေ အောင်မှာ သေချာပါတယ်။ ဒီမှာအိတ်ဇယ်၊

လောကဓာတ်ပညာ လိုက်စားရတဲ့ဘဝဟာ အင်မတန်ကောင်းတာပဲနော်။ သူတော့ ကမ္ဘာပေါ်မှာ သိပ်ပြီးကျော်ကြားဦးမှာပဲ။ ရှင်ရော အတူတူပေါ့။ ရှင်ပြန်လာတဲ့အခါ တကယ့်လူကြီးတစ်ယောက်ဖြစ်လာပြီး ဘာမဆို လုပ်နိုင်ကိုင်နိုင်တော့မယ်။ ပြီးတော့လည်း”

ဂရှိုင်ဗင်သည် ဤနေရာတွင် စကားကိုရပ်လိုက်၏။ သို့သော် မပြောဘဲချန်ထားသောနေရာတွင် မည်ကဲ့သို့ အဓိပ္ပာယ်ရှိသော စကားလုံးများ ရှိသည်ကို ကျွန်ုပ်ရိပ်မိ၏။ ဂရှိုင်ဗင်၏ စကားကြောင့် ကျွန်ုပ်မှာ အလွန်ပင် စိတ်အားထက်သန်လျက်ရှိသော်လည်း အကယ်ပင် ကျွန်ုပ်တို့ခရီးသွားရမည့် အကြောင်းကိုကား ထိုအချိန်ထိ မစဉ်းစားရသေးချေ။

ကျွန်ုပ်သည် ဂရှိုင်ဗင်အား ဦးလေး၏စာကြည့်ခန်းသို့ ခေါ်သွားလေသည်။ အခန်းတွင်းသို့ ရောက်သောအခါ ကျွန်ုပ်က ဦးလေးအား

“ဒီမယ် ဦးလေး။ ကျွန်တော်တို့ သွားမယ်ဆိုတာ တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား”

“ဘာကွ။ မင်းက ဘာများသံသယဖြစ်နေသေးသလဲ”

ကျွန်ုပ်က ဦးလေးစိတ်ဆိုးမည်စိုးသဖြင့်

“သံသယတော့ မရှိပါဘူး ဦးလေး။ ဒါပေမယ့် ကျွန်တော်တို့ ဘာဖြစ်လို့ အလျင်စလို လုပ်ကြရတယ်ဆိုတာ သိချင်လို့ပါ”

“ဘာဖြစ်လို့၊ ဟုတ်လား။ အချိန်ကွဲ့။ အချိန် အချိန် အချိန်။ နားလည်လား”

"နို့ပေမယ့် ဦးလေးရယ်။ ဒီကနေ့မှ မေလ ၂၆ ရက် ရှိသေးတယ်။ ဒီတော့ အခုကနေပြီး ဇွန်လကုန်အောင်ဆိုရင် ကြားထဲမှာ"

"အောင်မယ်။ မင်းက အိုက်စလန်ကို လွယ်လွယ်ကူကူနဲ့များ ရောက်မယ်အောက်မေ့နေသလား။ မိုက်ပါဘိတော့ကွယ်။ မင်းသာ အပြင်ထွက်မလည်ဘူးဆိုရင် မင့်ကို သင်္ဘောကုမ္ပဏီရုံးကို ငါခေါ်သွားပါရဲ့။ အဲဒီတော့ မင်းသိမှာပေါ့။ 'ကိုပင်ဟေဂင်မြို့'နဲ့ 'ရေကီရာဗစ်မြို့' ကိုသွားတာ သင်္ဘော ၁ စင်းပဲရှိတယ်။ အဲဒါ လတိုင်း ၂၂ ရက်နေ့မှာ မှန်မှန်ထွက်တယ်"

"ဟုတ်ကဲ့ ဦးလေး"

"ကောင်းပြီ။ ဒီတော့ တို့ဟာ ဇွန်လ ၂၂ ရက်နေ့အထိ စောင့်နေရင် အိုက်စလန်ကို အရောက်နောက်ကျပြီး 'စကာတရစ်'တောင်ရိပ်ဟာ စနေးဖဲ မီးတောင်ထိပ်ဝပေါ်မှာလာပြီး ကျတာကိုမြင်ရတော့မယ်မဟုတ်ဘူး။ ဒါကြောင့် ကိုပင်ဟေဂင်မြို့ကို တို့များ မြန်နိုင်သမျှမြန်မြန်ရောက်အောင် သွားရမယ်။ သွားသွား။ မင်း ပစ္စည်းကလေးတွေသာ ထုပ်ချေ ပိုးချေပေတော့"

ကျွန်ုပ်မှာ တစ်စုံတစ်ရာပြန်၍မပြောနိုင်တော့ဘဲ ကျွန်ုပ်၏ အခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့လေရာ ဂရိုင်ဗင်သည်လည်း ကျွန်ုပ်နောက်မှပါလာလေသည်။ ထို့နောက် ကျွန်ုပ်၏ ပစ္စည်းကလေးများကို ကူညီထုပ်ပိုးပေးရှာ၏။ ကျွန်ုပ်ကမူ သူနှင့်ခွဲခွာသွားရမည်ဖြစ်သဖြင့် စိတ်ထဲတွင် ရှိသမျှကိုဖွင့်၍ပြောလိုက်ချင်၏။

ထိုနေ့ တစ်နေ့လုံး ကျွန်ုပ်တို့အိမ်ကို သေနတ်များ၊ စူးဆောက်တန်ဆာပလာများ၊ လောကဓာတ်ပညာနှင့် ပတ်သက်သည့် ဝတ္ထုပစ္စည်းများ စသည်ဖြင့် ပစ္စည်းအမျိုးမျိုး နောက်ထပ်ရောက်ရှိလာပြန်၏။ ထမင်းချက် မိန်းမကြီးမာသာ မှာမူ မည်ကဲ့သို့မျှ နားမလည်နိုင်အောင် ရှိတော့၏။

"သခင် ရူးများနေပြီလား"

ကျွန်ုပ်က ဦးခေါင်းကိုညိတ်၍ ပြလိုက်၏။

"သူ ခရီးထွက်မလို့ထင်တယ်။ မင်းကော အတူတူ လိုက်မှာလား"

ကျွန်ုပ်က ယင်နည်းတူ ဦးခေါင်းကို ဆတ်၍ ပြလိုက်ပြန်သည်။

"ဘယ်လိုလဲ ဟင်"

ကျွန်ုပ်က မြေကြီးအောက်သို့ လက်ညှိုးထိုးပြ၏။

"ဩော်။ အောက်ထက်က မီးဖိုချောင်ကိုလား"

"ဟင့်အင်း၊ မဟုတ်ဘူး။ ဒီ့အောက်ကို"

ဤသို့ဖြင့် ညနေစောင်းသို့ရောက်လေရာ၊ အိပ်ရာသို့ ဝင်ခါနီးတွင် ဦးလေးက

"ဟော့၊ နက်ဖြန် မနက် ၆ နာရီမယ် တို့များထွက်ကြမယ်"

ဟု ကျွန်ုပ်တို့အား သတိပေးလိုက်သေး၏။

အချိန်မှာ ၁၀ နာရီ ထိုးပြီးပြီဖြစ်၍ ကျွန်ုပ်လည်း အိပ် ရာသို့ ဝင်ခဲ့ပြီးနောက် ပစ်လှဲလိုက်ရာ၊ ကျွန်ုပ်၏ကိုယ်မှာ

ကျောက်တုံးကျောက်ခဲဖြင့် ပြုလုပ်ထားဘိသကဲ့သို့ မာကြော တောင့်တင်းလျက်ရှိလေ၏။ ထိုညတစ်ညလုံး ကျွန်ုပ်မှာ အိပ်မက်များ ကယောင်ချောက်ချား မြင်မက်လျက်ရှိ၏။ အိပ်မက်ထဲတွင် ဦးလေးက ကျွန်ုပ်အား မြေကြီးအောက်သို့ ဆွဲခေါ်သွားရာ ဒရွတ်တိုက်၍ ပါသွား၏။ ထို့နောက် မြေအောက်ရှိ မတ်စောက်သော တောင်ကမ်းပါးများအောက်သို့ အဆုံးအစမရှိ တဖြည်းဖြည်းကျသွားသည်ဟု မြင်မက်လျက်ရှိလေသည်။

နောက်တစ်နေ့နံနက် ၅ နာရီတွင် ကျွန်ုပ်လည်း အိပ်ရာမှ လန့်နိုးလေရာ စိတ်ထဲတွင် ကြောက်ရွံ့မောပန်းလျက်ရှိနေလေတော့၏။ ထို့နောက် ထမင်းစားခန်းသို့လာခဲ့ရာ ဦးလေးမှာ စားပွဲတွင်ရောက်ရှိနေပြီဖြစ်၍ အစားအစာများကို သုတ်သီးသုတ်ပျာ စားလျက်ရှိနေလေပြီ။ ကျွန်ုပ်က တစုံတရာပြောမည်ကြံသော်လည်း ဂရှိုင်ဗင်ရှိနေသဖြင့် မပြောဖြစ်ချေ။ ငါးနာရီခွဲတွင် မီးရထားဘူတာရုံသို့သွားရန် အိမ်ရှေ့သို့ မြင်းရထားကြီးတစ်စီးဆိုက်ရောက်လာရာ ကျွန်ုပ်တို့လည်း မြင်းရထားကြီးပေါ်သို့ ပစ္စည်းများကိုတင်ကြရ၏။

"ဟေ့ မင်းသားရေအိတ် ဘယ်မှာလဲ"

"ရှိပါတယ် ဦးလေး။ အဆင့်သင့်ပါပဲ"

"မြန်မြန်လုပ်လေကွာ။ ချခဲ့ပါတော့လား။ ဒီလိုနဲ့ မီးရ ထား မမီဘဲနေဦးမယ်"

ကျွန်ုပ်မှာ တစ်စုံတစ်ရာ ပြန်၍ မပြောနိုင်တော့ဘဲ အသင့်ထုပ်ပိုးထားသော အိတ်ကို လှေခါးမှချလာခဲ့ရတော့၏။

ဦးလေးသည် သွားခါနီးတွင် ဂရှိုင်ဗင်အား နှုတ်ဆက်လျက်ရှိရာ ဂရှိုင်ဗင်က ကျွန်ုပ်ဘက်သို့လှည့်၍

"သွားပေတော့ အိတ်ဇယ်၊ သွားပေတော့ အချစ်ရေ။ အခု ခွဲသွားရပေမယ့် မောင်ပြန်လာတဲ့အခါကျတော့ မောင့်မိန်းမကိုတွေ့ရမှာပဲ"

ကျွန်ုပ်က သူ့အား ကျွန်ုပ်ဆီသို့ ဆွဲယူလိုက်ကာ ပွေ့ဖက်ထားလိုက်မိ၏။ သို့သော် အောက်ပါစကားလုံးများထက်ပို၍ ပါးစပ်မှမထွက်လာ။

"သွားမယ် ဂရှိုင်ဗင်။ သွားမယ်အချစ်ရေ"

ထို့နောက် ကျွန်ုပ်သည် မြင်းရထားထဲတွင် နေရာယူလိုက်၏။ မာသာနှင့် ဂရှိုင်နင်တို့သည် အိမ်တံခါးဝမှရပ်ကာ နှုတ်ဆက်လျက်ရှိကြလေရာ၊ နောက်ခဏ၌ပင် ဦးလေးနှင့် ကျွန်ုပ်တို့သည် မီးရထားဘူတာသို့ ထွက်ခွာသွားကြလေတော့၏။

၆ နာရီခွဲအချိန်တွင် ဘူတာရုံသို့ရောက်ရှိ၍ ဦးလေး၏ ဝန်စည်စလယ်များကို သက်ဆိုင်ရာတို့က ချိန်တွယ်ခြင်း၊ နာမည်ရေးသားခြင်းများကို ပြုလုပ်ပြီးသော် မီးရထားတွဲပေါ်သို့ တင်ကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် မီးရထားတွဲထဲတွင် နေရာထိုင်ခင်းများရရှိပြီးနောက် ၇ နာရီတိတိတွင် မီးရထားထွက်လေသည်။

ထိုအချိန်ထိ ကျွန်ုပ်၏စိတ်မှာ ဝေခွဲမရနိုင်သေးဘဲ ပျော်ရွှင်မှုကင်းမဲ့သကဲ့သို့ ရှိနေ၏။ သို့သော် မီးရထားဖြင့် ခရီး

ထွက်ရခြင်းကြောင့်တစ်ကြောင်း၊ နံနက်ခင်း လတ်ဆတ်သော လေပြည်ကိုရှူရှိုက်ရခြင်းကြောင့်တစ်ကြောင်း၊ ကျွန်ုပ်တို့သွားရမည့်ခရီးကြမ်း၊ ခရီးရှည်ကြီးကိုပင် သတိမရနိုင်သကဲ့သို့ ရှိလေတော့၏။ မီးရားပြတင်းပေါက်မှ ကြည့်လိုက်သောအခါ ဒိန်းမတ်မြို့သို့ သွားရာမီးရထားလမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့နံဘေးမှ တရိပ်ရိပ်ပြေးလွှားလျက်ရှိသော စိမ်းလန်းစိုပြည်သည့်တောတောင်များကို မြင်ရ၏။

ဦးလေးမှာ မီးရထားခုတ်မောင်းနေသည်ကိုပင် သူ၏စိတ်၌ နှေးသည်ဟု ထင်နေသကဲ့သို့ရှိ၏။ တွဲထဲတွင် အခြားမည်သူမျှမရှိသော်လည်း ကျွန်ုပ်တို့မှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြချေ။ ဦးလေးသည် သူလိုအပ်သောပစ္စည်းများပါမပါကိုတစ်ခုမကျန် စစ်ဆေးကြည့်ရှုလျက်ရှိ၏။

နောက် ၃ နာရီမျှအကြာတွင် ပင်လယ်ကမ်းခြေရှိ "ကီး"မြို့သို့ မီးရထားဆိုက်ရောက်၍ ထိုနေရာမှတစ်ဖန်ကိုပင်ဟေဂင်မြို့သို့ သွားရမည်ဖြစ်လေသည်။ အခြားပစ္စည်းများအတွက်ကိုမူ မီးရထားမှတစ်ဆင့် သင်္ဘောပေါ်သို့ သက်ဆိုင်ရာတို့က တင်ပေးသဖြင့် ကျွန်ုပ်တို့မှာ ပူပန်ရန်မရှိတော့ချေ။ သို့နှင့်ပင် ဦးလေးမှာ အထုပ်များပျောက်ဆုံးလမည်ကိုလည်းကောင်း၊ မေ့လျော့ကျန်ရစ်ခဲ့မည်ကိုလည်းကောင်း စိုးရိမ်သဖြင့် မီးရထားမှတစ်ဆင့် သင်္ဘောပေါ်သို့ ပြောင်းရွှေ့ပြီးလျှင် နေသားတကျ ထားသိုသည်ကို သူကိုယ်တိုင် ကြပ်မတ်ကြည့်ရှုလျက်ရှိလေ၏။ သင်္ဘောမှာ ညနေမှထွက်မည်ဖြစ်သဖြင့်

ဦးလေးသည် သူ၏ ဝန်စည်စလယ် အထုပ်အပိုးများကို မပျောက်မပျက် နေသားတကျရှိစေရန် ၉ နာရီလုံးလုံး လုပ်ကိုင်လျက်ရှိလေသည်။ နောက်ဆုံး အပြီးသတ်၍ ညဉ့် ၁၀ နာရီတွင် ကျွန်ုပ်တို့သည် သင်္ဘောပေါ်၌ နေရာယူပြီးနောက်၊ နောက် ၁ မိနစ်ခန့်အကြာတွင် သင်္ဘောထွက်လေသည်။ ညဉ့်မှာ အတော်ပင်မှောင်လျက်ရှိ၏။ လေကလည်း အတော်ထန်သဖြင့် ပင်လယ်မှာ မငြိမ်မသက်ဘဲ လှိုင်းတံပိုးများ ထလျက်ရှိ၏။ ကမ်းရိုးတန်းတစ်လျှောက် ဤနေရာ ထိုနေရာတွင် အလင်းတောင်များ မကြာခဏ မြင်ရသည်ကိုသာ ကျွန်ုပ်မှတ်မိတော့၏။

နောက်တစ်နေ့နံနက် ၇ နာရီတွင် ကျွန်ုပ်တို့သည် "ဇီလန်"ကျွန်း အရှေ့ဘက်နံဘေးရှိ ကောဆော့မြို့ကလေးသို့ ဆိုက်ရောက်ခဲ့ကြ၏။ ထိုမှတစ်ဖန် မီးရထားဖြင့် ခရီးဆက်ကြပြန်ရာ၊ ညီညာပြန့်ပြူးသော ဒိန်းမတ်ပြည်သို့ ရောက်လာတော့၏။ ထိုမှတစ်ဖန် ကိုပင်ဟောဂင်မြို့သို့ရောက်ရန် ၃ နာရီခရီးမျှလိုသေး၏။ ထိုအချိန်ထိ ဦးလေးမှာ မအိပ်သေးချေ။ သူသည် စိတ်ထဲတွင် သည်းမခံနိုင်ဘဲ အမြန်သွားနေသော မီးရထားတွဲကိုပင် နောက်မှနေ၍ တွန်းပေးလိုဟန် လက္ခဏာရှိသည်ဟု ကျွန်ုပ်ထင်၏။ နောက်ဆုံး၌ သူသည် ခပ်လှမ်းလှမ်းတွင် ပင်လယ်ရေပြင်ကို မြင်လိုက်ရသဖြင့်

"ဟော ရေလက်ကြား ရောက်လာပြီဟေ့"

ဟု ဝမ်းမြောက်စွာအော်ဟစ်လိုက်၏။

လက်ဝဲဘက်၌ကား အတော်ပင် ကြီးမားသော အဆောက်အအုံကြီးတစ်ခုရှိရာ ကျွန်ုပ်တို့နှင့်အတူ ခရီးသွား အဖော်တစ်ယောက်က

"ဒါဟာ အရှုးတွေထားတဲ့အိမ်ကြီးဗျ"

ဟု ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်လည်း စိတ်ထဲတွင် "အင်း။ တို့ အခုသွားမယ့်ခရီးကို ဆက်မသွားဘဲ တူဝရီးနှစ်ယောက် အရူးတွေထားတဲ့ ဒီတိုက်ကြီးတဲနေရမှာက ကောင်းလိမ့်ဦးမယ်"ဟု ဝမ်းထဲက ကြိတ်၍ရေရွတ်မိ၏။

နံနက် ၁၀ နာရီ၌ ကျွန်ုပ်တို့သည် ကိုပင်ဟောဂင်မြို့သို့ ဆိုက်ရောက်ကြ၏။ သို့နှင့် အထုပ်အပိုးများကို မြင်းရထားတစ်စီးပေါ်၌တင်ပြီးလျှင် ဟိုတယ်သို့ သွားလေရာ၊ မီးရထားဘူတာမှာ အတန်ငယ်ဝေးသဖြင့် နာရီဝက်ခန့်ကြာမှ ဟိုတယ်သို့ ရောက်ရှိလေသည်။ နံနက်စာကို ကပျာကရာစားကြပြီးနောက် ဘူမိဗေဒပြတိုက်သို့ ဦးလေးက သွားလိုကြောင်း ပြောသဖြင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ လိုက်ပါသွားရလေ၏။

ဘူမိဗေဒပညာဘက်ဆိုင်ရာ ပြတိုက်သို့ရောက်သောအခါ ပြတိုက်မှူးဖြစ်သူမှာ ပါမောက္ခ 'သွန်မဆင်'ဆိုသူဖြစ်ကြောင်း တွေ့ရ၏။ ထိုသူမှာ ဦးလေး၏နာမည်ကိုကောင်းစွာကြားဖူးသဖြင့် ကျွန်ုပ်တို့အား ကောင်းစွာခရီးဦးကြိုပြုပြီးလျှင် ပြတိုက်ထဲမှ စိတ်ဝင်စားဖွယ်ရာဝတ္ထုမှန်သမျှကို စိတ်ရှည်လက်ရှည် လိုက်လံပြသပြီးလျှင် ဦးလေးမေးသမျှ မေးခွန်းများကိုလည်း ဖြေဆိုလျက်ရှိ၏။ ကျွန်ုပ်တို့ကမူ ယခု ကျွန်ုပ်တို့သွားရောက်ရမည့် ခရီးအကြောင်းကို အရိပ်အမြွက်မျှ မပြောချေ။

ကျွန်ုပ်တို့သည် ဟိုတယ်ပိုင်ရှင် မစ္စတာသွန်မဆင်ငှားပေးသဖြင့် ဇွန်လ ၂ ရက်နေ့တွင် ရေကီယာဗစ်မြို့သို့ထွက်မည်ဖြစ်သော ဒိန်းမတ်နိုင်ငံတော် သင်္ဘောကလေးတစ်စင်းကို ရရှိကြ၏။ သင်္ဘောကပ္ပတိန်မှာ မစ္စတာ 'ဗိုင်အန်'ဆိုသူဖြစ်၍ အိုက်စလန်နိုင်ငံသို့ ကျွန်ုပ်တို့သွားရောက်မည်ဆိုခြင်းကိုပင် အံ့အားသင့်လျက်ရှိ၏။ ကျွန်ုပ်တို့အတွက် ဈေးတည့်ကြပြီးနောက် ဦးလေးက ငွေကိုတစ်ပါးတည်းပေးခေယသောအခါ ကပ္ပတိန်က တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် သင်္ဘောပေါ်သို့ အရောက်လာရောက်ပါမည့်အကြောင်းနှင့် မှာကြားလိုက်၏။

သို့နှင့် ကျွန်ုပ်တို့သည် ဟိုတယ်သို့ ပြန်ခဲ့ကြရာ ဟိုတယ်ပိုင်ရှင် မစ္စတာသွန်မဆင်က

"ချက်ချင်းထွက်မယ့် သင်္ဘောကိုရတာ ခင်ဗျားတို့သိပ်ကံကောင်းတယ်ဗျာ။ ဒီတော့ သင်္ဘောမထွက်ခင် မြို့ကို ကျုပ်တို့လည်ပတ်ပြီးကြည့်ကြဦးစို့"

ဟုပြောသဖြင့် ကျွန်ုပ်တို့မှာ များစွာ ကျေးဇူးတင်ဝမ်း မြောက်ရတော့၏။ ကျွန်ုပ်လည်း မြင်မြင်မျှမျှအရာများကိုချီး ကျူးအံ့သြ၍ နေမိတော့၏။ ဦးလေးမှာမူ မည်သည့်အရာကိုမျှမကြည့်ဘဲ ကျွန်းပေါ်ရှိ မြင့်မားမတ်စောက်သော ဘုရားရှိခိုးကျောင်းမျှော်စင်ကြီးကို အာရုံစိုက်လျက်ရှိနေ၏။ ထိုကျွန်းမှာ ကိုပင်ဟေဂင်မြို့၏ အနောက်တောင်ပိုင်း ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ကျွန်းကိုဖြတ်ကာ ကျဉ်းမြောင်းသော လမ်းကြားကလေးပေါင်းများစွာကို ကျော်လွန်ခဲ့ပြီးနောက် ဘုရားရှိခိုး

ကျောင်းရှေ့သို့ ရောက်လာကြ၏။ ၎င်းမှာ ထူးထူးခြားခြား မရှိလှချေ။ မျှော်စင်ကြီးမှာ အခြားဆောက်ရိုး ဆောက်စဉ်ထက် မြင့်မားလျက် အပြင်ဘက်မှ လှေကားထစ်မယားသည် ၎င်းကို လှည့်ပတ်ကာ အပေါ်သို့တက်သွားလေသည်။

"တို့ အပေါ်တက်ကြည့်ရအောင်"

"နို့ပေမယ့် ကျွန်တော်က ခေါင်းမူးတတ်တယ်ဦးလေး။ မြင့်တဲ့နေရာကနေပြီး အောက်ကို ငုံ့မကြည့်နိုင်ဘူး"

"အဲဒါကြောင့်ပဲသွားကြည့်မှာ။ တို့များဟာ အင်မတန် မြင့်တဲ့နေရာကနေပြီး ကြည့်ဝံ့အောင် လေ့ကျင့်ထားရမယ်ကွဲ့"

"နို့ပေမယ့်"

"လာကွယ်။ စကားပြောမနေစမ်းနဲ့၊ အချိန်မရှိဘူး"

ကျွန်ုပ်မှာ ဦးလေးစကားကို မပယ်ရှားဝံ့ချေ။ သို့နှင့် ဘုရားရှိခိုးကျောင်းသော့ကို သွား၍တောင်းယူခဲ့ပြီးလျှင် ကျွန်ုပ်တို့လည်း မျှော်စင်ပေါ်သို့ တက်ကြလေ၏။ ဦးလေးက ရှေ့မှ တက်၍ ကျွန်ုပ်က ၎င်းနောက်မှ လိုက်ပါသွားရလေရာ ကျွန်ုပ်မှာ များစွာကြောက်ရွံ့လျက်ရှိတော့၏။ အကယ်၍ လှေခါးထစ်များသာ အတွင်းဘက်၌ရှိကဲ့ပါမူ ဤမျှလောက်ကြောက်ရွံ့လိမ့်မည်မဟုတ်ပေ။ ခြေလှမ်း ၁၅၀ ခန့်တက်ပြီးနောက် ကျွန်ုပ်တို့သည် အပြင်လေဟာပြင်ကို မျက်နှာမူ၍တက်ရသော နေရာသို့ ရောက်လာခဲ့၏။ လေသည် ကျွန်ုပ်မျက်နှာပေါ်သို့ တဂူးဂူး တိုက်ခတ်လျက်ရှိလေ၏။ လှေကားထစ်များသည်လည်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာရာ ကောင်းကင်သို့ တက်နေရဘိသကဲ့သို့ ထင်မိတော့၏။

"ကျွန်တော် နောက်ထပ် မတက်ဝံ့တော့ဘူး ဦးလေး"

"ဘာကွ။ မင်းကြောက်သလား။ လာလေကွယ်"

ကျွန်ုပ်မှာ ဦးလေး၏ စကားကိုနားထောင်ရပြန်၏။ မျှော်စင်ကြီးသည် လေပြင်း၏အရှိန်ဖြင့် ယိမ်းယိုင်လှုပ်ရှားနေသလို ထင်မိ၏။ ထိုအခါ ကျွန်ုပ်၏ဦးခေါင်းမှာ များစွာနောက်ကျမူးဝေ၍လာပြီးလျှင် ထိုနေရာမှ ရှေ့သို့မရောက်နိုင်တော့ချေ။ သို့နှင့် မျက်စေ့များကို ပိတ်ပြီးလျှင် ဒူးထောက်ကာ လေးဘက်သွား၍ တက်ရတော့ရာ နောက်ဆုံးတွင် အပေါ်သို့ရောက်လာခဲ့လေသည်။

"ကဲ အောက်ကို ငုံ့ကြည့်စမ်း။ စိတ်ကို တင်းထားပြီး ရွှင်ရွှင်လန်းလန်းနေစမ်းပါ။ အပေါ် အမြင့်ကနေပြီး အောက်ကို ကြည့်ဝံ့အောင် တို့ သခ်န်းစာယူရမယ်ကွဲ့"

ကျွန်ုပ်သည် မျက်လုံးများကို ဖွင့်လိုက်၏။ အိမ်များလည်း အောက်တွင် သေးယံပြားချပ်လျက်ရှိ၏။ ကျွန်ုပ်၏ဦးခေါင်းပေါ်၌ကား တိမ်များသည် တရွေ့ရွေ့သွားလျက်ရှိလေရာ စိတ်ထဲ၌မူ တိမ်များက တစ်နေရာတည်းတွင်ရပ်နေလျက် မျှော်စင်ကြီးနှင့်တကွ မြို့ကြီးပါ ရွှေ့လျားပျံသန်းနေသကဲ့သို့ ထင်မိ၏။ အဝေးသို့ကြည့်လိုက်သောအခါ တစ်ဘက်တွင် စိမ်းလန်းသော တာတောင်းများရှိ၍ အခြားတစ်ဘက်တွင် ပြာလဲ့သော ပင်လယ်ရေပြင်ကြီးရှိ၏။ အလွန်ဝေးသော နေရာ၌ကား ဆွီဒင်ပြည်၏ ပင်လယ်ကမ်းခြေကို ခပ်ရေးရေးမျှ မြင်ရလေသည်။

ဦးလေးသည် ကျွန်ုပ်အား မတ်တပ်ရပ်စေ၍ အောက်သို့ကြည့်ခိုင်း၏။ ပထမသခ်ာန်းစာမှာ ၁ နာရီခန့်ပင်ကြာ၍ နောက်ဆုံး၌ ကျွန်ုပ်အား အောက်သို့ဆင်းခွင့်ပြုတော့၏။ သို့နှင့် အောက်သို့ဆင်းရ၍ လမ်းပေါ်သို့ရောက်သောအခါ ကျွန်ုပ်၏ ခြေထောက်များမှာ သေ၍နေသကဲ့သို့ ရှိနေလေတော့၏။ ထိုသခ်ာန်းစာကို ဦးလေးက ၅ ရက်ဆက်၍ လေ့ကျင့်စေသဖြင့် ကျွန်ုပ်လည်း ကျင့်သားရ၍လာပြီးလျှင် ဦးခေါင်းမမူးတော့ဘဲ အမြင့်မှနေ၍ အောက်သို့ ကောင်းစွာငုံ့ကြည့်ဝံ့လာတော့၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ခရီးထွက်ရမည့်ရက်သို့ ရောက်လာတော့၏။ သဘောကောင်းလှသော မိတ်ဆွေ ပါမောက္ခသွန်မဆင်က အိုက်စလန်ကျွန်းအစိုးရသို့ စာတစ်စောင်နှင့် ရေကီအာဗစ်မြို့မှ မြို့တော်ဝန်ထံ မိတ်ဆက်စာတစ်စောင်ကို ရေးပေးလိုက်သဖြင့် ကျွန်ုပ်တို့မှာ အထူးသဖြင့် ကျေးဇူးတင်ဝမ်းမြောက်ရတော့၏။ သို့နှင့် ၂ ရက်နေ့နံနက် ၆ နာရီတွင် ကျွန်ုပ်တို့ဝန်စည်စလယ်အားလုံးကို 'ဗာလာကီရီ'' သင်္ဘောသို့ တင်ဆောင်ပြီးဖြစ်ရာ သင်္ဘောကပ္ပတိန်ကလည်း ကျွန်ုပ်တို့အားဝမ်းမြောက်ဝမ်းသာ ဆီးကြိုလေသည်။

"လေ ဘယ့်နှယ်လေသေးသလဲ ကပ္ပတိန်"

"ကောင်းပါတယ်ခင်ဗျာ။ အရှေ့တောင်က တိုက်နေပါတယ်"

မိနစ်အနည်းငယ်ခန့် ကြာသောအခါ ကျွန်ုပ်တို့သင်္ဘောလည်း ကျဉ်းမြောင်းသော ပင်လယ်ရေလက်ကြားများ

ကိုဖြတ်လျက် တစ်နာရီခန့်မျှရှိလေသော် 'ကိုပင်ဟောဂင်'မြို့ကြီး သည် လှိုင်းလုံးများအောက်၌ နစ်မြုပ်ပျောက်ကွယ်၍ ကျန်ရစ် ခဲ့တော့၏။ ထို့နောက် ကျွန်ုပ်တို့သည် 'အယ်လဆီနို'ရဲတိုက် ကြီးကို မြင်ရပြီဖြစ်၍ ဂဏှာမငြိမ်ဘဲ တုန်လှုပ်ချောက်ချားလျက် ရှိသော ကျွန်ုပ်၏စိတ်ထဲတွင် ပြဇာတ်ဆရာကြီးရှိတ်စပီးယား ရေးသော 'ဟဲမလက်'မင်းသား ဝတ္ထုကိုပင် ပြေး၍သတိရမိ တော့၏။ အမှန်အားဖြင့်သော် ဤရဲတိုက်ကြီးမှာ ဒိန်းမတ်ပြည် မင်းသားတစ်ပါးဖြစ်သော 'ဟဲမလက်' မင်းသားထက်ပင် အသက်ငယ်၏။ ယခုအခါ ၎င်းမှာ ပင်လယ်ရေလက်ကြားတွင် သင်္ဘောဆိပ်မြို့တစ်မြို့ဖြစ်နေ၍ နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ သင်္ဘောပေါင်း ၁၅၀၀၀ ခန့်ဖြတ်သန်းသွား လေသည်။ မကြာမီ အယ်လဇီနိုရဲတိုက်ကြီးကိုပင် မမြင်ရတော့ ဘဲ ဆွီဒင်နိုင်ငံကမ်းခြေရှိ 'ဟယ်လဆင်ဘို'မြို့သည်ပင် ကျွန်ုပ် တို့မျက်စေ့အောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး သင်္ဘောသည် ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံများကြားရှိ 'ကတိဂက်' ပင်လယ်ရေလက်ကြားသို့ ရောက်လာတော့၏။

ကျွန်ုပ်တို့ စီးနင်းလိုက်ပါလျက်ရှိသော 'ဗာလာကီရီ' မှာ သင်္ဘောကောင်းတစ်စင်းဖြစ်၏။ သို့သော် ရွက်သင်္ဘောတို့ မည်သည် လေကိုသာအမှီပြု၍ သွားကြလေသည်။ သို့နှင့် ကျွန်ုပ်၏ဦးလေးက သင်္ဘောကပ္ပတိန်အား

"ဒါနဲ့ ကျုပ်တို့ ရေကီယာဗစ်ကို ဘယ်တော့ရောက် မလဲ ကပ္ပတိန်"

"၁၀ ရက်လောက်တော့ ကြာပါဦးမယ်။ ဒါလည်းပဲ ဗာရိုကျွန်းတွေကို ဖြတ်သွားတဲ့အခါမှာ အနောက်မြောက်လေ မတိုက်မှ"

"နို့ပေမယ့် ဒီအချိန်မှန်တော့ ရောက်ကောင်းပါရဲ့နော်"

"ရောက်ပါတယ် ပရော်ဖက်ဆာ။ စိတ်အေးအေးထားပါခင်ဗျာ။ မြန်မြန်ရောက်ပါလိမ့်မယ်။ စိတ်ချပါ"

ညနေစောင်းတွင် ကျွန်ုပ်တို့သင်္ဘောသည် ဒိန်းမတ်ပြည်၏ မြောက်ဘက်အစွန်းဆုံးကျသော စကာဂျင်အငူကို လွန်လျက် ညဥ့်အချိန်တွင် 'စကက်ဂါရက်'ရေလက်ကြားကို ဖြတ်ခါ မြောက်ဘက်ပင်လယ်အတွင်းသို့ ချဥ်းနင်းဝင်ရောက်ခဲ့လေပြီ။

နောက် ၂ ရက်မျှကြာသောအခါ စကော့တလန်ကမ်းခြေကို မြင်ရပြီဖြစ်၍ ထိုအချိန်၌ ကျွန်ုပ်တို့သင်္ဘောမှာ 'အော်ကနေ'ကျွန်းနှင့် 'ရှတ်တလန်'ကျွန်းများကြားမှဖြတ်ကာ 'ဖာရိုကျွန်းများ'ဆီသို့ ဦးတည်မောင်းနှင်လျက်ရှိလေ၏။

ထိုအချိန်၌ အတ္တလန္တိတ်သမုဒ္ဒရာမှ လှိုင်းဒဏ်များကို အတော်အတန်ခံစားရပြီးလျှင် လေဆန်နှင့်လည်း ပက်ပင်းပါတွေ့ရတော့၏။ ၈ ရက်မြောက်သောနေ့၌ ကျွန်ုပ်တို့သည် 'ဟာရို'ကျွန်းစုကို မြင်ရပြီဖြစ်၍ ထိုအချိန်မှစ၍ သင်္ဘောသည် အိုက်စလန်ကျွန်းကြီး၏ တောင်ဘက်စွန်းဖြစ်သော 'ပေါ့တလန်'အငူစွန်းဆီသို့ တည့်တည့်ကြီးဦးတည်ကာ မောင်းနှင်လျက်ရှိတော့၏။ ထိုခရီးတစ်လျှောက်၌ ကျွန်ုပ်တို့မှာ ထူးထူး

ခြားခြားမရှိချေ။ ကျွန်ုပ်က ကောင်းစွာကျန်းမာသန်စွမ်းလျက် ရှိပြီးလျှင် ဦးလေးမှာမူ အတန်ငယ် နေထိုင်မကောင်းရှိသဖြင့် အိပ်ရာထဲတွင် လဲလျောင်းနေရသည့်အချိန်ကများ၏။ ဤသို့ ဖြစ်ရသည်ကိုပင် ဦးလေးမှာ စိတ်တို၍မဆုံးနိုင်အောင် ရှိတော့၏။

လဆန်း ၁၁ ရက်နေ့၌ကား ကျွန်ုပ်တို့သည် ပေါ့တလန်အငူကို ကောင်းစွာမြင်ရလေပြီ။ ၎င်းမှာ ထီးထီးကြီးတည်ရှိပြီးလျှင် နိမ့်သော တောင်ပူစာကလေး တစ်လုံးမျှသာဖြစ်၍ ပင်လယ်ဘက်၌ အလွန်မတ်စောက်သော တောင်ကမ်းပါးပြတ်တစ်ခုဖြစ်၍ နေလေသည်။

ကျွန်ုပ်တို့သင်္ဘောသည် ၎င်းကို ကွေ့ရှောင်ပြီးလျှင် အနောက်ဘက်သို့ မောင်းနှင်လာခဲ့၏။ မကြာမီ ကျွန်ုပ်တို့သည် အလွန်ကြီးမားသော ကျောက်တောင်ကြီးတစ်ခုကိုမြင်ရ၍ ပင်လယ်လှိုင်းလုံးများသည် ကျောက်ကမ်းပါးတွင်ရှိသော လိုဏ်ခေါင်းအပေါက်ကြီးများထဲသို့ တဝုန်းဝုန်းရိုက်ခတ်တိုးဝင်လျက် ရှိကြကုန်၏။ ထို့နောက်သင်္ဘောသည် အိုက်စလန်ကျွန်း၏ အနောက်ဘက်အစွန်းဆုံးဖြစ်သော 'ရေတယာနက်'အငူကို လှည့်ပတ်၍ သွားလေသည်။ ထိုအချိန်၌ လှိုင်းလုံးများမှာ အလွန်ပြင်းထန်နေသဖြင့် သင်္ဘောမှာ ကျောက်တောင်များထူထပ်သော ကမ်းခြေနှင့် နီးကပ်စွာ မသွားဝံ့ချေ။

နောက် ၄၈ နာရီမျှကြာသောအခါ ပြင်းထန်သော လေမုန်တိုင်းတစ်ခုကိုတွေ့ရပြီးနောက် ကျွန်ုပ်တို့သည် 'စကာ

ဂျင်’အငူမီးပြတိုက်မှ မီးရောင်များကို မြင်ရတော့၏။ ထိုနေရာရှိကျောက်ဆောင်များသည်ကား အချို့ရေပြင်နှင့် တစ်ညီတည်းရှိနေလျက် အချို့လည်း ရေပြင်အောက်၌ရှိနေရာ ယင်းနေရာသို့ ဖြတ်သန်းသွားလာသော သင်္ဘောများအတွက် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်ပင် ဖြစ်လေသည်။

* * *

နောက် ၃ နာရီခန့်ကြာသောအခါ ကျွန်ုပ်တို့သင်္ဘောသည် ရေကီယာဗစ်မြို့ ဆိပ်ကမ်းသို့ ချောမောစွာဆိုက်ရောက်လေရာ ဦးလေးမှာ ကောင်းစွာနေမကောင်းသေးသဖြင့် မျက်နှာဖြူဖတ်ဖြူရော်ပင် ရှိနေသေးသော်လည်း စိတ်အားထက်သန်မှုနှစ်သိမ့်ကျေနပ်မှုတို့ကြောင့် သူ၏မျက်လုံးများသည် တောက်ပလျက်ရှိလေသည်။

သင်္ဘောဆိုက်ကပ်မိသောအခါ မြို့ပေါ်မှလူများသည် သင်္ဘောပေါ်တွင် သူတို့လိုအပ်သော ပစ္စည်းများပါလာသဖြင့် အစုလိုက် အပြုံလိုက် လာရောက်ကြကုန်၏။ ဦးလေးမှာ သင်္ဘောပေါ်မှ အမြန်ဆင်းရန် များစွာအလျင်လိုလျက်ရှိ၏။ သို့နှင့် ကျွန်ုပ်အား သူ၏နံဘေးသို့ဆွဲခေါ်ကာ ပင်လယ်အော်၏ မြောက်ဘက်တွင်မြင်ရသော ဆီးနှင်းများဖုံးအုပ်နေသည့် တောင်ထိပ်နှစ်ခုကို လက်ညှိုးညွှန်လျက် ‘စနေးဖဲ’ဟု တီးတိုးပြောလေသည်။ ထို့နောက် ဤကျွန်းသို့ ကျွန်ုပ်တို့ရောက်လာသည့်ကိစ္စကို မည်သူ့အားမျှမပြောရန် ကျွန်ုပ်အား အထပ်ထပ်

နှုတ်ပိတ်သော်လည်း လေ့ပေါ်သို့တက်ကြရလေရာ၊ မိနစ်အနည်းငယ်မျှကြာသောအခါ ကျွန်ုပ်တို့သည် အိုက်စလန်ကျွန်းကြီး၏ မြေပေါ်သို့ ခြေချမိကြလေ၏။

နောက်တခဏ၌ ရုပ်ရည်ချောမော၍ သားနားသပ်ရပ်စွာဝတ်ဆင်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးရောက်ရှိလာရာ ၎င်းမှာ အိုက်စလန်ကျွန်း၏ ဘုရင်ခံဖြစ်သော အမတ်ကြီး 'ထရင်ပီ' ပင်ဖြစ်လေသည်။ ဦးလေးက ထိုပုဂ္ဂိုလ်ကြီးအား ကိုပင်ဟောင်မှ စာကိုပေးအပ်ပြီးနောက် ဒိန်းဘာသာဖြင့် အချိန်အနည်းငယ်မျှ စကားပြောဆိုလျက်ရှိရာ ကျွန်ုပ်မှာ ယင်းဘာသာစကားကို မတတ်သဖြင့် တစ်ခွန်းတစ်ပါဒမျှ နားမလည်ချေ။ သို့သော် ကျွန်ုပ်တို့လာရောက်သည့်ကိစ္စတွင် တတ်နိုင်သမျှ အကူအညီပေးပါမည်ဟု ဘုရင်ခံက ဝန်ခံကတိပေးကြောင်း ဦးလေးက ပြောပြသဖြင့် သိရ၏။ မြို့တော်ဝန်ဖြစ်သော မစ္စတာဖွင်ဆင်ကလည်း ကျွန်ုပ်တို့အား ဝမ်းပမ်းတသာ လှိုက်လှဲစွာကြိုဆိုလေသည်။

ထို့ပြင် ကျွန်ုပ်တို့သည် အခြားပုဂ္ဂိုလ်ကြီးတစ်ဦးကိုလည်း တွေ့ရသေး၏။ ၎င်းမှာ မစ္စတာဖရစ်ဒရစ်ဆန် ဆိုသူဖြစ်၍ ရေကီအာဗစ်မြို့ရှိ ကျောင်းမှ လောကဓာတ်ဆရာ ဖြစ်လေသည်။ သူသည် အိုက်စလန်ဒစ်ဘာသာနှင့် လက်တင်ဘာသာနှစ်မျိုးစလုံးတတ်မြောက်၍ ကျွန်ုပ်တို့အား စကားပြောသောအခါ လက်တင်ဘာသာဖြင့် ပြောဆို၏။ သူကလည်း ကျွန်ုပ်တို့အား တတ်အားသမျှ အကူအညီပေးရန် ကတိပြုရှာ

၏။ သူနှင့်တွေ့ရသောအခါ ကျွန်ုပ်မှာ မိမိအိမ်တွင် မိမိနေရသကဲ့သို့ သက်တောင့်သက်သာရှိလှ၍ အိုက်စလန်ကျွန်းတွင် ကျွန်ုပ်နေခဲ့သမျှ အချိန်ကာလပတ်လုံး သူတစ်ယောက်တည်းနှင့်သာ စကားကိုရေရေလည်လည် ပြောနိုင်ခဲ့လေသည်။ သူ၏အိမ်တွင် အခန်းသုံးခန်းရှိသည့်အနက် ကျွန်ုပ်တို့အား နှစ်ခန်းပေးထား၏။ သို့နှင့် ကျွန်ုပ်တို့မှာ မိမိ၏ အိုးအိမ်ပမာ ချမ်းသာစွာနေထိုင်နိုင်ခဲ့လေသည်။ ကျွန်ုပ်တို့၏ ဝန်စည်စလယ်ပစ္စည်းများကို မြင်ကြရသောအခါ ရေကီအာဗစ်မြို့မှလူများမှာ အံ့သြ၍ မဆုံးနိုင်အောင်ဖြစ်ကြကုန်၏။

"ဒီမယ် လာစမ်းဟေ့ အိပ်ဇယ်။ တို့အခု အတော်နေရာကျတယ်ကွဲ့။ အားလုံးချောချောမောမောပဲ။ အင်း ခဲယဉ်းတဲ့အစိတ်အပိုင်းတော့ပြီးသွားပြီလေ"

"ဘာကိုဆိုလိုတာလဲ ဦးလေး"

"ဘာကို ဆိုလိုရမလဲကွဲ့။ တို့ အခု အောက်ဆင်းဖို့ပဲရှိတော့တယ် မဟုတ်လား"

"ဟုတ်တယ်ဆိုရင်လည်း ဟုတ်တာပေါ့ ဦးလေးရဲ့။ ဦးလေးပြောတာမှန်ပါတယ်။ နို့ပေမယ့် အောက်ကိုဆင်းသလိုအပေါ်ကိုလင်း ကျွန်တော်တို့တက်ရဦးမယ်"

"ဒါက အရေးမကြီးပါဘူးကွယ်။ ကဲ လာ၊ အချိန်ကုန်တယ်။ ပိဋကတ်တိုက်ကို ငါသွားမလို့။ ဟိုမှာ ဆက္ကနူဆမ်ရဲ့လက်ရေးမူတွေ ရှိချင်ရှိမယ်။ အဲဒါတွေ ငါကြည့်ချင်လှပြီ"

"ဦးလေးက အဲဟိုသွားကြည့်နေတဲ့အခါ ကျွန်တော်က မြို့ထဲလည်ကြည့်ဦးမယ်။ ဦးလေးကော မကြည့်တော့ဘူးလား"

"မကြည့်ဘူး မကြည့်ဘူး။ ဒီဟာတွေ ငါ ဘာမှ ဂရု မစိုက်ဘူး၊ အိုက်စလန်ကျွန်းက စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေဟာ မြေကြီးအပေါ်မှာမရှိဘူးဟေ့။ အောက်မှာပဲရှိ တယ်ကွဲ့။ နားလည်လား"

သို့နှင့် ကျွန်ုပ်သည် အိမ်မှထွက်ခဲ့ပြီးလျှင် လျှောက်၍ ကြည့်လေသည်။ လမ်းနှစ်လမ်းသာရှိသဖြင့် ရေကီအာဗစ်မြို့ တွင် လမ်းမှားရန် အကြောင်းမရှိချေ။

မြို့မှာ တောင်ပူစာနှစ်ခုကြားတွင် တည်ရှိနေ၍ မြေ ပြန့်ပြီးလျှင် စိုစွတ်ထိုင်းမှိုင်း၏။ တစ်ဘက်တွင် ချော်မြုပ်များ ပင်လယ်သို့ စီးဆင်းလျက်၊ အခြားတစ်ဘက်တွင် 'ဖာဆာ' ပင်လယ်အော်ရှိပြီးလျှင် ဗာလာကီရီသင်္ဘောကိုပင် လှမ်း၍မြင် နိုင်၏။ လမ်းနှစ်လမ်းအနက် ရှည်သောလမ်းမှာ ပင်လယ်ကမ်း ခြေနှင့် ယှဉ်လျက်ရှိ၏။ ထိုလမ်းပေါ်၌ သစ်သားအိမ်များရှိရာ ၎င်းတို့တွင် အရောင်းအဝယ်သမားများ နေထိုင်ကြ၏။ အခြား လမ်းတို့မှာ အနောက်ဘက်ကျ၍ ရေအိုင်တစ်ခုရှိသောနေရာ တွင် ဆုံးလေသည်။ လမ်းများမှာ မွဲခြောက် ညှိုးမှိုင်းသော အရောင်ရှိနေပြီးလျှင် စိတ်ပျော်ရွှင်ဖွယ်မရှိပေ။ မနီးမဝေးရှိ ကျောက်ကုန်းပေါ်တွင် စာသင်ကျောင်းတစ်ကျောင်းကို တွေ့ မြင်ရလေရာ ကျောင်းတွင် ဒိန်းဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာတို့ကို သင်ကြားကြောင်း နောင်အခါသိရှိရ၏။ ကျွန်ုပ်မှာ မည်သည့်ဘာသာကိုမျှ မတတ်ပေ။

၃ နာရီအတွင်း၌ ကျွန်ုပ်သည် မြို့နှင့်တကွတောဘက်ကိုပင် အတော်နံ့စပ်ခဲ့ပြီဖြစ်၍ စိတ်ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော နေရာတစ်ခုမဟုတ်ကြောင်း သိရ၏။ သစ်ပင်ကြီးများမရှိသည့်အပြင် မြက်ပင်များပင် အနိုင်နိုင်ပေါက်ရောက်လျက်နေရာအနှံ့အပြား၌ ချော်မြုပ်ခဲများ၊ ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်၍နေလေသည်။

ကျွန်ုပ်လမ်းလျှောက်ရာတွင် လူအနည်းငယ်သာတွေ့မြင်ရ၍ အပြန်တွင် အရောင်းအဝယ်လုပ်ကိုင်သူများသည် အချို့က ငါးများကိုနေလှမ်းရင်းလျက်လည်းကောင်း၊ အချို့က ထုပ်ပိုးပြင်ဆင်လျက်လည်းကောင်း ရှိနေသည်ကိုတွေ့ရ၏။ ၎င်းတို့မှာထူထဲသော ကိုယ်ကာယရှိလျက် ဂျာမန်လူမျိုးများနှင့် အနည်းငယ်တူပြီးလျှင် ဆံပင်မှာ များစွာမနက်ဘဲ ဖျော့တော့သောအရောင်ရှိ၏။

သူတို့သည် တစ်ခါတရံ ရုတ်တရက် ရယ်လိုက်တတ်ကြသော်လည်း မပြုံးကြချေ။ မိန်းမများမှာမူ အတော်အတန်နှစ်လိုဖွယ်မျက်နှာများ ရှိသော်လည်း စိတ်လက်ပျော်ရွှင်ကြဟန်မတူချေ။ ကျွန်ုပ်အိမ်ပြန်ရောက်သောအခါ ဦးလေးသည် မစ္စတာ ဖရစ်ဒရစ်ဆန်နှင့် စကားပြောနေသည်ကို တွေ့ရလေသည်။

* * *

ညစာမှာ အသင့်ဖြစ်နေပြီဖြစ်၍ ဦးလေးသည် ယခင်ရက်အနည်းငယ်က အစားအသောက်ပျက်ခဲ့သော်လည်း နာလန်

ထလာပြီဖြစ်သဖြင့် မြိန်ရေရှက်ရေ စားလေသည်။ ညစာသည် ခင်းပုံမှာ အိုက်စလန်ဒစ်ကျွန်းအသွင်အပြင်ထက် ဒိန်းလူမျိုးတို့ အသွင်အပြင်က ပို၍နေ၏။ သို့သော် မစ္စတာ ဖရစ်ဒရစ်ဆန် မှာမူ အိုက်စလန်ကျွန်းသားပို၍ ဆန်လေသည်။ အိမ်ကြီးတစ်ခု လုံးကိုလည်း ကျွန်ုပ်တို့ပိုင်ကဲ့သို့ သဘောရှိနေထိုင်ရန် ပေးထား ၏။

ဦးလေးနှင့် သူတို့ပြောနေကြသော စကားများမှာ ထို အရပ်ဒေသစကားဖြစ်၍ တစ်ခါတစ်ရံ ဦးလေးက ဂျာမန်ဘာ သာ တစ်လုံးနှစ်လုံးညှပ်၍လည်းကောင်း၊ မစ္စတာဖရစ်ဒရစ် ဆန်က လက်တင်ဘာသာ တစ်လုံးနှစ်လုံးညှပ်၍လည်းကောင်း ပြောကြသဖြင့် ကျွန်ုပ်မှာ အတော်အတန်နားလည်မိ၏။ ပြော ဆိုသော ဘာသာရပ်မှာ လောကဓာတ်ပညာနှင့်ပတ်သက်သော ဘာသာရပ်ဖြစ်၍ အထူးသဖြင့် ဘူမိဗေဒအကြောင်းအရာများ ဖြစ်လေသည်။ ဦးလေးသည် စကားပြောရာတွင် အလွန်သတိ ထားလျက် ကျွန်ုပ်ကိုလည်း ကျွန်ုပ်တို့သွားမည့်ခရီးအကြောင်း တစွန်းတစ်စ မပြောမိစေရန် မျက်နှာရိပ်မျက်နှာကဲဖြင့် သတိ ပေးလျက်ရှိလေသည်။

မစ္စတာ ဖရစ်ဒရစ်က ပိဋကတ်တိုက်သို့ ဦးလေးမည် ကဲ့သို့ ရောက်သွားကြောင်း မေးမြန်း၏။

"ပိဋကတ်တိုက် ဟုတ်စ။ ဘာမှ စိတ်ဝင်စားစရာ ကောင်းတဲ့ စာအုပ်တွေ မတွေ့ရပါဘူးခင်ဗျာ။ ခင်ဗျားတို့မြို့ ပိဋကတ်တိုက်က သိပ်မဟန်သေးပါဘူး"

"နို့ပေမယ့် စာအုပ် ၈၀၀၀ ရှိတယ်ခင်ဗျ။ အများအားဖြင့် အင်မတန်အဖိုးတန်တဲ့ စာအုပ်တွေ အင်မတန် ရှားပါးတဲ့ စာအုပ်တွေချည်းပဲ။ ပြီးတော့ အိုက်စလန်ဒစ်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်တွေအပြင် ကိုပင်ဟောဂင်မြို့ကပို့တဲ့ စာအုပ်အသစ်တွေလည်း အများကြီးရှိပါတယ်"

"စာအုပ် ရှစ်ထောင်ဆိုတာက ဘယ်မှာလဲဗျ"

"ဒါတွေက နိုင်ငံထဲ ပျံ့နှံ့နေတာပေါ့ဗျာ။ ကျုပ်တို့ကျွန်းက အင်မတန်စာပေကို လေ့လာလိုက်စားကြတယ်ဗျ။ တစ်ယောက်မှ စာမဖတ်နိုင်တဲ့လူ၊ စာမဖတ်တတ်တဲ့လူမရှိဘူး။ စာအုပ်တွေကို လူတွေမတွေ့နိုင် မမြင်နိုင်တဲ့ ချောင်ထဲထိုးထားမယ့်အစား တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီးတော့ လှည့်ဖတ်နေကြတာ တစ်ခါတလေ စာတစ်အုပ်ဟာ ၁ နှစ်ကျော်၊ ၂ နှစ်ကြာမှ ပြန်ရောက်လာတယ်။

"သြော် ဟုတ်လား။ မြို့သားမဟုတ်တဲ့ သူစိမ်းတွေကကော"

"သူစိမ်းတွေကတော့ အိမ်မှာ သူတို့ပိုင်ရှကတ်တိုက်နဲ့ သူတို့ပေါ့။ အိုက်စလန်ဒစ်လူမျိုးတွေဟာ မျိုးနဲ့ရိုးနဲ့ ပညာကို လေ့လာလိုက်စားချင်တဲ့ ဝါသနာပါတယ်ခင်ဗျ။ ဆရာကြီးလိုချင်တဲ့ စာအုပ်နာမည်ကိုပြောရင် ကျွန်တော်ရှာပေးကောင်းပေးနိုင်ပါလိမ့်မယ်"

ကျွန်ုပ်က ဦးလေးမျက်နှာကို ကြည့်လိုက်၏။ သူ၏အကြံအစည်အတွက် ထိုစကားမှာ အရေးကြီးသဖြင့် သူသည်

ပြန်၍ အဖြေပေးရပေမည်။ သို့နှင့် ဦးလေးက တစ်ခဏမျှ စဉ်းစားပြီးနောက်

"ဒီမယ် မစ္စတာဖရစ်ဒရစ်ဆန်။ ခင်ဗျားပြောတဲ့ စာဟောင်းပေဟောင်းတွေထဲမှာ အာနီဆက္ကနူဆမ်ရေးတဲ့ စာများ ကောပါသလားဆိုတာ ကျုပ်သိချင်တယ်ဗျာ"

"အာနီဆက္ကနူဆမ် ဟုတ်စ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ လောက်ကရှိခဲ့တဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား။ လောကဓာတ်ပညာဘက်မှာ ပါရဂူတစ်ယောက်ဖြစ်ပြီး ကမ္ဘာကို အနှံ့အပြားသွားဖူးတဲ့ ခရီးသည်ကြီးပဲ"

"ဟုတ်ပါတယ်။ အခုပြောတဲ့ အတိုင်းပါပဲ"

"ဒီကျွန်းမှာတော့ တကယ့်အဓိပတိပုဂ္ဂိုလ်ကြီးတစ်ဦးပါပဲ"

"မှန်ပါတယ်"

"အားလုံး နိုင်ငံတွေမှာလဲ ကျော်ကြားတယ်ခင်ဗျ"

"ဟုတ်ကဲ့"

"ပညာတတ်သလောက်လည်း ရဲရင့်တဲ့ပုဂ္ဂိုလ်ကြီးပါပဲ ခင်ဗျ"

"ဟာ၊ ခင်ဗျားက ဒီပုဂ္ဂိုလ်ကြီးအကြောင်း အကုန်သိနေတာပဲ"

မစ္စတာ ဖရစ်ဒရစ်ဆန်သည် ထိုပုဂ္ဂိုလ်ကြီးအား ဤမျှလောက် ချီးကျူးနေပုံကိုသိရသောအခါ ဦးလေးသည် သူပြောသောစကားလုံးများကို တစ်လုံးမကျန် နားစွင့်လျက်ရှိလေသည်။ သို့နှင့် နောက်ဆုံး၌

"ကောင်းပါပြီဗျာ။ သူ့အကြောင်းတော့ သိရပါပြီ။ ဒါထက် သူ့စာအုပ်တွေကကော"

"သြော်။ သူ့စာအုပ်တွေလား။ သူ့စာအုပ်တွေတော့ တစ်အုပ်မှ မရှိတော့ဘူး"

"ဘာဗျ။ အိုက်စလန်မှာ မရှိတာလား"

"အိုက်စလန်မှာရော၊ ဒီပြင်နေရာမှာရော ဘယ်မှာမှ မရှိတော့ဘူးခင်ဗျ"

"ဘာဖြစ်လို့လဲဗျာ"

"ဘာဖြစ်လို့လည်းဆိုတော့ အာနီဆက္ကနူစမ်ဟာ သာသနာရေးကို ဆန့်ကျင်ဘက်လုပ်တဲ့လူခင်ဗျ။ ဒါကြောင့် သူ့စာအုပ်တွေကို ကိုပင်ဟေဂင်မြို့မှာ တစ်ခါတည်း မီးရှို့ပစ်လိုက်ကြတယ် ခင်ဗျ"

"တယ် စိတ်ဝင်စားစရာကောင်းဗျာ။ တကယ့် အံ့ဖွယ်သရဲပါပဲ"

"ဘာပြောတယ် ဆရာကြီး။ ဘာပြောတယ်ခင်ဗျ"

"ဟုတ်ပါတယ်။ ကျုပ်သိပြီ။ ကျုပ်ရှင်းပြီ။ ကျုပ်အားလုံး နားလည်ပြီ။ ဒါကြောင့် ဆက္ကနူဆမ်ဟာ သူ့ရဲ့လျှို့ဝှက်ချက်ကို စကားထာတစ်ခုလို ရေးပြီး ဝှက်ထားခဲ့တာကိုး"

ဖရစ်ဒရစ်ဆန်က ဖျတ်လက်သွက်လက်စွာဖြင့် "ဘာ၊ လျှို့ဝှက်ချက်"

"လျှို့ဝှက်ချက်တစ်ခုဗျာ။ ဟိုဒင်း၊ ဟိုဒင်း။ ဟိုဟို"

"ဆရာကြီးတွေ့တယ်ဆိုတာ လျှို့ဝှက်သိုမှီထားတဲ့ စက္ကူချပ်ကလေးလား ဆရာကြီး"

"မဟုတ်ဘူး မဟုတ်ဘူး။ ကျုပ်က မှန်းဆပြောနေတာ ဗျို့"

"ဩော်၊ ဟုတ်လား"

ဦးလေးမှာ အတော်အတန် မျက်နှာပျက်သွားသည်ကို မြင်သဖြင့် မစ္စတာ ဖရစ်ဒရစ်ဆန်က အားနာသည့်ဟန်ဖြင့် စကားကိုလှီးလွှဲကာ

"ဒါထက် ကျွန်တော်တို့ကျွန်းရဲ့ ဘူမိဗေဒနဲ့ပတ်သက်တဲ့ အချင်းအရာတွေကိုကြည့်ရှုပြီးမှ အေးအေးဆေးဆေးပြန်တာပေါ့ ဆရာကြီး"

"ကောင်းပြီလေ။ ဒါပေမယ့် အသစ်အဆန်းတွေမို့တော့ နောက်ကျနေပြီထင်တယ်။ လောကဓာတ်ပညာရှင်တွေ ဒီကျွန်းကို မကြာမကြာလာကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ဆရာကြီး၊ လာကြပါတယ်။ ဒါပေမယ့် အသစ်အဆန်းဆိုတာ မကုန်နိုင်ပါဘူး။ အများကြီးရှိဦးမှာပေါ့ ခင်ဗျာ"

ဦးလေးက စိတ်မဝင်စားတော့ဘိသကဲ့သို့ "ခင်ဗျား ဒီလိုပဲ ထင်သလား"

"ထင်တယ်ခင်ဗျ။ ဘယ်သူမှ ဘာမှမသိရသေးတဲ့ ကျောက်တောင်တွေ၊ မီးတောင်တွေ ဘယ်လောက်များသလဲ ခင်ဗျ။ ဥပမာဆိုပါတော့ ခင်ဗျာ။ ကျွန်တော်တို့ ဟောဒီကနေပြီး မြင်ရတဲ့တောင်ကြီး၊ အဲဒါ စနေးဖဲပေါ့"

"ဟာ ဟုတ်လား။ ဒါဟာ စနေးဖဲလား"

"ဟုတ်တာပေါ့ ခင်ဗျာ။ မီးတောင်တွေထဲမှာတော့ အတော် စိတ်ဝင်စားစရာကောင်းတဲ့ တောင်တစ်တောင်ပေါ့ ဆရာကြီး။ မီးတောင်ထိပ်ဝထဲကိုတော့ ရောက်ဖူးတဲ့လူ ခပ်ရှားရှားပဲ"

"ဒီမီးတောင်က မီးသေတောင်ပဲလား"

"ဟုတ်ပါတယ် ဆရာကြီး။ မီးမထွက်တာ နှစ်ပေါင်း ၅၀၀ လောက်ရှိပါပြီ ဆရာကြီး"

ကျွန်ုပ်၏ဦးလေးမှာ နေရာမှ ခုန်၍ထလိုက်လိုသည့် လက္ခဏာရှိ၏။ သို့သော် သူ၏စိတ်ကို ချုပ်တည်းထားလိုက်ဟန် တူလေသည်။

ဦးလေးက ဆက်လက်၍ "ဒါဖြင့် ကောင်းပါပြီဗျာ။ အဲဒီ မီးတောင်ဝကို ကျုပ်သွားပြီး လေ့လာချင်ပါတယ်။ ခင်ဗျား ပြောတဲ့ တောင်နာမည်က ဘာဗျ"

"စနေးဖဲတဲ့ ဆရာကြီးရဲ့"

ဤနေရာတွင် သူတို့ပြောဆိုလျက်ရှိသော စကား အစိတ်အပိုင်းမှာ လက်တင်ဘာသာဖြစ်၍ ကျွန်ုပ်သည် တစ်လုံးမကျန်နားလည်၏။ ဦးလေးမှာ အလွန်ကျေနပ်နှစ်သိမ့်လျက် ရှိသော်လည်း သူ၏နှစ်သိမ့်ကျေနပ်မှုကို မစ္စတာ ဖရစ်ဒရစ်ဆန် မရိပ်မိစေရန် မည်ကဲ့သို့ပြုလုပ်ရမည်ကိုပင် မသိသကဲ့သို့ရှိနေတော့၏။ သို့နှင့်ဆက်လက်၍

"ကဲ ဒီတော့ ခင်ဗျားပြောတာနဲ့ပဲ စနေးဖဲတောင်ကြီးကို ကျုပ်တက်ကြည့်ပြီး မီးတောင်ဝကို လေ့လာကောင်း လေ့လာရဦးမှာပဲဗျာ"

"နို့ပေမယ့် ကျွန်တော်ဝမ်းနည်းပါတယ် ဆရာကြီး။ ကျွန်တော်က အလုပ်တစ်ဘက်နဲ့မို့ ဆရာကြီးနဲ့အတူ မလိုက်နိုင်ပါဘူးခင်ဗျာ။ ကျွန်တော့်အလုပ်တွေက ထားခဲ့လို့ မဖြစ်ဘူးခင်ဗျ"

မစ္စတာ ဖရစ်ဒရစ်ဆန်မှာ အလွန်ရိုးသားသူ တစ်ယောက်ဖြစ်သဖြင့် ဦးလေး၏ မျက်နှာအမူအရာများကို သိရှိရိပ်မိဟန်မတူချေ။

"ခင်ဗျာ့အကြံအတိုင်း စနေးဖဲကစပြီး လေ့လာမယ်ဆိုတာ ဟုတ်ပါတယ်ခင်ဗျာ။ ဟိုမှာ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းခြင်းရာတွေ တွေ့ရပါလိမ့်မယ်။ နို့ပေမယ့် အဲဒီရောက်အောင် ဘယ်လိုသွားမယ်ကြံပါသလဲ"

"ပင်လယ်ဘက်က သွားရုံပေါ့။ ပင်လယ်အောက်ကို ဖြတ်သွားတာ အမြန်ဆုံးဖြစ်မှာပဲပေါ့"

"အမြန်ဆုံးတော့ ဟုတ်ပါရဲ့ခင်ဗျာ။ နို့ပေမယ့် မသွားနိုင်တာက ခက်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မယ် ရေကြီအာဇစ်မှာ သင်္ဘောမရှိဘူးခင်ဗျ။ ကျွန်တော်တို့ သင်္ဘောတွေဟာ ကျွန်းရဲ့ဟိုဘက်မှာသွားပြီး ငါးမျှားတဲ့အလုပ်ကို လုပ်နေကြတယ်ဗျ"

"ဖြစ်ရလေဗျာ"

"သွားချင်ရင် ကုန်းလမ်းက သွားရလိမ့်မယ်ဗျ။ ပင်လယ်ကမ်းခြေတစ်လျှောက် လိုက်သွားရုံပါပဲ။ လမ်းကတော့ ရှည်ပေမပေါ့ခင်ဗျာ။ နို့ပေမယ့် ပိုပြီးစိတ်ဝင်စားစရာကောင်းပါတယ်"

"ကောင်းပြီ။ ကုန်းလမ်းကပဲ ကျုပ်သွားမယ်။ လမ်းပြတစ်ယောက်တော့ ရှာရလိမ့်မယ်ဗျို့"

"ဟုတ်ကဲ့။ ဆရာကြီးနဲ့ သင့်လျော်မယ့် လူတစ်ယောက်တော့ ရှိမယ်ထင်ပါတယ်"

"လူကောင်းတစ်ယောက် ဖြစ်ရမယ်။ ပြီးတော့ ယုံကြည်အားထားရမယ့် လူတစ်ယောက်လည်း ဖြစ်ရမယ်။ ဒါပါပဲ"

"ဟုတ်တာပေါ့ ခင်ဗျာ။ သူနေတာ တယ်ပြီးမဝေးလှပါဘူး။ ဒီလူက အလွန်တော်တဲ့လူခင်ဗျ။ ဆရာကြီးနဲ့တော့ အံကိုက်ပဲ။ ပြီးတော့ သူက ဒိန်းဘာသာစကားလည်း ကောင်းကောင်းပြောနိုင်တယ်"

"ဒီလူက ကျုပ်ဘယ်တော့တွေ့နိုင်မလဲ"

"ဆရာကြီးတွေ့ချင်ရင် နက်ဖြန်တွေ့နိုင်ပါတယ်"

"ဘာဖြစ်လို့ ဒီကနေ့ မတွေ့နိုင်ရမှာလဲဗျာ"

"ဒီကနေ့ သူမရှိဘူးခင်ဗျ။ နက်ဖြန်မှ ရောက်မယ်"

"ဒါဖြင့်လည်း နက်ဖြန်ပေါ့လေ"

ထိုနေရာ၌ စကားစသတ်ကြပြီးလျှင် ဦးလေးသည် ကျောင်းဆရာကြီးအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်

စကားပြောကြားလျက်ရှိနေ၏။ ထိုည၌ ညစာ စားသောက်နေသည့်အချိန်အတွင်း ဦးလေးသည် ဖရစ်ဒရစ်ဆန်ထံမှ ဆက္ကနူဆမ်၏ ရာဇဝင်ကိုလည်းကောင်း၊ စကားဝှက်များကို ထားခဲ့သည့်ကျိုးကြောင်းခြင်းရာတို့လည်းကောင်း၊ အတော်ပင်တီးခေါက်လေ့လာမိခဲ့လေပြီ။ နောက်တစ်နေ့၌ကား ကျွန်ုပ်တို့လိုအပ်သည်ကို ဆောင်ရွက်ပေမည့် လမ်းပြတစ်ယောက် ရရှိပေတော့မည်။

ညနေခင်း၌ ကျွန်ုပ်သည် ပင်လယ်ကမ်းခြေတစ်လျှောက်သို့ အတော်အတန်လျှောက်၍ကြည့်မိ၏။ ထို့နောက် အိမ်သို့ပြန်လာခဲ့ပြီးလျှင် ထိုည ကောင်းမွန်စွာ အိပ်စက်လေသည်။ နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ အခြားတစ်ဘက်ခန်းတွင် ဦးလေးစကားပြောနေသံကို ကြားရသဖြင့် ကျွန်ုပ်တို့လည်း အိပ်ရာမှ ကပျာကရာထပြီးလျှင် ဦးလေးရှိရာသို့ သွားလေ၏။

ဦးလေးသည် အလွန်အရပ်မြင့်၍ သန်မာတောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိသည့် သူတစ်ယောက်အား 'ဒိန်း' ဘာသာဖြင့် ပြောလျက်ရှိလေသည်။ ထိုသူမှာ ကြီးသော ဦးခေါင်းရှိ၍ ရိုးသားပုံရသော မျက်နှာရှိ၏။ ရွှင်ပျသော မျက်နှာထားနှင့် ဖြောင့်စင်းသော ခြေတန်လက်တန်များရှိ၏။ မျက်လုံးများမှာ အပြာနုရောင်ဖြစ်ပြီးလျှင် သူ၏ရှည်လျားသော ဆံပင်မှာ ပခုံးထက်သို့ဝဲကျကာ နီကျင့်ကျင့်အရောင်ရှိ၏။ သူ၏သွားလာပုံ လှုပ်ရှားပုံတို့မှာ တည်ကြည်ငြိမ်သက်လှ၏။ မည်သည့်

အတွက်ကြောင့်မျှ ပူပင်ကြောင့်ကြမည်မဟုတ်၊ မည်သည့်အရာကိုမျှလည်း ကြောက်မည်မဟုတ်သော ရုပ်လက္ခဏာမျိုးဖြစ်လေသည်။

ထို အိုက်စလန်ကျွန်းသားသည် ဦးလေးနှုတ်မှ တတွတ်တွတ် ပြောဆိုနေသည်ကို နားထောင်လျက်ရှိရာ၊ အထက်ပါ အခြင်းအရာများကို ကျွန်ုပ်အကဲခတ်မိ၏။ ထိုသူသည် "ဟုတ်ကဲ့"ဟု ပြောမည်ဆိုက သူ၏ဦးခေါင်းကိုအထက်နှင့်အောက် ၂ ကြိမ် ၃ ကြိမ် ငြိမ့်ပြီးနောက်မှ ပြော၏။ "မဟုတ်ဘူး"ဟု ပြောပြန်လျှင်လည်း ဦးခေါင်းကို လက်ဝဲမှလက်ျာသို့ ၁ ကြိမ် ၂ ကြိမ် ခါပြီးနောက်မှ ပြောလေသည်။

သူ၏အမည်မှာ 'ဟန်-ဗိုင်လ်ကီ'ဖြစ်၏။ သူ့အား မစ္စတာဖရစ်ဒရစ်ဆန်က ကျွန်ုပ်တို့အတွက် ခေါ်ယူပေးခြင်း ဖြစ်၍ ကျွန်ုပ်တို့၏ ရှေ့လာမည့် ခရီးအတွက် လမ်းပြပင်ဖြစ်ပေတော့မည်။

သူနှင့် ဦးလေးတို့လည်း အချင်းချင်းနားလည်မှုရှိကြပြီဖြစ်၍ အဖိုးအခနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြောဆိုခြင်းမရှိချေ။ တစ်ယောက်က ပေးသမျှကိုယူမည်ဖြစ်၍ တစ်ယောက်ကလည်း တောင်းသမျှကိုပေးရန် အသင့်ရှိလေသည်။ ယင်း အပြုအမူမှာ အလွန်ရိုးသားဖြောင့်မတ်သော အပေးအယူပင်ဖြစ် လေသည်။

နှစ်ဦးနှစ်ဖက် သဘောတူချက်မှာ 'ဟန်'က ကျွန်ုပ်တို့အား စနေးဖဲတောင်၏ တောင်ဘက်ပိုင်းတောင်ခြေ 'စတာပီ'

ကလေးသို့ ခေါ်ဆောင်သွားရန်ဖြစ်၏။ ကုန်းလမ်းခရီးမှာ ၂၂ မိုင်ခန့်ဝေး၍ ၂ ရက်ခရီးဖြစ်သည်ဟု ဦးလေးက မှန်းဆထား၏။ သို့သော် ဒိန်းလူမျိုးတို့အခေါ်အဝေါ် တစ်မိုင်မှာ ပေ ၂၄၀၀၀ ရှိပြီးလျှင် လမ်းများမှာလည်း အလွန်ကြမ်းတမ်းလှသဖြင့် သူ၏ အစီအစဉ်များကို ပြောင်းလဲကာ ၇ ရက် သို့မဟုတ် ၈ ရက်ဟု ခန့်မှန်းထားရပြန်၏။

ကျွန်ုပ်တို့မှာ မြင်း ၄ ကောင်ယူခဲ့ရမည်ဖြစ်၍ ၂ ကောင်မှာ ဦးလေးနှင့် ကျွန်ုပ်တို့အတွက်ဖြစ်ပြီးလျှင် အခြား ၂ ကောင်မှာ ကျွန်ုပ်တို့ ဝန်စည်စလယ်များတင်ရန် ဖြစ်လေသည်။ ဟန်မှာမူ သူပြုလုပ်နေကျအတိုင်း ခြေကျင်လျှောက်သွားမည်ဖြစ်၏။ သူသည် ကမ်းခြေတစ်လျှောက်ရှိလမ်းများကို ကောင်းစွာသိသူဖြစ်၍ ကျွန်ုပ်တို့အား အတိုဆုံးသောလမ်းမှ ခေါ်ဆောင်သွားရန် ကတိပြု၏။ ဦးလေးနှင့် သူတို့၏အစီအစဉ်မှာ စတာပီရွာတွင် ပြီးဆုံးရန်မဟုတ်ဘဲ ကျွန်ုပ်တို့၏ ခရီးတစ်လျှောက်လုံး လုပ်ကိုင်ဆောင်ရွက်ရန် သူ့အားဦးလေးက ငှားရမ်းခြင်းဖြစ်၏။ သို့သော် လခငွေများကို စနေနေ့ညတိုင်း ရှင်းလင်းပေးရန် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဇွန်လ ၁၆ ရက်နေ့တွင် ခရီးထွက်ရန်ဖြစ်၏။ သို့နှင့် ဦးလေးက ဟန်အား လခကိုချက်ချင်းထုတ်ပေးမည်ပြုလုပ်ရာ၊ ဟန်က "နောက်မှ သခင်၊ နောက်မှ"မှ ပြောပြီးလျှင် ထွက်သွားလေ၏။

"ဟော့ အိတ်ဇယ်။ နောက်မှ ယူမယ်တဲ့ကွဲ့။ တယ်တော်တဲ့ အကောင်ကွယ်။ ရိုးသားပြီး အင်မတန် အသုံးဝင်မယ့်အကောင်"

"ဟုတ်ကဲ့ ဦးလေး။ ဒါဖြင့် သူကျွန်တော်တို့အတူ ဟိုကို"

"အေးလေ၊ ကမ္ဘာမြေကြီးရဲ့အောက်ကိုလေ"

ကျွန်ုပ်တို့ခရီးမထွက်မီ ၄၈ နာရီမျှ အချိန်ရှိသေး၏။ သို့သော် အသင့်ဖြစ်စေရန် ပြင်ဆင်ရခြင်းဖြင့်ပင် ထိုအချိန်များကို ကုန်လွန်စေခဲ့၏။ ပစ္စည်းများကို မည်ကဲ့သို့ ထုပ်ပိုးချည်နှောင်လျှင် အကောင်းဆုံးဖြစ်မည်ကို စိတ်ကူးကာ တစ်ဘက်တွင် အတိုင်းအထွာနှင့် ပတ်သက်သည့် ပစ္စည်းများကိုလည်းကောင်း၊ အခြားတစ်ဘက်တွင် သေနတ်များကိုလည်းကောင်း၊ ဤအထုပ်တွင် စူးဆောက်တန်ဆာပလာများကိုလည်းကောင်း၊ ထိုအထုပ်တွင် စားရေရိက္ခာများကိုလည်းကောင်း စသည်ဖြင့် ၄ မျိုးခွဲခြား၍ ထုပ်ပိုးကြ၏။

ထို့နောက် စားရေရိက္ခာများကို ထုပ်ပိုးကြရပြန်၏။ ယင်းတို့မှာ ဖိနှိပ်၍ ပြားချပ်နေအောင် ပြုလုပ်ထားသော အသားခြောက်များနှင့် အမှုန့်ပြုလုပ်ထားသော အခြားအာဟာရများဖြစ်လေသည်။ ယင်းတို့အတွက်နေရာမှာ မကျယ်ဝန်းလှသော်လည်း ၆ လအတွက် ကောင်းစွာလုံလောက်ပေသည်။ ရေပုလင်းများကိုလည်း ယူခဲ့ကြ၏။ သို့သော် ရေကားမပါချေ။ အဘယ်ကြောင့်ဆိုသော် မြေအောက်တွင် စမ်းများရှိ၍ ရေ

ကောင်းစွာရနိုင်လိမ့်မည်ဟု ဦးလေးက ယုံကြည်လေသည်။ ဤမျှနှင့်မပြီးသေးချေ။ မတော်တဆ ဒဏ်ရာရခြင်း၊ ထိခိုက်နာကျင်ခြင်း၊ အရိုးကျိုးခြင်း စသည်တို့တွင် ဆရာဝန်များအသုံးပြုလေ့ရှိသည့် လိုအပ်သော ဆေးဝါးနှင့်ကိရိယာတန်ဆာပလာတို့လည်း ပါရှိလေသည်။

ဤနေရာတွင် ကျွန်ုပ်တို့တွင်ပါသော အခြားအသုံးအဆောင် ပစ္စည်းများကို တစ်ခုစီရေသေားဖော်ပြခြင်းမပြုနိုင်ချေ။ ဦးလေးသည် မည်သည့်ပစ္စည်းကိုမျှ မေ့၍မကျန်ရစ်ခဲ့ကြောင်း ရေးသားဖော်ပြလျှင် တော်လောက်ပေပြီ။ သူသည် ငွေအတော်အမြောက်အမြားပင် ယူခဲ့သေး၏။ ကမ္ဘာမြေကြီး၏ အလယ်ဗဟိုတွင် ဈေးဆိုင်များ တွေ့လိမ့်မည်ထင်သောကြောင့်ပေလောမပြောတတ်ပေ။ ဤမျှလောက် ပြည့်စုံလှပေ၏။

သို့နှင့်ကျွန်ုပ်တို့သည် ပစ္စည်းအားလုံးကို နေသားတကျထားသိုခြင်းဖြင့် ဇွန်လ ၁၄ ရက်နေ့ကို ကုန်လွန်စေခဲ့၏။ ထိုနေ့ညနေ၌ ကျွန်ုပ်တို့သည် ဘုရင်ခံ၊ မြို့တော်ဝန်နှင့် အခြားသော လူကြီးလူကောင်းများပါ ညစာ စားသောက်ကြ၏။ သို့သော် ထိုညစာ စားပွဲ၌ မစ္စတာ ဖရစ်ဒရစ်ဆန်မပါရှိချေ။ သဉသည် အိုက်စလန်ကျွန်းအစိုးရကိစ္စနှင့် ပတ်သက်၍ ဘုရင်ခံနှင့် သဘောကွဲလွဲခဲ့သောကြောင့် တစ်ဦးနှင့်တစ်ဦး စကားမပြောကြောင်း နောင်အခါမှ ကျွန်ုပ်သိရှိရ၏။ ယင်းကိစ္စမျိုးမှာ တိုင်းပြည်တိုင်းတွင် ဖြစ်တတ်သောကိစ္စမျိုးဖြစ်၍ အံ့သြဖွယ်မရှိချေ။ ထိုစားပွဲသို့ မစ္စတာ ဖရစ်ဒရစ်ဆန် မတက်ရောက်

သည့်အတွက် ကျွန်ုပ်မှာ များစွာဝမ်းနည်းမိပြီးလျှင် သူမရှိသည့်အတွက်လည်း ထိုအခမ်းအနား၌ ပြောသောစကားများကို တစ်ခွန်းတစ်ပါဒမျှ ကျွန်ုပ်နားမလည်ချေ။ ကျွန်ုပ်သိရှိရသမျှမှာ ဦးလေးက အခြားသူများထက် ပို၍ပို၍ပြောဆိုနေသည်ကို တွေ့ရခြင်းပင်ဖြစ်လေသည်။

နောက်တစ်နေ့နံနက် ၁၅ ရက်နေ့၌ ကျွန်ုပ်တို့သည် ခရီးစတင်ထွက်ရန် အသင့်ရှိနေကြ၏။ ခရီးထွက်ခါနီးတွင် မစ္စတာဖရစ်ဒရစ်ဆန်က ဦးလေးအား အလွန်ပြည့်စုံသော အိုက်စလန်ကျွန်းမြေပုံကြီးတစ်ချပ်ကို လက်ဆောင်အဖြစ်ပေးအပ်ခြင်းအားဖြင့် ဂုဏ်ပြုလေသည်။ နောက်ဆုံး ညနေပိုင်းအချိန်ကို မစ္စတာ ဖရစ်ဒရစ်ဆန်နှင့် စကားစမြည်ပြောဆိုအချိန်ကုန်ခဲ့ပြီးလျှင် ထိုညဉ့်တစ်ညဉ့်လုံး ကျွန်ုပ်မှာ စိတ်လှုပ်ရှားမှုကြောင့် အိပ်၍မပျော်နိုင်အောင် ရှိတော့၏။

နံနက် ၅ နာရီအချိန်တွင် အိမ်အောက်မှ မြင်းခွာသံများကို ကြားရလေရာ၊ ကျွန်ုပ်လည်း အိပ်ရာမှ ကပျာကယာထပြီးလျှင် အောက်ထပ်သို့ဆင်းခဲ့လေ၏။ ထိုအချိန်၌ ဟန်သည် မြင်းများပေါ်သို့ ပစ္စည်းအားလုံးကို တင်ဆောင်၍ ပြီးစီးလုမတတ်ရှိနေလေပြီ။ ဦးလေးမှာ ကူညီခြင်းထက် ပါးစပ်က တဖျစ်တောက်တောက် ရေရွတ်ဟစ်အော်နေခြင်းက များ၏။ သို့သော် ဟန်သည် သူသပြာသည်ကို အနည်းငယ်မျှသတိပြုမိဟန်မတူဘဲ အလုပ်ကိုသာ လုပ်မြဲတိုင်းလုပ်လျက်ရှိလေသည်။

၆ နာရီထိုးလတ်သော် ကျွန်ုပ်တို့သည် အသင့်ရှိနေကြပြီဖြစ်၍ မစ္စတာဖရစ်ဒရစ်ဆန်နှင့် လက်ဆွဲနှုတ်ဆက်ကြပြီးလျှင် ဦးလေးက သူ့အားကျေးဇူးတင်ပါကြောင်းဖြင့် အထပ်ထပ်ပြောဆိုလျက် ရှိလေ၏။ ကျွန်ုပ်ကပါ ကျေးဇူးတင်ကြောင်းကို ကျွန်ုပ်အတတ်နိုင်ဆုံး လက်တင်ဘာသာဖြင့် သူ့အားပြောလိုက်ရာ၊ သူကလည်း လက်တင်ဘာသာဖြင့်ပင် ပြန်၍ပြော၏။

ထို့နောက် ကျွန်ုပ်တို့သည် ခရီးစတင်ထွက်ခဲ့ကြလေသည်။

* * *

ကျွန်ုပ်တို့ ယူခဲ့သော တိုင်းထွာရန် ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဒီဂရီ ၁၅၀ ရှိ သာမိုမီတာခေါ် ပြဒါးတိုင်တစ်ခု။ များလွန်းလျှင်လည်း များလွန်းပေမည်။ သို့မဟုတ် နည်းလွန်းလျှင်လည်း နည်းလွန်းပေမည်။ ထိုအမှတ်အသားတိ လေ၏။ အပူရှိန်တက်ခဲ့သော် ကျွန်ုပ်တို့မှာ မီးမြှိုက်၍ထားဘိသကဲ့သို့ ရှိနေပေမည်။ အကယ်၍ ဆူနေသော ရေနှင့်အခြားအရည်များအတွက် တိုင်းတာလိုလျှင်ကား မလုံလောက်ချေ။

(၂) အထူးပြုလုပ်ထားသော 'ဘာဆိုမီတာ'ခေါ် ဥတုရာသီ၊ မိုးလေဝသအပြောင်းအလဲ၊ တောင်အနိမ့်အမြင့် တိုင်းထွာသည့် ကိရိယာတစ်ခု။

(၃) ဟမ်းဗတ်မြို့ အနေအထားအလိုက် တိကျမှန်ကန်သောအချိန်ရအောင်ပြုလုပ်ထားသည့် ‘ကရိုနိုမီတာ’ ခေါ် အချိန်မှတ်နာရီတစ်လုံး။

(၄) ကွန်ပါနှစ်ချောင်း။

(၅) လျှပ်စစ်ဓာတ်မီးအိမ်နှစ်လုံး။ ယင်းတို့ကို လျှပ်စစ်ဓာတ်အားဖြင့် အလိုအလျောက်မီးလင်းအောင် ပြုလုပ်နိုင်၍ အလေးချိန်ပေါ့ပါးပြီးလျှင် အလွယ်တကူယူဆောင်နိုင်၏။ စိတ်လင်းချရ၏။

ထို့ပြင် သေနတ်နှစ်လက်ပါရှိ၏။ မည်သည့်အတွက် ယင်းတို့ကို ယူဆောင်ခဲ့ကြောင်း မသိချေ။ မည်သည့်ရန်သူမျှလည်းမရှိ။ မည်သည့် သားရဲတိရစ္ဆာန်ကိုမျှလည်း ကြောက်ရွံ့စရာမရှိဟု ကျွန်ုပ်ထင်မိ၏။ စူးဆောက်ကိရိယာတန်ဆာပလာများထဲတွင် ပိုးကြိုးဖြင့်ပြုလုပ်ထားသည့် လှေကားတစ်ခု။ ထိပ်ဖျားတွင် သံချွန်များတပ်ထားသည့် တုတ်သုံးချောင်း။ ပုဆိန်တစ်ခု။ တူတစ်ချောင်းနှင့် ကြိုးခွေကြီးများဖြစ်၏။ ဤအရာအားလုံးပါသော အထုပ်ကြီးမှာ အလွန်ကြီး၍ လေးလံလှ၏။ ကြိုးလှေခါးသည်ပင် ပေ ၃၀၀ မျှရှည်လျားလေသည်။

ကောင်းကင်သည် မိုးတိမ်ထူထပ်ကာ ညိုမှိုင်းလျက်ရှိသော်လည်း ရာသီဥတုမှာ မပူလွန်း၊ မအေးလွန်း၊ မျှတလျက်ရှိသဖြင့် ခရီးသွား၍ အကောင်းဆုံးအခါပင်ဖြစ်တော့၏။ ရာသီဥတုက ကောင်းမွန်သဖြင့် ကျွန်ုပ်မှာ နောင်မည်ကဲ့သို့ဖြစ်မည်

ကို တွေးတောပူပန်ခြင်းမရှိတော့ဘဲ စိတ်နှလုံးပေါ့ပါးပျော်ရွှင် လျက်ရှိ၏။

ကျွန်ုပ်တို့မှာ ကမ္ဘာပေါ်တွင် အထူးဆန်းဆုံးသော တိုင်းပြည်တစ်ခုကို ကျော်ဖြတ်ခါ အလွန်စိတ်ဝင်စားဖွယ် ကောင်းသော မီးတောင်ကြီးပေါ်သို့ တက်ရုံမျှမက မီးများသေ လျက်ရှိသော ထိုတောင်၏တွင်းဝအတွင်းသို့ပင် ဝင်ရောက် သွားရမည်ဖြစ်၏။ ထိုခရီးမှာ ဆက္ကနူဆမ်၏ လမ်းစဉ်ပင်ဖြစ် ၏။ ပထမဝီမြေကြီး၏အောက် ဗဟိုအချက်အချာသို့သွားရန်မှာ လမ်းပန်းဟူ၍မရှိဘဲ ရော်ရမ်းမှန်းဆချက်မျှသာ ဖြစ်ပေမည်။ ၎င်းသည် မဖြစ်နိုင်သောအရာမျှသာဖြစ်၏။ သို့နှင့် ကျွန်ုပ် သည် အလုပ်နှင့်ပတ်သက်၍ ပူပန်သောက ရောက်၍မနေတော့ ဘဲ မပတ်သက်သည့်အကြောင်းအရာများကိုသာ တွေးပြီးလျှင် ပျော်ရွှင်စွာနေရန် စိတ်ကိုပိုင်းဖြတ်လိုက်၏။ ထိုအချိန်၌ကား ကျွန်ုပ်တို့လူစုမှာ ‘ရေကီယာဗစ်’မှ အတော်ပင်လှမ်း၍လာခဲ့ လေပြီ။

‘ဟန်’ သည် ကျွန်ုပ်တို့ရှေ့မှ ခပ်သုတ်သုတ်လျှောက် သွားလျက်ရှိရာ အထုပ်အပိုးတင်သော မြင်းနှစ်ကောင်က သူ့ နောက်မှလိုက်ပါရ၏။ ၎င်းနောက်မှ ကျွန်ုပ်တို့တူဝရီးလိုက် ပါကြ၏။ ရေကီအာဗစ်မှ ထွက်လာခဲ့သည့်အချိန်မှစ၍ ဟန် သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်အတိုင်း လာခဲ့ရာ ကွင်းပြင်များသည် စိမ်းလန်းလှမတတ်ရှိသော်လည်း အဝါ ရောင်ပြေးလျက်ရှိနေသည်ကို တွေ့ရ၏။ အဝေးတွင်မြင်ရသော

တောင်များသည်လည်း ဆီးနှင်းများဖြင့် ဖုံးအုပ်လျက် အချို့ တောင်များမှာ ကောင်းကင်တွင်တည်ရှိနေသော ကျွန်းများကဲ့သို့ ထင်မှတ်ရလေသည်။

ကျွန်ုပ်တို့ သွားရသောလမ်းမှာ ဖြောင့်တန်းသည် မဟုတ်ပေ။ တစ်ခါတစ်ရံ ကျောက်တောင်ကမူကစာကလေးများသည် ပင်လယ်အတွင်းသို့ ထိုးထွက်နေသည်ဖြစ်၍ ၎င်းတို့အားလှည့်ပတ်၍ သွားကြရ၏။ သို့သော် မည်သို့ပင်ဖြစ်စေ မြင်းများကလည်း လမ်းသိပြီးဖြစ်သဖြင့် ကုတ်ကပ်၍သွားနိုင်ကြ၏။ မြင်းတို့မှာ အလွန်လိမ်မာ၍ ဦးလေးပင် စိတ်မတိုနိုင်အောင် ရှိတော့၏။ သူစီးသော မြင်းကလေးမှာ သေးငယ်၍ သူ၏ ကိုယ်လုံးကိုယ်ဖန်ကြီးနှင့် မလိုက်အောင်ရှိတော့၏။

"မြင်းကောင်ကွဲ့၊ တယ်ကောင်းတဲ့မြင်းကွယ်။ မင်းကြည့်စမ်း၊ အိုက်စလန်ဒစ်မြင်းထက် ပိုကောင်းတာတော့ မရှိတော့ဘူးဟေ့။ ဘယ်လောက်ပဲ လမ်းဆိုးဆိုး၊ ဘယ်လောက်ပဲ ဆီးနှင်းကျကျ။ ဘယ်လောက် မုန်တိုင်းတွေလာလာ ဘာမှ မရှောင်ဘူး။ သွားတာပဲ။ သတ္တိကောင်းလိုက်တာ လွန်ရော။ ခြေလှမ်းတစ်ချက်မမှားဘူး။ တို့တတွေဟာ မြစ်တို့ ချောင်းတို့တွေ့ရင် ဖြတ်ကူးရမယ်။ ဒီအခါ မင်းကြည့်သာနေ။ ကုန်းသော ရေသော မရှောင်ဘူး။ သူတို့မှာတော့ အတူတူပဲ သွားမှာပဲ။ ဒါပေမယ့် တို့များက ကြမ်းကြမ်းကိုင်လို့တော့ မဖြစ်ဘူး။ သူ့ဖာသာသူ သွားပေစေ။ ဒီအတိုင်းဆိုရင် တစ်နေ့ကို မိုင် ၃၀ ပေါက်ပြီပဲဟေ့"

ဟုတ်တာပေါ့ ဦးလေး။ ဒါထက် ကျွန်တော်တို့ လမ်း ပြကကော”

“အို သူ့အတွက် ဘာစိုးရိမ်စရာရှိသလဲကွယ်။ မြေကြီး ပေါ်ခြေကျင်လျှောက်ရတာလောက်တော့ ဘာထီမလဲ။ ဒီလူက ဘယ်တော့မှ မောမယ့်လူမဟုတ်ဘူးကွဲ့။ နို့ပေမယ့် သူမောပြန် တော့လည်း ဦးလေးရဲ့မြင်းကို တစ်လှည့်စီးပေစေပေါ့ကွယ်။ သူတောင် ခြေကျင် လျှောက်နိုင်သေးတာ ငါဘာဖြစ်လို့ မလျှောက်မှာလဲ”

ကျွန်ုပ်တို့ခရီးကား အဆင်ပြေလှ၏။ ပတ်ဝန်းကျင် တောတောင်များမှာ အလွန်ပင် ငြိမ်ငြိမ်ဝပ်ဝပ်ဖွယ်ကောင်း၍ တိတ် ဆိတ်ငြိမ်သက်လျက်ရှိရာ တစ်ခါတစ်ရံ သစ် သို့မဟုတ် ကျောက်တုံးဖြင့် ဆောက်လုပ်ထားသော အိမ်ကလေး တစ်လုံး တလေမျှသာ မြင်ရ၏။

ရေကီအာဗစ်မြို့မှ ထွက်ခဲ့ပြီးနောက် ၂ နာရီကြာသော အခါ ကျွန်ုပ်တို့သည် “ဂူဖူးနပ်ခေါ် ရွာကလေးတစ်ရွာ ရောက်ရှိလာကြ၏။ သို့သော် ထိုနေရာကား လုံးဝိစိတ်ဝင်စား ဖွယ်မရှိချေ။ ထိုအခါတွင် နာရီဝက်ခန့်မျှ စတည်းချ၍ ‘ဟန်’ သည် ကျွန်ုပ်တို့နှင့်အတူ နံနက်စာ စားသောက်၏။ ထို့နောက် သူသည် ဦးလေးမေးသော မေးခွန်းများကို အချို့ဦးခေါင်းညိတ် ၍ ‘ဟုတ်ကဲ့’ဟုလည်းကောင်း၊ အချို့ကိုလည်း ခေါင်းခါက ‘မဟုတ်ဘူး’ဟူ၍လည်းကောင်း၊ ဖြေဆိုပြီးနောက် ‘ဂါဒါ’ဟူ၍ ပြောလိုက်လေသည်။ ကျွန်ုပ်က မြေပုံထဲတွင် ကြည့်သောအခါ

ဂါဒါဆိုသည်မှာ မြို့ကလေးတစ်မြို့ဖြစ်၍ ရေကြီအာဇစ်နှင့် ဒိန်းမတ်မိုင် ၄ မိုင်ကွာဝေးကြောင်း တွေ့ရ၏။ သို့နှင့် ဦးလေးအား ကျွန်ုပ်က မြေပုံတွင်ထောက်ပြလေသည်။

"၄ မိုင်လားဟေ့။ ၂၂ မိုင်ထဲက ၄ မိုင်ဆိုတော့ သိပ်မဆိုးဘူး"

ဦးလေးသည် လမ်းပြ'ဟန်'အား တစ်စုံတစ်ရာပြော ဆိုလျက်ရှိရာ ဟန်လည်း ရှေ့သို့ဆက်လက်သွားပြန်သဖြင့် ကျွန်ုပ်တို့မှာ သူ'နောက်မှ လိုက်ပါသွားကြရပြန်၏။ ၃ နာရီလောက် ကြာသောအခါ "အီယူဇတ်"ခေါ် ရွာကလေးတစ်ရွာသို့ ရောက်ကြ၍ အချိန်မှာလည်း ၁၂ နာရီပင်ရှိလေပြီ။ ထိုအခါ မြင်းများကို အစာအနည်းငယ်ကျွေးပြီးနောက် ကျွန်ုပ်တို့သည် ပင်လယ်နှင့်တောင်ပူစာများအကြားရှိ လမ်းကြားကလေးတစ်ခု အတိုင်း လိုက်ပါသွားကြရလေ၏။

ညနေ ၄ နာရီတွင် ဒိန်းမတ်မိုင် ၄ မိုင်ခန့် ပေါက်ရောက်ခဲ့ပြီဖြစ်ရာ အင်္ဂလိပ်မိုင်နှုန်းဖြင့် ၂၄ မိုင်ခန့်ရှိ၏။ ထိုနေရာ၌ ပင်လယ်သည် ကျွန်းအတွင်းသို့ အတော်လေးထိုးဝင်နေပြီဖြစ်၍ ကျွန်ုပ်တို့မှာ ရပ်နားကြရ၏။ အတွင်းသို့ ထိုးဝင်လျက်ရှိသော လက်ကြားရေပြင်မှာ မိုင်ဝက်ခန့်ရှိ၍ ပင်လယ်လှိုင်းများသည် ချွန်ထက်သော ကျောက်ဆောင်ကျောက်တုံးများပေါ်သို့ တဝုန်းဝုန်းရိုက်ခတ်လျက်ရှိလေ၏။ တစ်ဘက်တစ်ချက်ရှိ ကျောက်နံရံကြီးများကား ပေ ၂၀၀၀ ခန့်မြင့်၏။ ကျွန်ုပ်တို့ မြင်းများမှာ အလွန်ကောင်းသောမြင်းများဖြစ်သည်ဆိုသော်

လည်း ဤမျှလောက်ခဲယဉ်းသောနေရာမျိုးကို ဖြတ်သန်းသွားလာနိုင်မည်မဟုတ်ပေ။ ဦးလေးသည် စောင့်မနေဘဲ ရေစပ်သို့ ထိအောင် မြင်းကိုစီးသွားလေရာ မြင်းသည် ရှေ့သို့မတိုးဘဲ 'ခံ'၍နေသဖြင့် ဦးလေးက ရိုက်နှက်သည်တွင် မြင်းသည် ထိုနေရာ၌ပင် ဒူးထောက်ချလိုက်လေသည်။

ဦးလေး စိတ်ထွက်၍လာသည်ကို မြင်သဖြင့် ဟန်သည် ရုတ်တရက်ပြေးလာပြီးလျှင် ဦးလေး၏ လက်မောင်းကိုင်ခါ 'ဖာဂျာ'ဟုအော်လိုက်၏။ ထို့နောက် သူသည် ခပ်ဝေးဝေးတွင်ရှိနေသော လှေလေးတစ်စင်းကို ညွှန်ပြပြီးလျှင် 'တိုက်ဗာတန်'ဟု ပင်လယ်ဘက်သို့ လက်ညှိုးထိုး၍ ပြောလိုက်ပြန်လေသည်။

"ဖာဂျာဆိုတာ ဘာလဲ ဦးလေး"

"လှေကိုခေါ်တာကွဲ့။ လှေနဲ့ကူးရမယ်ဆိုရင် အစကတည်းက ပြောရောပေါ့ ဟန်ရယ်"

"တိုက်ဗာဆန်လို့ ထပ်ပြောတာကကော ဘာအဓိပ္ပာယ်လဲ"

"အဲဒါက ဒီရေကိုပြောတာကွဲ့။ ဒီရေကို တို့များခဏ စောင့်နေရဦးမယ်လို့ဆိုတာ"

သို့နှင့် ကျွန်ုပ်တို့သည် ညနေ ၆ နာရီတိုင်အောင် စောင့်ဆိုင်းလျက်ရှိကြကုန်၏။ ထိုအချန်သို့ ရောက်သောအခါ ကျွန်ုပ်တို့ ၃ ဦးအား လှေသမားနှစ်ယောက်က လှေခတ်ခါ အခြားဘက်သို့ ကူးကြရလေ၏။ ၁ နာရီခန့်မျှကြာပြီးနောက်

အခြားဘက်သို့ ကောင်းမွန်ချောမွေ့စွာ ရောက်ရှိကြပြီးလျှင် နောက်နာရီဝက်ခန့်ကြာသောအခါ 'ဂါဒါ'မြို့ကလေးသို့ ဆိုက်ရောက်ကြလေ၏။

ထိုအချိန်မှာ ညသို့ရောက်ပြီဟုထင်၏။ အိုက်စလန်ကျွန်းတွင် ဇွန်နှင့်ဇူလိုင်လများ၌ နေသည် ကောင်းကင်၌ အစဉ်ရှိနေသဖြင့် ညဥ့်ဟူ၍မရှိဘဲ နေ့ချည်းသာဖြစ်၏။ အလွန်လည်းအေး၍ ကျွန်ုပ်မှာ ဆာလောင်လာတော့၏။ သို့နှင့် ဟန်ကကျွန်ုပ်တို့အတွက် ထိုညဥ့်တည်းခိုရန် နေရာတစ်ခုရှာဖွေပေးရာ ယင်းမှာ အကြမ်းဆောက်လုပ်ထားသည့် တဲငယ်မျှသာဖြစ်သော်လည်း ပူနွေး၍ သက်သောင့်သက်သာရှိပြီးလျှင် ကျွန်ုပ်တို့အားလုံးအတွက် နေရာလုံလောက်စွာရှိ၏။ စားဖွယ်သောက်ဖွယ်လည်းရှိ၏။

အိမ်ရှင်သည် အပြင်သို့ထွက်လာ၍ အိမ်အတွင်းသို့ခေါ်သွားရာ ကျွန်ုပ်တို့လည်း ၎င်းနောက်မှ လိုက်ပါသွားရ၏။ ကျဉ်းမြောင်းပြီးလျှင် ဘေးတစ်ဘက်တစ်ချက်၌ အခန်းများရှိ၏။ မီးဖိုခန်း အလုပ်လုပ်သောအခန်း အိမ်ရှင်မိသားစုအိပ်ခန်းနှင့် ဧည့်ခန်းဖြစ်၏။ ဧည့်ခန်းမှာ အကောင်းဆုံးဖြစ်၍ ကျွန်ုပ်တို့အား ထိုအခန်းသို့ခေါ်သွားလေသည်။ အခန်းတွင်း၌ ကျွန်ုပ်တို့အိပ်ရာအတွက် သေတ္တာများကို စီထားသကဲ့သို့ နေရာတစ်ခုပြင်ဆင်ထား၏။ ၎င်းမှာ အနီရောင်ဆေးသုတ်ထားပြီးလျှင် မြက်ခြောက်များဖြင့်အုံးအုပ်ထား၏။ ဤမျှလောက်သက်သောင့်သက်သာရှိ၍ ထွေးနွေးသောနေရာကို ကျွန်ုပ်မမျှော်လင့်မိပေ။

သို့နှင့် ကျွန်ုပ်တို့သည် စောင်နှင့်အိပ်ရာလိပ်များကိုယူ၍ အိပ်ရန်ပြင်ဆင်ပြီးသောအခါ အိမ်ရှင်ဖြစ်သူက မီးဖိုခန်းသို့ခေါ်သဖြင့် ဦးလေးနှင့်ကျွန်ုပ်တို့မှာ လိုက်ပါသွားရလေ၏။

မီးတည့်ထားသောနေရာမှာ မီးဖိုဆောင်၏အလယ်တွင်ရှိ၍ ထိုအခန်းမှာ ထမင်းစားခန်းအဖြစ်လည်း အသုံးပြုလေသည်။ အမိုးတွင် မီးခိုများထွက်ရန် အပေါက်တစ်ပေါက်ရှိ၏။ အခန်းတွင်းသို့ ဝင်မိသောအခါ အိမ်ရှင်ယောကျ်ားရော မိန်းမပါ ဦးခေါင်းကိုအတန်ငယ်ညွှတ်လျက် ကျွန်ုပ်တို့အား 'ဆာပဗာတူ' 'ဆလဗာတူ'ဟု ရေရွတ် ခေါ်ငင်လေ၏။ (အဓိပ္ပာယ်မှာ 'ပျော်ပျော်နေပါ'ဟု ရရှိ၏)။

ဤ အိုက်စလန်ကျွန်းသူ မိန်းမမှာ ကလေး ၁၉ ယောက်၏မိခင်ဖြစ်၍ အကြီးအငယ် အရွယ်အလတ်ကလေးတို့သည် အခန်းအတွင်းအပြင်မှစ၍ နေရာအနှံ့အပြားတွင် ရှိနေကြကုန်၏။ မကြာမီ ဦးလေးနှင့် ကျွန်ုပ်တို့သည် ကလေး ၃–၄ယောက်စီပွေ့ချီလာရာ အချို့လည်း ကျွန်ုပ်တို့ပေါင်ပေါ်တွင်တက်ထိုင်လျက် အချို့လည်း နောက်ကျောမှ တွယ်ကပ်ခါရှိနေကြကုန်၏။ စကားပြောတတ်သောအရွယ်သို့ ရောက်သည့်ကလေးများက 'ဆာလဗာတူ'ဟု ရေရွတ်လျက်ရှိကြရာ မပြောတတ်သော ကလေးများကပင် ပီကလာ ပီကလာဟစ်အော် ရေရွတ်ကြကုန်၏။

မကြာမီ ဟန်သည် အပြင်ဘက်တွင် မြင်းများကို ကွင်းထဲသို့ လွှတ်၍ အစာကျွေးနေရာမှ အလုပ်ပြီး၍ အိမ်ထဲ

သို့ဝင်လာပြီးလျှင် 'ဆာလဗာတူ' ဟုပြောဆိုကာ အိမ်ရှင်ယောက်ျားနှင့် အိမ်ရှင်မိန်းမအား လက်ဆွဲနှုတ်ဆက်လေသည်။ ထို့နောက် ကျွန်ုပ်တို့လည်း စားပွဲတွင်ထိုင်ကြရာ အားလုံးလူပေါင်း ၂၄ ယောက်ဖြစ်နေသဖြင့် နေရာမဆန့်သောကြောင့် လူကြီးတစ်ယောက်လျှင် ကလေး ၂ ယောက်ကျစီ ပေါင်ပေါ်သို့ တင်ထားကြရ၏။

စားသောက်ပြီးလတ်သော် ကလေးများသည် အပြင်သို့ထွက်သွားကြ၍ လူကြီးများသာ ကျန်ရစ်ခဲ့ကြပြီးလျှင် ကျွန်ုပ်တို့လည်း မီးဖိုကိုဝိုင်း၍ထိုင်ကာ စကားပြောဆိုလျက်ရှိကြ၏။ သို့သော် ကျွန်ုပ်တို့မှာ တစ်လုံးမျှနားမလည်ချေ။ ထို့နောက် အိပ်ရန်ပြင်ဆင်ကြသောအခါ အိမ်ရှင်မသည် ကျွန်ုပ်တို့အား အဝတ်အစားလဲပေးရန် လာရောက်၏။ ဧည့်သည်များရောက်လျှင် အိမ်ရှင်မက အဝတ်အစားလာ၍ လဲပေးခြင်းမှာ သူတို့၏ ထုံးလစ်ဓလေ့တစ်ခုဖြစ်လေသည်။ ကျွန်ုပ်တို့က အားနာသဖြင့် ယဉ်ကျေးစွာငြင်းပယ်လိုက်သောအခါမှ ထွက်သွားလေသည်။ ထို့နောက် ကျွန်ုပ်လည်း ပူနွေးသော မြက်ခြောက်ခင်းပေါ်သို့ ကိုယ်ကိုပစ်လှဲချလိုက်ရာ တစ်ခါတည်းအိပ်ပျော်သွားလေ၏။

နံနက် ၅ နာရီထိုးသောအခါ ကျွန်ုပ်တို့သည် အိပ်ရာမှနိုး၍ အိမ်ရှင်များအား နှုတ်ဆက်ပြီးလျှင် ဦးလေးက တည်းခိုခနှင့် အစားအသောက်အတွက် ငွေများပေးလေရာ သူတို့သည် အတန်တန်ငြင်းပယ်ပြီးနောက် ဦးလေးက အတင်းအကြပ်ပေး

သောအခါမှ ယူကြလေသည်။ ထို့နောက် ကျွန်ုပ်တို့လည်း ခရီးဆက်လက်ထွက်ခဲ့ကြလေ၏။

ဂါဒါမြို့ကလေးမှထွက်၍ ခြေလှမ်း ၁၀၀ ကျော်မျှရောက်မိလျှင် မြေကြီးသည် တမျိုးတဖုံပြောင်းလဲလာ၏။ မြေမှာအတန်ငယ်ပျော့ပြီးလျှင် စိုစွတ်လာသဖြင့် လျှောက်သွားရန်ခဲယဉ်းလာ၏။ ကျွန်ုပ်တို့ လက်ယာဘက်ရှိ တောင်များမှာမြင့်မားသည် ထက်မြင့်မား၍လာပြီးလျှင် ရှေ့သို့မျှော်၍မဆုံးနိုင်အောင် ရှိတော့၏။ စမ်းချောင်းကလေးများကိုလည်း မကြာခဏတွေ့ရလေရာ ကျွန်ုပ်တို့မှာ ဝန်စည်စလယ်များကို ရေမစွတ်စိုစေရန် သတိကြီးစွာဖြင့် သွားကြရကုန်၏။ ခရီးမှာရှေ့သို့သွား လေလေ တိတ်ဆိတ်ငြိမ်သက်၍ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလေလေဖြစ်လာ၏။ မြက်များမပေါက်တော့ဘဲသစ်ပင်ကြီးများလည်းမရှိတော့ချေ။ ကွင်းပြင်ထဲတွင် မြင်းတစ်ကောင်တစ်လေမျှသာ ကျက်စားနေသည်ကိုလည်းကောင်း၊ တစ်ခါတစ်ရံ အလွန်ဝေးလံသောအရပ်မှ ငှက်ကြီးတစ်ကောင်သည်တောင်ဘက်သို့ ဖြတ်သန်းပျံသွားသည်ကို လည်းကောင်းတွေ့ရ၏။

မကြာမီ ကျွန်ုပ်တို့သည် မထင်ရှားသော မြစ်များကိုဖြတ်၍ ပင်လယ်ရေလက်ကြားကို ဖြတ်ကျော်ရ၏။ သို့ရာတွင်ထိုအချိန်က ဒီကျနေသဖြင့် များစွာခဲယဉ်းခြင်း မရှိလှပေ။ နောက်တစ်မိုင်ခန့်မျှ သွားမိသောအခါ 'အယ်လဖာတာနာ' ခေါ်ရွာတစ်ရွာသို့ ရောက်လာလေသည်။ ထိုနေ့ ညနေစောင်း၌ကျွန်ုပ်တို့သည် နောက်ထပ်မြစ်နှစ်သွယ်ကို ဖြတ်ကျော်ရပြီး

နောက် လူသူမရှိသောတဲတစ်တဲတွင် ညဥ့်အိပ်ကြရ၏။ နောက်တစ်နေ့၌လည်း တစုံတရာထူးခြားခြင်းမရှိဘဲ ယခင်အတိုင်း စိုစွတ်သော မြေကြီးနှင့် မှိုင်းအုံ့ရီဝေလျက်ရှိသည့် လူသူမရှိသော ကန္တာရများကိုသာ ဖြတ်၍သွားရ၏။ ညနေသို့ရောက်သောအခါ ကျွန်ုပ်တို့ခရီးမှာ ထက်ဝက်ကျိုးပြီဖြစ်၍ ထိုညဥ့်၌ ''ကရိုဆိုဗော့' ခေါ်အရပ်တွင် စခန်းချညဥ့်အိပ်ကြရ၏။

ဇွန်လ ၁၉ ရက်နေ့သို့ ရောက်သောအခါ ကျွန်ုပ်တို့သည် တစ်မိုင်ခရီးခန့်ရှိသည့် ချော်မြုပ်များဖုံးအုပ်လျက်ရှိသော လွင်ပြင်တစ်ခုကို ဖြတ်ကျော်ခဲ့ရ၏။ ထိုနေရာ၌ကား ကျောက်ဆောင်ကြီးများနှင့် ကျောက်စွန်းကျောက်တက်တို့သည် ထူးဆန်းသော ပုံသဏ္ဍာန်များဖြစ်နေပြီးလျှင် အချို့မှာ အလွန်မတ်စောက်လာသဖြင့် အလွန်ခဲယဉ်းစွာသွားကြရကုန်၏။ နေရာအနှံ့အပြားတွင် မြေအောက်ရှိ ရေပူတွင်းများမှ အခိုးတလူလူထွက်နေသည်ကို မြင်ရ၏။ ထိုအခါ၌ ကျွန်ုပ်တို့သည်အနောက်ဘက်သို့ တဖြည်းဖြည်းသွားလျက်ရှိနေလေပြီ။ အမှန်အားဖြင့်သော် ကျွန်ုပ်တို့သည် 'ဖာကဆာ' ပင်လယ်အော်ကြီးကိုကွေ့၍လာခဲ့ပြီဖြစ်၍ ရေ့ငါးမိုင်ခန့်အကွာတွင် စနေးဖဲ၏တောင်ထိပ်များသည် ကောင်းကင်သို့ ထိုးထွက်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ကျွန်ုပ်မှာ အတော်မောပမ်းလျက်ရှိနေပြီဖြစ်သော်လည်း ဦးလေးမှာ မောပမးဟန်လက္ခဏာမရှိသေးသဖြင့် အံ့သြမိ၏။ 'ဟန်' မှာမူ ဤမျှလောက်ခရီးကို အပျင်းပြေလမ်းလျှောက်သကဲ့သို့ပင် ထင်မှတ်ဟန်တူ၏။

ဇွန်လ ၂၀ ရက် စနေနေ့ညနေ ၆ နာရီခရီးတွင်ကျွန်ုပ်တို့သည် ပင်လယ်ကမ်းခြေရှိ 'ဖူဒါ'ခေါ် ရွာကလေးသို့ဆိုက်ရောက်လာကြရာ ထိုနေ့တွင် ဟန်နှင့် ကတိရှိသည့်အတိုင်း ဦးလေးက သူ၏လခကို ရှင်းပေးလေသည်။ ထိုနေရာသည်ကား ကျွန်ုပ်တို့လမ်းပြ 'ဟန်'၏ နေရပ်ဇာတိဖြစ်သဖြင့် သူ၏အိမ်ရှိရာသို့ ခေါ်သွားရာ ဟန်၏ဦးလေးနှင့် ညီမသားချင်းများက ကျွန်ုပ်တို့အား ခရီးဦးကြို ပြုကြလေသည်။ သူတို့သည် ကျွန်ုပ်တို့အပေါ်တွင် အလွန်ကြင်နာကောင်းမွန်ကြသဖြင့် တစ်ကြောင်း၊ ငါးရက်လုံးလုံး ခရီးသွားခဲ့ရ၍ ပင်ပန်းနွမ်းနယ်လှပြီဖြစ်သောကြောင့်တစ်ကြောင်း၊ ကျွန်ုပ်က ရက်အနည်းငယ် နားနေလို၏။ သို့သော် ဦးလေးမှာ ရောက်ချင်ဇောတစ်ခုတည်းသာရှိသဖြင့် အနားယူရန်သတိမရတဲ့ ရှေ့သို့သာတိုးလိုတော့၏။ သို့နှင့် နောက်တစ်နေ့နံနက်တွင် မြင်းများကိုစီးကာ ခရီးဆက်ကြပြန်လေသည်။

နေအတော်မြင့်လာသောအခါ ကျွန်ုပ်တို့သည် တောင်ကြီးနှင့် အတော်နီးကပ်လာပြီဖြစ်၍ ဦးလေးသည် တောင်ကြီးကိုပင် မျက်စေ့အောက်က အပျောက်မခံဘဲ "စနေးဖဲ စနေးဖဲ။ အဲဒီမီးတောင်ဝဟာ ကမ္ဘာကြီးရဲ့အလယ်ဗဟိုကို ဝင်ရမယ့်တံခါးဝပဲ။ အင်း အင်း။ အံ့စရာပဲ အံ့စရာပဲ။ ဩော် ဆက္ကနူဆမ် ဆက္ကနူဆမ်။ ကျွန်ုပ်တို့ဒီရောက်လာပြီလေ"ဟု စသည်ဖြင့် တစ်ကိုယ်တည်း ရေရွတ်လျက်ရှိလေသည်။ ရွာကလေးမှာ ချော်မြုပ်ချော်တုံးများဖြင့် ဆောက်လုပ်ထားသော တဲ ၃၀ ခန့်ရှိ၍

ပင်လယ်ဘက်မှ ကျွန်းဘက်သို့ထိုးဝင်နေသော ပင်လယ်၏ တစ်စိတ်တစ်ဒေသကမ်းခြေပေါ်တွင် တည်ရှိလေသည်။

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် တောင်ကိုတက်ရန် အသင့်ရှိနေကြ၏။ မြင်းများမှာ ရှေ့သို့ဆက်လက် အသုံးကျတော့မည်မဟုတ်သဖြင့် ဝန်စည်စလယ်များကို အိုက်စလန်ကျွန်းသား အလုပ်သမားသုံးယောက်က သယ်ပိုးယူဆောင်ရမည်ဖြစ်၏။ ဟန်အား ဦးလေးက မီးတောင်ကိုလေ့လာကြည့်ရှုရန် တောင်ထိပ်ရှိမီးတောင်ဝကို အောက်သို့မည်မျှပင် နက်သည်ဖြစ်စေ ဆင်းသက်မည်ဖြစ်ကြောင်းဖြင့်ပြောပြရာ ဟန်က သဘောတူသည့်အနေဖြင့် ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်၏။

ရှေ့တွင် မည်မျှလောက် ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်များနှင့် တွေ့ကြုံလေဦးမည်နည်းဟု ကျွန်ုပ်မှာ တစိမ့်စိမ့်ကြောက်ရွံ့၍လာမိတော့၏။ အကယ်၍ မလိုက်လိုလျှင် အိမ်တွင်ရှိစဉ်က သူ့အားတားမြစ်ဖို့သင့်၏။ ယခုသော် နောက်ကျခဲ့ချေပြီ။

ကျွန်ုပ်တို့သည် စနေးဖဲတောင်ထိပ်သို့တက်၍ မီးတောင်ဝမှ အောက်သို့ ဆင်းကြရပေတော့မည်။ ကမ္ဘာကြီးအလယ်ဗဟိုသို့ရောက်ရန် ဤနေရာမှဝင်ရမည်ဟု ဆက္ကနူဆမ်သည် ဟုတ်မှန်သည့်အတိုင်း ရေးသားခဲ့သည် မှန်စေကာမူ မီးတောင်ကြီး၏အောက် အတိုင်းမသိ နက်ရှိုင်းလှသောဒေသများတွင် မျက်စိလည်လမ်းမှားကာ ပြန်လမ်းမရှိဘဲ ဖြစ်နေ

ကောင်း ဖြစ်နေပေမည်။ ထို့ပြင် စနေးဖဲတောင်ကြီးမှာ 'မီးသေတောင်' တစ်ခုဖြစ်သည်ဟု မည်သည့်သက်သေခံအထောက်အထားရှိလေသနည်း။ ရုတ်တရက်ပေါက်ကွဲခြင်းမဖြစ်ဟု မည်သူပြောနိုင်ပေမည်နည်း။ စနေးဖဲမှာ သက္ကရာဇ် ၁၂၂၉ ခုနှစ်မှစ၍ မီးမထွက်တော့ဘဲ ငြိမ်သက်လျက်ရှိနေခဲ့ရာ ယင်းအချက်ကြောင့် နက်ဖြန်သဘက် မပေါက်ကွဲနိုင်ဟု ဆိုရမည်လော။ အကယ်၍ မတော်တဆ ရုတ်တရက်များ ပေါက်ကွဲခဲ့သော် ကျွန်ုပ်မှာ အထက်ပါအကြောင်းများကိုစဉ်းစားရင်း ထိုညဥ့်တွင် အိပ်မပျော်နိုင်ဘဲ မီးတောင်ပေါက်ကွဲသည်ဟုပင် အိပ်မက်မြင်မက်လျက်ရှိတော့၏။

ကျွန်ုပ်၏ စိုးရိမ်ကြောင့်ကြမှုများကို ဦးလေးအား တိုက်ရိုက်မပြောဝံ့သဖြင့် တစ်မျိုးလှည့်ပတ်ပြောရတော့မည်ဖြစ်၏။ သို့နှင့် ကျွန်ုပ်က

"ဘယ့်နှယ်လဲ ဦးလေး။ မီးသေပြီးတဲ့ မီးသေတောင်တစ်တောင်ဟာ ဖြုန်းခနဲ မီးရှင်တောင်တစ်တောင် ပြန်ဖြစ်မလာနိုင်ဘူးလား"

ဦးလေး စိတ်ဆိုး၍သွားလေပြီလောဟု ကျွန်ုပ်မှာစိုးရိမ်လျက်ရှိ၏။ သို့သော် ဦးလေးကား ကျွန်ုပ်ထင်သည့်အတိုင်း မဟုတ်ပေ။

"အေးကွဲ့။ ငါလည်း ဒီဟာပဲ စဉ်းစားနေတယ်။

ကျွန်ုပ်သည် မိနစ်အတော်ကြာမျှ ဦးလေးဆက်လက်ပြောမည်ကို ငြိမ်သက်စွာ နားထောင်လျက်ရှိ၏။

"ဟုတ်တယ်ကွဲ့။ ဒီဟာကိုပဲ ငါစဉ်းစားနေတယ်။ စတာပီကို ရောက်ကတည်းက ဒီမေးခွန်းကိုပဲ ငါ့ကိုယ်ငါ မေးကြည့်နေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တို့ဟာ ဘာပဲဖြစ်ဖြစ် အရမ်းမလုပ်သင့်ဘူး မဟုတ်လား"

"ဟုတ်တာပေါ့ ဦးလေးရဲ့"

"စနေးဖဲမီးတောင်ဟာ နှစ်ပရိစ္ဆေဒ ရာပေါင်းအတော်ကြာ မီးသေပြီးနေခဲ့တယ်။ ဒါပေမယ့် ရှင်ချင်ရင်ရှင်လာနိုင်တယ်။ ဒီဟာတွေ တို့သိတယ်။ နို့ပေမယ့် ပေါက်ကွဲတယ်ဆိုတာ မပေါက်ကွဲခင် တစ်ခုခု ကြိုတင်ပြီး ဖြစ်တတ်သေးတယ်ကွဲ့။ အရိပ်နိမိတ် တစ်ခုခုမပြဘဲ ဘယ်တော့မှမပေါက်ဘူး။ ဒါကြောင့် ဦးလေးသည် ဒီအနားတဝိုက်မှာနေတဲ့ လူတွေကို စုံစမ်းကြည့်တယ်။ ပြီးတော့ မြေကြီးကိုလည်းပဲ လေ့လာစုံစမ်းပြီးပြီ။ ဒါကြောင့် အခုတော့ မပေါက်တော့ဘူးလို့ ဦးလေးပြောနိုင်ပြီ"

ဦးလေးပြောသည်ကို ကျွန်ုပ်မှာ အံ့အားသင့်လျက်ရှိ၏။ သို့သော် မည်သို့မျှပြန်၍ အဖြေမပေးနိုင်ချေ။

"မင်း ငါ့ကိုမယုံဘူးလား အိတ်ဇယ်။ ကိုင်း ငါနဲ့လိုက်ခဲ့"

သို့နှင့် ကျွန်ုပ်သည် ဦးလေးနှင့်အတူ လိုက်သွားရ၏။ ဦးလေးသည် ကျောက်နံရံနှစ်ခုအကြားရှိ လမ်းကလေးမှခေါ်

သွားရာ မကြာမီ ကျွန်ုပ်တို့သည် လေဟာပြင်မြေပြန့်တစ်ခုသို့ ရောက်လာကြလေ၏။ ထိုနေရာ၌ကား ကျောက်တုံး ကျောက်ခဲကလေးများသည် ပြန့်ကျဲလျက်ရှိလေရာ အချို့နေရာများမှ အပေါ်သို့ မီးခိုးကလေးများ ထွက်နေသည်ကိုတွေ့မြင်ရ၏။

"ဒီမယ်ကြည့်စမ်း အိတ်ဇယ်။ ဟိုနေရာ ဒီနေရာ အနှံ့အပြားမှာ မီးခိုးလေးတွေထွက်နေတာ မြင်ရတယ်မဟုတ်လား။ အဲဒါ တို့ဘာမှ ကြောက်စရာမရှိဘူးဆိုတာ ပြတာပဲကွဲ့"

"ဘာကိုဆိုလိုတာလဲ ဦးလေး"

"ဦးလေးပြောမယ် မှတ်ထား။ တကယ်လို့ ပေါက်ကွဲမှုတစ်ခု နီးကပ်လာမယ်ဆိုရင် ဒီအခိုးအငွေ့ကလေးတွေဟာ တစ်နေ့တစ်ခြား ပိုမိုပြီးထွက်လာတယ်။ တစ်နေ့ထက်တစ်နေ့ အင်အားကောင်းပြီး အရှိန်ပြင်းလာတယ်။ ပေါက်ကွဲနေတဲ့အခါမှာတော့ အငွေ့တွေအားလုံးဟာ ဒီအပေါက်ကလေးတွေက ထွက်မယ့်အစား မီးတောင်ထိပ်ဝ အပေါက်ကြီးတစ်ပေါက်ထဲက တစ်ခါတည်းလုံးပြီးထွက်တော့တာပဲ။ အခုတော့ ဒီမီးခိုးကလေးတွေဟာ နေရာအနှံ့အပြားမှာ ထွက်နေကျအတိုင်း ထွက်နေတယ်။ ပိုပြီးလည်း အရှိန်ပြင်းလာမလာဘူး။ အရင်က အတိုင်းထွက်နေတာပဲ။ ပြီးတော့ လေမတိုက်ဘဲ ငြိမ်သက်နေတာမရှိဘူး။ မိုးမရွာဘဲ ငြိမ်နေတာလည်းမရှိဘူး။ တကယ်လို့ မိုးလည်းမရွာ၊ လေကလည်းမတိုက်၊ ပကတိငြိမ်သက်နေမယ်

ဆိုရင်တော့ ကြောက်ရသပေါ့ကွယ်။ ဒါကြောင့် ဘယ်တော့မှ မပေါက်ကွဲတော့ဘူးဆိုတာ မင်းစိတ်ချပေတော့"

"နို့ပေမယ့်"

"နို့ပေမယ့် မလုပ်နဲ့တော့ဟေ့ တော်ပြီ။ သိပ္ပံပညာက ပြောနေပြီဟာ။ တို့၍ ရှေ့ကိုဘာမှပိုပြီး ဆင်ခြေတက်နေစရာ မလိုတော့ဘူး"

အကယ်၍ ကျွန်ုပ်တို့သည် မီးတောင်ကြီးတွင်းဝသို့ ရောက်စေကာမူ ဆက္ကနူဆမ်ရေးသားထားခဲ့သည့်အတိုင်း ရှေ့သို့ဆက်လက်သွားရန် လမ်းကြောင်းတွေ့ကောင်းမှ တွေ့ပေမည်လောဟု တွေး၍စိုးရိမ်မိပြန်သည်။ သို့နှင့် ထိုည၌ဦ်ကျွန်ုပ်သည် အိပ်မက်ဆိုးများ မြင်မက်လျက်ရှိ၏။ ကျွန်ုပ်သည် မီးတောင်ထိပ်ဝမှ ဆင်းသက်ခဲ့ရာ၊ ကမ္ဘာမြေကြီးအောက်သို့ အတော်နက်သည်အထိ ရောက်သွား၏။ ကျွန်ုပ်၏ကိုယ်မှာ လေအဟုန်ဖြင့် ကောင်းကင်သို့ လွင့်စင်မြောက်ပါသွားသည်ဟု မြင်မက်လေသည်။

နောက်တစ်နေ့မှာ ဇွန်လ ၂၂ ရက်နေ့ဖြစ်၍ 'ဟန်' သည် ကျွန်ုပ်တို့အစားအစာများ၊ ပေါက်တူး၊ တူးရွင်း၊ စူးဆောက် တန်ဆာပလာများနှင့် တိုင်းထွာရန်ပစ္စည်းကိရိယာများ စသည့်ဝန်စည်စလယ်များကို သည်ပိုးထမ်းဆောင်ရန် ငှားရမ်းထားသော သူ၏အဖော်များနှင့်အတူ ကျွန်ုပ်တို့အား အသင့်စောင့်ဆိုင်းလျက်ရှိ၏။ ဦးလေးနှင့်ကျွန်ုပ်သည် အဖျားတွင်သံချွန်များတပ်ထားသော တုတ်များကို ကိုင်ဆောင်လျက် ဟန်

ကမူ အမြော်အမြင်ကြီးသော ပညာရှိကြီးတစ်ယောက်ကဲ့သို့ ပုလင်းကြီးတစ်လုံးကို ရေထည့်၍ ကျွန်ုပ်တို့စည်စလယ်များနှင့်အတူ ယူခဲ့၏။ ထိုရေပုလင်းမှာ ကျွန်ုပ်တို့အတွက် ရက်သတ္တတစ်ပတ်ခန့် ဖူလုံလောက်ပေသည်။

ဤသို့ အဆင်သင့်ပြင်ဆင်ပြီးသောအခါ ကျွန်ုပ်တို့သည် တောင်ကြီးကို တက်ရန် နံနက် ၉ နာရီတွင် စတာပီရှာကလေးမှ ထွက်လာခဲ့ကြလေ၏။

စနေးဖဲတောင်မှာ ပေပေါင်း ၅၀၀၀ ခန့်မြင့်၏။ ၎င်း၏ တောင်ထိပ်နှစ်ခုကိုကား ကျွန်ုပ်တို့ခရီးစထွက်သည့်နေရာမှ မမြင်နိုင်ချေ။ ဆီးနှင်းများဖုံးအုပ်လျက်ရှိသော တောင်ကမ်းပါးကြီးများကိုသာ အဝေးမှမြင်ရ၏။ ကျွန်ုပ်တို့မှာ တစ်ယောက်နောက်မှတစ်ယောက် လျှောက်သွားကြပြီးလျှင် ဟန်က ရှေ့ဆုံးကသွားသဖြင့် စကားပြောခွင့်မရချေ။ ကျွန်ုပ်မှာ ကြောက်ရွံ့စိုးရိမ်ရန်ပင် သတိမရတော့ဘဲ ကမ္ဘာမြေကြီး၏ ဤနေရာဤဌာနတွင်မှ ယင်းကဲ့သို့ ထူးခြားဆန်းကျယ်သည့် ကျောက်အမျိုးမျိုး ရှိ၍နေလေသလောဟု စဉ်းစားကာ အိုက်စလန်ကျွန်း၏ ဘူမိဗေဒသမိုင်းတစ်ခုလုံးကိုပါ စိတ်ထဲတွင် သတိရလျက်ရှိလေ၏။

ကျွန်ုပ်တို့သိရှိသည့်အတိုင်း လွန်ခဲ့သည့်နှစ်ပေါင်းကုဋေကုဋာအချိန်က ယခုအခါ ကုန်းခေါင်ခေါင်ဖြစ်နေသောနေရာများသည် ပင်လယ်ရေပြင်အတိဖြစ်ခဲ့၏။ တဖြည်းဖြည်းအချိန်ရှည်ကြာလတ်သော် ကုန်းမြေသည် အပေါ်သို့ကြွ တက်ခါ ယခုတည်နေသကဲ့သို့ဖြစ်လာ၏။ အမှန်အားဖြင့် အိုက်စ

လန်ကျွန်းသည်လည်း ပင်လယ်ရေအောက်မှ ပေါ်ထွက်လာသည်မှာ များစွာမကြာလှသေးကြောင်း အခြားနေရာများနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် ကောင်းစွာထင်ရှားတော့၏။ လွန်ခဲ့သော နှစ်ပရိစ္ဆေဒအားဖြင့် သန်းပေါင်း ၂၀–၃၀ ခန့်မျှရှိပေလိမ့်မည်။ ၎င်းသည် ပင်လယ်ဘက်မှ ကုန်းဘက်သို့ တဖြည်းဖြည်းတရွေ့ရွေ့တွန်းဝင်တိုက်စားလာဟန် လက္ခဏာရှိ၏။ ဤသို့ဆိုက မြေအောက်မှ တစုံတခုသောအရာသည် အထက်သို့တွန်းကန်နေဟန် လက္ခဏာရှိ၏။ ယင်းသည်ကား မြေအောက်အလွန်နက်ရှိုင်းသောနေရာမှ အပူဓာတ်ပင် ဖြစ်လေသလော။ ဤအတိုင်းမှန်လျှင် လောကဓာတ်ဆရာကြီး 'ဟန်ဖရီဒေဗွီ'သည်လည်းကောင်း၊ ဦးလေးနှင့် ဆက္ကနူဆမ်တို့သည်လည်းကောင်း အားလုံးမှားယွင်းပေတော့မည်။

ကျွန်ုပ်တို့ခရီးတစ်လျှောက် တွေ့မြင်သိရှိခဲ့ရသမျှမှာ မြေကြီး၏အောက် အလွန်နက်သောနေရာတွင် အပူရှိန်ဒီဂရီသည်လည်း အဆမတန်ကြီးမားဟန်ရှိ၏။ သို့ဖြစ်၍ အောက်သို့နက်လေလေ အပူရှိန်ကြီးမား၍လာလေလေ ဖြစ်ပေမည်။ သို့နှင့်ပင် ဦးလေးသည် ကမ္ဘာပထဝီ၏ အလယ်ဗဟိုသို့သွားရောက်ရန် မျှော်လင့်လျက်ရှိ၏။ ရူးသွပ်ခြင်းပင်တည်း။ မည်သည့်နည်းနှင့်မဆို ဦးလေးသည် ရေများကြွက်ကြွက်ဆူ၍ ကျောက်တုံးကျောက်ခဲများ အရည်ပျော်သည့်နေရာသို့ မရောက်ပီမင် လှည့်၍ပြန်လာရပေလိမ့်မည်။

အထက်ပါအကြောင်းများကို စဉ်းစားမိသောအခါ ကျွန်ုပ်မှာ စိတ်သက်သာ၍ ပျော်ရွှင်လာတော့၏။ ကျွန်ုပ်တို့ တက်နေသောလမ်းမှာ တဖြည်းဖြည်းမတ်စောက်လာသဖြင့် တက်ရန် ခက်ခဲလာတော့၏။ ဟန်မှာမူ မြေပြင်တွင် လျှောက်နေသကဲ့သို့ သက်သောင့်သက်သာပင်သွားလျက်ရှိ၏။ တစ်ခါတစ်ရံ ကျောက်တုံးကြီးများ၏ လက်ယာဇက်သို့လည်းကောင်း၊ ဘက်ဝဲဘက်သို့လည်းကောင်း၊ နောက်သို့ကွေ့၍သွားသောအခါ ကျွန်ုပ်တို့ မျက်စေ့အောက်မှ ပျောက်ကွယ်သွား၏။ အပြန်တွင် လမ်းကိုမှတ်မိစေရန် သူသည် မကြာခဏ ကျောက်တုံးကလေးများကို စုပုံမှတ်သားထားသည်ကို တွေ့မြင်ရ၏။

၃ နာရီခန့် ပင်ပမ်းကြီးစွာ သွားမိကြပြီးနောက်အဆုံးသပ်တွင် ကျွန်ုပ်တို့မှာ တောင်ခြေရင်း၌ပင် ရှိနေကြသေး၏။ ဟန်က အကြံပေးသည့်အတိုင်း ထိုနေရာတွင် ခေတ္တမျှရပ်နားကြပြီးနောက် အစားအစာများကို စားသောက်ကြရ၏။ ဦးလေးမှာ ရေ့လောကြီးနေသဖြင့် ကျွန်ုပ်တို့ထက် နှစ်ဆ လျင်မြန်စွာ စားသောက်၏။ စားသောက်ရုံမျှမက ခေတ္တမျှ အမောအပန်းဖြေကြသေးသည်ဖြစ်၍ တစ်နာရီခန့်ကြာမှ ခရီးဆက်နိုင်ကြလေသည်။ အိုက်စလန်ကျွန်းသားသုံးယောက်တို့မှာ 'ဟန်' ထက် ပို၍ပင် စကားနည်းကြသေး၏။

ထို့နောက် ဆက်လက်တက်ကြပြန်ရာ တောင်ထိပ်မှာ နီးကပ်လာသည်ထင်ရသော်လည်း မည်မျှလောက် ဆက်လက်တက်ရဦးမည် မသိရသေးပေ။ ကျွန်ုပ်တို့သွားလမ်းရှိ ကျောက်

တုံးကျောက်ခဲများမှာလည်း ကျောက်ပုံကြီးတစ်ခုကဲ့သို့ ရှိနေသဖြင့် အချို့သည် ကျွန်ုပ်တို့နင်းလိုက်တိုင်း ခြေအောက်မှ ချော်ထွက်ခါ တောင်နံဘေးသို့ ကျသွားကြကုန်၏။ တောင်မှာ တဖြည်းဖြည်း မတ်စောက်လာသဖြင့် ကျွန်ုပ်တို့သည် တည့်တည့်မတက်နိုင်ဘဲ ဘေးစောင်းတက်ကြရ၏။ ယင်းသည်လည်း မလွယ်ကူလှချေ။ ကျွန်ုပ်တို့မှာ တစ်ယောက်နှင့်တစ်ယောက် တုတ်များကမ်းကာ တစ်ယောက်ကိုတစ်ယောက်ကူညီကြရကုန်၏။

ဦးလေးသည် ကျွန်ုပ်နှင့် နီးကပ်နိုင်သမျှနီးကပ်အောင် နေရာယူလျက် အကြိမ်ပေါင်းများစွာ သူ၏လက်ဖြင့် ကျွန်ုပ်အား ကူညီဖေးမပေး၏။ သူသည် တောင်တက်သမားတစ်ယောက်ဖြစ်၍ တစ်ကြိမ်မျှ လဲကျခြင်းမရှိချေ။ ဝန်ထုပ်ဝန်ပိုးများ သယ်ဆောင်လျက်ရှိသော အိုက်စလန်ကျွန်းသားများမှာမူ ဝန်အမြောက်အများနှင့်ပင် မနားမနေ အေးအေးသာသာ တက်နိုင်ကြ၏။ တောင်ထိပ်သို့ကား ကျွန်ုပ်တို့မှာ မရောက်နိုင်တော့သကဲ့သို့ ရှိတော့၏။

ညနေ ၇ နာရီသို့ရောက်သောအခါ ကျွန်ုပ်တို့မှာ ပေ ၂၀၀၀ ခန့် ရောက်ခဲ့လေပြီ။ ထိုနေရာသည်ကား မီးတောင်ဝ၏ အောက်ခြေထက်ပင် မြင့်သောနေရာဖြစ်၏။ ပင်လယ်ပြင်သည် ကျွန်ုပ်တို့ထက် ပေပေါင်း ၃၂၀၀ ခန့်တွင်ရှိနေ၏။ ထိုအချိန်၌ ကျွန်ုပ်တို့မှာ နှင်းခဲဒေသသို့ ရောက်လာခဲ့ပြီဖြစ်၍ အဆမတန်အေး၍လာတော့၏။ လေသည်လည်း ပြင်းထန်စွာ

တိုက်ခိုက်လျက်ရှိရာ ကျွန်ုပ်မှာ ခြေကုန်လက်ပမ်းကျပြီးလျှင် ရှေ့သို့ မဆက်နိုင်တော့ဘဲ လဲကျမည်ကဲ့သို့ရှိနေတော့၏။ ဦးလေးသည် ကျွန်ုပ်၏အဖြစ်ကိုမြင်သောအခါ ဒေါသမထွက်ဘဲ ခေတ္တမျှနားနေရန် စီစဉ်လေသည်။ ဤအကြောင်းကို ဟန်အား ပြောရာ ဟန်က ဦးခေါင်းကိုခါလျက် "အဖန်ဖော"ဟု ဟစ်အော်လိုက်ရာ၊ ဦးလေးက "အဖန်ဖော၊ ဟုတ်လားဟေ့"ဟုပြန်ပြောလိုက်၏။

"သူ ဘာပြောတာလဲ ဦးလေး"

"မနားသေးဘူး။ ရှေ့ဆက်ပြီး မြင့်မြင့်ရောက်အောင် တက်ဦးမယ်လို့ ပြောတာကွဲ့"

ထိုအချိန်၌ ဟန်သည် 'မစ်စတောင်း'ဟု ဟစ်အော်လိုက်ရာ၊ အလုပ်သမား ကျွန်းသားတစ်ယောက်က "ဂျား-မစ်စတောင်း၊ ဂျား-မစ်စတောင်း"ဟု အလန့်တကြားပြန်၍အော်လိုက်လေသည်။

"သူ ဘာပြောတာလဲ"

"ကြည့်စမ်း အိတ်ဇယ်။ ကြည့်စမ်း"

ကျွန်ုပ်သည် ဦးလေးညွှန်ပြသည့်အတိုင်း အောက်သို့ငုံ့ကြည့်လိုက်ရာ ပြင်းထန်စွာတိုက်ခတ်လာသော မုန်တိုင်းတစ်ခုကို တွေ့ရလေ၏။ မီးတောင်မှ ချော်မြုပ်များနှင့် သဲများသည် မည်းမှောင်၍နေအောင် မုန်တိုင်းနှင့်အတူပါလာလျက် ကျောက်ခဲကြီးငယ်များပင် လွင့်စင်၍လာတော့၏။ တောင်ကြီးသည် တစ်ဘက်သို့ အရိပ်ထွက်လျက်ရှိရာ လေသည် ထိုအရိပ်ထိုး

ရာဘက်သို့ တည့်တည့်ကြီးလာ၍နေချေပြီ။ အကယ်၍ မုန်တိုင်းမိပါက ကျွန်ုပ်တို့မှာ လွင့်စင်၍ ပါသွားတော့မည်မလွဲတည်း။ ယင်းမုန်တိုင်းမျိုးကို အိုက်စလန်ကျွန်း ဘာသာစကားဖြင့် 'မစ်စတောင်း'ဟုခေါ်လေသည်။

ဟန်က "ဟေစတစ် ဟေစတစ်"ဟု လျင်မြန်စွာဟစ်အော်လိုက်လေ၏။

ကျွန်ုပ်တို့မှာ ဒိန်းဘာသာစကားကိုပင် မတတ်သော်လည်း သူ့နောက်သို့ ကျွန်ုပ်တို့ အမြန်လိုက်ရန် ဆိုလိုကြောင်း ရိပ်မိ၏။ သူသည် တောင်၏အခြားဘက်သို့ လျင်မြန်စွာပြေးသွားရာ ကျွန်ုပ်တို့လည်း သူ့နောက်မှထပ်ချပ်မကွာ တစ်ခါတည်းလိုက်ပါ ပြေးသွားကြလေ၏။ မကြာမီ ချော်မှုန့်ကျောက်မှုန့်များနှင့်တကွ ကျောက်တုံးကျောက်ခဲများသည် တောင်ပေါ်သို့ကျ၍လာတော့ရာ ကျွန်ုပ်တို့ရပ်နေသော မြေသည်ပင် တုန်လှုပ်သွားတော့၏။ ကံကောင်းထောက်မသဖြင့်သာ အခြားဘက်သို့ ကျွန်ုပ်တို့ရောက်သွားပြီးလျှင် ချမ်းသာရာရကြလေသည်။ အကယ်၍သာ ကျွန်ုပ်တို့လမ်းပြက သတိမပေးခဲ့ပါမူ ကျွန်ုပ်တို့ကိုယ်များမှာ လေထဲသို့ လွင့်စင်ပါသွားပြီးနောက် အရိုးအသားရှာ၍ တွေ့တော့မည်မဟုတ်ပေ။

တောင်နံဘေးတွင် ညအိပ်ရန် မသင့်လျော်ကြောင်း ဟန်က သတိပေးသဖြင့် ဆက်လက်တက်ကြပြန်ရာ နောက်ထပ် ငါးနာရီကြာမှ တောင်ထိပ်သို့ ရောက်ကြလေသည်။ ထိုအခါ ကျွန်ုပ်မှာ အအေးဒဏ်အပြင် ဆာလောင်မွတ်သိပ်သည့်

ဒဏ်ကိုလည်း အလူးအလဲခံ၍နေရလေပြီ။ ထိုနေရာ၌လေသည် နည်းပါးလှသည်ဖြစ်၍ အသက်ရှူကြပ်သကဲ့သို့ ရှိနေ၏။ တောင်ထိပ်သို့ရောက်သောအခါညဥ့် ၁၁ နာရီမျှ ရှိနေပြီဖြစ်၍ မီးတောင်ထိပ်ဝ၏ အောက်သို့မဆင်းမီ 'သန်းကောင်ယံနေ' (ဒနိဂဟတ ဆုန)ကို တွေ့မြင်ကြည့်ထူခွင့်ရခဲ့ရ၏။ ၎င်းသည် ကျွန်ုပ်တို့မြေအောက်ရှိ ကျွန်းပေါ်တွင် အနိမ့်ဆုံးသောလမ်းကြောင်း၌ မှေးမှိန်သောအရောင်ဖြင့် ထွန်းလင်းလျက်ရှိလေသည်။

မကြာမီကျွန်ုပ်တို့သည် အစားအစာများ စားကြရ၍ စခန်းချရန် တတ်နိုင်သမျှ ပြင်ဆင်လျက်ရှိကြကုန်၏။ ကျွန်ုပ်တို့အိပ်ရာမှ မာကျော၍ လေကလည်း အေးမြ စူးရှလှ၏။ ကျွန်ုပ်တို့မှာ ပင်လယ်ပြင်မှ ပေ ၅၀၀၀ အမြင့်သို့ ရောက်နေသည်ဖြစ်၍ ယင်းအချက်များကို အံ့သြဖွယ်မရှိပေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်မှာကောင်းစွာအိပ်ပျော်တော့၏။ အိပ်ပျက်ခဲ့သည်မှာ အတန်ပင်ကြာပြီဖြစ်သည့်ပြင် ပင်ပမ်းနွမ်းနယ်လှပြီလည်းဖြစ်၍ ကျွန်ုပ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ အိပ်မက်ပင် မမက်တော့ချေ။

နောက်နေ့ နံနက်လင်း၍ အိပ်ရာမှထသောအခါ ကျွန်ုပ်တို့မှာ ခိုက်ခိုက်တုန်အောင် အေးမြလျက်ရှိ၏။ ထိုအချိန်၌ နေမှာ ထွက်ပေါ်လာပြီဖြစ်၍ ကျွန်ုပ်သည် ကျောက်ခဲအိပ်ရာမှထပြီးလျှင် လှပသောရှုမျှော်ခင်းကို သွား၍ကြည့်ရ၏။ ကျွန်ုပ်ရောက်ရှိနေသောနေရာမှာ တောင်ထိပ် နှစ်ခုရှိသည့်အနက်

တောင်ဘက်တောင်ထိပ်ဖြစ်၍ ထိုနေရာမှာ ကျွန်းတစ်ကျွန်းလုံး ကိုပင် စီး၍မြင်နိုင်လေရာ ကျွန်ုပ်၏ခြေရင်းတွင် မြေပုံတစ်ချပ်ကို ဖြန့်ချထားဘိသကဲ့သို့ ရှိတော့၏။

မကြာမီ ဦးလေးနှင့် ဟန်တို့သည် ကျွန်ုပ်ရှိရာသို့ ရောက်လာကြ၏။ ဦးလေးသည် အနောက်ဘက်သို့လှည့်ခါ အလွန်ဝေးသောအရပ်တွင် ပင်လယ်ရေပြင်ဘက်မှ မီးခိုးနှင့်တူသည့်အရာဝတ္ထုလေးတစ်ခုကို လက်ညှိုးညွှန်လျက်

"အဲဒါ ဂရင်လန်ကျွန်းကွ"

"ဂရင်လန်၊ ဟုတ်လား ဦးလေး"

"ဟုတ်တာပေါ့ကွဲ့။ တို့အခုရောက်နေတဲ့နေရာကနေပြီး မိုင် ၁၀၀ လောက်ပဲဝေးမယ်။ မင်းမသိဘူးဟုတ်လား အိတ်ဇယ်။ ဥရောပတိုက်ရဲ့ အစိတ်အပိုင်းတစ်ခုပေါ်ကနေပြီး အမေရိကတိုက်ရဲ့ အစိတ်အပိုင်းတစ်ခုကို မြင်နိုင်တယ်ဆိုတာ ဒီနေရာပေါ့ကွဲ့"

"ဟုတ်လား ဦးလေး။ အခု ဦးလေးပြောမှ ကျွန်တော်သိတယ်"

ဦးလေးက ဆက်လက်၍

"တို့ဟာ စနေးဖဲတောင်ထိပ်ပေါ် ရောက်နေတယ်။ ဒီမှာတောင်ထွတ်နှစ်ခုရှိတယ်။ တစ်ခုက တောင်ဘက်က တစ်ခုက မြောက်ဘက်က။ ဒီတော့ တို့အခုရောက်နေတဲ့ တောင်ထွတ်ကို သူတို့အိုက်စလန်ကျွန်းသားတွေက ဘယ်လိုခေါ်သလဲဆိုတာ ဟန်တော့သိမှာပါ"

သို့နှင့် ဦးလေးက ဟန်ဘက်သို့လှည့်၍မေးလိုက်ရာ ဟန်က "စကားတရစ်"ဟု ဖြေလိုက်၏။ ထိုအခါ ဦးလေးမှာ အကြီးအကျယ်ဝမ်းမြောက်ကျေနပ်သွားဟန်လည်း ကျွန်တော်တို့ဘက်လှည့်ကာ

"ကဲ ဒါဖြင့် မီးတောင်ထိပ်ဝကို တို့သွားကြစို့"

ဟု ပြုံး၍ပြောလိုက်လေသည်။

* * *

စနေးဖဲတောင်ကြီး၏ မီးတောင်ထိပ်ဝမှာ ၃ မိုင်ခန့် ကျယ်၍ အနက်အားဖြင့် ပေ ၂၀၀၀ ခန့် ရှိပေလိမ့်မည်။ မီးတောက်မီးလျှံများ၊ ပြာများ၊ ပွက်ပွက်ဆူသည့် ချော်ရည် ချော်မြုပ်များ ထွက်နေစဉ်အခါက မည်မျှလောက် ကြီးမား ကြောက်မက်ဖွယ်ကောင်းမည်ကို စဉ်းစား၍ကြည့်နိုင်၏။ မီးတောင်ဝ၏ အောက်ခြေမှာ ပေ ၅၀၀ ပတ်လည်ထက်ပို၍ မရှိနိုင်သဖြင့် အောက်သို့ဆင်းရန် ခဲယဉ်းလှမည်မဟုတ်ပေ။ သို့နှင့် ဟန်က ကျွန်ုပ်တို့လူစုထိပ်တွင် နေရာယူလိုက်ရာ ကျွန်ုပ်လည်း ၎င်းနောက်မှ ပါသွားလေ၏။

အချို့နေရာများ၌ ကျွန်ုပ်တို့သည် ရေခဲများထူထပ်စွာ ဖုံးအုပ်နေသည့်နေရာများကို တွေ့ရ၏။ ထိုနေရာများ၌ ဟန်သည် သတိကြီးစွာဖြင့်လျှောက်သွား၏။ ခြေလှမ်းတိုင်း ကျွန်ုပ်တို့အတွက် အောက်ခြေခိုင်မခိုင်ကို သူ၏တုတ်ဖြင့် တီးခေါက် စမ်းသပ်ကြည့်ပြီးမှ လျှောက်သွား၏။ ထို့ထက်ပို၍ ဘေးအန္တရာယ်ရှိမည်ဟုထင်ရသော နေရာများတွင် ကျွန်ုပ်တို့သည်

အကယ်၍ တစ်ယောက်လဲကျက ကျန်လူများက ဆွဲတင်ကယ် ယူနိုင်ရန် ကြိုးရှည်ကြီးတစ်ချောင်းဖြင့် တစ်ယောက်နှင့်တစ် ယောက် သီပြီးလျှင် သွားကြကုန်၏။ သို့နှင့်ပင် တစ်ခါတရံ ဘေးအန္တရာယ်နှင့် မတွေ့ဟု မပြောနိုင်ချေ။

၁၂ နာရီထိုးလတ်သော် ကျွန်ုပ်တို့သည် အောက်ခြေ သို့ ရောက်သွားကြ၏။ ကျွန်ုပ်သည် အပေါ်သို့မော်ကြည့်ရာ၊ ပြာလဲ့သော ကောင်းကင်ကို နောက်ခံထားလျက် ဝိုင်းဝက်နေ သော မီးတောင်တွင်းဝကို တွေ့မြင်ရ၏။ ၎င်း၏ အစွန်း၌ကား နေရောင်ဖြင့်လင်းနေသော စကားတရစ်တောင်ထိပ်ကိုတွေ့မြင် ရလေသည်။

အောက်ခြေတွင် တွင်းကြီးသုံးတွင်းရှိရာ အမှန်အား ဖြင့်သော် ယင်းတို့သည် စနေးဖဲတောင်ကြီးမှ မီးနှင့်ချော်မြုပ် များထွက်ရာ ဗဟိုအချက်အချာ ခေါင်းတိုင်ဝများဖြစ်၍ တွင်း တစ်တွင်းလျှင် ပေ ၁၀၀ ခန့်ကန့်လန့်ဖြတ် ကျယ်ဝန်း၏။ ကျွန်ုပ်မှာ ယင်းတို့အား စိမ်းစိမ်းကြည့်ဖို့ပင် ကြောက်ရွံ့မိသော် လည်း ဦးလေးမှာမူ နီးကပ်စွာသွားရောက်လေ့လာလျက်ရှိတော့ ၏။ ဦးလေးသည် အတော်ပင် စိတ်နှလုံးတုန်လှုပ်ချောက်ခယား နေဟန်ရှိ၍ တစ်ခါတစ်ရံ မိမိကိုယ်ကိုပြောသကဲ့သို့တစ်ယောက် တည်း စကားပြောနေသည်ကို မြင်ရ၏။ ဟန်နှင့် သူ၏အဖော် မှာမူ ကျောက်တုံးများပေါ်၌ထိုင်ကာ ဦးလေး၏အမူအရာကို ကြည့်ရှုလျက်ရှိကြရာ သူတို့အမြင်တွင် ဦးလေးအား အရူးကြီး တစ်ယောက်ကဲ့သို့ မြင်၍နေလေမည်လား မပြောတတ်ပေ။

ဦးလေးသည် ရုတ်တရက် ကျယ်လောင်စွာဟစ်အော် လိုက်ရာ တွင်းထဲသို့ပင် ကျသွားလေပြီလောဟု ထင်လိုက်မိ၏။ သို့သော် မကျချေ။ မီးတောင်တွင်း၀ အလယ်ဗဟို အနီးရှိသော ကျောက်တုံးကြီးတစ်တုံးရှေ့၌ ခြေနှင့်လက်များကိုဆန့်တန်းကာ မလှုပ်မရှက် ရပ်လျက်ရှိ၏။ အကယ်၍ သတိပြန်၍ ရလာခဲ့လျှင်လည်း ဝမ်းမြောက်အားကြီးသဖြင့် ရူးသွပ်သည့် အခြေအနေသို့ပင် ရောက်၍သွားကောင်း သွားလေမည်လား မသိနိုင်ချေ။

"အိတ်ငယ်။ ဟေ့ အိတ်ဇယ်၊ အိတ်ဇယ်။ ဒီကိုလာဦး ဟေ့၊ လာဦး"

ကျွန်ုပ်သည် သူရှိရာသို့ ပြေးသွား၏။ ဟန်နှင့် သူ၏ အဖော်များမှာမူ တုတ်တုတ်မျှ မလှုပ်ချေ။

"ကြည့်စမ်း။ ဒီမှာ ကြည့်စမ်း"

ကျွန်ုပ်မှာ ဦးလေးကဲ့သို့ပင် ဝမ်းမြောက်အံ့ဩ၍နေမိတော့၏။ ကျောက်တုံးကြီး၏ မျက်နှာတစ်ဘက်၌ကား ရူနစ်အက္ခရာတို့ဖြင့် ရေးသားထားသော အာနီဆက္ကနူဆမ်၏ နာမည်ကြီးကိုပါ အောက်ပါအတိုင်းတွေ့မြင်ရတော့၏။ စာမှာ နှဟစ်ပရိစ္ဆေဒ ကြာလှပြီဖြစ်၍ အချို့နေရာတွင် ပွန်းပဲ့ပျက်စီးနေသော်လည်း ကောင်းစွာဖတ်နိုင်သေး၏။

"အာနီဆက္ကနူဆမ်၊ ဟော့ အိတ်ဇယ်၊ မင်း ဘာများ သံသယဖြစ်နေစရာ ရှိသေးသလဲ ဟင်"

ကျွန်ုပ်က ပြန်၍ အဖြေမပေး။ ဖြေလည်း မဖြေနိုင်ချေ။ သို့နှင့် ကျွန်ုပ်သည် ကျောက်တုံးတစ်တုံးပေါ်သို့သွား၍ထိုင်ကာ တွေဝေလျက်ရှိနေလေ၏။ ကျွန်ုပ်မဆုံးဖြတ်နိုင်သည့် ပြဿနာကြီးတစ်ရပ်ပါပေတည်း။ အချိန်မည်မျှလောက် ကြာအောင် တွေဝေစဉ်းစား၍ နေမိသည်မသိပေ။ သတိရ၍ ကြည့်လိုက်သောအခါ အိုက်စလန်ကျွန်းသားသုံးယောက်တို့မှာ စတာပီရှာသို့ ပြန်သွားကြပြီဖြစ်ကြောင်း သိရပြီးလျှင် ဦးလေး ကျွန်ုပ်နှင့် ဟန်တို့သာ မီးတောင်တွင်းဝအောက်ခြေတွင် ကျန်ရှိရစ်ခဲ့ပေတော့၏။

ဟန်သည် သူ့အိပ်ရာကို သူပြင်ဆင်ပြီးလျှင် ကျောက်ဆောင်အောက်တစ်နေရာတွင် ငြိမ်သက်စွာ အိပ်လျက်ရှိ၏။ ဦးလေးမှာ အငြိမ်မနေနိုင်သော သားရဲတိရစ္ဆာန်တစ်ယောက်ကဲ့သို့ လူးလားတုန့်ပြန် စင်္ကြံလျှောက်လျက်ရှိ၏။ ကျွန်ုပ်မှာမူ နေရာမှပင် ထလိုသောဆန္ဒမရှိ။ ထ,ရန် အင်အားလည်းမရှိတော့ချေ။ သို့နှင့် နေရာ၌ပင် ကိုယ်ကိုပစ်လှဲလိုက်ရာ တစ်ခါတည်း အိပ်ပျော်သွားလေတော့၏။ သို့သော် အိပ်ပျော်နေသည့်အတွင်း တောင်ကြီးမှ အသံများကို ကြားရသကဲ့သို့လည်း ကောင်း ထင်မိသေး၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် မီးတောင်ဝ၏အောက်ခြေ၌ ပထမည၌ကို ကုန်လွန်စေခဲ့၏။

* * *

နောက်တစ်နေ့ မိုးအုံ့၍ ညို့မှိုင်းနေသဖြင့် ဦးလေး တစ်ယောက်တည်း စိတ်တိုလျက်ရှိ၏။ အပြင်းအထန်ဒေါသ ထွက်နေ၏။ ဤသို့ ဒေါသထွက်ရခြင်းအကြောင်းမှာ အောက် ပါအတိုင်းဖြစ်၏။

သွားနိုင်သော လမ်းသုံးသွယ်ရှိသည့်အနက် ဆက္ကနူ ဆမ်သည် တစ်လမ်းတည်းကိုသာ လိုက်ခဲ့၏။ သူ၏အဆိုအရ လမ်းတစ်လမ်းတည်းသာ ရှာဖွေရမည်ဖြစ်၏။ ထိုလမ်းသည် ကား ဇွန်လ၏ နောက်ဆုံးရက်များတွင် စကားတရစ်တောင်ထိပ် ၏ အရိပ်ကျရောက်ရာ တွင်းဝဖြစ်ရပေမည်။ သို့သော် နေမရှိ သဖြင့် အရိပ်မထွက်သောကြောင့် လမ်းသုံးလမ်းရှိသည့်အနက် မည်သည့်လမ်းကို လိုက်ရမည်မသိရချေ။ ထိုနေ့မှာ ဇွန်လ ၂၅ ရက်နေ့သို့ပင် ရောက်ရှိနေပြီဖြစ်၏။ အကယ်၍ နောက်ထပ် ၄ရက်မျှ နေရောင်မရှိဘဲ မိုးအုံ့နေခဲ့ပါမူ ကျွန်ုပ်တို့မှာ မည်သို့ မျှ မတတ်နိုင်ဘဲ နောက်ထပ်တစ်နှစ်မျှ စောင့်ရပေဦးတော့မည်။ ဦးလေး စိတ်တိုလျှင်လည်း တိုလောက်ပါပေ၏။

ရက်များသည် ကုန်၍သွားသော်လည်း အရိပ်ကား ထွက်ပေါ်၍မလာချေ။ ဟန်မှာ ကျွန်ုပ်တို့ စောင့်ဆိုင်းနေသည်ကို အံ့ဩဟန်ရှိသော်လည်း တစ်စုံတစ်ရာ တုန်လှုပ်ခြင်းမရှိချေ။ ဦးလေးသည် ကျွန်ုပ်ကိုပင် စကားမပြောတော့ဘဲ ကောင်းကင် ကိုသာ စူးစိုက်ကြည့်ရှုလျက် ရှိနေလေ၏။ ၂၆ ရက်နေ့သို့ ရောက်သည့်တိုင်အောင် အရိပ်ထွက်ပေါ်၍မလာသေးချေ။ တစ် နေ့လုံး မိုးနှင့်ဆီးနှင်းဆီများ ကျလျက်ရှိရာ ဟန်သည် ကျောက်

တုံးများဖြင့် တဲတစ်ခုကို ဆောက်လုပ်လျက်ရှိ၏။ ကျွန်ုပ်မှာမူ တွင်းကြီးထဲသို့ ကျဆင်းလျက်ရှိသည့် ရာထောင်မကသော စမ်းကလေးများကိုကြည့်ကာ အချိန်ကိုလွန်စေရတော့၏။ ဦးလေးမှာမူ ဒေါသထွက်သည်ထက် ထွက်နေသည်ကိုသာ မြင်ရတော့၏။

နောက်တစ်နေ့ရောက်ပြန်ရာ ယခင်ကကဲ့သို့ပင် အုံ့မှိုင်းရီမှောင်၍နေ၏။ နေလည်းမရှိ။ ပြာလဲ့သော ကောင်းကင်ကိုလည်းမမြင်ရ။ အရိပ်လည်း မထွက်ချေ။ နောက်တစ်နေ့ ဇွန်လ ၂၈ ရက် တနင်္ဂနွေနေ့သည်ကား လ,ကုန်ရန် နှစ်ရက်မျှသာ လိုတော့၏။ ထိုနေ့၌ ရာသီဥတုသည် ရုတ်တရက်ပြောင်းလဲသွားတော့၏။ နေသည် ကောင်းကင်မှပေါ်ထွက်လာသော ထိန်လင်းတောက်ပသော ရောင်ခြည်များကို တွင်းထဲသို့ဖြန့်၍ ချလိုက်သကဲ့သို့ရှိတော့၏။ တောင်ပူစာကလေးတိုင်း ကျောက်ဆောင်တိုင်း ကျောက်တုံးတိုင်းပေါ်သို့ နေရောင်ကျရောက်ကာ အရိပ်များထွက်ပေါ်လာတော့၏။ အခြားအရိပ်များထဲတွင် စကားတရစ်တောင်ထိပ်၏ အရိပ်ကိုမြင်ရလေရာ ၎င်းနှင့် နေနှင့်အတူ ရွေ့လျား၍သွားလေ၏။ ဦးလေးကလည်း ၎င်းရွေ့လျားသည်နှင့်အမျှ လိုက်ပါကြည့်ရှုလေ၏။ ၁၂ နာရီအချိန်သို့ရောက်သောအခါ ၎င်းသည် အလယ်တွင်းကြီးအဝ နှုတ်ခမ်းသားပေါ်သို့ ထိသည်ဆိုရုံမျှ ထိတွေ့ကျရောက်နေသည်ကို ထင်ရှားစွာ တွေ့မြင်ရလေသည်။

"ဟိုမှာဟေ့ အိတ်ဇယ်။ ဟိုမှာကွ။ မင်းမြင်ပြီမဟုတ်လား"

ဦးလေးသည် ဤမျှနှင့်ပင် အားမရသေးဘဲ "ကဲ တို့တတွေ ကမ္ဘာမြေကြီးရဲ့အလယ်ဗဟိုကိုရောက်အောင်သွားကြစို့" ဟု ဒိန်းဘာသာဖြင့်ပင် ထပ်၍ဟစ်အော်လိုက်သေး၏။ ကျွန်ုပ်သည် ဟန်ကိုကြည့်လိုက်ရာ ဟန်က 'ဖွော်ရတ်'ဟုဖြည်းညှင်းစွာအော်လိုက်၏။ ထိုအခါ ဦးလေးကလည်း ပြန်၍ 'ဖော်ဝပ်' (ရှေ့သို့တိုးကြစို့)ဟု ဟစ်အော်လိုက်သည်။

ထိုအချိန်သည်ကား ၁ နာရီ ၁၃ မိနစ်တိတိ ရှိနေလေ ပြီ။

* * *

ယခုမှ ကျွန်ုပ်တို့၏ခရီးကြီး စတော့၏။ ယခုအချိန်ထိ ကျွန်ုပ်တို့လာခဲ့ရသည်မှာ မောပန်းသည်မှတပါး ခဲယဉ်းခြင်းမရှိလှပေ။ သို့သော် ယခုအချိန်မှစ၍ကား ယခင်ကထက်ပို၍ အခက်အခဲများနှင့် တွေ့ရပေတော့မည်။ ကျွန်ုပ်မှာ ထိုအချိန်သို့တိုင်အောင် အဆုံးမရှိသော တွင်းနက်ကြီးကို ငုံ့၍ မကြည့်မိသေးချေ။ ယခုကား အချိန်ရောက်၍လာပေပြီ။ ကျွန်ုပ်သည် အခြားသူများနှင့်အတူ ရှေ့သို့ဆခ်၍လိုက်မည်လော။ သို့မဟုတ် ဤနေရာမှ ရှေ့သို့မတိုးဘဲ နေရစ်ခဲ့ရမည်လောဟု ဆုံးဖြတ်ရန်ရှိ၏။ ဟန်မှာ သွားရန်အသင့်ပြင်ဆင်နေပြီဖြစ်ရာ၊ ကျွန်ုပ်က နေရစ်ခဲ့ရန် ရှက်ကြောက်မိ၏။ ဟန်ကား မည်သည့်

အရာကိုမျှ မကြောက်၊ မည်သည့်ဘေးအန္တရာယ်ကိုမှ မထီသည့် လူတစ်ယောက်ဖြစ်၍ ကျွန်ုပ်မှာသူ့ထက်ပို၍ သတ္တိနည်းရပါ မည်လော။ အကယ်၍ ဦးလေးနှင့် ကျွန်ုပ်နှစ်ယောက်တည်းသာ ရှိခဲ့ပါမူ ဦးလေးစီမံသော အကြံအစည်မှာ မဖြစ်နိုင်ကြောင်းဖြင့် အကြောင်းပြကာ ကျွန်ုပ်ရွံ့နေသည်ကို ထုတ်ဖော်ပြောဆိုဖြစ် မည်ဖြစ်၏။ သို့သော် လမ်းပြ၏မျက်မှောက်၌ ကျွန်ုပ်မှာ မည် ကဲ့သို့ပြောရပါအံ့နည်း။ သို့နှင့် ကျွန်ုပ်သည် တစ်စုံတစ်ရာမပြော တော့ချေ။ အိမ်တွင် ကျန်ရစ်ခဲ့သော ဂရွိုင်ဗင်ကိုလည်းကောင်း၊ ကျွန်ုပ်တို့အောင်မြင်ရန် သူမ၏ လိုလားမှုကိုလည်းကောင်း၊ ရုတ်တရက်ပြန်၍သတိရပြီးနောက် အလယ်တွင်းပေါက်ကြီး၏ နှုတ်ခမ်းဝသို့ ရဲဝံ့စွာသွားရောက်ကာ ရပ်နေလိုက်၏။

အထက်က ကျွန်ုပ်ရေးသားဖော်ခဲ့သည့်အတိုင်း တွင်း ဝမှာ ကန့်လန့်ဖြတ်ပေ ၂၀၀ ခန့်ရှိ၏။ သို့မဟုတ် ပတ်လည် ပေ ၃၀၀ ခန့်ရှည်လျား၏။ ကျွန်ုပ်သည် ကျောက်ဆောင်တစ်ခု ၏အစွန်းကိုကိုင်ပြီးလျှင် အတိုင်းမသိနက်လှစွာသော တွင်း ကြီးကိုငုံ့၍ကြည့်လိုက်မိ၏။ တွင်းကြီးကား နက်ရှိုင်းလှသဖြင့် ကျွန်ုပ်မှာ ခေါင်းနပမ်းကြီး၍သွားကာ ကျွန်ုပ်ကိုယ်ပေါ်ရှိ မွေး ညင်းကလေးများမှာ ထောင်၍လာပြီးလျှင် ကြယ်သီးများပင် ထမိ၏။ သို့နှင့် ကျွန်ုပ်မှာ အောက်သို့ ကျသွားလုမတတ် ကြောက်ရွံ့လျက်ရှိနေစဉ် သန်မာသော လက်ကြီးတစ်ဘက် သည် ကျွန်ုပ်အားဆွဲယူ၏။ သူကား ဟန်ပင်ဖြစ်လေသည်။ အမှန်အားဖြင့်သော် ကျွန်ုပ်သည် အမြင့်မှနေ၍ ကြည့်ဝံ့သော

ပညာရပ်ကို 'ကိုဂင်ဟောဂင်'မြို့၌ ရှိနေစဉ်က လုံလောက်စွာ မသင်ခဲ့မိသောကြောင့်ပင်တည်း။

ဤမျှလောက် ကြည့်ရှုံကလေးနှင့်ပင် တွင်းကြီးမှာ မည်ကဲ့သို့ရှိနေသည်ကို အတော်အတန် သဘောပေါက်မိလေပြီ။ တွင်းနံရံများမှာ အောက်သို့ တည့်မတ်စွာကျဆင်းသွားသော်လည်း ချောမွေ့ခြင်းမရှိပေ။ နေရာအနှံ့အပြားတွင် ချွန်ထက်သော ကျောက်စွန်းများသည် အပြင်သို့ ငေါထွက်လျက်ရှိ၏။ သို့သော် လက်ဖြင့်ကပ်ကုပ်ကိုင်တွယ်နိုင်သောနေရာဟူ၍ကား မရှိလှချေ။ တွင်းဝကြီး၏ အစွန်းတွင် ကျောက်စွန်းတစ်ခုကို ကြိုးဖြင့်ချည်ဆင်းမည်ဆိုက နေရာကျမည်မှန်သော်လည်း အောက်သို့ ကျွန်ုပ်တို့ရောက်သောအခါတွင် မည်သူသည် ကြိုးကိုအပေါ်ကဖြုတ်၍ပေးမည်နည်း။

ဦးလေးသည် ဤအခက်အခဲများကို အောက်ပါအတိုင်း ဉာဏ်ထုတ်၍ ပြုလုပ်လေသည်။ ဦးလေး၏နည်းမှာ လုံးပတ်အားဖြင့် လက်ညှိုးခန့်ရှိ၍ အရှည်ပေ ၄၀၀ လောက်ရှည်လျားသောကြိုးကို တဖြည်းဖြည်းအောက်သို့လျှောချ၏။ အောက်သို့ ပေ ၂၀၀ (ကြိုး၏ထက်ဝက်) ရောက်သောအခါ နံရံမှထိုးထွက်နေသော ကျောက်စွန်းကြီးတစ်ခုကို ကျော်ကာ ကျန်ရှိနေသော ကြိုးစကို အောက်သို့ချပြန်၏။ သို့နှင့် ကျွန်ုပ်တို့တစ်ယောက်စီသည် ယင်းကြိုးစနှစ်ခုကို ပူး၍ကိုင်ပြီးလျှင် အောက်သို့ ဆင်းသွားပြီးနောက် အောက်သို့ရောက်သောအခါ တစ်ဘက်သောကြိုးစကို အောက်မှနေ၍ ဆွဲယူလိုက်ခြင်းအားဖြင့်

ကျွန်ုပ်တို့လိုအပ်သည့်အတိုင်း အလွယ်တကူ ကိစ္စပြီးမြောက်နိုင်၏။ ဤနည်းနှင့် ရှေ့သို့ဆက်ကာ ပြုလုပ်နိုင်ပေသည်။

"ဝန်စည်စလယ် အထုပ်အပိုးတွေအတွက် ဒီလိုလုပ်မယ်ကွဲ့။ အားလုံးကို ၃ ပုံ ပုံပြီး တစ်ယောက် ၁ ပုံကျောကုန်းမှာပိုးရမယ်။ အဲဒါလည်း အလွယ်တကူနဲ့ ကျိုးမယ့်ပဲ့မယ့်ပစ္စည်းတွေကိုပြောတာပါကွယ်"

ဦးလေးကပင် ဆက်လက်၍ "ဟန်က လေးလံတဲ့ စူး ဆောက် တန်ဆာပလာ ကိရိယာတွေနဲ့ စားရေရိက္ခာ ၃ ပုံ ၁ ပုံကိုယူရမယ်။ ဒီမယ် အိတ်ဇယ်၊ မင်းက သေနတ်တွေနဲ့ရိက္ခာ ၃ ပုံ ၁ ပုံယူ။ ကျန်တဲ့ရိက္ခာနဲ့ လောကဓာတ်ပညာဆိုင်ရာ အတိုင်းအထွာပစ္စည်းတွေကို ဦးလေးကယူမယ်"

"ဒါပေမယ့် အဝတ်တွေကို ဘယ်သူကယူမလဲ။ ပြီးတော့ ကြိုးခွေးကလည်း ရှိသေးတယ်"

"ဟာ ဒါတွေကတော့ သူတို့ဟာသူတို့ သယ်သွားကြမှာပေါ့ကွယ်"

"ဘယ်လိုသယ်သွားကြမှာလဲ"

"မင်းကြည့်နေ"

ဦးလေးသည် ဟန်အား မကျိုးနိုင် မပဲ့နိုင်သောပစ္စည်းများကို အထုပ်ကြီးတစ်ထုပ်ပြုလုပ်စေပြီးလျှင် အောက်သို့ပစ်ချစေ၏။ ကျွန်ုပ်မှာ အထုပ်ကြီးကျသွားသံကိုပင် ကြားရလေရာ၊ အသံမှာတဖြည်းဖြည်း တိုး၍သွားပြီးနောက် နောက်ဆုံးလုံးဝ မကြားရတော့ချေ။

"ကောင်းတယ်ဟေ့၊ ကဲ တို့များ ဆင်းကြဖို့ပဲရှိတော့တယ်"

ဦးလေးသည် လောကဓာတ်ပညာနှင့်ပတ်သက်သည့် ကိရိယာများကို သူ၏ ပခုံးပေါ်တွင်တင်လိုက်၏။ ဟန်က လေးလံသော စူးဆောက်တန်ဆာပလာများကို ယူသောအခါ ကျွန်ုပ်ကလည်း သေနတ်များကို ယူလိုက်ရတော့၏။ ဟန်က ပထမ၊ ထို့နောက် ဦးလေးက ဒုတိယဆင်း၍ ကျွန်ုပ်က နောက်ဆုံး တတိယ ဆင်းရ၏။ ကျွန်ုပ်တို့သည် စကားမပြောကြချေ။ အောက်သို့ ကျောက်ခဲများပဲ့ကျသံမှတစ်ပါး အခြားမည်သည့် အသံကိုမျှ မကြားရတော့ချေ။

* * *

ကျွန်ုပ်သည် ကြိုးနှစ်ချောင်းပူးကို လက်တစ်ဘက်က မြဲမြဲစွာ ဆုပ်ကိုင်လျက် အခြားလက်တစ်ဘက်က တုတ်ဖြင့် ကိုယ်ကိုဖေးကာ တဖြည်းဖြည်းအောက်သို့ ဆင်းသက်လေ၏။ ကြိုးသည်လူသုံးယောက်အတွက်အလေးချိန်ကိုခံနိုင်ရန် သေးလွန်းလှသဖြင့် ပြတ်ထွက်သွားမည်ကို ကျွန်ုပ်စိုးရိမ်မိ၏။ သို့နှင့် ကျွန်ုပ်လည်း ကြိုးကိုအားပြုသည်ဆိုရုံမျှသာ ပြုလေသည်။

နာရီဝက်ခန့်ကြာလတ်သော် ကျွန်ုပ်တို့သည် နက်ရှိုင်းလှစွာသော မြေခေါင်းတိုင်အတွင်း နံရံအပြင်သို့ငေါထွက်နေသည့် ကျောက်စွန်းပြားကြီးတစ်ခုပေါ်သို့ ရောက်ရှိခဲ့ကြ၏။ ဟန်သည် တစ်ဘက်သောကြိုးစကို အောက်သို့ဆွဲလေရာ

အခြားကြိုးစသည် မြောက်တက်သွားပြီးနောက် အပေါ်တွင် ရစ်၍ထားသော ကျောက်စွန်းကိုကျော်မိသောအခါ တစ်ခါ တည်းအောက်သို့ လျှောကျလာလေ၏။ သို့သော် ၎င်းနှင့်အတူ ကျောက်တုံးကျောက်ခဲကလေးများ အမြောက်အမြားပါလာလေ သည်။ ကျွန်ုပ်သည် ရောက်ရှိနေသော ကျောက်စွန်း၏အဖျား မှ အောက်သို့ငုံ့ကြည့်လိုက်၏။ သို့သော် မည်သည့်အရာကိုမျှ မမြင်ရချေ။ ထို့နောက် ကျွန်ုပ်တို့သည် ယခင်နည်းအတိုင်း အောက်သို့တစ်ထစ်ဆင်းကြပြန်ရာ၊ နောက်နာရီဝက်ခန့်ကြာ လတ်သော် နောက်ထပ်ပေ ၂၀၀ ခန့်ရောက်ရှိကြပြန်လေသည်။ ဤကဲ့သို့ ခဲယဉ်းစွာ ဆင်းသက်နေရသည့်အတွင်းမှပင် ဦးလေး သည် ကျောက်နံရံများတွင် ကျောက်အမျိုးအစားများကို နီးနီး ကပ်ကပ် ကြည့်ရှုလေ့လာလျက်ရှိလေသည်။

"ဒီမယ်ကွဲ့ အိတ်ဇယ်။ အောက်ကို နက်နက်သွားလေ လေ၊ ငါဟာ မှန်လေလေဆိုတာ ထင်ရှားတာပဲကွဲ့။ ဒီကျောက် တွေ အနေအထားအစီအစဉ်ဟာ ဟန်ဖရီဒေဗွီရဲ့ သဘောတရား ကို ကောင်းကောင်းကြီး ထောက်ခံနေတယ်။ ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုဟာ ဘယ်နည်းနဲ့မှ ပူမယ်မဟုတ်ဘူးဆိုတာ ငါ ယုံကြည်တယ်။ ဘာပဲဖြစ်ဖြစ်လေ၊ တို့မကြာခင် တွေ့ရတော့ မှာပေါ့"

ဦးလေးသည် ဤသဘောတရားကို အစဉ်စွဲမြဲ ယုံ ကြည်လျက်ရှိရာ၊ ကျွန်ုပ်ကမူ ဦးလေးစိတ်ဆိုးမည်စိုးသဖြင့်သာ ဆိတ်ဆိတ်နေလိုက်ရ၏။

ကျွန်ုပ်တို့သည် ဆက်လက်ဆင်းကြပြန်၏။ သို့သော် သုံးနာရီကြာပြီးသည်အထိ အောက်ခြေကို မမြင်ရသေးချေ။ အပေါ်သို့မော်ကြည့်လိုက်ရာ ကျွန်ုပ်တို့ဆင်းသက်လာခဲ့သော ခေါင်းတိုင်ကြီး၏ အဝမှာ ကျဉ်းမြောင်းသည်ထက်ကျဉ်းမြောင်းလာသည်ကို တွေ့မြင်ရပြီးလျှင် တဖြည်းဖြည်းလည်း မှောင်၍လာတော့၏။

သို့နှင့်ပင် ကျွန်ုပ်တို့သည် အောက်သို့တစ်ထစ်ပြီးတစ်ထစ် ဆင်းသက်ကြပြန်၏။ အလွတ်ကျလာသော ကျောက်ခဲများသည် အလွန်ဝေးသောနေရာမှမကျဘဲ အသံမှာလည်း ယခင်ကထက် ပို၍မြည်လာသည်ကို သတိပြုမိ၏။ ကျွန်ုပ်တို့ ကြိုးခွေကို ကျောက်စွန်းတစ်ခုမှအောက်ဘက်ရှိ အခြားကျောက်စွန်းတစ်ခုသို့ အကြိမ်ပေါင်းမည်မျှ ပြောင်းလဲတပ်ဆင်ခဲ့သည်ကို အသေအချာ မှတ်သားထားသဖြင့် ကျွန်ုပ်တို့မှာ အနက်မည်မျှသို့ ရောက်ရှိခဲ့ပြီကိုလည်းကောင်း၊ အချိန်မည်မျှ ကြာရှိခဲ့ပြီကိုလည်းကောင်း၊ ကောင်းစွာတွက်ချက်မှန်းဆနိုင်၏။ အောက်သို့ဆင်းသက်ရာ၌ ကြိုးတစ်ဆန့်တွင် နာရီဝက်ခန့်ကြာရှိ၍ ၁၄ ကြိမ်မျှ ရှိခဲ့လေပြီ။ ဤသို့လျှင် အချိန်အားဖြင့် နာရီပေါင်း ၇ နာရီရှိခဲ့ပြီဖြစ်၏။ ထို့အပြင် အနားယူချိန်နှင့် စားသောက်ချိန်အတွက် ၃ နာရီခန့်ကြာရှိသေးသဖြင့် ၎င်းကိုထည့်လိုက်သော် စုစုပေါင်း ၁၀ နာရီခွဲခန့် အချိန်ကြာခဲ့လေပြီ။ ကျွန်ုပ်တို့သည် ၁ နာရီထိုးအချိန်တွင် စတင်ဆင်းသက်ခဲ့ကြသဖြင့် ယခု ၁၁ နာရီထိုးခန့်ရှိရပေမည်။ အောက်သို့အနက်အားဖြင့်လည်းတစ်

ကြိမ်လျှင်ပေ ၂၀၀ ခန့်ရောက်၍ ၁၄ ကြိမ်မျှ ဆင်းသက်ခဲ့သော ပေပေါင်း ၂၈၀၀ ခရီးပေါက်ခဲ့လေပြီ။ ထိုခဏ၌ ကျွန်ုပ်သည် ဟန်၏အသံကို ရုတ်တရက်ကြားလိုက်ရ၏။

"ရပ်လိုက်ကြ"

ကျွန်ုပ်သည် ချက်ချင်းရပ်လိုက်၏။ သို့နှင့် ကျွန်ုပ်၏ ခြေထောက်မှာ ဦးလေး၏ဦးခေါင်းကို သီသီလေးမျှ လွတ်၍ သွားလေသည်။

"တို့ ဟိုကိုရောက်လာပြီဟေ့"

"ဘယ်ကိုရောက်လာတာလဲ ဦးလေး"

"ခေါင်းတိုင်ကြီးရဲ့ အောက်ခြေပေါ့ကွဲ့"

"ဒါဖြင့် အပြင်ထွက်ဖို့ လမ်းမရှိတော့ဘူးပေါ့"

"ရှိမှာပေါ့ကွယ်။ လယ်ယာဘက်မှာ ရှိလိမ့်မယ်ထင်တယ်။ နက်ဖြန်ကျရင် ကြည့်ရမှာပဲ။ အခုတော့ စားသောက်ပြီး အိပ်ကြဖို့ပဲ ရှိတော့တယ်"

သို့နှင့် ကျွန်ုပ်တို့သည် အိတ်တစ်လုံးကိုဖွင့်ပြီးလျှင် အစားအစာအချို့ကို ထုတ်ယူစားသောက်ကြလေ၏။ ထို့နောက် ကျောက်တုံးကျောက်ခဲများပေါ်၌ပင် အိပ်ရာနေရာများကို သက်သောင့်သက်သာ ရှိနိုင်သမျှရှိအောင် ပြင်ဆင်အိပ်စက်ကြရလေသည်။ ကျွန်ုပ်မှာ အိပ်ရာပေါ်သို့ လှဲလိုက်သော အခါ ခေါင်းတိုင်ကြီး၏ ထိပ်ဖျားတွင် ဝင်းလက်တောက်ပသော အရာတစ်ခုကို မြင်လိုက်ရသဖြင့် အသေအချာကြည့်ရှုရာတွင် ၎င်းမှာ ကောင်းကင်မှကြယ်ကလေးတစ်လုံးဖြစ်ကြောင်း သိရှိ

ရတော့၏။ ထို့နောက် ကျွန်ုပ်လည်း မကြာမီ အိပ်ပျော်သွားလေသည်။

* * *

နောက်တစ်နေ့နံနက် ၈ နာရီ၌ ပေ ၃၀၀၀ အနက်သို့ ဆင်းသက်ကျရောက်လာသည့် နေရောင်ကြောင့် ကျွန်ုပ်တို့သည် အိပ်ရာမှနိုးကြ၏။ အမှန်အားဖြင့်သော် ယင်းနေရာရောင်ခြည်မှာ လင်းလင်းချင်းချင်းမဟုတ်လှဘဲ ကျွန်ုပ်တို့အနီးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို ကွဲပြားအောင် မြင်နိုင်ရုံမျှသာရှိ၏။ ဦးလေးက အထူးပျော်ရွှင်နှစ်သိမ့်ဟန်လက္ခဏာဖြင့်

"ဘယ့်နှယ်လဲဟေ့ အိတ်ဇယ်။ ကွန်နစ်စထရာစီမှာရှိတဲ့ တို့ အိမ်ဟောင်းကြီးမှာအိပ်ရတာ အခုညလောက် တိတ်တိတ်ဆိတ်ဆိတ်ရှိရဲ့လား။ ဒီမှာ ဘယ်လမ်းပေါ်က အသံမှမရှိဘူး။ ဘာသံမှ မကြားရဘူး"

"ဟုတ်တာပေါ့ ဦးလေး။ သိပ် တိတ်ဆိတ်တာပဲ။ နို့ပေမယ့် ကျွန်တော်က တိတ်ဆိတ်တာ မကြိုက်ဘူး ဦးလေးရဲ့။ တိတ်ဆိတ်ရင် ကျွန်တော်က ကြောက်တယ်"

"လာဦး လာဦး။ မင်း အခုကတည်း ဒီလောက်ကြောက်ရင် နောက် ဘယ့်နဲ့လုပ်မလဲ။ တို့ အခု မြေကြီးထဲကို တစ်လက်မလောက်ပဲ ရောက်သေးတယ်"

"ဘာကိုဆိုလိုတာလဲ ဦးလေး"

"တို့ဟာ ပင်လယ်ရေပြင်ထက် နိမ့်တဲ့နေရာကိုတောင် မရောက်သေးဘူးကွဲ့။ စနေးဖဲကို တို့စပြီးတက်တဲ့နေရာနဲ့ ညီတူလောက်သာ ရောက်သေးတယ်"

“အမှန်ပဲလား ဦးလေး”

“မှန်တာပေါ့ကွဲ့။ ဘာရိုမီတာကိုကြည့်လေ”

ထိုအချိန်၌ ဘာရိုမီတာသည် ၂၉ လက်မ ပြလျက်ရှိလေသည်။

“မြင်လား အိတ်ဇယ်။ လေရဲ့သာမန်ဖိနှိပ်အားလောက်သာရှိသေးတယ် မဟုတ်လား”

“နို့ပေမယ့် ကျွန်တော်တို့အောက်ဆင်း ဆင်းသွားတော့ လေရဲ့ဖိနှိပ်အားဟာ ပိုကြီးကြီးလာပြီး အသက်ရှူဖို့တောင် ခက်ခက်လာတယ် မဟုတ်လား ဦးလေး”

“တို့ဟာ အောက်ကိုတဖြည်းဖြည်းဆင်းမယ်။ ဒီတော့ လေရဲ့ဖိနှိပ်အားကို တဖြည်းဖြည်း အကျင့်ရလာမယ်။ ပေါ့တာနဲ့စာရင် လေးတာက တော်သေးတာပေါ့ကွဲ့။ ကိုင်း အချိန်ကုန်လှတယ်ကွယ်။ ဘယ်မှာလဲဟေ့ မနေ့က တို့ ပစ်ချလိုက်တဲ့ အထုပ်”

ထိုအခါ ကျွန်ုပ်မှာ ယမန်နေ့ညက ထိုအထုပ်ကို ရှာ၍ မတွေ့ခဲ့မှန်း သတိရမိ။ ထိုအကြောင်းကို ဦးလေးက ဟန် အားမေးရာ၊ ဟန်သည် နံဘေးပတ်ဝန်းကျင်ကို ကြည့်ရှုပြီးနောက် အပေါ်သို့မော့ကြည့်ကာ “ဒါ ဟူပီ”ဟု အထက်သို့ လက်ညှိုးထိုး၍ ဟစ်အော်လိုက်လေသည်။ သူပြောသည့်အတိုင်း မော်ကြည့်လိုက်သည်တွင် အထုပ်မှာ ကျွန်ုပ်တို့အထက် ပေ ၁၀၀ ခန့်အမြင့်ရှိ ကျောက်စွန်းတစ်ခုတွင် ချိတ်နေသည်ကို တွေ့မြင်ရ၏။ သို့နှင့် ဟန်သည် အပေါ်သို့ ကုပ်ကပ်တက်သွား

ပြီးနောက် မိနစ်အနည်းငယ်အတွင်း အထုပ်ကို ပြန်၍ယူလာလေသည်။

"ကိုင်း မနက်စာ စားကြစို့ဟေ့။ လမ်းလျှောက်နိုင်အောင် ဝဝစားကြကွဲ့နော်။ ဒီကနေ့ ခရီးရှည် သွားကြရလိမ့်မယ်"

နံနက်စာ စားသောက်ကြပြီးနောက် ဦးလေးသည် အိတ်မှ သူ၏မှတ်စုစာအုပ်ကလေးကိုထုတ်ယူပြီးလျှင် အတိုင်းအတာကိရိယာမျိုးစုံတို့ကို ကြည့်ရှုပြီးနောက် အောက်ပါအတိုင်း ရေးသားလေသည်။

**တနင်္လာနေ့၊ ဇူလိုင်လ ၁ ရက်**

ကရိုနိုမီတာ – ၈ံ၁၇ (နံနက်ခင်း)
ဘယ်ရိုမီတာ – ၂၉ံ၇
သာမိုမီတာ – ၆ံ
အရပ် – အရှေ့၊ တောင်၊ အရှေ့"

အထက်ပါစာကြောင်း ၄ ကြောင်းအနက် နောက်ဆုံး 'အရှေ့၊ တောင်၊ အရှေ့'အရပ်ဆိုသည်မှာ မှောင်နှင့်မည်းမည်းရှိနေသည့်လမ်းကို 'အိမ်မြောင်'အရ ညွှန်ပြသောလမ်းကြောင်းဖြစ်လေသည်။

ဦးလေးက တုန်လှုပ်သော အသံကြီးဖြင့်

"ကဲ အိတ်ဇယ်။ မြေအောက်ကို အခု ဆင်းကြရတော့မယ်။ တို့ သွားရမယ့်ခရီးက အမှန်တော့ အခုအချိန်ကမှ စတယ်ဆိုပါတော့ကွယ်"

ဦးလေးသည် ပြောပြောဆိုဆိုနှင့် သူ၏လည်ပင်းတွင် ဆွဲထားသော လျှပ်စစ်ကိရိယာတစ်ခုကိုယူ၍ ဓာတ်မီးအိမ်ဖြင့် ဆက်လိုက်ရာ မီးရောင်ဖြင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အရာ ဟူသမျှကို ထင်ရှားစွာ မြင်နိုင်လေတော့၏။ ဟန်ကလည်း အခြားအလားတူ မီးအိမ်တစ်ခုကို ဤနည်းအတိုင်း ကိုင်ဆောင် ရလေသည်။

ကျွန်ုပ်တို့သည် မိမိတို့ ဝန်စည်စလယ်များကိုကျော ကုန်းထက်သို့ ကိုယ်စီပိုးကာ ဟန်ကလည်း အဝတ်များ၊ ကြိုး ခွေများပါသော အထုပ်ကြီးကို ကျောပေါ်သို့တင်လေသည်။ ထို့နောက် ဦးလေးက "ကိုင်း သွားကြစို့"ဟု ပြောလိုက်သည် နှင့် တပြိုင်နက် ကျွန်ုပ်တို့သည် ရှေ့သို့တိုးကြလေ၏။ ကျွန်ုပ် သည် မှောင်နှင့်မည်းမည်းရှိနေသော ဤမြေအောက်လမ်းအ တွင်းသို့ စ၍မဝင်မီ အိုက်စလန်ကျွန်း၏ မိုးကောင်ကင်ကို ကျွန်ုပ်၏ တစ်ဘက်တွင် နောက်ဆုံးကြည့်မိသေး၏။ သက္ကရာဇ် ၁၂၂၉ ခုနှစ်တွင် ဤမီးတောင်ကြီးပေါက်ကွဲခဲ့စဉ်က ကမ္ဘာမြေ ကြီးအောက် အတိုင်းမသိနက်လှစွာသောနေရာမှ ချော်မြှုပ်တို့ သည် အလွန်ပြင်းထန်သောအရှိန်ဖြင့် အပေါ်သို့ ရှန်းကန်ထိုး ထွက်လာရာ၊ ယခု ကျွန်ုပ်တို့တိုးဝင်လျှောက်သွားနေသော လမ်းကြောင်းမှာလည်း ထိုအခါ ချော်မြှုပ်ရည်များ ထိုးထွက် လာသည့် လမ်းကြောင်းပင်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း နံဘေးတစ်ဘက်တစ်ချက်တွင် တောက်ပြောင်လျက်ရှိသော သတ္တုများကို မြင်ရခြင်းဖြစ်ဟန်တူ၏။

သို့နှင့် ကျွန်ုပ်က

"ဟာ သိပ်လှတာပဲဦးလေး။ အရောင်အမျိုးမျိုးထွက်နေလိုက်တာ"

ဟု အော်၍ပြောလိုက်မိ၏။ ထိုအခါ ဦးလေးက

"အင်း၊ မင်းက ဒီသတ္တုတွေ အရောင်အမျိုးမျိုးထွက်နေတာကြည့်ပြီး အံ့ဩနေတယ် ဟုတ်စ။ ရှေ့ကိုဒီထက်ပိုပြီး အံ့ဩစရာတွေ မင်းမြင်ရလိမ့်ဦးမယ်။ ကဲ သွား သွား။ ခြေချော်လဲဦးမယ်နော်။ သတိထား"

အမှန်အားဖြင့်လည်း ကျွန်ုပ်တို့မှာ လမ်းလျှောက်ရသည်ထက် လျောကျသွားသည်က များတော့၏။ လမ်းမှာ အလွန်မတ်စောက်လှသဖြင့် ချော်၍မလဲစေရန် သတိကြီးစွာထားလျက် ခက်ခက်ခဲခဲ သွားကြရကုန်၏။ ကျွန်ုပ်တို့သွားရာ လမ်းကြောင်းသည် အရှေ့တောင်စူးစူးသို့ တည့်တည့်ကြီးသွားနေသဖြင့် မည်သည့်ဘက်ကိုမျှ ကွေ့ကောက်ခြင်းမရှိပေ။ အပူချိန်မှာလည်း တိုး၍မပူလှပေ။ ၂ နာရီခန့်သွားပြီးသည့်နောက် ၌ပင် ၄ ဒီဂရီမျှသာ ပို၍ပူလာလေသည်။

ည ၈ နာရီအချိန်သို့ ရောက်သောအခါ ဦးလေးက ရပ်နားရန်ပြောသဖြင့် ဟန်သည် ချက်ချင်းပင်နေရာ၌ ထိုင်ချလိုက်၏။ ကျွန်ုပ်တို့သည် နံရံမှ ထိုးထွက်လျက်ရှိသောကျောက်စွန်းများတွင် မီးအိမ်များကို ချိတ်ဆွဲထားလိုက်ရာ ယခုရောက်ရှိနေသောနေရာမှာ ဥမင်လိုဏ်ခေါင်းကြီးတစ်ခုနှင့် တူလှပေ၏။ ထိုနေရာ၌လေမှာ လှုပ်ရှားမှုမရှိဟု ထင်ရသော်လည်း

ကျွန်ုပ်တို့ထင်သည့်အတိုင်း မဟုတ်ပေ။ တစ်ခါတစ်ရံ လေက လေးသည် ကျွန်ုပ်တို့မျက်နှာကို တိုးဝှေ့တိုက်ခတ်သွား၏။ မည်သည့်နေရာမှလာသည်ဟူ၍ကား မသိရပေ။ သို့သော် ကျွန်ုပ်မှာ မောပန်းလှသည့်အပြင် ဝမ်းတွင်းမှလည်းအလွန်ဆာလောင်လှပြီဖြစ်၍ ထိုအကြောင်းများကို ထွေထွေထူးထူး စိတ်ကူး၍ မနေနိုင်တော့ပေ။ အလွန်ချောသောလမ်းများကို ၇ နာရီလုံးလုံး လာခဲ့ရသည်ဖြစ်၍ အားအင် ကုန်ခမ်းလျက် ရှိနေတော့၏။ အမောပြေနားနေရသည်ကိုပင် ဝမ်းမြောက်လှပေပြီ။

ဟန်သည် အစားအစာများကိုထုတ်ကာ ကျောက်ပြားတစ်ချပ်ပေါ်၌တင်၍ ပြင်ဆင်ပေး၏။ သို့သော် ကျွန်ုပ်စိုးရိမ်သော အချက်တစ်ချက်ရှိ၏။ ကျွန်ုပ်တို့ယူခဲ့ရသောရေမှာ ထက်ဝက်မျှသာကျန်တော့၏။ ဦးလေးသည် မြေအောက်တွင် စမ်းများတွေ့ရန် မျှော်လင့်ခဲ့သော်လည်း ထိုအချိန်အထိ တစ်ခုတလေမျှ မတွေ့ရသေးပေ။ သို့နှင့်ကျွန်ုပ်က ဦးလေးအား ဤအကြောင်းကို ပြောရတော့၏။

"မင်းက စမ်းတွေမတွေ့ရလို့ စိတ်ပူနေသလား"

"ဟုတ်တယ် ဦးလေး။ ပြီးတော့ ကျွန်တော်တို့မှာ ရေ ငါးရက်စာပဲ ရှိတော့တယ်"

"ဒီဟာကြောင့်တော့ မပူပါနဲ့ကွယ်။ ရေ တွေ့ရမယ်ကွဲ့။ ရေမှ တို့ လိုသလောက်ရရမယ်"

"ဘယ်တော့ရမှာလဲ ဦးလေး"

"ချော်နံရံကြီးတွေရဲ့ အပြင်ဘက်ရောက်တဲ့အခါကျ တော့ ရမှာပေါ့ကွဲ့"

"စမ်းက ဒီနံရံကြီးတွေကို ဘယ်လိုဖောက်ထွက်လာ နိုင်မလဲ"

"စမ်းရေဆိုတာ အခုလို ဂင်းပိတ်နေတဲ့ ချော်တုံး ကို မဖောက်ထွက်နိုင်ဘူးကွဲ့"

"နို့ပေမယ့် အခု ကျွန်တော်တို့ လာခဲ့တဲ့လမ်းဟာ အနက်ကြီးသွားမယ်ဆိုရင် ကျွန်တော်တို့ဟာ သိပ်ပြီးအောက် ကို ဝေးဝေးမရောက်သေးဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့ မင်းကထင်ရတာလဲ"

"ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ဟာ အောက် ကိုသာ နက်နက်ရောက်နေမယ်ဆိုရင် အပူရှိန်လည်း သိပ်ကြီး လာမှာပေါ့ ဦးလေးရဲ့"

"ဒါကတော့ ကမ္ဘာ့အလယ်ဗဟိုမှာ အပူရှိန်အင်မတန် ကြီးတယ်ဆိုတဲ့ မင်းစိတ်ကူးမှန်ရင်တော့ ဟုတ်တာပေါ့ကွဲ့။ နို့ပေမယ့် မင့်စိတ်ပူးမှားတယ်။ ဟန်ဖရီဒေဗွီက မှန်တယ်။ ဒီမှာပြဒါန်းချိန် (သာမိုမီတာ)ကိုကြည့်လေ။ ဘယ်လောက်ရှိသ လဲ ဆိုစမ်းပါဦး"

"၁၅ ဒီဂရီရှိတယ်။ ကျွန်တော်တို့ စထွက်လာတုန်းက ထက် ၉ ဒီဂရီပဲ ပိုတယ်"

"ကောင်းပြီ။ ဒီတော့ မင်းဘယ်လိုထင်သလဲ"

"ကျွန်တော်ထင်တာကတော့ ဒီဘာသာရပ်ကို လေ့ လာထားတဲ့အတိုင်းဆိုရင် ကျွန်တော်တို့ဟာ အောက်ကိုအနက်

ပေ ၁၀၀ ဆင်းတိုင်း ၁ ဒီဂရီ အပူရှိန်တက်လာတယ်။ ဒါပေမယ့် မီးသေတောင်ရဲ့အနီးမှာဆိုတော့ ကျောက်တွေကလည်း မာပြီး ပိတ်နေတဲ့အတွက် ပေ ၁၂၅ ပေဆင်းမှ ၁ ဒီဂရီပဲတက်တယ်ထင်တယ်။ ကျွန်တော်တို့ ကြည့်ရဦးမှာပဲ"

"အေးကွယ်၊ ကြည့်သေးတာပေါ့"

"တွက်ဖို့ အလွယ်သားပဲ ဦးလေးရဲ့။ ၁၂၅ ပေကို ၉ နဲ့မြှောက်ရင် ၁၁၂၅ ပေအနက်ရတယ်"

"အေး။ မင်းပြောတဲ့အတိုင်းဆိုရင် ဟုတ်တာပေါ့။ နို့ ပေမယ့် ဦးလေးပြောမယ်၊ နားထောင်။ အခု ရောက်နေတာက ၁၁၂၅ ပေ မဟုတ်ဘူးကွဲ့။ တို့ဟာ ပေ ၁၀၀၀၀ အနက်ကို ရောက်နေပြီ။ တို့ အခုဆင်းလာခဲ့တာ ဘယ်လောက်အထိ ရောက်လာပြီဆိုတာ တစ်နေ့လုံး ငါသေသေချာချာတွက်နေလို့ရပြီ။ ဒီတော့ မင်းဘာမှ သံသယရှိစရာမလိုတော့ဘူး။ ပေတစ်သောင်းအနက်ရောက်လာတာ သေချာတယ်"

ဦးလေးမှာ မှန်ကန်ပြတ်သားလှ၍ ဤနေရာမျိုး၌မည်သည့်အခါမျှ မှားယွင်းခြင်းမရှိပေ။ ကျွန်ုပ်တို့သည် လူသာမန်တို့ ရောက်ခဲ့ဖူးသော နေရာထက် အောက်အနက် ပေ ၆၀၀၀ ပင်ရောက်ရှိနေခဲ့ကြလေပြီ။ အပူချိန်မှာ ၈၁ ဒီဂရီ ရှိနေသင့်ပါလျက် ယခုမူ ၁၅ဒီဂရီမျှ အနိုင်နိုင်ရှိ၏။ သို့ဖြစ်၍ ဦးလေးနှင့် ဟန်ဖရီဒေဗွီတို့သည် မှန်ကန်၍ နောက်ဆုံး၌ ကမ္ဘာ့အလယ်ဗဟိုသည် အေးသောနေရာတစ်ခုပင် ဖြစ်တော့၏။ နောက်တစ်နေ့မှာ ဇွန်လ ၃၀ ရက်နေ့ဖြစ်၍ ကျွန်ုပ်တို့သည် နံနက် ၆

နာရီတွင် ခရီးဆက်ကြပြန်၏။ ယခင်က ချော်မြုပ်လမ်း အတိုင်းပင် သွားကြရလေရာ လမ်းမှာ မတ်စောက်ခြင်းမရှိ တော့ဘဲ တဖြည်းဖြည်း ပြေ၍လာပြီဖြစ်သောကြောင့် ယခင် ကလောက် မခဲယဉ်းတော့ချေ။ သို့နှင့် ဆက်လက်သွားကြရာ ၁၂ နာရီထိုးပြီးလတ်သော် ကျွန်ုပ်တို့၏ ရှေ့မှသွားသော ဟန် သည် ရုတ်တရက်ရပ်လိုက်၏။

"ဟာ။ တို့ ဥမင်လိုဏ်ခေါင်းအဆုံးရောက်လာပြီကွဲ့"

ကျွန်ုပ်လည်း နံဘေးပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ လမ်းကြောင်းအသစ်နှစ်ခုကို တွေ့မြင်လိုက်ရတော့၏။ တစ် လမ်းမှာ အရှေ့ဘက်သို့သွား၍ အခြားတစ်လမ်းမှာ အနောက် ဘက်သို့ သွားသောလမ်းဖြစ်၏။ မည်သည့်လမ်းကို ကျွန်ုပ်တို့ လိုက်ရမည်နည်း။ သို့သော် ဦးလေးသည် တစ်စုံတစ်ရာ နှောင့်နှေး၍မနေဘဲ အရှေ့ဘက်လိုဏ်ခေါင်းကို ညွှန်ပြလေရာ မကြာမီ ကျွန်ုပ်တို့သုံးဦးသားတို့သည် ယင်းလိုဏ်ခေါင်း အတွင်းသို့ ဝင်ရောက်သွားကြတော့၏။

ကျွန်ုပ်တို့ကား မှားယွင်းခဲ့လေပြီ။ သို့သော် ဤအမှား ကို နောက်ရက်ပေါင်းအတော်ကြာမှ သိရတော့၏။ ဤလမ်း သစ်မှာ လုံးဝမတ်စောက်ခြင်းမရှိဘဲ အထူးသဖြင့် ပြေပြစ်ညီညာ လှ၏။ ယင်းအချက်ကိုပင် ကျွန်ုပ်မကြိုက် မနှစ်သက်ချေ။ တစုံ တရာ မှားယွင်းပြီဟု စိတ်ထဲက ထင်မိ၏။ သို့သော် ကျွန်ုပ် ထင်သည်ကို ဦးလေးအား မပြောလိုသဖြင့်သာ ဆိတ်ဆိတ်နေခဲ့

လေသည်။ ညနေ ၆ နာရီထိုးလတ်သော် များစွာမမောပမ်းလှ
ဘဲ ကျွန်ုပ်တို့သည် တောင်ဘက်သို့ ၆ မိုင်ခန့်ခရီးပေါက်ခဲ့ကြ
၏။ သို့သော် အနက်မှာ တစ်မိုင်၏ လေးပုံတစ်ပုံထက်မနက်
ချေ။ ထိုနေရာ၌ ကျွန်ုပ်တို့သည် စခန်းချနားနေကြပြီးသော်
ညစာစားသောက်ကြရ၏။ ထိုည၌ ကျွန်ုပ်တို့မှာ စကားများ
စွာ မပြောကြဘဲ အိပ်ရာသို့ဝင်ကြရာ၊ အိပ်ရာပေါ်သို့ခေါင်းချ
လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်မှာ အိပ်ပျော်သွားလေတော့
၏။

နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ ကျွန်ုပ်
တို့မှာ လန်းဆန်းလတ်ဆတ် ရှိကြကုန်၏။ သို့နှင့် ခရီးဆက်
ကြပြန်ရာ ယမန်နေ့က ကျွန်ုပ်တို့လာခဲ့သည့် ချော်မြှုပ်လမ်း
ကဲ့သို့ပင် ဖြစ်နေသဖြင့် ကျွန်ုပ်မှာ အောက်သို့ဆင်းသည်ဟု
မထင် အပေါ်သို့ပြန်တက်နေသည်ဟု ထင်မှတ်မိ၏။ ၁၀
နာရီ ထိုးလတ်သော် ခြေများတောင့်၍ မောပမ်းလာသောကြောင့်
ခပ်ဖြည်းဖြည်းသာ လျှောက်နိုင်တော့၏။

"လာကွယ်၊ အိတ်ဇယ်။ မင်းက ဘာဖြစ်လို့ နောက်
ကျန်ရစ်ခဲ့သလဲ"

"နားဦးမှ ဦးလေးရေ့၊ ကျွန်တော် မြန်မြန်မလျှောက်နိုင်
တော့ဘူး"

"ဘာပြောတယ်ကွဲ့။ လမ်းကလည်း ပြေပြီး သက်
သက်သာသာနဲ့ ၃ နာရီလောက်ကလေး လျှောက်ရတာပဲ"

"ပြေတော့ ပြေပါရဲ့ဦးလေးရယ်။ နို့ပေတဲ့ သိပ်မော
တာပဲ"

"ဘာကွဲ့၊ အဆင်းကွ အဆင်း"

"အင်း ဟုတ်လား ဦးလေး။ အတက်ကို အဆင်းလို့ ဦးလေးက ခေါ်နေသလား။ လွန်ခဲ့တဲ့ နာရီဝက်လောက်ကစပြီး ကျွန်တော်တို့ဟာ အပေါ်ကိုတက်နေတယ် ဦးလေးရဲ့။ ဒီအတိုင်းသာ ကျွန်တော်တို့သွားနေရင် မကြာတော့ဘူး၊ ကျွန်တော်တို့ အိုက်စလန်ကို ပြန်ရောက်မယ်"

ဦးလေးသည် ဦးခေါင်းကိုရမ်းလျက် ကျွန်ုပ်ပြောသည်ကို နားထောင်လိုဟန်မတူပေ။ သို့နှင့် ကျွန်ုပ်တို့သည် တက်မြဲ တက်ကြရပြန်၏။ ကျွန်ုပ်စိတ်ထင်အားဖြင့် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုသို့ မရောက်ဘဲ အိုင်ဇလန်သို့ပြန်၍ ရောက်ပြီးလျှင် ၎င်းမှ ကိုပင်ဟေဂင်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဖန် ဟမ်းဗက်သို့လည်းကောင်း ရောက်ရပေတော့မည်။

၁၂ နာရီမထိုးမီ လိုဏ်ခေါင်းနံရံမှ ကျောက်များမှာ အသွင်အပြင်ပြောင်းလဲလာသည်ကို ကျွန်ုပ်သတိပြုမိ၏။ ချော်မြုပ်အစား ကျောက်သစ်များမှာ ညီညာစွာ အထပ်လိုက်ဖြစ်နေသည်ကို တွေ့မြင်ရ၏။ ကျွန်ုပ်တို့ကား 'ဆီလူရီယန်'ခေတ် ကျောက်များရှိရာနေရာသို့ ရောက်နေလေပြီ။

ပထမသော် ကျွန်ုပ်သည် ဦးလေးအား မပြောဘဲနေမည်ဟု စိတ်ကူးမိ၏။ သို့သော် ဘူမိဗေဒပညာတွင် စိတ်ဝင်စားသူတစ်ယောက်ဖြစ်သည့်အတိုင်း ကျွန်ုပ်တွေ့မြင်ရသော အရာကို အံ့သြကာ ပါးစပ်မှ ရုတ်တရက်အသံထွက်သွားလေသည်။ ဦးလေးက ကျွန်ုပ်၏အသံကိုကြားသည်နှင့်

"ဟော့ အိတ်ဇယ်။ ဘာဖြစ်တာလဲကွ"

ကျွန်ုပ်က သဲကျောက်တုံးနှင့် ထုံးကျောက်နှင့် သင်ပုန်းကျော် စသော ကျောက်အမျိုးမျိုးကို ညွှန်ပြလျက်

"ဒီမယ် ဦးလေး။ ကြည့်စမ်းပါဦး"

"ဟေ ဘာလဲကွ။ အေး"

"ဦးလေး။ ကျွန်တော်တို့ဟာ ချော်မြုပ်တို့၊ နှမ်းဖတ်ကျောက်တို့က အောက်မှာကျန်ရစ်ခဲ့ပြီး ဒီထက်မြင့်တဲ့ကျောက်ထပ်တွေကို ရောက်လာပြီ။ ဒီနေရာဟာ တိရစ္ဆာန်ရဲ့ အရိုးတွေ၊ သစ်ပင်ရဲ့ အရိုးစုအကြွင်းအကျန်တွေဖြစ်တဲ့နေရာလေ"

"မင်းက ဒီလိုထင်သလား"

"ဒီမှာကြည့်လေ ဦးလေး။ ဦးလေးကိုယ်တိုင် ကျောက်တွေကို သေသေချာချာကြည့်ပါဦး"

ကျွန်ုပ်သည် ဦးလေးအား လိုဏ်ခေါင်းနံရံမှ ကျောက်များကို မီးရောင်ဖြင့် ထိုး၍ကြည့်စေ၏။ ဦးလေး အံ့အားသင့်သွားလိမ့်မည်ဟုလည်း ထင်မိ၏။ သို့သော် ဦးလေးမှာစကားတစ်ခွန်းမျှမပြောဘဲ ဆက်လက်၍သာလျှောက်သွားလေသည်။ သူသည် ကျွန်ုပ်ပြောသည်ကို နားလည်ပါ၏လော၊ သို့မဟုတ် အရှေ့ဘက်သို့သွားသော လိုဏ်ခေါင်းကို မှား၍ရွေးမိသည်ကို ဝန်မခံချင်သောကြောင့်ပေလော၊ သို့မဟုတ်လျှင်လည်း တစ်နည်းအားဖြင့် လိုဏ်ခေါင်းအဆုံးသို့ ရောက်သည်အထိ သွား၍ စုံစမ်း ကြည့်ရှုလိုသောကြောင့်ပေလော မသိရချေ။ အကယ်၍သာ ကျွန်ုပ်တွေးထင်သည့်အတိုင်း မှန်ခဲ့ပါမူ ယင်း

ကျောက်ထပ်များကြားတွင် တိရစ္ဆာန်နှင့် သစ်ပင်တို့၏ အရိုးစု အကြွင်းအကျန်များကို တွေ့ရလိမ့်မည်ဟု အောက်မေ့မိ၏။

သို့နှင့် ကျွန်ုပ်လည်း ကျောက်ထပ်များကို အသေအချာ ကြည့်ရှုသွားရာ ရှေ့သို့ ခြေလှမ်း ၁၀၀ ခန့်မျှသွားမိလေသော် သစ်ပင်အရိုးများနှင့် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားခဲ့သည့် အကောင်ငယ်သော တိရစ္ဆာန်ကလေးများအချို့၏ အရိုးစုများ ကိုတွေ့ရသဖြင့် အရိုးတစ်ခုကို ကောက်ယူပြီးလျှင် ဦးလေးထံ သို့ပြေးသွားလေ၏။

"ဒီမယ် ဦးလေး။ ကြည့်ပါဦး"

"အေးလေ ဟုတ်တယ်။ ဒါပေမယ့် မင်းပြတာက အင်မတန်ပေါတဲ့ အရိုးစုမျိုးပဲကွဲ့။ ဒီဟာမျိုးတွေက ဦးလေး စုဆောင်းထားတဲ့ ပြတိုက်ထဲမှာ အများကြီးရှိတယ်"

"ဒါပေမယ့်"

"အေးလေ။ မင်းဘာဆိုလိုတယ်ဆိုတာ ငါနားလည်ပါ တယ်။ မီးတောင်ကဖြစ်တဲ့ ကျောက်တွေ၊ ချော်တွေဟာ တို့ အောက်မှာကျန်ရစ်ခဲ့ပြီဆိုပါတော့။ ဟုတ်တယ် မဟုတ်လား။ ငါဟာ မှားတဲ့လမ်းကိုလိုက်လာမိတယ်ဆိုတာ ဖြစ်နိုင်တယ်။ နို့ပေမယ့် လိုဏ်ခေါင်းရဲ့အဆုံးကို တို့ရောက်မှပဲ ငါမှားတယ် မှားဘူးဆိုတာ သိရမှာပဲ"

"ဦးလေးလုပ်တာ မှန်ကောင်းမှန်ပါလိမ့်မယ်။ ကျွန် တော်လည်း သဘောတူပါတယ်။ နို့ပေမယ့် ကျွန်တော်တို့ ရှေ့ ဆက်သွားရင် ဘေးအန္တရာယ်တစ်ခုခုနဲ့ တွေ့ရမယ်ဆိုတာတော့

ကျွန်တော်တို့သတိပြုရမယ်။ အဲဒီဘေးအန္တရာယ်က အချိန်ကြာလေလေ၊ ကြီးမားလာလေလေပဲ"

"အဲဒါက ဘာတုန်းကွယ့်"

"ကျွန်တော်တို့မှာရေမရှိတော့ဘူး ဦးလေး။ နည်းနည်းပဲ ကျန်တော့တယ်"

"ဒါဖြင့် နည်းနည်းလျှော့သောက်ပေါ့ကွာ"

သို့နှင့် ကျွန်ုပ်တို့သည် ရေကိုချွေချွေတာတာ သောက်ကြရ၏။ ရေမှာ ၃ ရက်စာမျှပင် မရှိတော့ကြောင်း ညစာစားသောအခါမှ သိရှိရတော့၏။ နောက်ထပ် ၃ ရက်ကြာမှ ရေမတွေ့ခဲ့လျှင် ခက်ရပေတော့မည်။ နောက်တစ်နေ့ ခရီးဆက်ကြပြန်ရာ လမ်းမှာအပေါ်သို့ အနည်းငယ်မျှ တတ်သယောင်ရှိပြီးလျှင် ကျောက်များမှာလည်း ယခင်အတိုင်း အနီရောင်သဲကျောက်များသာ ရှိနေ၏။ သို့နှင့် ရှေ့သို့သွားလေလေ၊ လမ်းမှန်မဟုတ်ကြောင်း ထင်ရှားလေလေဖြစ်တော့၏။ သို့သော်လည်း ဦးလေးကား သတိပြုမိဟန်မတူချေ။ ရှေ့သို့ဆက်၍သွားလျှင် အောက်သို့ဆင်းသောလမ်းသော်လည်းကောင်း၊ ယခုသွားနေသော လမ်းအဆုံးကိုသော်လည်းကောင်း၊ တွေ့ရပေမည်ဟု ထင်မှတ်ဟန်တူ၏။ သို့သော် ညနေခင်းကိုရောက်သည့်တိုင်အောင် တစုံတရာပြောင်းလဲခြင်းမရှိချေ။

တစ်ညဥ့်ကျော်လွန်ပြီးနောက် သောကြာနေ့သို့ရောက်သောအခါ ကျွန်ုပ်တို့မှာ ရေပြတ်လုမတတ်ရှိနေလေပြီ။ ၁၀ နာရီလုံးလုံးမျှ လမ်းကျဉ်းကလေးအတိုင်း ဆက်လက်သွားမိ

သောအခါ နံရံများ၏အရောင်အဆင်းမှာ ပြောင်းလဲလာသည်ကို တွေ့ရ၏။ အနီရောင် သဲကျောက်အစား မည်းနက်သောအရောင်များကိုတွေ့မြင်ရ၏။ သို့နှင့် ကျွန်ုပ်တို့လည်း နံရံဆီသို့သွား၍ လက်ဖြင့်အသေအချာကိုင်ကြည့်ရာ၊ ကျောက်မီးသွေးဖြစ်နေသည်ကို တွေ့ရတော့၏။

"ဒီမယ် ဦးလေး၊ ကျောက်မီးသွေး"

"အေးလေ၊ ငါသိပါတယ်။ အဲဒါဘာဖြစ်သလဲ။ ကိုင်းဟော့ ညစာစားဖို့ အချိန်ရောက်ပြီ၊ စားကြစို့"

ဟန်က အသင့်ပြင်ဆင်ပေး၍စားကြသောအခါ ကျွန်ုပ်မှာ စားသည်ဆိုရုံမျှသာ စားနိုင်၍ ကျွန်ုပ်ဝေစုဖြစ်သော ရေအနည်းငယ်ကိုသာ သောက်ရ၏။ ထို့နောက် အိပ်စက်ကြရလေရာ ဦးလေးနှင့်ဟန်တို့မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြသော်လည်း ကျွန်ုပ်မှာ မိုးလင်းသည်အထိ မျက်စိကြောင်လျက်ရှိနေတော့၏။

နောက်တစ်နေ့ နံနက် စနေနေ့တွင် ကျွန်ုပ်တို့သည် အိပ်ရာမှ ခပ်စောစောထ၍ ၆ နာရီတွင် ထွက်ကြရာ၊ မိနစ် ၂၀ ခန့်ကြာရှိသောအခါ အလွန်ကြီးသော ဂူကြီးတစ်ခုသို့ ရောက်လာခဲ့ကြ၏။ ၎င်းမှာပေ ၁၀၀ ခန့်ကျယ်ဝန်းပြီး ၁၅၀ ခန့် အမြင့်ရှိလေသည်။ နံရံများမှာ ကျောက်မီးသွေးဖြစ်၏။ ညနေစောင်းသည်အထိ ထိုဂူကြီးတစ်လျှောက် ဆက်လက်လျှောက်သွားကြလေရာ ကျွန်ုပ်တို့သွားသောလမ်းမှာ အပေါ်သို့မတက်၊ အောက်သို့လည်းမဆင်းဘဲ မြေပြန့်ကိုသွားနေရ

သကဲ့သို့ ရှိတော့၏။ ကျွန်ုပ်တို့မှာ ဤမျှလောက်ရှည်လျားစွာ ခရီးပေါက်ခဲ့သော်လည်း ကမ္ဘာမြေကြီး၏အလယ်ဗဟိုနှင့်ကား ဝေးလှချေသေး၏။ ဦးလေးကား စိတ်တို၍မဆုံးနိုင်အောင်ရှိ တော့၏။

ညနေ ၆ နာရီသို့ရောက်သောအခါ ကျွန်ုပ်တို့ရှေ့တွင် နံရံကြီးတစ်ချပ် ဆီး၍နေသည်ကိုတွေ့ရလေရာ ၎င်းတွင် လက်ျာဘက်၌လည်းကောင်း အထက်နှင့် အောက်သို့လည်း ကောင်း အပေါက်ဟူ၍ မရှိချေ။ ကျွန်ုပ်လမ်းကား ဆုံးခန်းတိုင် ရောက်ခဲ့လေပြီ။

"အေး ကောင်းတယ်ဟေ့။ တို့ သိရတာပေါ့ကွယ်။ ဒီလမ်းဟာ လမ်းမှားဆိုတာ သိရတာပေါ့။ ဆက္ကနူဆမ်ဟာ ဒီလမ်းက မလာခဲ့ဘူး၊ ကဲ ဒီတော့ ပထမလမ်းနှစ်သွယ်ရှိတဲ့ နေရာကိုပြန်ရုံပဲရှိတယ်"

"အင်း ဦးလေးပြောတာတော့ ကောင်းပါတယ်။ ပြန် နိုင်တဲ့အင်အား ရှိရင်တော့ပြန်ရုံပေါ့"

"ဘာဖြစ်လို့ အင်အားမရှိရမှာလဲကွယ့်"

"နက်ဖြန် ကျွန်တော်တို့မှာ ရေမရှိတော့ဘူး ဦးလေး"

ထိုအချိန်၌ ဟန်က ထိုနေ့သည် စနေနေ့ဖြစ်၍ သူ ရရန်ရှိသော ဒုတိယ သီတင်းပတ်အတွက် လခငွေကို ရလို ကြောင်းဖြင့် ဦးလေးအားပြောကြားလေ၏။

အချိန်ကုန်ခံ၍မဖြစ်တော့ချေ။ သို့နှင့် ကျွန်ုပ်တို့သည် ချက်ချင်းပြန်၍လှည့်ကြ၏။ အဘယ်ကြောင့်ဆိုသော် လမ်းနှစ်

မြှာစခဲ့သော နေရာသို့ပြန်ရောက်ရန်ကား အနည်းဆုံး ၃ ရက်မျှသွားရပေဦးမည်။

ထို ၃ ရက်ခရီးမှာ ကျွန်ုပ်တစ်သက်တွင်ကြောက်မက်ဖွယ်ကောင်းသော ရက်များပေတည်း။ ရေမှာ ပထမနေ့ ညနေ၌ပင် ကုန်သွားပြီဖြစ်၍ ရေငတ်သည့်ဝေဒနာကို ခံစားနေကြရကုန်၏။ ထိုအခါမှ ရေမှာမည်မျှလောက် အဖိုးထိုက်တန်သည်ကို သိရတော့၏။ ကျွန်ုပ်မှာ မကြာခဏ လဲကျသွား၍ ဦးလေးနှင့် ဟန်တို့က တတ်နိုင်သမျှ ကူညီပြုစုကြရလေရာ အဆင်းကများသဖြင့်သာ တော်ပေတော့၏။ အကယ်၍သာ အတက်ဖြစ်ခဲ့ပါမူ ကျွန်ုပ်မှာ လိုက်နိုင်တော့မည်ဟုတ်ပေ။

နောက်ဆုံး၌ ဇူလိုင်လ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် ကျွန်ုပ်တို့သည် မတ်တတပ်မရပ်နိုင်တော့ဘဲ အတန်ကြာ လေးဘက်သွားကြရပြီးနောက် လမ်းနှစ်ခွဆုံသောနေရာသို့ ရောက်လာခဲ့ကြလေသည်။ ကျွန်ုပ်မှာ နေရာမှ မရွေ့ရှားနိုင်တော့ဘဲ လူသေတစ်ယောက်ကဲ့သို့ မတုန်မလှုပ်ရှိနေပြီးလျှင် တစ်ခါတည်းအိပ်ပျော်၍သွားလေတော့၏။

အချိန်အတန်ကြာသောခါ ဦးလေးသည် ကျွန်ုပ်အား လက်ဖြင့်မြှောက်ယူပွေ့ချီပြီးသော် အလွန်ညင်သာသော အသံဖြင့်

"ဒီမယ် အိတ်ဇယ်။ လူကလေး"

ဦးလေးသည် ကျွန်ုပ်အား မည်သည့်အခါကမျှ ယခုကဲ့သို့ ချိုသာစွာမပြောခဲ့ဖူးချေ။ ကျွန်ုပ်က သူ၏ တုန်ရီသော

လက်များကို ဆုပ်ကိုင်ထားလေရာ သူသည် ကျွန်ုပ်အား မျက်ရည်များလည်လျက် ကြည့်နေသည်ကိုတွေ့ရ၏။ သူ၏လက်ထဲတွင်ကား ရေပုလင်းကိုကိုင်ထားလေသည်။ ထို့နောက် ရေပုလင်းကို ကျွန်ုပ်လက်ထဲသို့ လှမ်းပေးလျက် "သောက်လေငါ့တူ သောက်"ဟု ယုယကြင်နာစွာပြောရှာ၏။ ကျွန်ုပ်သည် သူ၏အပြုအမူကို နားမလည်နိုင်ဘဲ ဦးလေးမှာ ရူး၍နေလေပြီလောဟု ထင်မိ၏။

"သောက်ပါကွဲ့"

ကျွန်ုပ်သည် ရေပုလင်းကိုလှမ်းယူ၍ ပါးစပ်တွင်မော့လိုက်၏။ အမှန်ပင် ရေများဖြစ်၍ တစ်လုပ်စာသောက်လိုက်ရုံမျှနှင့်ပင် ကျွန်ုပ်မှာ အင်အားများပြန်၍ ပြည့်တင်းလာတော့၏။ သို့နှင့် ကျွန်ုပ်သည် ဦးလေးအား ကျေးဇူးတင်သည့်လက္ခဏာဖြင့် လက်များကို ဆန့်တန်းပေးလိုက်လေသည်။

"အဲဒါ ရိက္ခာထဲက နောက်ဆုံးကျန်တဲ့ ရေတစ်လုပ်စာပဲကွဲ့။ မင့်အတွက် သက်သက်ချန်ထားတာ။ ဒီရေကလေးကို ဦးလေး မသောက်မိအောင် အကြိမ် ၁၀၀ လောက် ကြိုးစားခဲ့ရတယ် အိတ်ဇယ်"

"ဦးလေး ဦးလေး။ အို ဦးလေး"

ကျွန်ုပ်မှာ မျက်ရည်များကျလာ၏။

"သြော် ငါ့တူ။ သနားစရာကွယ်။ လမ်းဆုံးရောက်ရင် မင်းဟာ ရေငတ်ပြီး တစ်ခါတည်းမထနိုင်ဘဲ ဘုံးဘုံးလဲကျမယ်ဆိုတာ ငါသိတယ်ကွဲ့။ ဒါကြောင့် ဒီအချိန်ရောက်မှ မင်းကို

ပေးမယ်ဆိုပြီး၊ ဦးလေးတမင်သက်သက် မင့်အတွက် ချန်ထားတာ”

“ကျေးဇူးတင်လိုက်တာ ဦးလေးရယ်။ ဦးလေးကျေးဇူးကြီးလိုက်တာ မပြောပါနဲ့တော့”

“ကဲ ကဲ။ တို့မှာ နည်းလမ်းတစ်ခုပဲ ရှိတော့တယ်။ အဲဒါ ဘာလဲဆိုရင် ပြန်ကြဖို့ပဲ”

ဦးလေးသည် ကျွန်ုပ်နှင့် မျက်နှာချင်းမဆိုင်လိုဟန်ဖြင့် မျက်နှာလွှဲထားလိုက်လေသည်။

“ကျွန်တော်တို့ ပြန်ရမယ်။ စနေးဖဲကိုရောက်အောင်။ ဟုတ်လားဦးလေး။ ဒီတောင်ကြီးထိပ်ကိုရောက်အောင် တက်ဖို့ ကျွန်တော်တို့မှာ အားရှိပါဦးမလား ဦးလေးရယ်”

“အင်း ပြန်ရမယ်၊ ပြန်ရမယ်”

ကျွန်ုပ်တို့သည် အတန်ကြာမျှ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ နေကြပြန်၏။

“ဒီမယ် အိတ်ဇယ်။ မင်း ဒီရေတစ်ပေါက် သောက်လိုက်ရလို့ ပိုပြီးရဲမလာဘူးထင်တယ်”

“ရဲမလာဘူး။ ဟုတ်လား ဦးလေး”

“မင်းကြည့်ရတာ အရင်ကလိုပဲ၊ စိတ်ပျက်စကားပြောနေတာကိုးကွဲ့”

“ဘာပြောတယ် ဦးလေး။ လာတဲ့လမ်းအတိုင်း မပြန်ချင်ဘူးလို့ ဦးလေး ဆိုလိုသလား”

"ငါ အကြံကြီးကြီးခဲ့ရတဲ့ အကြံကို အခုလိုအောင်မြင်ဖို့ လမ်းစတွေ့ခါမှ လက်လွှတ်ရမလား။ ဘယ်တော့မှမလွှတ်ဘူးဟေ့"

"ဒါဖြင့် ကျွန်တော်တို့ ဒီမှာသေကြရုံရှိတော့တာပဲ"

"မဟုတ်ဘူး အိတ်ဇယ်။ ငါဆိုလိုတာက ဒီလိုမဟုတ်ဘူး။ ငါ့ကိုထားခဲ့ပြီး မင်းတို့နှစ်ယောက် ပြန်ကြပေတော့"

"ဘာပြောတယ် ဦးလေး။ ဦးလေးကို ထားခဲ့ရမယ်၊ ဟုတ်စ"

"အေးလေ၊ ဦးလေးသာ ထားခဲ့ပေတော့။ ဦးလေးတော့ လိုတဲ့နေရာ မရောက်မချင်း ဘယ်တော့မှ မပြန်ဘူး။ ကဲ သွားပေတော့ အိတ်ဇယ်။ သွား သွား"

ဦးလေးမှာ အလွန်တုန်လှုပ် ချောက်ချားနေပြီးလျှင် အသံမှာလည်း ပျော့ပြောင်းနူးညံ့လျက်ရှိနေရာမှ အတော်အတန်ခက်ထန်၍လာတော့၏။ စိတ်တိုသည်ထက် တိုလျက်ရှိနေ၏။ ဖခင်ရင်းတမျှ ချစ်နေသောဦးလေးအား ကျွန်ုပ်သည် မည်ကဲ့သို့ ဤနေရာတွင် ထား၍ပစ်ရက်ခဲ့ပါအံ့နည်း။ ဟန်သည် ကျွန်ုပ်တို့အချင်းချင်း တဘက်တစ်လမ်းပြောနေကြသည်ကို နားလည်ဟန်တူ၏။ သို့သော် သူ၏အမူအရာမှာ မည်သို့မျှ မထူးခြားဘဲ ဦးလေးက သေဆိုလျှင်သေ၊ ရှင်ဆိုလျှင်ရှင် မည့်သူတစ်ယောက်ပင် ဖြစ်တော့၏။

သို့နှင့် ကျွန်ုပ်သည် ဦးလေးကို ကျွန်ုပ်တို့နှင့်အတူ တစ်ပါးတည်းပြန်၍ခေါ်ရန် ဟန်အား အကူအညီတောင်းလို

သည့်သဘောဖြင့် သူ၏လက်ကိုဆုပ်ကိုင်ကာ မီးတောင်တွင်း၀ ဆီသို့ ညွှန်ပြ၏။ သူသည် ကျွန်ုပ်ဆိုလိုသည်ကို နားလည်ဟန် တူသော်လည်း ဦးခေါင်းကိုယမ်းကာ ဦးလေးအား လက်ညှိုး ထိုးလျက် 'မာစတာ'(သခင်)ဟု တစ်ခွန်းတည်း ရေရွတ်လိုက် လေသည်။

"မာစတာ၊ ဟုတ်လားဟေ့ ဟန်။ တို့ဟာ ပြန်ရမယ် ကွဲ့။ ပြီးတော့ ဦးလေးကိုလည်း တို့နဲ့အတူပါအောင် ခေါ်ခဲ့ ရမယ်ကွဲ့။ နားလည်လား ဟန်"

ကျွန်ုပ်သည် ဟန်အား အပေါ်သို့တက်သော လမ်း ဘက်သို့ ဆွဲခေါ်လျက်ရှိလေ၏။ ထိုအခါ ဦးလေးက ကျွန်ုပ် အား

"ဒီမယ် အိတ်ဇယ်။ ဒီလူကို မင်းဘယ်လိုလုပ်လို့မှ ရမှာမဟုတ်ဘူး။ ဒီတော့ ဦးလေးပြောတာ နားထောင်စမ်း"

ကျွန်ုပ်က ဦးလေးမျက်နှာကို တည့်တည့်ကြီးကြည့် လိုက်၏။

"အခု ခက်နေတာဟာ ရေမရတဲ့အချက် တစ်ခုပဲရှိ တယ်မဟုတ်လား။ ဒီအရှေ့ဘက်သွားတဲ့ လိုဏ်ခေါင်းတဲမှာ ချော်မြုပ်ရယ်၊ သဲကျောက်ရယ်၊ ကျောက်မီးသွေးရယ် ဒါတွေပဲ တွေ့တယ်။ ရေမရှိဘူး။ ဒီတော့ အနောက်ဘက်လမ်းကိုလိုက် ရင် တို့နေရာကျမှာပေါ့ကွဲ့"

ကျွန်ုပ်က ဦးခေါင်းကိုရမ်းလိုက်၏။

"ဒီမယ်ကွဲ့။ ဦးလေးပြောတာ ဆုံးအောင်နားထောင် စမ်းပါဦး။ မင်း အိပ်ပျော်နေတုန်းက ဦးလေးဟာ အနောက်

ဘက်လမ်းကိုသွားပြီး အတော်အတန်လေ့လာကြည့်တယ်။ ဒီလမ်းဟာ မြေအောက်ကိုတစ်ခါတည်း ဆင်းသွားတော့ နောက် ၂ နာရီ ၃ နာရီလောက်ကြာရင် ရေထွက်တဲ့ကျောက်တွေဆီ ရောက်မှာပေါ့ကွဲ့။ အဲဒီလမ်းက အာနီဆက္ကနူဆမ်သွားတဲ့လမ်း ဖြစ်မှာပဲ။ သူလည်း တို့လိုပဲရေငတ်မှာပေါ့။ သူဟာ ရေတွေ့ရမယ်ကွဲ့။ ဒီတော့ သူတွေ့သလို တို့များလည်း တွေ့ရမှာပေါ့။ ဦးလေးရပြောမယ်၊ ကိုလံဘတ်ဟာ တိုင်းသစ်ပြည်သစ်တွေကို ရှာရအောင်သွားတဲ့အခါ တော်တော်နဲ့ မရောက်နိုင်တော့ သူ့လူတွေကို နောက်ကိုပြန်လှည့်ချင်တယ်။ ဒါနဲ့ သူက ရှေ့ကို ၃ ရက်ဆက်ပြီး သွားပါရစေဦးလို့ပြောတော့ သူ့လူတွေက သဘောတူပြီး ဆက်သွားကြတာ ကမ္ဘာသစ်ကြီးကိုသွားတွေ့တယ် မဟုတ်လား။ ငါက ဒီနေရာမယ် ကိုလံဘတ်ကွဲ့။ ဒီတော့ မင်းတို့ကို ငါ ၃ ရက်တောင်မဟုတ်ဘူး။ ၁ ရက်ပဲ ခွင့်တောင်းတယ်။ အဲဒီအချိန်ရောက်လို့မှ ရေမတွေ့ဘူးဆိုရင် တို့စပြီးလာခဲ့တဲ့နေရာ ပြန်မယ်ကွယ်"

ဦးလေးပြောသော စကားများကား လျော်ကန်သင့်မြတ်လှပါပေ၏။

"ကောင်းပါပြီ ဦးလေး။ ကျွန်တော် သဘောတူပါတယ်။ လိုအပ်သော ခွန်အားဗလနဲ့တကွ သည်းခံခြင်းတရာကို ဦးလေးအားပေးနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။ ဦးလေး မှန်တယ် မမှန်ဘူးဆိုတာ နောက် ၂ နာရီ ၃ နာရီကြာရင် သိရတော့မှာပဲ။ ကဲ၊ အခုပဲ သွားကြစို့"

* * *

ကျွန်ုပ်တို့လည်း လမ်းသစ်အတိုင်း ဆင်းသက်ခဲ့ကြရာ ဟန်မှာ ယခင်ကကဲ့သို့ပင် ရှေ့ဆုံးမှဆင်းလျက်ရှိလေ၏။ ခြေလှမ်း ၁၀၀ မျှမပြည့်မီ ဦးလေးသည် နံရံတစ်ဘက်ကို သူ၏ ဓာတ်မီးအိမ်ဖြင့် ထိုးကြည့်လျက်

"ဒီကျောက်တွေဟာ မှန်တယ်ဟေ့။ ဒီတစ်ခါတော့ တို့မမှားတော့ဘူး။ ကဲ သွားကြ၊ သွားကြ"

ညဉ့် ၈ နာရီသို့ ရောက်သည်အထိ ရေ၏အရိပ်အယောင်ကို မမြင်ရသေးချေ။ ကျွန်ုပ်မှာ အလွန်မောပမ်းနေပြီဖြစ်သော်လည်း ဦးလေးအား မရပ်နားစေလိုသဖြင့် တတ်နိုင်သမျှ ဆက်လက်သွားလျက်ရှိလေ၏။ သို့သော် နောက်ဆုံးတွင် လုံးဝအင်အားမရှိတော့ပြီဖြစ်၍ "ဒီမယ် ဦးလေး၊ လာပါဦး။ ကျွန်တော်တော့ သေရတော့မယ်"ဟုသာ နောက်ဆုံးဟစ်အော်နိုင်ပြီးနောက် မြေပေါ်သို့လဲကျသွားလေ၏။ ဦးလေးသည် ကျွန်ုပ်ရှိရာသို့ ပြေးလာပြီးနောက် "အင်း ဒီတစ်ခါတော့ ပြီးပြီထင်တယ်"ဟု သူ၏အသံကိုကြားလိုက်ရပြီးလျှင် ကျွန်ုပ်မှာ မျက်စိများ မှိတ်ထားလိုက်၏။

မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ဦးလေးနှင့်ဟန်တို့မှာလည်း ကျွန်ုပ်အနီး၌ လဲလျက်ရှိနေသည်ကိုတွေ့ရ၏။ ကျွန်ုပ်ကလည်း "အင်း ဒီတစ်ခါတော့ ပြီးပြီထင်တယ်"ဟု ရေရွတ်လိုက်မိ၏။ ကျွန်ုပ်တို့မှာ ပြန်ရန်လည်း မဖြစ်နိုင်တော့ပြီ။ ကျွန်ုပ်တို့ရောက်နေသော နေရာနှင့် ကမ္ဘာမြေပြင်၏စပ်ကြားတွင် မြေကြီး၏ထုထည်မှာ ၆ မိုင်မျှပင် ရှိနေ၏။ ကြောက်မယ်ဖွယ်ကောင်းသော ထုထည်ကြီးပါပေတည်း။

နာရီပေါင်းအတော်ကြာမျှ အချိန်ကုန်လွန်၍သွားလေရာ ကျွန်ုပ်သည် အသံတစ်သံကြားလိုက်ရသည်ဟု ထင်မိ၏။ ဤမျှလောက်ထုထဲသော ကျောက်ထပ်နံရံကြီးများကို ထွင်းဖောက်ကာ မည်သည့်အသံမျှ လာနိုင်မည်ဟုတ်ပေ။ လိုဏ်ခေါင်းကြီးမှာ မှောင်နှင့်မည်းမည်း ရှိနေသဖြင့် ကျွန်ုပ်လည်း မှောင်ထဲသို့ ကြည့်လိုက်ရာ၊ လက်ထဲတွင် မီးအိမ်တစ်လုံးကိုင်၍ ထွက်သွားနေသော ဟန်ကို မြင်လိုက်ရ၏။ ဦးလေးမှာ အိပ်ပျော်နေသဖြင့် ကျွန်ုပ်လည်း ဟန်၏အပြုအမူကို နားမလည်နိုင်ချေ။

"ဟန် ထွက်သွားပြီ။ ဟန် ဟန်"

အထက်ပါစကားများမှာ ကျွန်ုပ်စိတ်ထဲ၌သာ ဖြစ်ပေါ်လာ၍ ကျွန်ုပ်ပါးစပ်က မပြောနိုင်။ ဟန်သည် အပေါ်သို့တက်မသွားဘဲ အောက်ဆီသို့ဆင်းသွားသဖြင့် ကျွန်ုပ်တို့အား စွန့်ခွာထွက်ပြေးခြင်း မဟုတ်နိုင်ပေ။ အကြောင်းမဲ့သက်သက်လည်း ထွက်သွားမယ့်သူမဟုတ်ပေ။ သို့နှင့်ကျွန်ုပ်သည် တစုံတရာ သံသယမဖြစ်တော့ကြောင့် ဟန်အဘယ်ကြောင့်ထွက်သွားသည်ကို ဆက်လက်စဉ်းစားလျက်ရှိလေ၏။

နောက်ဆုံးတွင် လိုဏ်ခေါင်းအောက်ဘက်မှ ခြေသံများကြားရပြီးနောက် ကျောက်နံရံပေါ်သို့ မီးရောင်တစ်ခုထိုးလာပြီးလျှင် ဟန်ပေါ်လာလေသည်။ သူသည် ဦးလေး၏လက်မောင်းကိုညင်သာစွာကိုင်၍ နှိုးလေရာ ဦးလေးသည် ရုတ်တရက် အိပ်ရာမှနိုးလာ၍ ၎င်းအားအကျိုးအကြောင်းမေးမြန်းလေ၏။ ထိုအခါ ဟန်က 'ဗတ်တန်း'ဟု အော်လိုက်လေသည်။

ကျွန်ုပ်မှာ ဒိန်းဘာသာစကားကို ကောင်းစွာ နားလမလည်သော်လည်း သူဘာကိုဆိုလိုကြောင်း ကောင်းစွာသိလေပြီ။

ကျွန်ုပ် ။ ။ "ရေ ရေ"

ဦးလေး ။ ။ "ဘာကွဲ့ ရေ ဟုတ်လား။ ဟဗ္ဗား"

ဟန် ။ ။ "နီဒတ်"

ကျွန်ုပ် ။ ။ "ဘယ်မှာလဲ ဟင်။ အောက်မှာ ဟုတ်လား"

ကျွန်ုပ်သည် ဝမ်းသာအားရဖြင့် ဟန်၏လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။ ထို့နောက် ချက်ချင်းလိုပင် ကျွန်ုပ်တို့သည် ဟန်၏နောက်သို့ လိုက်ပါသွားကြလေရာ၊ ၁ နာရီခန့်မျှကြာလတ်သော် ပေ ၂၀၀၀ အနက်သို့ပင် ရောက်ရှိခဲ့ကြလေပြီး ထိုအချိန်၌ ကျနုပ်တို့သည် မည်သည့်နေရာကဟူ၍မသိ၊ ထူးဆန်းသောအသံတစ်သံကို ကြားလိုက်ရ၏။ သို့သော် နာရီဝက်ခန့် ဆက်လက်သွားသည့်တိုင်အောင် ရေကိုမတွေ့ရသဖြင့် ကျွန်ုပ်မှာ စိတ်ပျက်စပြု၍လာမိ၏။

"တို့ အသံကြားရတာ မြစ်ပဲကွဲ့"

"ဘာပြောတယ် ဦးလေး၊ မြစ်၊ ဟုတ်လား"

"ဟုတ်တယ်လေ။ တို့ဟာ မြေကြီးအောက်မှရှိတဲ့မြစ်တစ်ခုနဲ့ ကပ်နေပြီကွဲ့။ မဝေးတော့ဘူး"

ကျွန်ုပ်တို့သည် ယခင်ကထက် လျင်မြန်စွာဆက်လက်လျှောက်သွားကြရာ၊ ရေကိုမမြင်ရသော်လည်း အသံကြား

ရသည်ကိုပင် ဝမ်းမြောက်၍နေမိ၏။ နောက် နာရီဝက်ခန့် လျှောက်သွားပြန်ရာ ၃ မိုင်ခန့် ခရီးပေါက်ခဲ့ပြန်၏။ သို့သော် ရှေ့သို့ဆက်လက်လျှောက်သွားသောအခါ သံမှာဝေး၍ဝေး ၍ သွားပြန်သဖြင့် ကျွန်ုပ်တို့လည်း နောက်သို့ပြန်၍ ဆုတ်ခဲ့ရပြန်၏။ ဟန်ကား ရေသံကိုအကျယ်ဆုံးကြားရသောနေရာတွင် ရပ်လိုက်လေသည်။

ကျွန်ုပ်သည် ကျောက်နံရံကြီးဘေးတွင် ထိုင်ချလိုက်၏။ အရှိန်ပြင်းစွာဖြင့် စီးဆင်းနေသော ရေသံသည် ကျွန်ုပ်နှင့် ၂ ပေထက်ပို၍ ဝေးမည်မထင်ပေ။ ဟန်သည် မီးခွက်ကိုကိုင်ပြီးနောက် နေရာမှထသွားလေရာ ကျွန်ုပ်လည်း သူ့နောက်မှလိုက်ပါသွားလေ၏။ သူသည် ကျောက်နံရံကြီး နံဘေးကိုနားနှင့်ကပ်ခါ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနားထောင်လျက်ရှိ၏။ နောက်ဆုံးတွင်ဟန်သည် လက်ဝဲဘက် နံရံမြေပေါ်မှ ၃ ပေခန့်အကွာတွင် လူအလိုရှိသောနေရာကို တွေ့ရသည့် လက္ခဏာဖြင့် နားစွင့်လျက်ရှိလေရာ ကျွန်ုပ်လည်း သူ၏အပြုအမူကို စောင့်ကြည့်နေမိ၏။ ထို့နောက် သူသည် ပေါက်ချွန်းဖြင့် ကျောက်နံရံကိုဖောက်ထွင်းလျက်ရှိလေသည်။

"ကျွန်တော်တို့အသက် ချမ်းသာရာရပြီ ဦးလေး"

"ဟုတ်တာပေါ့ကွယ်။ သူလုပ်တာ မှန်တယ်ကွဲ့။ တကယ်တော်တဲ့အကောင်ကွယ်။ အံ့ရော။ တကယ်အားကိုးလောက်တဲ့ အကောင်ပဲဟေ့"

ယင်းအလုပ်မှာ လွယ်ကူသောအလုပ်ဖြစ်သော်လည်း ဦးလေးနှင့် ကျွန်ုပ်မှာ ဤအကြံကိုမရခဲ့ချေ။ အကယ်၍ ရစေကာမူလည်း နံရံ၏အခြားတစ်ဘက်မှမြစ်ရေသည် ကျွန်ုပ်တို့ဘက်သို့ ဒလဟောတွန်းဝင်ကာ ဥမင်လိုဏ်ခေါင်းကိုပင် ပြိုကျစေလိမ့်မည်လောဟု စဉ်းစားမိကြပေလိမ့်မယ်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် ရေကိုမရအရ အသက်နှင့်လဲ၍ ယူကြရမည်ဖြစ်ရာ ဟန်သည် ကျွန်ုပ်တို့ စိတ်ကူးမထည့်မိသော အရာကျွန်ုပ်တို့မလုပ်ဝံ့သောအရာကို လုပ်ကိုင်နေခြင်းဖြစ်လေသည်။ သူထွင်းဖောက်လျက်ရှိသောနေရာမှာ ၆ လက်မခန့် ကျယ်ဝန်းလာပြီဖြစ်၍ အသံများကိုလည်း ယခင်ကထက်ပို၍ ကျယ်လောင်စွာ ကြားလာရတော့၏။ တစ်နာရီခန့်မျှကြာသောအခါတွင်းမှာ ၂ ပေခန့်နက်လာပြီဖြစ်ရာ၊ ဦးလေးသည် ပို၍စိတ်မရှည်နိုင်အောင် ရှိတော့၏။ သို့ရှိစဉ် နံရံသည် ရုတ်တရက်ပေါက်ကွဲသွားပြီဖြစ်၍ ရေလုံးသည် ပြင်းထန်သောအဟုန်ဖြင့်အပေါက်မှတစ်တည်း ပန်းထွက်လာတော့၏။

ဟန်သည် ရေလုံးရိုက်မိသဖြင့် လဲကျလုမတတ်ဖြစ်သွားရာ နာကျင့်သည့်ဟန်ဖြင့် ပါးစပ်မှလည်း တစ်စုံတစ်ရာဟစ်အော်လိုက်၏။ ထိုအခါ ကျွန်ုပ်လက်ကို ရေထိသွားသဖြင့်ကျွန်ုပ်ကလည်း

"ရေပူတွေ ဦးလေးရေ။ ပူလိုက်တာမှဆူလုမတတ်ဘဲ"

"ကိစ္စမရှိပါဘူး။ တော်တော်ကြာ အေးသွားမှာပါ"

ရေလုံးမှာအခြားနံရံဘက်သို့ ရောက်ပြီးလျှင် ရေများသည် လိုဏ်ခေါင်းအောက်သို့ စီးစင်းလျက်ရှိလေ၏။ ထိုအခါမှ ကျွန်ုပ်တို့သည် ယခင်က ငတ်ခဲ့သမျှကို တစ်ကြိမ်တည်းနှင့် ဝအောင်သောက်ကြလေရာ၊ ကျွန်ုပ်မှာ ချိုသည် ဖံသည်မသိ။ ပူသည်အေးသည်မသိဘဲ ထိုရေပူများကိုပင် အဝသောက်လျက်ရှိနေလေ၏။ ဤသို့ဖြင့်လည်း ကျွန်ုပ်တို့မှာ အသက်ပြန်၍ ဆက်မိခြင်းဖြစ်လေသည်။ သို့သော် နောက်ခဏတွင် ကျွန်ုပ်က

"နို့ပေမယ့် ဦးလေး။ ရေက သံစော်နံတယ်"

"ကောင်းတာပေါ့ကွယ်။ သံစော်နံရင် ကျန်းမာရေးအတွက်တောင် ပိုကောင်းသေးတယ်"

"ဟုတ်လား ဦးလေး"

"အေး ဟုတ်တာပေါ့။ မြေပြင်ကနေပြီးတော့ ၆၆ မိုင် စီးလာတဲ့ ရေပဲကွဲ့။ သံစော်နံတယ် ဆိုပေမယ့် သောက်သို့အရသာရှိပါတယ်ကွယ်။ ဟန့်ကြောင့် တို့ဟာ အချက်ချမ်းသာရာရကြတယ် မဟုတ်လား။ ပြီးတော့ ဒီစမ်းချောင်းကိုလည်း ဟန်က ရှေးဦးစွာတွေ့တယ်။ ဒါကြောင့် သူ ပထမဆုံးတွေ့တဲ့ စမ်းချောင်းဖြစ်တဲ့အတွက် ဒီချောင်းကို တို့များနာမည်ပေးရမယ်ဟေ့"

"ဘယ်လိုပေးမှာလဲ ဦးလေး"

"ဟန်(စ)ဗက်လို့ပေးမယ်။ အဓိပ္ပာယ်ကတော့ 'ဟန်' စမ်းချောင်းပေါ့ကွယ်"

ဟန်မှာ သူပြုလုပ်နေကျအတိုင်း ကျောက်တုံးတစ်တုံးပေါ်တွင် အေးဆေးငြိမ်သက်စွာ ထိုင်လျက်ရှိနေလေသည်။

"ဒီရေတွေကို ဒီလိုပဲထားမလား ဦးလေး"

"ဘာဖြစ်လို့လဲကွဲ့။ ဒီအတိုင်း စီးနေပေစေပေါ့။ တစ် သက်လုံးစီးနေတော့မှာပဲ"

"ကျွန်ုပ်တို့ လုလင်းတွေရေထည့်ပြီး ဒီအပေါက်တွေကို ပိတ်မှ ဖြစ်မယ်ထင်တယ်"

ကျွန်ုပ် အကြံပေးချက်အရ အပေါက် ကိုကြိုးများ၊ ကျောက်တုံးများဖြင့်ပိတ်ရန် ကြိုးစားကြ၏။ သို့သော် ရေမှာ အလွန်ပူလောင်သည့်ပြင် ရေအထွက်လည်း အလွန်သန်လျက် ရှိသောကြောင့် ပိတ်၍မရနိုင်အောင်ရှိတော့၏။

"ဒီစမ်းရေတွေဟာ အရှိန်ပြင်းပုံထောက်တော့ ဟို အမြင့်ကြီးကလာတယ်ဆိုတာ ထင်ရှားတယ် ဦးလေး"

"မှန်တာပေါ့ကွဲ့။ ဒါ့ထက် ငါအကြံတစ်ခုရတယ်ဟေ့"

"ဘာလဲ ဦးလေး"

"ဒီအပေါက်ကို တို့က ဘာဖြစ်လို့ ပိတ်ချင်ရတာလဲ"

"ဘာဖြစ်လို့လည်းဆိုတော့"

ကျွန်ုပ်တို့ ရုတ်တရက် အဖြေရှာ၍မတွေ့နိုင်သဖြင့် ဤနေရာတွင် ရပ်ထားလိုက်ရ၏။

"အလိုကွယ့်။ တို့ပုလင်းတွေထဲမှာ ကုန်သွားရင် ဘယ် နေရာက ရေရမယ်ဆိုတာ တို့ဇကန်မသိဘူးလား"

"မှန်တာပေါ့ ဦးလေး"

"ကိုင်း ဒီတော့ ဒီချောင်းဟာ သူ့သဘာဝအတိုင်း စီး ပေစေ။ ဒီချောင်းက တို့ကို လမ်းပြလိမ့်မယ်။ တို့ရေလိုတဲ့အခါ တိုင်း ဒီချောင်းကပဲ ယူရလိမ့်မယ်"

"သိပ်ကောင်းတဲ့အကြံပဲ ဦးလေး။ အနိမ့်ဆုံးနေရာကို သူစီးသွားမှာပဲ။ ဒီချောင်းနဲ့ယှဉ်ပြီး ကျွန်တော်တို့လိုက်သွားရင် ဘာမှမအောင်မြင်နိုင်စရာ လမ်းမရှိဘူး။"

"အင်း၊ အခု မင်း ကောင်းကောင်းသဘောပေါက်လာပြီ အိတ်ဇယ်။ အမှန်ကိုရောက်အောင် ဘယ်လိုကြံဆရမယ်ဆိုတာ ငါ့တူ နားလည်လာပြီ"

"ဒီလိုဆိုရင် ကျွန်တော်လိုက်လာတာ ဦးလေးမှာ အများကြီးအသုံးကျတာပေါ့။ ကဲ သွားကြစို့ ဦးလေး"

"နေဦးကွယ်။ တို့ နားကြဦးမှပေါ့"

ထိုအချိန်မှာ ညဉ့်ဖြစ်သည်ကို ကျွန်ုပ် သတိမေ့နေ၏။ သို့နှင့် ကျွန်ုပ်တို့လည်း ညစာကိုမြိန်ရှက်စွာ စားကြပြီးနောက် ထိုနေရာ၌ပင် အိပ်စက်ကြလေ၏။

* * *

နောက်တစ်နေ့သို့ ရောက်သောအခါ ယခင်က ကျွန်ုပ်တို့ တွေ့ကြုံခံစားခဲ့ရသည့် ဒုက္ခများကိုပင် မေ့လျော့သွားတော့၏။ သို့နှင့် နံနက်စာစား၍ ကျွန်ုပ်တို့ လက်လှမ်းမီရှိရေကို တဝသောက်ကြပြီးနောက် ကျွန်ုပ်မှာ လန်းဆန်းလတ်ဆတ်ရုံမျှသာမက ပျော်ရွှင်၍ပင်နေမိ၏။ ကျွန်ုပ်ကဲ့သို့သောအဖော်ကောင်းတစ်ယောက်နှင့်ဟန်ကဲ့သို့ လမ်းပြတစ်ယောက်ရှိနေက ဦးလေးကဲ့သို့သောပုဂ္ဂိုလ်မှာ အဘယ်ကြောင့် မအောင်မြင်ဘဲရှိနိုင်ပါအံ့နည်း။ ထိုအချိန်တွင် စနေးဖဲသို့ပြန်ရန် တစ်စုံတစ်ယောက်က လာ၍ခေါ်စေကာမူ ကျွန်ုပ်လိုက်တော့မည်မဟုတ်ပေ။ သို့

နှင့် ကျွန်ုပ်လည်း "ကဲလာကြ၊ သွားကြမယ်"ဟု ဝမ်းမြောက်စွာ ဟစ်အော်လိုက်လေသည်။

ကျွန်ုပ်တို့သည် ထိုနေ့ (ဇူလိုင်လ ၉ ရက်) နံနက် ၈ နာရီအချိန်တွင် ခရီးဆက်ကြပြန်၏။ လမ်းသည် လက်ဝဲသို့လည်းကောင်း၊ လက်ယာသို့လည်းကောင်း ထိုမှဤမှ ကွေ့ကောက်ဆင်းသွားလေရာ၊ ဦးလေးကလည်း ကျွန်ုပ်တို့သွားနေသောအရပ်ကို အမှန်အတိုင်းသိနိုင်ရန် အိမ်မြှောင်ဖြင့် အမြဲကြည့်ရှုလျက်ရှိလေ၏။ ကျွန်ုပ်တို့သွားနေသော လိုဏ်ခေါင်းမှာ အောက်သို့နိမ့်ဆင်းသွားသည်မရှိလှဘဲ မြေပြင်ကဲ့သို့ ရှိနေသဖြင့် ဦးလေးမှာ အောက်သို့ဆင်းသောလမ်းကိုသာတွေ့လိုဇောဖြင့် စိတ်စောလျက်ရှိနေ၏။ ထိုနေ့နှင့် နောက်နေ့တစ်နေ့လုံးပင် ကျွန်ုပ်တို့သည် အောက်သို့သိသိသာသာ ဆင်းသက်ရခြင်းမရှိသေးချေ။

နောက်တစ်နေ့ (ဇူလိုင်လ ၁၀ ရက်) သောကြာနေ့သို့ရောက်သောအခါ၊ ကျွန်ုပ်တို့မှာ အကွာအဝေးအားဖြင့် 'ရေကီအာဗစ်မြို့၏ အရှေ့တောင်ဘက် မိုင် ၉၀ အကွာ၌ရှိနေပြီးလျှင် အနက်အားဖြင့် ၇ မိုင်ခန့် မြေအောက်သို့ ရောက်ရှိနေလေပြီ။ ညနေစောင်းတွင် နောက်ထပ်မိုင်ဝက်ခန့် အောက်သို့ရောက်လာပြန်၏။ ထိုနေရာ၌ ကျွန်ုပ်တို့ရှေ့တွင် အလွန်ကြီးမား၍ အနက်အားဖြင့် အောက်သို့မမြင်ရသော တွင်းကြီးတစ်တွင်းကို တွေ့ကြရ၏။ ကျွန်ုပ်မှာ ကြည့်ရှုံမျှနှင့်ပင် ကြောက်ရွံ့လျက်ရှိလေရာ ဦးလေးမှာမူ ဝမ်းမြောက်၍မဆုံးနိုင်အောင် ရှိတော့၏။

"ဟန်ကျလိုက်လေကွာ။ နေရာကျပြီဟေ့။ နေရာကျပြီ။ တို့ဟာ ဘာမှမပင်ပန်းဘဲနဲ့ အောက်ကိုအနက်ကြီး ရောက်အောင် ဆင်းနိုင်ပြီကွဲ့။ ပြီးတော့ ကြည့်စမ်းပါဦးကွယ်။ နေရာကျလိုက်တာ။ ဘေးကကျောက်စွန်းတွေ ထွက်နေတာကလည်း လှေခါးထစ်တွေလိုပဲ"

ကျွန်ုပ်တို့သည် ယခင်ကနည်းအတိုင်း ကြိုးများကို ပြင်ဆင်ပြီးလျှင် အောက်သို့စဆင်းကြရာ၊ ကျွန်ုပ်အတွက်မှာမူ ကျင့်သားအတော်ရနေပြီဖြစ်၍ မခဲယဉ်းလှတော့ချေ။ လှေခါးထစ်များမှာ အတော်ပင် ညီညာ၍ လူတို့၏လက်ဖြင့် ပြုလုပ်ထားသကဲ့သို့ ရှိလေသည်။ ၁၅ မိနစ်ခန့် ဆင်းမိတိုင်း ကျွန်ုပ်တို့သည် အပန်းဖြေ ခေတ္တမျှထိုင်ကြပြီးလျှင် စကားပြောရင်း အစားများကို စားသောက်ကာ ချောင်းရေကို သောက်ကြရ၏။ အောက်သို့ စီးစင်းလျက်ရှိသောရေမှာ အချို့မတ်စောက်သော နေရာများတွင် ရေတံခွန်ကဲ့သို့ ပြင်းထန်သော အဟုန်ဖြင့် စီးဆင်းလျက်ရှိလေ၏။

ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်နေ့များတွင် ကျွန်ုပ်တို့သည် ဤသဘာဝလှေခါးထစ်များဖြင့်ပင် အောက်သို့ဆင်းသက်လျက်ရှိကြရာ ၁၂ ရက်နေ့ညနေတွင် နောက်ထပ်အောက်သို့ အနက် ၆မိုင် ရောက်ခဲ့ကြပြန်၏။ ထိုအခါ၌ကား ကျွန်ုပ်တို့မှာ မြေမျက်နှာပြင်အောက် ၁၅ မိုင်ပင် ရောက်ရှိနေကြလေပြီ။ သို့သော် နောက်တစ်နေ့၌ ကျွန်ုပ်တို့သွားလျက်ရှိသော လမ်းကြောင်းမှာ အရှေ့တောင်သို့ ဦးတည်လျက်ပင်ရှိနေသော်

လည်း အောက်သို့ နက်ရှိုင်းစွာဆင်းသည်ဟူ၍မရှိဘဲ ခပ်ပြေပြေသာ လျှောက်ရ၍ များစွာ စိတ်ဝင်စားဖွယ်မကောင်းလှချေ ဤနည်းအတိုင်း တစ်နာရီပြီးတစ်နာရီ ဆက်လက်လျှောက်လျက်ရှိကြ၏။

၁၅ ရက်၊ ဗုဒ္ဓဟူးနေ့သို့ ရောက်သောအခါ မြေကြီးအောက် ၂၁ မိုင်အနက်သို့ ရောက်နေပြီးလျှင် စနေးဖဲမှ မိုင် ၁၅၀ မျှပင် ဝေး၍လာခဲ့လေပြီ။ ကျွန်ုပ်တို့မှာ အတော်အတန်မောပမ်းလျက်ရှိသော်လည်း ကောင်းစွာကျန်းမာလျက်ရှိကြ၏။ ဦးလေးသည် နာရီတိုင်း ကျွန်ုပ်တို့ရောက်ရှိနေသော အချိန်၊ အပူ အအေးဒီဂရီ၊ မြေကြီးအနက်၊ ရောက်ရှိနေသော အရပ်မှစ၍ ခရီးစဉ်ကို အတိအကျရေးသားကလျက်ရှိ၏။ ထို့ကြောင့်လည်း မည်သည့်နေရာသို့ရောက်နေကြောင်း အတိအကျသိရခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့မှာ အရှေ့တောင်သို့ မိုင် ၁၅၀ မျှပင် ရောက်နေပြီဖြစ်ကြောင်း ဦးလေးက ပြောသောအခါ ကျွန်ုပ်မှာ အတော်ပင်အံ့အားသင့်မိ၏။

"ဦးလေး"

"ဘာလဲ လူကလေး"

"ကျွန်တော် တွေးကြည့်တယ် ဦးလေးရဲ့။ ဦးလေးပြောတဲ့အတိုင်းသာမှန်မယ်ဆိုရင် ကျွန်တော်တို့ဟာ အိုက်စလန်ကျွန်းအောက်မှာ မရှိတော့ဘူး"

"မင်း ဒီလိုပဲထင်သလား"

"အခု ကျွန်တော်တို့မြေပုံမှာ ကြည့်မယ်လေ"

သို့နှင့် ကျွန်ုပ်လည်း မြေပုံကိုယူပြီးလျှင် ကွန်ပါနှင့် ထောက်ကာ အကွာအဝေးကိုတိုင်းထွာလေရာ မှန်ကန်ကြောင်း တွေ့ရလေသည်။

"ဒီမယ် ဦးလေး။ ကျွန်တော်တို့ဟာ ပို့တလန်အငူကို တောင် ကျော်သွားပြီ။ အရှေ့တောင်ဘက်ကို ဒီဂရီ ၁၂၀ ဆို တော့ ပင်လယ်ကို ရောက်နေပြီပေါ့ ဦးလေး"

"ဟုတ်လိုက်လေကွယ်။ ကောင်းလိုက်လေ"

"ဒါဖြင့် ပယ်လင်ဟာ ကျွန်တော်တို့ခေါင်းပေါ်ကို ရောက်နေပြီပေါ့"

ဦးလေးမှာ တစ်စုံတစ်ရာ အံ့သြခြင်းမရှိသကဲ့သို့ရှိနေ သော်လည်း ကျွန်ုပ်မှာမူ ပင်လယ်အောက်သို့ လျှောက်သွားနေ ရသည်ကိုပင် စိတ်ထဲ၌ အတော်လှုပ်ရှားမိ၏။ သို့သော် အိုက် စလန်ကျွန်းရှိ မီးတောင်များအောက်တွင် လျှောက်ရသည်ဖြစ် စေ၊ အတ္တလန္တိတ်သမုဒ္ဒရာ လှိုင်းလုံးများအောက်၌ သွားနေရ သည်ဖြစ်စေ အကြောင်းထူးမည်မဟုတ်ပေ။ ကျွန်ုပ်တို့မြင်နေ ရသော အရာများမှာ ကျောက်သားပကတိသာဖြစ်၍ ကျွန်ုပ်တို့ အဖို့ အတူတူသာဖြစ်တော့၏။ ဤကဲ့သို့ စဉ်းစားမိသောအခါ မှ ကျွန်ုပ်တို့သွားနေသောလမ်းမှာ တည့်တည့်သွားသည်ဖြစ်စေ၊ လက်ဝဲသို့ချိုးသည်ဖြစ်စေ၊ လက်ယာသို့ချိုးသည်ဖြစ်စေမည်သို့ မျှအကြောင်းမထူးဘဲ ကမ္ဘာကြီး၏အလယ်ဗဟိုသို့ ဆင်းသက် နေသည်ကိုသာ သတိပြုမိတော့၏။

နောက် ၄ ရက်ကြာ၍ ဇူလိုင်လ ၁၈ ရက်၊ စနေနေ့ ညနေတွင် အလွန်ကြီးသော လိုဏ်ဂူကြီးတစ်ခုသို့ ရောက်လာခဲ့ကြရာ၊ ထိုနေရာ၌ ရပ်နားကြပြီးလျှင် ဦးလေးသည် ဟန်အားလခကို ရှင်းပေးပြီးနောက် နောက်တစ်နေ့တွင် ခရီးမထွက်ဘဲ အနားယူကြရန် ဆုံးဖြတ်လိုက်လေသည်။

* * *

နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ ချက်ချင်း ခရီးထွက်ရန်မရှိသဖြင့် ကျွန်ုပ်မှာ စိတ်အေးလက်အေးရှိနေ၏။ ကျွန်ုပ်တို့မှာ အလွန်နက်နဲလှစွာသော နေရာသို့ရောက်နေသော်လည်း ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ စိတ်လက်ပပေါ့ပါးစွာရှိနေကြကုန်၏။ သို့နှင့် ကျွန်ုပ်မှာ နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ ကြယ်တာရာအပေါင်းနှင့်တကွ သစ်ပင်တောတောင်များကိုလည်းကောင်း၊ အိမ်များ၊ မြို့များကိုလည်းကောင်း၊ သတိမရတော့ချေ။

'ဟန်စဗက်'ချောင်းသည် ဂူ၏အောက်ခံ နှမ်းဖတ်ကျောက်ပေါ်၌ စီးဆင်းကျက်ရှိရာ ကျောက်ထရံစဖောက်ထွက်လာခဲ့သောနေရာမှာ အလွန်ဝေးကွာလှပြီဖြစ်၍ ရေလည်လည်းငွေ့ငွေ့မျှပင် မပူတော့ဘဲ ရှိနေတော့၏။ နံနက်စာ စားသောက်ပြီးသောအခါ ဦးလေးသည် သူ၏ စာရွက်စာတမ်းများကို နေသားတကျ စီစဉ်လျက်ရှိလေသည်။

"ဒီမယ်ကွဲ့ အိတ်ဇယ်။ ပထမ တို့သိရမှာက ဘယ်နေရာကို အတိအကျရောက်နေပြီဆိုတာကို ရှာရမယ်ကွဲ့။ နို့မှ ပြန်ရောက်တဲ့အခါ တို့သွားတဲ့ခရီးစဉ်ကို မြေပုံလုပ်နိုင်မယ်"

"ဒီလိုဆိုရင် သိပ်အဖိုးတန်မှာပေါ့ ဦးလေး၊ ဒါပေမယ့် ဦးလေး လုပ်နိုင်ပါ့မလား"

"လုပ်နိုင်မယ်လေ။ တို့ လာခဲ့တဲ့လမ်းဟာ တောက်ဘယ်လောက်နက်လာပြီ၊ ဘယ်အရပ်ကို ဦးတည်ပြီး သွားနေတယ်ဆိုတာကို ငါက သေသေချာချာမှတ်လာခဲ့တာပဲ။ တို့အခု ပထမ စထွက်တဲ့နေရာကနေပြီး ၂၅၅ မိုင်ရောက်လာပြီ။ ပြီးတော့ အနက်က ၄၆ မိုင်ရောက်လာပြီ"

"အောက်ကို အနက် ၄၆ မိုင်၊ ဟုတ်လား ဦးလေး"

"ဟုတ်တယ်ကွဲ့၊ ဘာမှ ယုံမှားစရာမရှိဘူး"

"နို့ပေမယ့် လောကဓာတ်ပညာအရဆိုရင် ကမ္ဘာမြေကြီးရဲ့ အစိုင်အခဲထုဟာ ၄၈ မိုင်ရှိတယ်ဆို"

"အေးလေ။ ဒါဘာဖြစ်သလဲ"

"ဒီတော့ အပူချိန်၍ ပေ ၇၀ မှာ ၁ ဒီဂရီတက်တယ်ဆိုရင် ဒီနေရာမှာ အပူချိန် ၁၅၀၀ ရှိထိုက်တာပေါ့"

"ရှိထိုက်တာပေါ့ လူကလေးရဲ့"

"ဒီလိုဆို နှမ်းဖတ်ကျောက်ဟာ အရည်ပျော်ပြီး ရေလိုဖြစ်နေသင့်တယ်။ ဘယ်နည်းနဲ့မှ မာကျောတဲ့အစိုင်အခဲ မဖြစ်နိုင်ဘူး"

"နို့ပေမယ့် ဒီမှာ အစိုင်အခဲမဟုတ်ဘူးလားကွဲ့။ မင်းမြင် တဲ့အတိုင်းပဲ။ ဒါကြောင့် ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုမှာ အပူ ချိန်ဒီဂရီ အင်မတန်ကြီးမားတယ်ဆိုတာ မမှန်နိုင်ဘူး"

"ဒီဟာကို ကျွန်တော်ဝန်ခံပါတယ် ဦးလေး။ နို့ပေမယ့် ကျွန်တော်တော့ သိပ်အံ့သြတာပဲ"

"ကိုင်း၊ ဒီတော့ အခု ပြဒါးချိန်ကို မင်းကြည့်လိုက် စမ်း။ ဘယ်လောက်ရှိသလဲ"

"၂၇ နဲ့ ဆယ်ပုံခြောက်ပုံ"

"အေး၊ ဒါကြောင့် ငါပြောတာပေါ့။ ဟန်ဖရီဒေဗွီဟာ မှန်တယ်။ ပြီးတော့ သူ့စကားကို လိုက်နာတဲ့အတွက် ငါလည်း မှန်တယ်"

"ဒီမယ် ဦးလေး။ ဦးလေးပြောတာ မှန်တယ်ဆိုဟာ တော့။ နို့ပေမယ့် အင်မတန်အရေးကြီးတဲ့အချက်ကြီးတစ်ခုကို ကျွန်တော်တို့ မမေ့သင့်ဘူး"

"အဲဒါက ဘာလဲကွဲ့ လူကလေးရဲ့။ ပြောရင်ပွင့်ပွင့် လင်းလင်းပြောစမ်းပါကွယ့်"

"အိုက်စလန်ကျွန်းရဲ့ မျက်နှာပြင်ကနေပြီး ကမ္ဘာမြေ ကြီးရဲ့ အလယ်ဗဟိုရောက်အောင် မိုင်ပေါင်း ၄၇၅၀ ဝေးတယ် ဆို"

"အမှန်ပဲ"

"ဒါဖြင့် မိုင် ၄၈၀၀ ပဲ ထားပါတော့ ဦးလေးရယ်။ အဲဒီ မိုင် ၄၈၀၀ ရှိတဲ့ ခရီးအနက်က အခု ကျွန်တော်တို့ဟာ ၄၈ မိုင်ပဲ ရောက်သေးတာပေါ့"

"အေး ဒါလောက်ပဲ ရောက်သေးတယ်"

"ဒါဖြင့် အဲဒီအနက်ရောက်အောင် ကျွန်တော်တို့ဟာ ၂၅၅ မိုင်လျှောက်လာရတာပေါ့"

"မှန်တယ်လေ"

"အဲဒါ ရက်ပေါင်း ၂၀ ကြာတယ်"

"ဟုတ်တယ်။ ရက် ၂၀ ကြာတယ်"

"ဒါဖြင့် ၄၈ မိုင်ဟာ မိုင် ၄၈၀၀ ရဲ့ အပုံတစ်ရာပုံရင် တစ်ပုံပဲရှိတယ်။ ဒီတော့ အခုနှုန်းအတိုင်းသာ ကျွန်တော်တို့ သွားမယ်ဆိုရင် ရက်ပေါင်း ၂၀၀၀ သွားရလိမ့်မယ်။ ရက်ပေါင်း ၂၀၀၀ ဆိုတာ ငါးနှစ်ခွဲလောက်နီးပါးပဲ"

ဦးလေးကား အဖြေပြန်၍ မပေးချေ။

ကျွန်ုပ်က ဆက်လက်၍

"ဒီတော့ ဒီနှုန်းအတိုင်းတွက် ကြည့်တဲ့အခါမှာ ၄၈ မိုင်အနက်ရောက်အောင် ကျွန်တော်တို့ဟာ ၂၅၅ မိုင်လျှောက်ခဲ့ရတယ်။ ဒါကြောင့် ဒီနှုန်းနဲ့ဆိုရင် ကျွန်တော်တို့ဟာ အရှေ့တောင်ဘက်ကို မိုင်ပေါင်း ၂၄၀၀၀ လျှောက်ရမယ်။ မြေကြီးရဲ့ ဗဟိုရောက်အောင် အင်မတန်ရှာလှျားဦးမယ့် ခရီးကြီးပဲ"

ဦးလေးက ဒေါသထွက်လျက်

"မင့် ဂဏန်းတွေမှန် တယ်ဆိုတာ မင်းဘယ်လိုလုပ် သိသလဲ။ ကျန်တဲ့ခရီးဟာ တို့ အခုရက်ပေါင်း ၂၀ လာခဲ့ရတဲ့ ခရီးနဲ့တူမယ်လို့ မင်းဘာကြောင့် ထင်နိုင်သလဲ။ တို့ အခုသွား နေတဲ့ ခရီးလမ်းဟာ ကမ္ဘာမြေကြီးရဲ့ ဗဟိုအချက်အချာကို

တည့်တည့်ကြီး ရောက်မသွားဘူးလို့ မင်းဘယ်လိုလုပ်သိနိုင်သလဲ။ ပြီးတော့ ဒီပြင်လည်း တို့ အခု လုပ်နေတာဟာ တခြားလူတစ်ယောက် ရှေ့ကလုပ်ပြီးတာကို နောက်ကလိုက်လုပ်နေတာကွဲ့။ ဘာဖြစ်လို့ မအောင်မြင်ရမှာလဲ။ အဲဒီလူ အောင်မြင်ရင် တို့လည်း"

"အောင်မြင်လိမ့်မယ်လို့ ကျွန်တော်လည်း မျှော်လင့်ပါတယ် ဦးလေးရယ်။ ဒါပေမယ့် ကျွန်တော့်ကို တစ်ခုပြောခွင့်ပြုစေချင်တာက"

"ဘာတစ်ခုမှ နောက်ထပ် ပြောခွင့်ခွင့်မပြုနိုင်ဘူးဟေ့အိတ်ဇယ်။ မင်း အခုနေအတိုင်းသာ အရမ်းလျှောက်ပြောနေမယ်ဆိုရင်"

ဦးလေးမှာ ချိုသာစွာပြောနေသော ကျွန်ုပ်၏ဦးလေးအဖြစ်မှ ခက်ထန်ကြောက်မက်ဖွယ်ကောင်းသော ပါမောက္ခကြီးအဖြစ်သို့ ရုတ်တရက်ပြောင်းလဲသွားသဖြင့် ကျွန်ုပ်မှာရှေ့သို့ စကားမဆက်ဝံ့ဘဲ ခပ်မဆိတ်နေလိုက်ရတော့၏။

"ကဲ၊ ဘာရှိမီတာကို ကြည့်စမ်း။ ဘယ်လိုနေသလဲ"

"ဖိနှိပ်အားများတယ် ဦးလေး"

"အင်း၊ ဒီတော့ တို့ဟာ တဖြည်းဖြည်း အောက်ကိုဆင်းလာတာနဲ့အမျှ လေရဲ့ဖိနှိပ်အားကို ခံနိုင်ရည်ရှိလာတယ်ဆိုတာ သိရတယ်။ မင်းဟာ ဘာမှမဖြစ်ဘူးမဟုတ်လား"

"မဖြစ်ပါဘူး ဦးလေး။ နားထဲက နဲနဲနာတာ တစ်ခုပါပဲ"

"ဒီဟာက ဘာမှမဖြစ်ပါဘူးကွယ်။ တစ်မိနစ်လောက် လေကို ပြင်းပြင်းမြန်မြန်ရှူလိုက်ရင် ပျောက်သွားမှာပဲ"

"ဟုတ်တယ် ဦးလေ။ ဒီဖိနှိပ်အားများတဲ့လေကို ရှူရတာလည်း တစ်မျိုးကောင်းတာပဲ။ အသံဟာလည်း အင်မတန်ကြည်လင်ပြတ်သားတယ်ဆိုတာ ဦးလေးသတိပြုမိမှာပေါ့"

"ပြုမိပါတယ်ကွယ်"

"ဒါဖြင့် ကျွန်တော်တို့ရှေ့ကိုသွားတိုင်း လေရဲ့ဖိနှိပ်အားဟာ လေးလေးလာမှာပေါ့နော်။ ဟုတ်တယ်မဟုတ်လား"

"အေး၊ ဟုတ်တာပေါ့။ အရာဝတ္ထုတွေရဲ့ အလေးချိန်ဟာ ခြားနားလာတာပေါ့။ အရာဝတ္ထုတစ်ခုရဲ့ အလေးချိန်ဟာ ကမ္ဘာမြေကြီးရဲ့ မြေမျက်နှာပြင်ပေါ်မှာ အလေးဆုံးပဲကွဲ့။ ကမ္ဘာရဲ့ အလယ်ဗဟိုရောက်တော့ ဘာအလေးချိန်မှ မရှိတော့ဘူး"

"ဒါဖြင့် ကမ္ဘာမြေကြီးရဲ့အောက် အနက်တစ်နေရာ,မှာ လေဟာ ရေလောက်ပဲ လေးမှာပေါ့"

"မှန်တာပေါ့ကွဲ့၊ လေးမှာပေါ့"

"ဒီထက် အောက် နက်တော့ကော"

"ဒီထက် အောက်နက်တော့ ဒီထက်ပိုလေးမှာပေါ့"

"ဒီလိုဆိုရင် ကျွန်တော်တို့ အဲဒီနေရာကို ဘယ်လိုလုပ်ပြီး သွားနိုင်မလဲ"

"အဲဒီအခါကျတော့ တို့ အိတ်ထဲမှာ ကျောက်ခဲတွေ ထည့်ရတာပေါ့ကွယ်"

ဦးလေးမှာ ကျွန်ုပ်မေးသမျှ မေးခွန်းကိုဖြေဆိုလေသည်။

ကမ္ဘာမြေကြီး၏ အောက်တစ်နေရာတွင် လေသည် ထုထည်အစိုင်အခဲဖြစ်နေသည်မှာ ကောင်းစွာထင်ရှားသဖြင့် ယင်းလေထုအား မည်ကဲ့သို့ဖြတ်သွားရမည်ကို ကျွန်ုပ်မှာမစဉ်းစားနိုင်အောင်ပင် ရှိတော့၏။ သို့သော် ယင်းအချက်ကို ဦးလေးအားပြော၍ သင့်လျော်မည်မဟုတ်ပေ။ အကယ်၍ပြောခဲ့လျှင်လည်း သူသည်ဒေါသထွက်၍ ဆက္ကနူဆမ်အကြောင်းကိုသာ ပြောပေလိမ့်မည်။ တစ်စယ့်ခြောက်ရာစုနှစ်အတွင်းက ဘာရိမီတာခေါ် လေချိန်ကိရိယာ မပေါ်သေးသဖြင့် ဆက္ကနူဆမ်သည် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုရောက်သည်ဟု မည်ကဲ့သို့ပြောနိုင်ပါအံ့နည်း။

တနင်္လာနေ့နံနက်၌ ကျွန်ုပ်တို့သည် ခရီးဆက်ကြပြန်လေ၏။ ရက်ပေါင်း အတော်ကြာမျှ ကျွန်ုပ်တို့သွားရာလမ်းသည် အလွန်မတ်စောက်ဖြင့် ကျွန်ုပ်တို့မှာ အတော်အတန်ခဲယဉ်းစွာ သွားရလေရာ၊ တစ်နေ့လျှင် ၄ မိုင်မှ ၆ မိုင်သာ ခရီးပေါက်ကြ၏။ ဟန်သည် ကျွန်ုပ်တို့အား များစွာအကူအညီပေး၏။ အကယ်၍သာ သူမပါခဲ့ပါမူ ကျွန်ုပ်တို့သည် ရှေ့သို့ခရီးဆက်ကောင်းမှ ဆက်နိုင်ကြပေတော့မည်။

ထို့နောက် ကျွန်ုပ်တို့သည် တစ်စုံတစ်ရာအကြောင်းမထူးဘဲ ရက်သတ္တ ၂ ပတ်ခန့် ဆက်လက်သွားကြရာ၊ ဩဂုတ်လ ၇ ရက်နေ့တွင် မြေမျက်နှာပြင်အောက် မိုင် ၉၀ မျှရောက်နေပြီဖြစ်၍ အိုက်စလန်ကျွန်းမှ မိုင်ပေါင်း ၆၀၀ ပင် ဝေးခဲ့ပေပြီ။ ထိုနေရာတွင် လိုဏ်ခေါင်းကြီးမှာ များစွာမမတ်စောက်လှဘဲ

ကျွန်ုပ်က ရှေ့ဆုံးမှသွားကျက်ရှိစဉ် ရုတ်တရက် နောက်သို့ပြန်လှည့်ကြည့်လိုက်ရာ ဟန်နှင့် ဦးလေးမရှိတော့ကြောင်း တွေ့ရ၏။ သို့နှင့် သူတို့သည် တစ်နေရာတွင် ခေတ္တအပန်းဖြေရင်း ကျန်ရစ်ခဲ့ရမည်ဟု အောက်မေ့သည့်အတိုင်း နောက်သို့ပြန်၍ ဆုတ်လာခဲ့၏။ ၁၅ မိနစ်ခန့်ကြာပြီးနောက် နံဘေးပတ်ဝန်းကျင်သို့ လှည့်လည်ကြည့်ရှုလျက်ရှိရာ မည်သူ့ကိုမျှ မတွေ့မမြင်ရသဖြင့် ကျွန်ုပ်လည်း အသံကုန်အော်ဟစ်၍ခေါ်လိုက်၏။ သို့သော် မည်သည့်အသံမျှ ပြန်၍မကြားရချေ။ သို့နှင့် ကျွန်ုပ်မှာ အနည်းငယ်ကြောက်ရွံ့၍လာပြီးလျှင်

"ဒီတစ်လမ်းပဲရှိတာပဲ။ လမ်းတော့ မှားနိုင်မယ်မထင်ပါဘူး။ ငါက သူတို့အရင် မြန်မြန်လျှောက်လာလို့ ရှေ့ကိုလွန်လာတာနဲ့တူတယ်။ ပြန်လျှောက်ရင် တွေ့မှာပေါ့"ဟု မိမိကိုယ်ကို မိမိအားတင်းကာ လျှောက်မြဲလျှောက်လာပြန်၏။

နာရီဝက်ခန့် ဆက်လက် လျှောက်လာမိသောအခါ တစ်စုံတစ်ယောက်က ခေါ်လေမည်လောဟု မကြာခဏ နားစွင့်၍ထောင်မိ၏။ သို့သော် မည်သည့်အသံမျှ မကြားရချေ။ သို့နှင့် ကျွန်ုပ်သည် ခေတ္တရပ်လိုက်ကာ သူတို့သည် ကျွန်ုပ်ရှေ့က သွားနှင့်သည်ကို မသိဘဲ နောက်ပွင်ကျန်ရစ်ခဲ့သည်အထင်နှင့် နောက်သို့ပြန်၍ ရှာဖွေနေခြင်းလည်း ဖြစ်နိုင်၏ဟု အောက်မေ့မိပြန်၏။

ထို့နောက် သံသယဖြစ်၍ လာမိပြန်၏။ ကျွန်ုပ်သည် အကယ်ပင် သူတို့ရှေ့သို့ ရောက်၍နေခြင်းဖြစ်သလော။ ဟန်

က ကျွန်ုပ်နောက်မနီးမဝေးမှ လိုက်ပါလျက် ဦးလေးကလည်း ခေတ္တရပ်ပြီးလျှင် ကျောပေါ်မှ အထုပ်ကိုပြင်၍ လွယ်လိုက်သည်ကို သတိရမိ၏။ ဤအကြောင်းကို သေသေချာချာမှတ်မိသဖြင့် ကျွန်ုပ်သည် သူတို့ရှေ့သို့ အတော်ခရီးလွန်၍လာကြောင်း ထင်ရှား၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အား အစဉ်လမ်းပြလျက်ရှိသော စမ်းချောင်းကလေးရှိနေသဖြင့် ၎င်းနောက်သို့ ဆက်လက် လိုက်သွားလျှင် လမ်းမမှားနိုင်ကြောင်း စဉ်းစားမိသောအခါ ရဲရင့်အားတက်၍လာမိပြန်၏။ သို့နှင့် ကျွန်ုပ်လည်း ချက်ချင်းပြန်၍လိုက်ရန် စိတ်ကိုပိုင်းဖြတ်လိုက်လေသည်။

ဤသို့လျှင် စမ်းချောင်းကိုသာ အားပြုရတော့မည်ဟု အောက်မေ့မိ၏။ သို့နှင့် ပြန်၍မလိုက်မီ အင်အားပြည့်တင်းစေရန် ကိုယ်လက်သုတ်သင်၍ ရေချိုးဦးမည်ဟု အောက်သို့ ကြည့်လိုက်ရာ၊ ကျောက်တုံး ကျောက်ခဲများကြားတွင် စမ်းချောင်းကလေးကို မတွေ့ရတော့ဘဲ ခြောက်ကပ်လျက်ရှိသော နှမ်းဖတ်ကျောက်မှုန့်များကိုသာ တွေ့ရတော့သဖြင့် ကျွန်ုပ်မှာ အံ့သြခြင်းမက အံ့သြ၍နေမိတော့၏။ ထိုနေရာ၌ ကျွန်ုပ်မှာ မည်မျှလောက် တုန်လှုပ်ချောက်ချားသွားမည်ကို ပြော၍မပြနိုင်အောင်ပင် ရှိတော့၏။

ကျွန်ုပ်အား ကမ္ဘာမြေကြီးအောက် အလွန်နက်လှစွာသောနေရာ၌ အရှင်လတ်လတ်မြေမြှုပ်ခံရပြီးလျှင် အအေးဒဏ်၊ ဆာလောင်ငတ်မွတ်ခြင်းဒဏ်တို့ဖြင့် တဖြည်းဖြည်း ဖိမ်ဆွဲ၍ သေရပေတော့မည်။

ထိုအချိန်၌ အသိဉာဏ်တစ်ခုသည် ကျွန်ုပ်၏ဦးခေါင်းထဲသို့ တိုးဝင်လာ၏။ မကြာမီက ကျွန်ုပ်သည် အဖော်များအား အသံကုန်ဟစ်၍ ခေါ်ပြီးနောက် သူတို့၏အသံကိုပြန်နားစွင့်လျက်ရှိစဉ် မည်သည့်အသံကိုမျှ မကြားရဘဲ တိတ်ဆိတ်လွန်းလှသည့်အဖြင်ကို ယခုပြန်၍ သတိရပြီးနောက် စမ်းချောင်းကလေးမရှိသည့်အဖြစ်ကို သတိပြုမိခြင်းဖြစ်၏။ ကျွန်ုပ်သည် လမ်းမှားဘက်သို့ ပထမစ၍ လိုက်ခဲ့မိစဉ်က ထိုနေရာတွင် လိုဏ်ခေါင်းသည် နှစ်မြွာကွဲလျက်ကျွန်ုပ်က စမ်းချောင်းမစီးသော လမ်းမှားဘက်သို့ လိုက်ခဲ့မိဟန်တူ၏။ ဦးလေးနှင့်ဟန်တို့မှာ စမ်းချောင်းစီးဆင်းရာ လမ်းမှန်ဘက်သို့ လိုက်သွားကြဟန် လက္ခဏာရှိပေသည်။ ထိုနေရာသို့ရောက်အောင် မည်ကဲ့သို့ ပြန်သွားရပါမည်နည်း။ ကျွန်ုပ်အား ညွှန်ပြရန် လမ်းပြမည့် စမ်းချောင်းလည်း မရှိတော့ပြီ။ ကျွန်ုပ်ကား တွေး၍ပင်မကြည့်ဝံ့လောက်အောင် နက်ရှိုင်းလှစွာသော ပထဝီမြေကြီး၏အောက်တွင် မျက်စိလည်လမ်းမှားလျက် ရှိနေလေပြီ။

ကျွန်ုပ်၏စိတ်များမှာ ချက်ချင်းပင် ကမ္ဘာမြေကြီး၏အပေါ်သို့ ပြန်ရောက်လိုလှ၏။ ဟမ်းဗတ်မြို့နှင့် ကျွန်ုပ်တို့နေသော အိမ်ကိုလည်းကောင်း၊ ပင်လယ်ရေကြောင်းခရီး၊ အိုက်စလန်ကျွန်း၊ မစ္စတာဖရစ်ဒရစ်ဆန်နှင့် စနေးဖဲတောင်ကြီးတို့သည် ကျွန်ုပ်၏မျက်စိအောက်၌ တရိပ်ရိပ်ပေါ်၍လာလေတော့၏။ ကမ္ဘာမြေကြီးပေါ်သို့ ကျွန်ုပ်ပြန်၍ရောက်ရန်ကား မတွေးတော့ဝံ့တော့ပြီဖြစ်၏။ မဖြစ်နိုင်သောအရာဖြစ်၏။ 'အို ဦးလေး'

ဟု ကျွန်ုပ်သည် ငိုသံပါနှင့် ကယောင်ကတမ်း အော်လိုက်မိ၏။ ဦးလေးသည် ကျွန်ုပ်အား နေရာအနှံ့အပြား လိုက်လံရှာဖွေနေပေလိမ့်မည်။ ကျွန်ုပ်အား ငယ်စဉ်က ပစ်၍သွားသောမိခင်ကြီးကိုလည်ကောင်း၊ အချိန်အတော်ကြာမျှ သတိမရ၊ ဝတ်မပြုမိဘဲနေခဲ့သော ဘုရားသခင်အားလည်းကောင်း တမ်းတကာ လမ်းမှန်ဘက်ကိုတွေ့ရန်နှင့် အသက်ဘေးမှ ချမ်းသာရာရရန် ဆုမွန်များတောင်းမိ၏။ ကျွန်ုပ်တွင် စားရေရိက္ခာ ၃ ရက်စာမျှ ရှိနေသေး၏။ သို့ဖြစ်ရကား ဤနေရာတွင် ဆက်လက်မနေဘဲ လမ်းမှန်သို့ရောက်အောင် ရှာဖွေမှဖြစ်ပေတော့မည်။ အောက်သို့ဆင်းရမည်၊ သို့မဟုတ် အပေါ်သို့ပင် ပြန်၍တက်ရမည်ကို ဆင်ခြင်တွေးတောခြင်း မပြုနိုင်တော့ဘဲ စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်၍နေမိ၏။

အကယ်၍ အပေါ်သို့ ဆက်လက်တက်သွားခဲ့သော် ဥမင်လိုဏ်ခေါင်းနှစ်ခု ဆုံရာအရပ်သို့ရောက်ရှိ၍ စမ်းချောင်းကလေး၏အစသို့ မုချတွေ့ရပေမည်။ ထိုအခါ ကျွန်ုပ်သည် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်၍ရောက်ရန် မျှော်လင့်ချက်ရှိသေး၏။ ဤသို့ဖြင့် ကျွန်ုပ်မှာ "ဟန်စဗက်"စမ်းချောင်းကလေးကို မရမနေ ရှာဖွေတော့မည်ဖြစ်၏။

ကျွန်ုပ်သည် အတက်လမ်းကို တက်လေရာ လမ်းမှာ အတော်အတန်မတ်စောက်သော်လည်း နာရီဝက်ခန့်မျှ ခဲယဉ်းခြင်းမရှိလှချေ။ လိုဏ်ခေါင်းအတွင်း အချို့နေရာတွင် ကျောက်တုံးကြီးများ တည်နေပုံကိုလည်းကောင်း၊ မှတ်သားလောက်

သော အကွဲအအက်ကြီးများကိုလည်းကောင်း၊ ရှာဖွေရန်ကြိုးစား၏။ သို့သော် မည်သည့်အရာကိုမျှ မမှတ်မိတော့ချေ။ ထိုမျှသာမက ယခုလမ်းမှာ ကျွန်ုပ်စ၍ လမ်းမှားခဲ့သော နေရာသို့ပြန်၍ရောက်မည်မထင်ပေ။ သို့ရှိစဉ် လိုဏ်ခေါင်းသည် ရုတ်တရက်ဆုံးသွားရာ နံရံကြီးတစ်ခုသည် ရှေ့မှကာဆီးနေသဖြင့် ကျွန်ုပ်လည်း နံရံနှင့် တိုက်မိပြီးလျှင် မြေပေါ်သို့ လဲကျသွားလေ၏။ မည်မျှလောက် ကျွန်ုပ်ကြောက်ရွံ့သွားသည်ကိုမူ စာအားဖြင့် မဖော်ပြနိုင်ပေ။ ကျွန်ုပ်၏ နောက်ဆုံးမျှော်လင့်ချက်ကား ဤကျောက်နံရံကြီးတွင် ပြီးဆုံးခဲ့လေပြီ။ ဤမျှလောက် မြားမြောင်လှစွာသော လမ်းမြောင်များနှင့် လိုဏ်ခေါင်းများအလယ်တွင် ကျွန်ုပ်သည် လမ်းစပျောက်ကာ မျက်စိလည်လမ်းမှားလျက်ရှိလေရာ သေခြင်းတရားသည်သာ ကျွန်ုပ်ရှေ့၌ရှိတော့၏။ ကျွန်ုပ်သည် နှုတ်မှရေရွတ်ဟစ်အော်ကြည့်၏။ သို့သော် အသံထွက်၍မလာပေ။ အသက်ကိုပင် အနိုင်နိုင်သာ ရှူနိုင်တော့၏။

ထို့နောက် စိတ်ပျက်ဖွယ်တစ်ခုနှင့် တွေ့ရပြန်၏။ ကျွန်ုပ်လဲကျသွားရာတွင် မီးအိမ်ပါကျသွားသဖြင့် ၎င်းမှာအတန်ငယ်ချို့ယွင်းသွား၏။ သို့နှင့် မီးရောင်သည် တဖြည်းဖြည်း မှိန်၍လာရာ မကြာမီ မီးငြိမ်းသွားသည့် လက္ခဏာရှိ၏။ ကျွန်ုပ်လည်း မပြင်တတ်ပေ။ ယခုမှခက်ချေပြီ။ မီးရောင်သည် တဖြည်းဖြည်း မှိန်သည်ထက်မှိန်၍လာရာ နောက်ဆုံး မငြိမ်းရုံတမည်မျှသာ ကျန်တော့၏။ ကျွန်ုပ်သည် လန့်ဖျပ်၍ တစ်စုံ

တစ်ရာ ဟစ်အော်လိုက်မိ၏။ ထို့နောက် မျက်စိကန်းသောသူ တစ်ယောက်ကဲ့သို့ လက်နှစ်ဘက်ကို ရှေ့သို့ဆန့်တန်းကာ တစ်ခါတရံ ပါးစပ်မှ အော်ဟစ်ငိုယိုလျက် မြေနိမ့်သည်ထက် နိမ့်သောနေရာဆီသို့ လျှောက်သွားနေမိလေ၏။ ဤကဲ့သို့ တဖြည်းဖြည်းစမ်း၍သွားစဉ် တစ်ခါတစ်ရံ ကျောက်လုံးများဖြင့် တိုက်မိလျက်တစ်ခါတစ်ရံလည်း ကျောက်နံရံနှင့်တိုက်မိပြီးလျှင် တစ်ခါတစ်ရံလည်း ခြေချော်ကာ မကြာခဏ လဲကျသွား၏။ ထိုအခါများ၌ ပင်ပန်းကြီးစွာအားယူ၍ ထပြီးနောက် ဆက်လက်သွားပြန်ရာ၊ ဦးခေါင်းတွင် ထိခိုက်ပွန်းပဲ့သော ဒဏ်ရာမှ သွေးများသည် မျက်နှာပေါ်သို့ စီးကျကာ ပါးစပ်ထဲသို့ပင် ဝင်လျက်ရှိ၏။ ကျွန်ုပ်မှာ မိမိမည်သည့်နေရာသို့ သွားနေသည်ကို ပင် မသိတော့ချေ။ နာရီပေါင်း အတန်ကြာလတ်သော် ကျွန်ုပ်မှာ ဤသို့သွားရင်း တဖြည်းဖြည်း အားအင်ကုန်ခန်းလာပြီးနောက် ကျောက်နံရံတစ်ခုနှင့် တိုက်မိပြီးလျှင် အသက်မဲ့သော ပစ္စည်း တစ်ခုကဲ့သို့ တစ်ခါတည်း သတိလစ်ကာ ထိုနေရာ၌ပင် လဲကျ သွားလေ၏။

* * *

သတိပြန်၍ ရလာသောအခါ ကျွန်ုပ်၏မျက်နှာမှာ မျက်ရည်များဖြင့် ရွှဲရွှဲစိုလျက် ရှိနေတော့၏။ ကျွန်ုပ်မှာ နာရီပေါင်းမည်မျှကြာသည်အထိ ထိုအခြေအနေ၌ရှိနေသည်ကို မသိရဘဲ သေမင်းကိုသာ မျှော်၍နေရတော့၏။ ယင်းကဲ့သို့

အကျိုးအကြောင်းကိုပင် ကောင်းစွာမစဉ်းစားနိုင်ဘဲ မျှော်လင့်ခြင်းကင်းမဲ့သည့် အခြေအနေ၌ရှိစဉ် ကျွန်ုပ်သည် ထိုနေရာမှ အခြားနံရံဘက်ဆီသို့ ကိုယ်လုံးလှိမ့်၍သွားမိလေရာ၊ ထိုနေရာသို့ ရောက်၍ နောက်ထပ်သတိလစ်သွားမည့်ဆဲဆဲ၌ အသံတစ်သံကို ကြားလိုက်ရ၏။ အသံမှာ မိုးကြိုးထစ်ချုန်းသံကဲ့သို့ ပြင်းထန်သော်လည်း ချက်ချင်းလိုပင် ဝေး၍သွားကာ ငြိမ်သက်၍ သွားလေသည်။ အသံမှာ မည်သည့်အရပ်မှ လာလေသနည်း။ မြေအောက် အလွန်နက်ရှိုင်းလှသော နေရာမှလာ၍ ဓာတ်တစ်ခုခု ပေါက်ကွဲခြင်းပေလော။ သို့မဟုတ် အတွင်းမြေလွှာတစ်ထပ်ရုတ်တရက်ပြိုကျခြင်းပေလော မသိရပေ။ အသံကို ဆက်လက်ကြားလိုသဖြင့် ၁၅ မိနစ်ခန့်ကြာသည်အထိ နားစွင့်၍ နားထောင်နေမိသေး၏။ သို့သော် မည်သည့်အသံကိုမျှ မကြားရတော့ဘဲ ရင်ခုန်သံကိုသာ ကြားရလေသည်။

ကျွန်ုပ်၏ နားမှာ ကျောက်နံရံနှင့် ကပ်နေသဖြင့် အလွန်ဝေးသောအရပ်မှ စကားပြောသံကဲ့သို့ အသံတစ်သံကို ဆက်ကစဆက်ကာ ကြားရပြန်သဖြင့် ကျွန်ုပ်မှာ စိတ်နှလုံးတုန်လှုပ်ချောက်ချားကာ အံ့သြသွားမိ၏။ အကယ်ပင်လော သို့မဟုတ် ကျွန်ုပ်၏စိတ်ချောက်ချားမှုပင်လော။ ကျွန်ုပ်သည် နားစွင့်လျက်ရှိရာ တီးတိုးပြောသကဲ့သို့ ပြောသံများကို ဆက်လက်ကြားရပြန်၏။ တစ်စုံတစ်ယောက်သည် အမှန်ပင် စကားပြောနေကြောင်းသိရ၏။ သို့နှင့် ကျွန်ုပ်သည် အားမရသည်နှင့် ရှေ့သို့အတန်ငယ်တွားသွားကာ ကျောက်နံရံကြီးကို ယခင်က

ထက် ပို၍ကပ်ကာနားထောင်ပြန်၏။ အသံမှာ သီချင်းဆိုလိုက် သကဲ့သို့ ခပ်နိမ့်နိမ့်အသံမျိုးဖြစ်၍ 'ဖော်လိုရက်' (ဒိန်းဘာသာ ဖြင့် 'ပျောက်ဆုံးပြီ'ဟု အဓိပ္ပာယ်ရ၏။)ဟု တစ်ကြိမ်နှစ်ကြိမ် မသဲမကွဲ ကြားလိုက်ရလေသည်။ မည်သည့်အဓိပ္ပာယ် ရှိလေ သနည်း။ မည်သူပြော၍ နေလေသနည်း။ ဦးလေးနှင့် ဟန်တို့ပင် ဖြစ်ရပေမည်။ သူတို့စကားပြောသံကို ကျွန်ုပ်ကြားနိုင်က ကျွန်ုပ် ပြောသည်ကိုလည်း သူတို့ကြားနိုင်ပေလိမ့်မည်။

သို့နှင့် ကျွန်ုပ်က "ဒီမှာ ဒီမှာ"ဟုရှိသမျှအင်အား ကလေးဖြင့် အသံကုန်ဟစ်လိုက်၏။ ထို့နောက် မှောင်ထဲမှ အသံများ လာလေမည်လောဟု နားစွင့်လျက်ရှိပြန်ရာ မည် သည့်အသံကိုမျှ မကြားရချေ။ ကျွန်ုပ်အသံသည် သူတို့ထံသို့ ရောက်ဟန်မတူပေ။ အသံကား မုချ သူတို့အသံပင်ဖြစ်ရပေ မည်။ မြေမျက်နှာပြင်အောက် မိုင် ၉၀ အနက်တွင် အခြားမည် သူ ရှိဦးမည်နည်း။ ကျွန်ုပ်သည် ရှေ့သို့တိုး၍ သွားချည်တစ်ခါ၊ နောက်သို့ပြန်၍ ဆုတ်လာချည်တစ်လှည့်ဖြင့် အသံအကျယ် ဆုံးကြားရသည်ထင်သောနေရာမှ နားထောင်ပြန်ရာ၊ 'ဖော်လို ရက်'ဟူသောအသံနှင့်တကွ ပထမဦးစွာကြားရသော ဗလုံး ဗထွေးအသံများကို မသဲမကွဲ ကြားလိုက်ရပြန်၏။ သို့သော် ကျွန်ုပ်စဉ်းစားမိသည်မှာ မည်မျှကျယ်လောင်သောအသံဖြစ်စေ ကာမူ ထုထည်ကြီးမား၍ ကျောက်သားပကတိဖြစ်သော ဥ‌ုန်ရုံ ကြီးကို ထွင်းဖောက်၍ လာနိုင်မည်မဟုတ်ပေ။ အသံသည် လိုဏ်ခေါင်းမှလျှောက်၍ လာဟန်တူ၏။

သို့နှင့် ကျွန်ုပ်သည် တစ်ကြိမ် နားစွင့်လိုက်ပြန်၏။ ဤအကြိမ်၌ကား ကျွန်ုပ်၏အမည်ကိုပင် မှောင်ထဲမှအော်၍ ခေါ်သံ ကြားလိုက်ရတော့၏။ "ဖော်လိုရက်"ဟူသောအသံမှာလည်း ဦးလေးက ဟန်အား ဒိန်းဘာသာဖြင့် ပြောလိုက်သော အသံပင်တည်း။

ကျွန်ုပ် ကောင်းစွာနားလည်ပေပြီ။ သူတို့အား ကျွန်ုပ်၏ ခေါ်သံကိုကြားစေလိုက နံရံကိုပါးစပ်ဖြင့်ကပ်၍ပြောလျှင် အသံသည် နံရံတစ်လျှောက်သို့ လျှောက်သွားနိုင်ပေလိမ့်မည်။ အချိန်ဖြုန်း၍နေရန် မလိုတော့ပြီ။ အကယ်၍ သူတို့နေရာ ပြောင်းသွားက ကျွန်ုပ်၏ခေါ်သံကို ကြားတော့မည် မဟုတ်ပေ။ သို့နှင့် ကျွန်ုပ်လည်း နံရံအနီးသို့ချည်းကပ်ကာ ပြတ်သားသော အသံဖြင့် ""ဦးလေး လင်ဒင်ဗရွတ်"ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် စိုးရိမ်ကြီးစွာဖြင့် စောင့်ဆိုင်းလျက်ရှိ၏။ ထိုနေရာများ၌ လေသည် ပထဝီမြေမျက်နှာပြင်ပေါ်ထက် အဆများစွာ ဖိနှိပ်အားကြီး၍ လေးလံလှ၏။ သို့နှင့် အသံသည် မြေပြင်ပေါ်ထက် ပို၍ကျယ်သော်လည်း အသံသွားသည့်အင်အားမှာ ပို၍ကြာလေသည်။ အတန်ကြာသောအခါ ကျွန်ုပ်သည် အောက်ပါအသံများကို ကြားရ၏။

"အိတ်ဇယ်။ အိတ်ဇယ်။ မင်းလားဟေ့"

"လူကလေးရယ်။ မင်း ဘယ်ကလဲဟေ့"

"မှောင်ထဲမှာ လမ်းမှားနေတယ် ဦးလေး"

"မင်း မီးအိမ်ကော"

"ငြိမ်းသွားပြီ"

"စမ်းချောင်းကောဟေ့"

"ပျောက်သွားပြီ"

"လူကလေး အိတ်ဇယ်။ မင်း ဘာမှမကြောက်နဲ့။ အားတင်းထားနော်"

"ဟုတ်ကဲ့ ဦးလေး။ နားနည်းစောင့်ပါဦး။ ကျွန်တော် စကားပြောဖို့ အင်အားမရှိတော့ဘူး။ ဒါပေမယ့် ဦးလေးက ဆက်ပြောပါ"

"အေးအေး၊ ကောင်းပြီ။ ကဲကဲ။ စကားမပြောနဲ့တော့။ ဦးလေးပြောတာ နားထောင်။ တို့ဟာ လှိုဏ်ခေါင်းအပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ မင်းကိုရှာနေတာ ကြာလှပြီကွဲ့။ မင်းကိုမတွေ့ရဘူး။ မင်းအတွက် မျက်ရည်များ ကျမိတယ် လူကလေးရယ်။ ဒီနောက် တို့တတွေဟာ လမ်းမှာ သေနတ်တွေဖောက်ပြီး တဖြည်းဖြည်းအောက်သို့ ဆင်းလာတယ်ကွဲ့။ စမ်းချောင်းကလေး စီးနေတဲ့နေရာမှာ မင်းကိုတွေ့လိမ့်မယ်ထင်လို့ တို့သေနတ်သံကို မင်းကြားလိမ့်မယ်ထင်တယ်။ အခုတောင် အသံချင်းသာလာပြီး တွေ့နေရတယ် လူချင်းမတွေ့ရသေးဘူး။ ဒါပေမယ့်အားမငယ်နဲ့နော် အိတ်ဇယ်။ တစ်ယောက်နဲ့တစ်ယောက် အသံကြားရရင်တော်ပြီဟေ့"

ထိုအချိန်တွင် ကျွန်ုပ်သည် စဉ်းစားလျက်ရှိ၏။ မျှော်လင့်ရန် အချက်ကလေးတစ်ချက် ပေါ်လာသဖြင့် ကျွန်ုပ်မှာ

အားတက်၍ လာမိတော့၏။ သို့နှင့် ကျွန်ုပ်သည် နံရံကိုပါးစပ်ဖြင့်ကပ်လိုက်ပြီးနောက်

"ဦးလေး"

စက္ကန့်ပေါင်းအတော်ကြာပြီးနောက်

"လူကလေး"

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘယ်လောက်ဝေးသေးတယ်ဆိုတာ ကျွန်တော်တို့သိရအောင် လုပ်ကြမယ်နော် ဦးလေး"

"လွယ်ပါတယ်ကွယ်"

"ဦးလေးမှာ နာရီရှိတယ်မဟုတ်လား"

"အေး။ ရှိတယ်"

"ဒါဖြင့် ဒီလိုလုပ်မယ်။ ဦးလေးက ကျွန်တော့်နာမည်ကို ပထမခေါ်လိုက်။ အချိန်ကို သေသေချာချာမှတ်ထား။ ဦးလေးခေါ်တဲ့အသံကို ကျွန်တော် ကြားတာနဲ့တစ်ပြိုင်နက် ကျွန်တော်က ပြန်ခေါ်လိုက်မယ်။ အဲဒီအချိန်ကိုလည်း ဦးလေးက တိတိကျကျမှတ်ပါ"

"အေး မှတ်မယ်။ မေးခွန်းနဲ့ အဖြေစပ်ကြားမှာရှိတဲ့ အချိန်တစ်ဝက်ဟာ ငါခေါ်တဲ့အသံ မင်းဆီကိုရောက်အောင် အသံသွားတဲ့အချိန်ပဲ"

"ဟုတ်တယ် ဦးလေး။ ဒီအတိုင်းပါပဲ"

"မင်း အဆင်သင့်ဖြစ်ပလားဟေ့"

"ဟုတ်ကဲ့ ဦးလေး။ ဖြစ်ပြီ"

"ကဲ နားထောင်။ မင်းနာမည်ကို ငါခေါ်တော့မယ်"

ကျွန်ုပ်သည် ကျောက်နံရံသို့ နားဖြင့်ကပ်၍ ထောင်လျက်ရှိရာ "အိတ်ဇယ်"ဟူသောအသံကြားသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်ကလည်း "အိတ်ဇယ်"ဟု ချက်ချင်းပြန်၍ ဟစ်အော်လိုက်၏။

"အားလုံး စက္ကန့် ၄၀ ကြာတယ်ဟေ့။ ဒါကြောင့် အသံသွားချိန်ဟာ မင်းဆီကို အရောက် စက္ကန့် ၂၀ ကြာတယ်။ ၁ စက္ကန့်ကို ပေ ၁၀၂၀ နှုန်းထားရင် အားလုံးပေပေါင်း ၂၀၄၀၀ ရှိတဲ့အတွက် မင်းနဲ့ငါနဲ့ ၄ မိုင်ဝေးနေတယ်"

ကျွန်ုပ်က ကြေကွဲသောအသံကြီးဖြင့်

"၄ မိုင်။ ဟုတ်လား ဦးလေး"

"ဟုတ်တယ်ကွဲ့။ နို့ပေမယ့်မတွေ့နိုင်တဲ့ နေရာမဟုတ်ပါဘူးကွယ်၊ မစိုးရိမ်ပါနဲ့"

"ဒီတော့ ကျွန်တော် အပေါ်တက်လိုက်ရမလား အောက်ဘက် ဆင်းလိုက်ရမလား"

"အောက်ဘက်ကိုဆင်းဟေ့။ အကြောင်းကတော့ ဒီလိုကွယ်။ တို့ အခုရောက်နေပြီးတာ အင်မတန်ကျယ်လှတဲ့ လေဟာပြင်ကြီးတစ်ခုကို ရောက်နေတယ်ကွဲ့။ ဒီနေရာကို လိုဏ်ခေါင်းတွေအများကြီးဆုံတယ်။ မင်း အခုရောက်နေတဲ့ လိုဏ်ခေါင်းလည်း ဒီနေရာကို လာဆုံရမှာပဲ။ ကမ္ဘာ့ပထဝီအောက်မှာရှိတဲ့ လိုဏ်ခေါင်းတွေ၊ အကွဲအအက်တွေဟာ ဟန်နဲ့ ငါအခုရပ်နေတဲ့ ဂူမကြီးအပေါ် ဖြာထွက်သွားတာချည်းပဲဆိုတာ ငါ

ပြောနိုင်တယ်။ ကဲ၊ ဒီတော့ ဘာမှမကြောက်နဲ့တော့ဟေ့။ လာဟေ့။ လာတော့။ လျှောက်နိုင်ရင်လျှောက် တွားသွားနိုင်ရင်တွားသွား၊ အင်မတန်စောက်တဲ့နေရာတွေ့လို့ လျောချသင့်ချပေါ့။ အောက်ကို လိမ့်မကျစေရပါဘူးကွယ်။ တို့များလက်နဲ့ဆီးဖမ်းပါ့မယ်။ လာပေတော့ဟေ့ လူကလေး။ လာပေတော့"

ဦးလေး၏ နောက်ဆုံးပြောလိုက်သည့် စကားများသည် ကျွန်ုပ်အား အသက်ပြန်၍သွင်းပေးလိုက်သကဲ့သို့ ရှိတော့၏။ သို့နှင့် ကျွန်ုပ်က "လာပြီ ဦးလေးရေ့"ဟု တစ်ခါတည်းသာ အော်၍ပြောလိုက်နိုင်ပြီးလျှင် နေရာမှထွက်ခဲ့လေ၏။ ထို့နောက် မည်သည့်အသံကိုမျှ မကြားရတော့ချေ။

ဤကဲ့သို့ ကမ္ဘာမြေကြီး၏အောက် နက်ရှိုင်းလှသောနေရာရှိ မည်းမှောင်လျက်ရှိသော ဥမင်လိုဏ်ခေါင်းထဲတွင် တစ်ဘက်နှင့်တစ်ဘက် ၄ မိုင်ခန့်အကွာမှနေ၍ စကားပြောဆိုခြင်းမှာ တစ်နည်းအားဖြင့် ထူးခြားဆန်းကြယ်လှသဖြင့် ကျွန်ုပ်အား လမ်းမှန်သို့ညွှန်ပြလျက်ရှိသော ဘုရားသခင်ကိုသာ ကျေးဇူးတင်မိတော့၏။ တစ်ဘက်မှတစ်ဘက်သို့ အသံသွားပုံမှာ ဤသို့ဖြစ်၏။ လန်ဒန်မြို့ရှိ စိန်ပေါဘုရားရှိခိုးကျောင်းကြီးတွင်လည်းကောင်း၊ စစ်စလီကျွန်းရှိ ထူးဆန်းသော လိုဏ်ဂူများတွင်လည်းကောင်း၊ စစ်စလီကျွန်း ဆိုက်ရေးကပ်မြို့အနီးရှိ ထူးဆန်းသော လိုဏ်ဂူများတွင်လည်းကောင်း တီးတိုးပြောသော စကားများကိုပင် အလွန်ဝေးသောအရပ်မှ ကြားရ၏။ ယခု ကျွန်တော်တို့ရောက်ရှိနေသော မြေအောက်လိုဏ်ခေါင်း

များသည်လည်း အနေအထားအားဖြင့် ထိုနေရာများကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။ ဤအကြောင်းများကို ပြန်၍သတိရမိသဖြင့် ဦးလေး၏အသံလာရာလမ်းအတိုင်း လိုက်သွားကာ အကယ်၍ လမ်းတွင် အားပြတ်၍မလဲခဲ့သော် တစ်နေရာရာတွင် မည်သည့် နည်းနှင့်မျှ မတွေ့ရန်အကြောင်းမရှိချေ။

ကျွန်ုပ်သည် ဒယိမ်းဒယိုင် လျှောက်၍သွားခြင်းထက် တွား၍သွားခြင်းက ပို၍များ၏။ လမ်းသည် အလွန်မတ်စောက် လာသဖြင့် ခြေချော်၍ကျသည်ကလည်း အကြိမ်ပေါင်းမရေ တွက်နိုင်ချေ။ ကိုင်တွယ်အားပြုရမည့်နေရာကိုလည်း မမြင်၊ ကုတ်ကပ်ဖက်တွယ်ရန်လည်း အင်အားမရှိတော့ပြီဖြစ်ရကား၊ ကျွန်ုပ်မှာ နောက်ဆုံးတစ်ကြိမ်၌ အတွယ်အရာမရှိဘဲ ဦးခေါင်း တွင် ကျောက်စွန်းကျောက်ခတ်များဖြင့် ရိုက်ခတ်မိကာ အောက် သို့ တစ်ခါတည်း ကျသွားပြီးနောက် သတိလစ်၍ သွားလေ တော့၏။

* * *

သတိပြန်၍ လည်လာသောအခါ နံဘေးပတ်ဝန်းကျင် မှာ မှောင်နှင့်မည်းမည်း ရှိနေသော်လည်း ဦးလေးသည် ကျွန်ုပ် အား ယုယစွာပြုစုလျက်ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ်က လှုပ် ရှား၍ မျက်စိများကို ဖွင့်လိုက်သောအခါ သူသည် ကျွန်ုပ်၏ လက်ကို ယုယစွာဆွဲကိုင်လျက်

"အသက်ရှင်သေးတယ်ဟေ့။ အသက်ရှင်သေးတယ်" ဟုဝမ်းမြောက်စွာ ဟစ်အော်လိုက်လေသည်။

"ငါတော့ ဘာမှရှင်းမပြဘူးဟေ့။ ပြလည်း မပြနိုင်ဘူး။ ဒီ ဘူမိဗေဒဆရာတွေဟာ ကမ္ဘာမြေကြီးရဲ့အောက် အခုလို အင်မတန်နက်နဲတဲ့နေရာရဲ့ အကြောင်းကို ဘာမှမသိကြဘူးဆိုတာ မင်းကိုယ်တိုင် မျက်စိနဲ့မြင်တော့ သိရလိမ့်မယ်"

ကျွန်ုပ်က ရုတ်တရက် ထထိုင်လျက်

"ဒါဖြင့် ကျွန်တော်တို့ အပြင်ထွက်ကြမယ်လေ ဦးလေး"

"မထွက်ရဘူး အိတ်ဇယ်၊ မထွက်ရဘူး။ မင်းဟာ အပြင်လေစိမ်း အတိုက်ခံလို့ မဖြစ်သေးဘူးကွဲ့"

"အပြင်လေ၊ ဟုတ်လား ဦးလေး"

"ဟုတ်တယ်ကွဲ့။ လေ အင်မတန်ထန်တယ်"

"နို့ပေမယ့် ကျွန်တော်နေကောင်းလာပြီပဲ ဦးလေးရဲ့"

"နည်းနည်းသည်းခံဦးမှပေါ့ လူကလေးရယ်။ မင်းအားပြန်လျော့သွားလို့ မဖြစ်သေးဘူးကွဲ့။ ပြီးတော့ တို့ဟာ အချိန်ကုန်ခံလို့လည်း မဖြစ်ဘူး။ အဝေးကြီး ဖြတ်သွားရဦးမယ်"

"ဖြတ်သွားရဦးမယ်။ ဟုတ်လား ဦးလေး။ ဘာကို ဖြတ်ရမှာလဲ။ ဘာကိုဆိုလိုတာလဲ ဦးလေးရဲ့"

"ဒီမှာ တစ်နေ့ နားသေးတာပေါ့လေ။ ပြီးတော့ ရေလမ်း ခရီးသွားဖို့ တို့ အသင့်ပြင်ကြရလိမ့်မယ်ဟေ့"

"ရေလမ်းခရီး ဟုတ်လား ဦးလေး"

ကျွန်ုပ်သည် ထ၍ခုန်လိုက်မိ၏။ ဦးလေးသည် ဘာကို ဆိုလိုသနည်း။ ဤနေရာ၌ မြစ်၊ သို့မဟုတ် အင်းအိုင်ချောင်းမြောင်းပင် ရှိသလော။ သို့တည်းမဟုတ် ပင်လယ်ကြီးပင်ရှိ၍ ကျွန်ုပ်တို့သည် သင်္ဘောဖြင့် ခရီးသွားကြရဦးမည်လော။ ကျွန်ုပ်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် မငြိမ်မသက်နိုင်အောင် ရှိနေရာ ဦးလေးသည် ကျွန်ုပ်အမူအရာကိုမြင်သဖြင့် အပြင်သို့ထွက်ရန် ခွင့်ပြုရတော့၏။ သို့နှင့် ကျွန်ုပ်လည်း အဝတ်အစားများကို လျင်မြန်စွာ လဲလေသည်။

ပထမသော် ကျွန်ုပ်သည် မည်သည့်အရာကိုမျှ မမြင်ရချေ။ အလင်းရောင်ကြီးကား မျက်စိဖြင့်မကြည့်ရဲလောက်အောင် တောက်ပလျက်ရှိ၏။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ အံ့သြခြင်းမက အံ့သြလျက်ရှိနေရုံမျှမက နားမလည်အောင်လည်း ရှိတော့၏။ ကျွန်ုပ်ရှေ့တွင် အတိုင်းမသိကျယ်ပြန့်လှသော ရေပြင်ကြီးမြင်ရသဖြင့် "အလိုလေး။ ပင်လယ်ကြီးပါကလား ဦးလေး"ဟု ယောင်၍ပင် အော်လိုက်မိ၏။

"အေး ဟုတ်တယ်ကွဲ့။ ပင်လယ်ကြီးပေါ့။ လင်ဒင်ဗရွတ်ပင်လယ်လို့ ငါ့နာမည်ကိုထည့်ပြီး နာမည်ပေးရလိမ့်မယ်"

"အံ့သြစရာကောင်းလိုက်လေ ဦးလေးရယ်"

ရေပြင်ကြီးမှာ အင်းအိုင်ကြီးတစ်ခုသို့မဟုတ် ပင်လယ်တစ်ခုအစဖြစ်၍ ကျွန်ုပ်တို့၏ မျက်စိတစ်ဆုံးတည်ရှိ၏။ ကမ်းခြေ၌ ကြည်လင်သန့်ရှင်း၍ ဖြူစင်သောသဲများသည် ရေစပ်သို့

တိုင်အောင် ဖုံးလွှမ်းလျက်ရှိ၏။ လေညင်းကလေးသည် တသုန်သုန် တိုက်ခတ်လျက်ရှိ၏။ ရေစပ်နှင့် ပေ ၃၀၀ ခန့်အကွာတွင် မတ်စောက်သော ကျောက်ဆောင်ကမ်းရိုးတန်းရှိ၏။ သဘာဝတည်နေပုံမှာ ကျွန်ုပ်တို့ကမ္ဘာကြီး၏ မြေမျက်နှာပြင်ပေါ်တွင် ရှိနေသကဲ့သို့ တည်ရှိတော့၏။ ယင်းသည်ကား အမှန်ပင် ပင်လယ်ကြီး ဖြစ်တော့၏။ ထို့အတူ ကမ်းရိုးတန်းနှင့်တကွ ကျောက်ဆေအင်ကျောက်တန်းများ၊ တောင်ကုန်းကလေးများသည်လည်း အမှန်ပင်ဖြစ်တော့၏။ အလင်းရောင်မှာ ကျွန်ုပ်တို့ကမ္ဘာမြေပြင်ပေါ်တွင် နေ့အချိန်ကဲ့သို့ လင်းလျက်ရှိ၏။ သို့သော် နေရောင်လည်းမဟုတ်၊ လရောင်လည်းမဟုတ်ပေ။ အရောင်ကား ဖြူဆွတ်အေးမြလှ၍ မည်သည့်အရပ်က လာသည်၊ မည်သည့်အတွက်ကြောင့်ဖြစ်ပေါ်လာသည်ကိုမသိရချေ။

မိုးကောင်းကင်နှင့် မိုးကုတ်စက်ဝိုင်းလည်းရှိ၍ မိုးတိမ်များ ဖုံးလွှမ်းလျက်ရှိပြီးလျှင် တစ်ခါတရံ မိုးရွာတော့မည်ကဲ့သို့ရှိ၏။ သို့သော် ယင်းသည်ကား မိုးကောင်းကင်အစစ်မဟုတ်ပေ။ ယင်းအပေါ်တွင် နှမ်းဖတ်ကျောက်ဖြင့်ပြီးသော အဆမတန် ထုထဲကြီးမားလှသည့် အမိုးကြီးရှိရပေမည်။ ထိုနေရာမှာ ကျွန်ုပ်တို့ထက် ၉ မိုင်ခန့်မြင့်သေး၍ ကျွန်ုပ်တို့ရောက်ရှိနေသော ဂူကြီးမှာ မည်မျှလောက်ကြီးမားသည်ကို ခန့်မှန်းကြည့်နိုင်လေသည်။ ယင်းဂူကြီးကား မည်သည့်အတွက် ဖြစ်ပေါ်နေလေသနည်း။ မည်မျှလောက် အံ့သြဖွယ်ကောင်းသည်ကို ကျွန်ုပ်သည် စာဖြင့်ပင် မဖော်ပြနိုင်ပေ။

ဦးလေးသည် အထက်ပါမြင်ကွင်းကို ကျွန်ုပ်နှင့်အတူ ကြည့်ရှုနေသော်လည်း တစ်စုံတစ်ရာအံ့သြခြင်းမရှိပေ။

"ဘယ့်နှယ်လဲဟေ့ အိတ်ဇယ်။ မင်း လမ်းတော်တော် လျှောက်နိုင်ပြီလား"

"ဟုတ်ကဲ့၊ လျှောက်နိုင်ပါပြီ ဦးလေး"

"ကဲ ဒါဖြင့် ငါ့လက်ကိုကိုင်ထား။ ကမ်းခြေကို တို့ တဖြည်းဖြည်း လျှောက်ကြည့်ရအောင်"

သို့နှင့် ကျွန်ုပ်တို့သည် တဖြည်းဖြည်း လျှောက်သွားကြ၏။ လက်ဝဲဘက်၌ တောင်ကြီးများသည် ကမ်းရိုးတန်းများဖြစ်၍ နေ၏ တောင်ကမ်းပါးရံများ၌ကား စမ်းချောင်းများရှိ၍ ကြည်လင်သောရေများ တသွင်သွင်စီးကျလျက်ရှိ၏။ ယင်းစမ်းချောင်းများအနက် ကျွန်ုပ်တို့နှင့် ခရီးသွားဖော်သွားဖက် ဖြစ်ခဲ့သည့် ဟမ်စဗက်စမ်းချောင်းကလေးသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ ပင်လယ်ကြီးထဲသို့ ငြိမ်သက်စွာ စီးဆင်းလျက် ရှိလေသည်။

ဤသို့ စကားတပြောပြောနှင့်လျှောက်လာစဉ် ကျွန်ုပ်သည် မမျှော်လင့်သောအရာတစ်ခုကို သွား၍မြင်လိုက်၏။ ကျွန်ုပ်တို့နှင့် ကိုက်ငါးရာခန့်အကွာတွင် တောကြီးတစ်ခုရှိ၍ အလွန်မြင့်မားသော သစ်ပင်ကြီးများကို မြင်ရလေသည်။ သို့သော် သစ်ပင်များကား ထူးဆန်းလှတော့၏။ အရွက်ဟူ၍ လုံးဝမရှိ၊ လေတိုက်သဖြင့်လည်း လှုပ်ရှားမှုမရှိပေ။ တောဆီသို့ ကျွန်ုပ်တို့လျှောက်လာရာ ယင်းသစ်ပင်တို့၏ အမည်နာမ

ကိုလည်း မသိရပေ။ ကမ္ဘာမြေပြင်ပေါ်တွင် မပေါက်ရောက်သော သစ်ပင်များဖြစ်ဟန်တူ၏။ တောစပ်သို့ရောက်သောအခါ ဦးလေးက "မှိုပင်ကြီးတွေပဲကွဲ့။ မှိုတောကြီးကို တို့ရောက်လာတာ"ဟုပြောသဖြင့် ကျွန်ုပ်မှာပို၍ အံ့သြမိတော့၏။ မှိုပင်ကြီးများကား အံ့သြဖွယ်ကောင်းလောက်အောင် အဆမတန်မြင့်၍ကြီးမားလှ၏။ သို့နှင့် ကျွန်ုပ်တို့သည် မှိုတောကြီးကိုဖြတ်၍၊ အေးမြသော လေပြေကလေးကိုခံကာ နာရီဝက်ခန့်လျှောက်လာကြပြန်၏။ ခပ်ဝေးဝေးတွင် အခြားသစ်ပင်များကို တွေ့မြင်ရပြန်၏။ ယင်းတို့သည်လည်း ကမ္ဘာမြေပေါ်တွင်ပေါက်သော မည်သည့်သစ်ပင်မျိုးနှင့်မှ မတူကြဘဲ ထူးခြားဆန်းကြယ်လှသည့် အသွင်အပြင်ရှိကြကုန်၏။ ကမ္ဘာဦးအစ နှစ်ပေါင်း ကုဋေကုဋာက ပေါက်ရောက်နေကြခြင်းပေလော။

အဆုံးအစမရှိ ဤကြီးမားလှသော မြေအောက်လိုဏ်ဂူကြီးသည်ကား သစ်ပင်အမျိုးမျိုးများသာမက တိရစ္ဆာန်အမျိုးမျိုးတို့၏ အရိုးစုများသိုမှီထားရာ ပြတိုက်ကြီးသဖွယ် ဖြစ်တော့၏။ ထူးခြားသော ပုံသဏ္ဍာန်ရှိသည့် တိရစ္ဆာန်ကြီးများ၏ အရိုးများက ဤနေရာ ထိုနေရာ စသည်တို့၌ အနှံ့အပြားတွေ့မြင်ကြရ၏။ ကျွန်ုပ်တို့ ကမ္ဘာမြေပြင်ပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း သိန်းငါးဆယ်ခန့်က နေထိုင်ခဲ့သည့် ကြောက်မက်ဖွယ်ကောင်းသော တိရစ္ဆာန်ကြီးများ၏ အရိုးစုများပါပေတည်း။ အကယ်၍ ယင်းတို့သည် ဤနေရာ၌ နေထိုင်ခဲ့ကြပါမူ ကျွန်ုပ်တို့ရှေ့ တောနက်ကြီးများထဲ၌လည်းကောင်း၊ ညို့မှိုင်းသော

ကျောက်ဆောင်ကြီးများနောက်၌လည်းကောင်း၊ တစ်ကောင် တလေ အသက်ရှင်လျက် သွားလာနေကောင်း နေပေလိမ့်မည်။ ဤကဲ့သို့ စိတ်ကူးလိုက်မိသည့်အခါ၌ ကျွန်ုပ်မှာကြောက်စိတ် များဝင်၍လာကာ နံဘေးပတ်ဝန်းကျင်သို့ပင် တွေ့လိုတွေ့ငြား လှည့်၍ကြည့်မိ၏။ သို့သော် ကျွန်ုပ်တို့ ၃ ယောက်မှတစ်ပါး အသက်ရှင်လယက်ရှိသော အခြားမည်သည့် သတ္တဝါမှ မရှိချေ။

ကျွန်ုပ်မှာ အတော်ဝေးဝေး လျှောက်ခဲ့ရသဖြင့် မော ပမ်းလာ၍ ပင်လယ်ကမ်းခြေနံဘေးရှိ ကျောက်တုံးတစ်တုံးပေါ် တွင် အမောဖြေရန် ထိုင်လိုက်၏။ ပင်လယ်ကြီးသည်ကား ကျွန်ုပ်တို့ရှေ့တွင် မျက်စိတစ်ဆုံး တည်ရှိ၏။ ကျွန်ုပ်တို့မှာ ရွက်သင်္ဘောများနှင့် လှေများကို တွေ့ရနိုးနိုးဖြင့် စိတ်ကူးယဉ် ၍နေမိ၏။ သို့သော် ဤမြေအောက်ကမ္ဘာကြီးတွင် ကျွန်ုပ်တို့ အပြင် အခြားမည်သည့်သက်ရှိသတ္တဝါမျှမရှိချေ။ ဤပင်လယ် ကြီးကား မည်သည့်ပင်လယ်ကြီးပေနည်း။ မည်သည့်နေရာ အထိ ရောက်လေသနည်း။

နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ ကျွန်ုပ် သည် ‘မက်ဒီတာရေနီယန်’ပင်လယ်ကမ်းခြေရှိ ရေစပ်တွင် ဆင်း၍ ရေကူးချင်စိတ်များ ပေါ်လာတော့၏။ အကယ်၍ ဤ နေရာသာ ကမ္ဘာ၏ အလယ်ဗဟိုဖြစ်ခဲ့ပါမူ ‘မက်ဒီတာရေနီယန်’ ဟူသော အခေါ်အဝေါ်မှာ ဤပင်လယ်နှင့်ပို၍ကိုက်ညီပေမည်။ ရေကူးပြီးနောက် ကျွန်ုပ်လည်း အဆောတလျင်ပြန်လာခဲ့လေ သည်။

"ဒီမယ်ကွဲ့။ အခု ဒီရေတက်နေတဲ့အချိန်နော်"

"ဘာပြောတယ် ဦးလေး။ ဒီရေ ဟုတ်လား"

"အေး၊ ဟုတ်တယ်။ ဒီနေရာမှာလည်း ကမ္ဘာမြေကြီးရဲ့မြေမျက်နှာပြင်ပေါ်မှာလို အတက်အကျရှိတာပေါ့ကွဲ့။ ဘယ်နေရာပဲဖြစ်ဖြစ် ရေဆိုတာ နေနဲ့ လရဲ့ စကားကို နားထောင်ရတယ်"

ကျွန်ုပ်တို့သည် ပင်လယ်ကမ်းခြေသို့ ဆင်းကြရာ ဦးလေး ပြောသည့်အတိုင်း ရေမှာတဖြည်းဖြည်း တက်လာသည်ကို မြင်ရတော့၏။

"သိပ်အံ့သြစရာကောင်းတာပဲ ဦးလေး"

"အံ့သြစရာ မကောင်းပါဘူးကွယ်။ ဒါက သဘာဝပဲကွဲ့"

"သဘာဝရော ဘာရော ကျွန်တော်ဖြင့် ဘာပဲဖြစ်ဖြစ် အံ့သြနေတာပဲ ဦးလေးရေ့။ တစ်ခါတစ်လေ ကျွန်တော့်စိတ်ကိုတောင် ကျွန်တော်မယုံချင်သလိုဖြစ်လာတယ်။ ကမ္ဘာမြေကြီးရဲ့မြေမျက်နှာပြင်အောက် ဒီလောက်နက်တဲ့နေရာမှာ ဒီရေအတက်အကျနဲ့ ပင်လယ်ကြီးရှိတယ်ဆိုတာ ဘယ်သူ ယုံနိုင်ပါ့မလဲ ဦးလေးရယ်"

"ဘာဖြစ်လို့ မယုံရမှာလဲကွယ့်။ မဖြစ်နိုင်ဘူးဆိုတဲ့ဘက်က ဘာအထောက်အထားရှိလို့လဲ"

"ကမ္ဘာရဲ့ အလယ်ဗဟိုမှာ အပူရှိန် ရှိတယ်ဆိုတဲ့ သဘောတရားကို ဦးလေးစွန့်လွှတ်ရင်တော့ ဘာအထောက်အထားမှ ကျွန်တော်မပြနိုင်ပါဘူး"

"ငါ စွန့်လွှတ်လိုက်ပြီလေ။ မင်းသိတဲ့အတိုင်း ကမ္ဘာရဲ့ အလယ်ဗဟို အပူရှိန်ကြီးမရှိဘူးဆိုတဲ့အချက်မှာ ဟန်ဖရီဒဟ္ဂီရဲ့ အယူအဆကို ဇာသဘောတူတယ်"

"ဒါဖြင့် ဦးလေး။ ဒီလိုဆိုရင် ကမ္ဘာမြေကြီးရဲ့အလယ် ဗဟိုမှာ တိုင်းပြည်နိုင်ငံတွေ၊ ပင်လယ်ကြီးတွေ ရှိမှာပေါ့။ နို့ပေမယ့် ကျွန်တော်တို့ဟာ အခုဘယ်နေရာကို ရောက်နေပြီဆိုတာ ကျွန်တော့်ကို အတိအကျ ဦးလေးမပြောနိုင်သေးဘူး"

"တို့ ရောက်နေတာလား။ အိုက်စလန်ကနေပြီး မိုင် ၁၀၅၀ ရောက်လာပြီလေ"

"ဟာ ဒီလောက်တောင်ဝေးလာပြီလား"

"အေးပေါ့ကွဲ့၊ ဝေးတာပေါ့"

"အောက် အနက်ကောဦးလေး"

"အောက်အနက်က မိုင် ၁၀၀ ရောက်နေပြီကွဲ့"

ကျွန်ုပ်က မြေပုံကိုကြည့်ပြီးနောက် 'ဟာ ဒီလိုဆိုရင် ကျွန်တော်တို့ဟာ စကော့တလန်က တောင်တွေအောက် ရောက်နေပြီပေါ့"

ဦးလေးကပြုံးလျက် "ဟုတ်တာပေါ့ကွဲ့။ ဒီလောက်ထုထည်ကြီးဟာ ဘယ်လောက်အလေးချိန်ရှိမယ်ဆိုတာ မင်းပဲ တွက်ကြည့်ပေတော့။ နို့ပေမယ့် အမိုးက ကောင်းကောင်းခိုင်ပါတယ်ကွယ်။ စိတ်ချပါ"

"ကျွန်တော်က အမိုးပြိုကျမှာ ကြောက်လို့ ပြောနေတာမဟုတ်ပါဘူး ဦးလေးရဲ့ ဒါထက် ဦးလေးရဲ့ စီမံကိန်းက

ဘယ်လိုလဲ။ မြေမျက်နှာပြင်ကိုရောက်အောင် ကျွန်တော်တို့ပြန်ကြမှာလား”

“ပြန်ကြမယ် မဟုတ်လား။ မင်းဘယ်လိုစိတ်ကူးများပေါက်လာလို့လဲ။ မပြန်ဘူးကွဲ့ မပြန်ဘူး။ တို့ဟာ ရှေ့ကိုတိုးမှာပဲ။ အဲဒီလို ရှေ့ကိုဝေးဝေးရောက်ပြီး သေသေချာချာလေ့လာနိုင်လေလေ၊ တို့များ ကံကောင်းလေလေပဲ”

“ဒါပေမယ့်၊ ဒီရေပြင်အောက်ကို ဘယ်လိုလုပ်ပြီးသွားကြမယ်ဆိုရာ ကျွန်တော် တွေးလို့မရဘူး”

“ဒီလိုကွယ်၊ အမှန်ကတော့ ဒီပင်လယ်ဟာ အင်မတန်ကြီးတဲ့ အိုင်ကြီးပဲကွဲ့။ ကုန်းပတ်လည်ဝိုင်းနေတယ်”

“ဟုတ်ကဲ့ ဦးလေး။ ဖြစ်နိုင်ပါတယ်။

“ဒီတော့ တို့နဲ့ မျက်နှာချင်းဆိုင်တခြားဘက်မှာ မုချ လမ်းသစ်တွေ့ရမယ်”

“ရေပြင်က ဘယ်လောက်ကျယ်မလဲ ဦးလေး”

“မိုင် ၁၀၀ က ၁၂၀ အထိရှိလိမ့်မယ်။ ကဲဒီတော့ တို့မယ် အချိန်ကုန်ခံလို့ မဖြစ်ဘူး။ နက်ဖြန်မနက်ဘဲ ရွက်တိုက်ပြီး လွှင့်ရမယ်”

ကျွန်ုပ်သည် သင်္ဘောများကို တွေ့လိုတွေ့ငြားဖြင့် တောင်မြောက်လေးပါး လှည့်၍ကြည့်မိ၏။

“နက်ဖြန်လွှင့်မယ်ဆိုတာ ဘယ်လိုလွှင့်မှာလဲ ဦးလေး။ ဘယ်သင်္ဘောနဲ့လဲ”

"ဘယ်ကလာ သဘော်ာဟုတ်ရမှာလဲ လူကလေးရဲ့။ အင်မတန်စိတ်ချရတဲ့ ဖောင်ကြီးလုပ်ပြီးသွားရမှာ"

ကျွန်ုပ်က အံ့အားသင့်လျက် "ဖောင်၊ ဟုတ်လား ဦးလေး။ သဘော်ာမှမရှိတဲ့နေရာ ဘယ့်နှယ်လုပ်ပြီး ကျွန်တော်တို့ ဖောင်လုပ်လို့ဖြစ်ပါ့မလဲ"

"မင်း မသိဘူး အိတ်ဇယ်။ မင်း သေသေချာချာနားထောင်ရင် ဟန် အလုပ်လုပ်နေတဲ့အသံ ကြားရလိမ့်မယ်"

"သူက ဖောင်လုပ်နေပြီလား ဦးလေး"

"အေးလေ၊ ဟုတ်တယ်"

"ဒါဖြင့် သစ်ပင်တွေကို ခုတ်လှဲ"

"ခုတ်လှဲဖို့မလိုဘူးကွဲ့။ ကဲ သူလုပ်နေတာ တို့များသွားကြည့်ရအောင်"

ကျွန်ုပ်လည်း ဦးလေးခေါ်ရာသို့ လိုက်ပါသွားရလေရာ၊ ၁၅ မိနစ်ခန့်သွားလတ်မိသော် ကျောက်ဆောင်တစ်ခု၏နောက်၌ အလုပ်လျက်ရှိသော ဟန်ကို တွေ့ရလေသည်။ ဖောင်မှာ သဲပြင်ပေါ်၌တင်လျက်ရှိကာ တစ်ဝက်တပျက်ပင် ပြီး၍နေလေပြီ။ ဖောင်လုပ်သည့် သစ်သားများမှာ ထူးဆန်းသောသစ်သားတစ်မျိုးဖြစ်သည်ကို တွေ့ရလေ၏။

"ဒီဟာက ဘာသားလဲ ဦးလေး"

"သစ်သားကနေပြီး ကျောက်ဖြစ်လာတဲ့ အသားပေါ့ကွယ်။ ပင်လယ်ဆားငံရေဓာတ်နဲ့ တဖြည်းဖြည်းမာလာတယ်။ Fossil Wood ခေါ်တဲ့ ကျောက်သစ်သားမျိုးကွဲ့"

"ဒါဖြင့် ကျောက်ခဲလို မာနေမှာပေါ့ ဦးလေးရဲ့။ ဒီလိုဆို ရေပေါ် ပေါ်နိုင်ပါ့မလား"

"ကျောက်အသားဟာ တခါတလေတော့ မင်းပြောတဲ့ အတိုင်း ကျောက်ခဲလိုပဲ။ နို့ပေမယ့် အမြဲမဟုတ်ပါဘူး။ ကဲ မင်း ကြည့်လေ"

ဦးလေးသည် သစ်သားစတစ်ခုကို ရေထဲသို့ ပစ်ချလိုက်၏။ ပထမ၌ သစ်စသည် ရေထဲသို့ နစ်မြုပ်သွားပြီးနောက် ချက်ချင်းလိုပင် ပြန်ပေါ်လာလေသည်။

"ဘယ့်နှယ်လဲ။ မင်း ကျေနပ်ပြီလား"

"ယုံနိုင်စရာတောင် မရှိဘူး ဦးလေးရယ်။ နို့ပေမယ့် ကျွန်တော်ကျေနပ်ပါပြီ"

ဟန်မှာ ဤအလုပ်မျိုးတွင် စိတ်ချရသူတစ်ယောက်ဖြစ်သည့်အတိုင်း နောက်တစ်နေ့ ည ၇ နာရီအချိန်ခန့်တွင် ကျွန်ုပ်တို့ဖောင်မှာ အသင့်ရှိနေလေ၏။ ၎င်းမှာ အလျား ၁၀ ပေရှိ၍ အနံ ၅ ပေ ကျယ်ဝန်း၏။ သို့နှင့် နောက်နာရီဝက်ခန့် အကြာတွင် ကျွန်ုပ်တို့ဖောင်ကြီးသည် လင်ဒင်ဗရွတ်ပင်လယ်ပြင်တွင် အသင့်ရှိနေလေတော့၏။

နောက်တစ်နေ့ ဩဂုတ်လ ၁၃ ရက်နေ့နံနက်၌ ကျွန်ုပ် တို့သည် အိပ်ရာမှစောစောထကြ၏။ မိုင်ပေါင်းများစွာ ကုန်း လမ်းဖြင့် လာခဲ့ပြီးနောက် ယခုမူ တစ်မျိုးတဖုံပြောင်းလဲကာ ရေကြောင်းခရီး သွားရတော့မည်ဖြစ်၏။ လူသက်သာရုံမျှမက ခရီးလည်း တွင်ပေလိမ့်မည်။ ရွက်တိုင်တစ်ခုထူပြီးလျှင် သစ်

သားစတစ်ခုကို ကန့်လန့်ဖြတ်တပ်ဆင်၍ ကျွန်ုပ်စောင်များကို ရွက်ပြုလုပ်ရ၏။ ဖောင်၏ နောက်ဘက်တွင် ဟန်က တက်မ တစ်ခုကိုပင် တပ်ဆင်ပေးထားလေသည်။ ကြိုးများအတွက်မူ ကျွန်ုပ်တို့တွင် အမြောက်အမြားပါလာသဖြင့် စိတ်မပူရတော့ချေ။ သို့နှင့် ဖောင်ကြီးနှင့် ကြွခိုင်တောင့်တင်းလှတော့၏။ ဤသို့ အသင့်ရှိနေသောအခါ ဖောင်ပေါ်သို့ ကျွန်ုပ်တို့စားရေရိက္ခာ ဝန်စည်စလယ်များအပြင် သောက်ရေကိုလည်း အမြောက်အမြား တင်ဆောင်ကြလေသည်။

နံနက် ၆ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဦးလေးက အမိန့်ပေးလိုက်သည်တွင် ကမ်း၌ချည်ထားသောကြိုးကို ကျွန်ုပ်ကဖြတ်လိုက်သဖြင့် ဖောင်ကြီးစ၍ထွက်လေရာ၊ ဟန်မှာပဲ့ကိုင်လျက်ရှိလေ၏။ ထိုအချိန်၌ လေသည် အရှေ့အမြောက်မှတိုက်ခတ်လျက်ရှိလေရာ၊ ဖိနှိပ်မှုအင်အားကြောင့်လည်း လေ၏ အဟုန်မှာ ပိုမိုပြင်းထန်သဖြင့် ဖောင်ကြီးမှာ လျင်မြန်စွာသွားလျက်ရှိလေ၏။ တစ်နာရီခန့်ကြာသောအခါ ကျွန်ုပ်တို့ပေါက်ရောက်ခဲ့သော ခရီးမိုင်နှုန်းကို အတော်အတန် မှန်းဆတွက်ချက်နိုင်လေပြီ။

"ဒီနှုန်းအတိုင်းသာ သွားနေရင် တို့ဟာ ၂၄ နာရီအတွင်းမှာ မိုင် ၉၀ ရောက်မယ်ကွဲ့။ တစ်ဘက်ကမ်းကို တယ်မကြာတော့ဘူး ရောက်မယ်"

သို့နှင့် ကျွန်ုပ်တို့ ထွက်လာခဲ့သော မြောက်ဘက်ကမ်းခြေသည် တဖြည်းဖြည်းပျောက်ကွယ်၍ သွားလေရာ၊ နာရီ

ပေါင်း အတန်ကြာလတ်သော် လုံးဝမမြင်ရတော့ချေ။ ထိုနေ့ည နေတွင် ယမန်နေ့ကကဲ့သို့ ညနေစောင်းအချိန်သို့ရောက်သော် လည်း အလင်းရောင်မပျောက်ဘဲ နေ့နှင့်ည၌ အတူတူပင်ရှိနေ သည်ကို ကျွန်ုပ်သတိပြုမိ၏။ ဦးလေးသည် ကျွန်ုပ်အားလေ တိုက်ခတ်ရာအရပ်၊ လေသွားရာလမ်းကြောင်း၊ ကျွန်ုပ်တို့ခရီး သွားနေသော မိုင်နှုန်း၊ ကျွန်ုပ်တို့ပေါက်ရောက်ခဲ့သော အကွာ အဝေးမှစ၍ လမ်းတွင်ဖြစ်ပျက်တွေ့မြင်ခဲ့သော စိတ်ဝင်စားဖွယ် မှန်သမျှတို့ကို စာအုပ်ထဲတွင် ထည့်ကောက်ရေးမှတ်စေ၏။

**အောက်တွင် ဖော်ပြသောစာပိုဒ်မှာ ယင်းပင်လယ်ပြင် တွင် ကျွန်ုပ်တို့ခရီးသွားခဲ့သည့်နေ့များအတွင်း ရေးသားခဲ့သော ကျွန်ုပ်၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်များဖြစ်၏။**

(ဩဂုတ်လ ၁၄ ရက်၊ သောကြာနေ့)။ "လေအနောက် မြောက်မှတိုက်သည်။ ဖောင်အသွားပြန်သည်။ တည့်မတ်စွာ သွားသည်။ ထွက်ခဲ့သော ကမ်းခြေမှ မိုင် ၅၀ ရောက်လေပြီ။ မည်သည့်အရာမျှ မမြင်ရ။ အလင်းရောင်အင်အား မထူးခြား။ ရာသီဥတုကောင်း၏။ မိုးတိမ်များ အလွန်မြင့်၍ ငွေရောင် တောက်နေသည်။ ပြဒါးချိန် ၃၂° ဒီဂရီ"

၁၂ နာရီအချိန်၌ ဟန်သည် ငါးမျှားချိတ်ကို ကြိုးတစ် ချောင်းဖြင့်ချည်၍ ချိတ်အဖျား၌ အသားအနည်းငယ်တပ်ပြီး သော် ရေထဲသို့ပစ်ချလိုက်၏။ ၂ နာရီကြာသည့်တိုင်အောင် တစုံတရာမရသော်လည်း ဆက်လက်၍ သည်းခံမျှားသောအခါ နောက်ဆုံးတွင် ငါးတစ်ကောင်ပါလာသည်ကိုတွေ့ရ၏။ ငါး

မှာ ခေါင်းလုံး၍ကိုယ်ပြား၏။ ကျောထက်တွင် ထူထဲသော အကြေးများ ဖုံးလျက်ရှိ၏။ ၎င်း၌ မျက်စိများမရှိ။ သွားများလည်းမရှိ။ အမြီးလည်းမရှိချေ။

"သိပ်ထူးဆန်းတဲ့ငါးပဲ ဦးလေး"

"ဟုတ်တာပေါ့ကွ။ ဒီငါးမျိုးဟာ တို့မြေမျက်နှာပြင်မှာရှိတဲ့ ပင်လယ်တွေထဲက အမျိုးပျောက်သွားတာ နှစ်ပရိစ္ဆေဒ အတော်ကြာပြီ။ သူ့အရိုးကို ပြတိုက်ထဲရောက်မှပဲ မင်းတွေ့ရတော့မယ်။ ဒီငါမျိုးဟာ ဒီဗိုနီယန်ခေတ်က ငါးမျိုးပဲကွဲ့"

"ဘာပြောတယ် ဦးလေး။ ဒါဖြင့် ကျွန်တော်တို့မိတဲ့ ငါးဟာ အလွန်ခဲ့တဲ့ နှစ်ပေါင်းသန်းတစ်ရာက ငါးမျိုးပေါ့"

"ဟုတ်တယ် အိတ်ဇယ်။ ဒီကျောက်ငါးမျိုးကို တွေ့ရတာ သိပ်ထူးဆန်းပြီး အံ့သြဖို့ကောင်းတာပဲ"

နောက် ၂ နာရီခန့်အတွင်း၌ ဟန်သည် ဤငါးမျိုးနှင့် တကွ အခြားငါးမျိုးပေါင်းများစွာတို့ကို ဆက်လက်ဖမ်းဆီးမိရာ အားလုံးပင် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားခဲ့သည့် အမျိုးများဖြစ်လေသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်တို့မှာ မမျှော်လင့်ဘဲ ငါးဟင်းစားရတော့၏။

ဤပင်လယ်ကြီးအတွင်း၌နေသော ငါးမျိုးများမှာ ကျွန်ုပ်တို့ကမ္ဘာပေါ်၌တွေ့ရသော ကျောက်ဆောင်များတွင် အရိုးစုမျှသာတွေ့ရသည့် ငါးမျိုးဖြစ်တော့၏။ ဤသို့ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း သန်း ၅၀ ခန့်က ရှိနေခဲ့သည့် အလွန်ကြောက်မက်ဖွယ်ကောင်းသော တောက်တဲ့၊ အိမ်မြှောင်၊ ပုတ်

သင်ညို၊ ဖွတ် စသည့်အကောင်ကြီးများကို တွေ့ရလေဦးမည် လော မသိရပေ။

ထို့နောက် နေ့လယ်ကြောင်တောင် အိပ်မက်မြင်မက် နေဘိသကဲ့သို့ ကျွန်ုပ်၏စိတ်မှာ ကမ္ဘာကြီး ပထမဦးစွာ စတင် ဖြစ်ပေါ်လာသည့်အချိန်သို့ ရောက်သွား၏။ ထိုအခါ ကမ္ဘာပေါ် တွင် ကျောက်များ၊ ရေများနှင့် မြေများမှတပါး မည်သည့် တိရစ္ဆာန်မျှမရှိ။ မည်သည့်သစ်ပင်မျှမရှိသော သက်မဲ့ကမ္ဘာကြီး ဖြစ်၏။ ထို့နောက် နှစ်ပေါင်း သန်းပေါင်း ၂၀၀ ခန့်သို့ရောက် လာသောအခါ ငါးအစရှိသော သက်ရှိသတ္တဝါများဖြစ်ပေါ်လာ စပြု၏။ ထို့နောက် သစ်ပင်များပေါက်သည့် ခေတ်သို့ရောက် လာရာ ယင်းတို့မှ ကျွန်ုပ်တို့သည် ကျောက်မီးသွေးများရကြ ၏။ ထို့နောက် အလွန်ကြီးမားသော အိမ်မြှောင်နှင့်တူသော အကောင်ကြီးများဖြစ်ပေါ်လာကာ မြေပေါ်တွင် တွား၍တွား ကြ၏။ ရေထဲတွင်ကူးခတ်ကြ၏။ ကောင်းကင်တွင် ပျံသန်းကြ ကုန်၏။ ထို့နောက် ယခု ကျွန်ုပ်တို့လက်ရှိတွေ့မြင်နေရသော တိရစ္ဆာန်များ စတင်ဖြစ်ပေါ်လာသည့်ခေတ်သို့ ရောက်လာ၏။ ယင်းခေတ်သည်ကား လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၂၀ ခန့်မှ ဖြစ်လေသည်။ ထိုအခါက မြင်းများသည် ခွေးလောက်မျှသာ အရွယ်အစားရှိ၏။ ဆင်များပေါ်ပေါက်လာ၏။ ထို့နောက် လူ သတ္တဝါများပေါ်ပေါက်လာရာ၊ ယင်းတို့တစ်ကိုယ်လုံးမှာအမွေး အမျှင်များ ဖုံးအုပ်လျက် တိရစ္ဆာန်များကဲ့သို့ပင် ရိုင်းစိုင်းစွာ နေထိုင်သည့်အခြေ၌ ရှိခဲ့၏။ ထို့နောက် နောက်ဆုံးအချိန်တွင်

'ရေခဲခေတ်'သို့ရောက်လာ၏။ ထိုအခါ ဥရောပတိုက် တစ်တိုက်လုံးလိုလိုပင် အလွန်ထူထဲကြီးမားလှသော ရေခဲတောင်ကြီးများဖြင့် ဖုံးအုပ်လျက်ရှိနေခဲ့၏။

သို့ဖြစ်ရကား ကမ္ဘာမြေကြီး၏အောက် ဤနက်ရှိုင်းလှစွာသောနေရာတွင် ရှေးခေတ်မှ အံ့ဖွယ်သူရဲများကို တွေ့မည်ဆိုက တွေ့နိုင်မည်မဟုတ်ပါလော။ ကျွန်ုပ်သည် ဖျတ်ခနဲလန့်နိုးရာ၊ ဦးလေး၏အသံကို ပထမဦးစွာ ကြားလိုက်ရ၏။

"အင်း လေကလည်းကောင်းတယ်ဟေ့။ ရေကလည်း ငြိမ်သက်တယ်။ ဒီအတိုင်းဆိုရင် ကမ်းခြေကို ရောက်တော့မယ်၊ မကြာဘူ"

သို့နှင့် ကျွန်ုပ်သည် နေရာမှထလိုက်ပြီးလျှင် ပတ်ဝန်းကျင်ကိုကြည့်ရှုလျက်ရှိ၏။ သို့သော် တိမ်များထဲတွင် တဖြည်းဖြည်းပျောက်ကွယ်သွားသော ပင်လယ်ရေမျက်နှာပြင်ကြီးမှ တစ်ပါး အခြားမည်သည့်အရာကိုမျှ မတွေ့မမြင်ရချေ။

(ဩဂုတ်လ ၁၅ ရက်၊ စနေနေ့) အားလုံး ယခင်က အတိုင်းရှိနေ၏။ ကုန်းဟူ၍ မမြင်ရသေးချေ။ ကျွန်ုပ်တို့မှာ ရေပတ်လည်ဝိုင်းရံလျက် အတ္တလန္တိတ်သမုဒ္ဒရာ၊ သို့မဟုတ် ပစိဖိတ်သမုဒ္ဒရာအလယ်သို့ပင် ရောက်နေသလော မသိရပေ။ ကျွန်ုပ်မှာ စိတ်ပူပန်စပြု၍လာရာ၊ ဦးလေးမှာမူ စိတ်ဆိုးလျက်ရှိနေလေသည်။

"ဘာဖြစ်လို့လဲ ဦးလေး"

"ဘာမှမဖြစ်ပါဘူးကွာ"

"ကျွန်တော်တို့ သွားနေတာ အမြန်သားပဲ"

"အေးကွယ်၊ မြန်တာတော့ မြန်တာပေါ့။ နို့ပေမယ့် ပင်လယ်က ကျယ်လွန်းလှသကွယ်"

ပထမဦး ကျွန်ုပ်တို့ ဖြတ်သန်းလျက်ရှိသောပင်လယ်မှာ တစ်ဘက်မှတစ်ဘက်သို့ မိုင် ၁၀၀ ခန့်သာ ကျယ်လိမ့်မည်ဟု ဦးလေးက ထင်မိသည်ကို ကျွန်ုပ်ပြန်၍ သတိရမိ၏။ ယခုမူ ထိုအတိုင်းအထွာ သုံးဆမျှပင် ခရီးပေါက်ခဲ့ပြီဖြစ်သော်လည်း တောင်ဘက်အစွန်းကို မမြင်ရသေးချေ။

"တို့ဟာ အောက်ဆင်းနေတာ မဟုတ်ဘူးကွဲ့။အဲဒါ သက်သက်မယ့်အချိန်ကုန်နေတာပဲ"

"နို့ပေမယ့် ဆက္ကနူဆမ်သွားတဲ့လမ်းပဲ မဟုတ်လား ဦးလေးရဲ့"

"အဲဒါ ခက်နေတာပေါ့ကွယ်။ သူဟာ ဒီလမ်းကလိုက်လို့ ဒီပင်လယ်ကြီးပဲတွေ့သလား၊ တကယ်လို့ တွေ့ရင်လည်း ဒီပင်လယ်ကို ဖြတ်သွားလေသလား၊ တို့လိုက်တဲ့ စမ်းချောင်းအတိုင်း လာခဲ့တာဟာ လမ်းမှန်မှဟုတ်ရဲ့လား။ အဲဒီပြဿနာတွေအတွက် ငါခေါင်းရှုပ်နေတာပေါ့ကွဲ့"

"ဒါပေမယ့် ကျွန်တော်တို့ ဒီအထိရောက်လာလို့ ဘာမှ ဝမ်းနည်းစရာမရှိပါဘူး ဦးလေးရယ်။ အားလုံးနေရာကျတာ ချည်းပဲမဟုတ်လား"

"အင်း မင်းပြောတာတော့ ဟုတ်ပါရဲ့။ နို့ပေမယ့် ဒီထက်ပိုပြီးနက်အောင်ဆင်းလို့ မဖြစ်တော့ဘူး"

ညနေ ၆ နာရီ၌ ဟန်သည် သူ၏လစာငွေ တစ်ပတ်အတွက်စေ့ပြီဖြစ်၍ တောင်းခံရာ၊ ဦးလေးက ပေးလိုက်ရ၏။

(ဩဂုတ်လ ၁၆ ရက်၊ တနင်္ဂနွေနေ့) အခြေနေမှာ ယခင်ကအတိုင်းရှိနေ၏။ ရာသီဥတုလည်း မပြောင်းလဲချေ။ လေမှာ အတန်ငယ် ပိုမိုပြင်းထန်လာ၏။ ကျွန်ုပ်အိပ်ရာမှ နိုးသောအခါ အလင်းရောင်ကို ပထမသတိရလျက် တဖြည်းဖြည်း မှေးမှိန်သွားမည်ကို စိုးရိမ်မိ၏။ သို့သော် ယခင်ကအတိုင်းပင် လင်းထိန်တောက်ပလျက် ရှိလေသည်။ ပင်လယ်ကြီးကား အဆုံးအစမရှိသကဲ့သို့ ရှိနေ၏။ ၎င်းသည် မြေထဲပင်လယ်၊ သို့မဟုတ် အတ္တလန္တိတ် သမုဒ္ဒရာမျှလောက်ပင် ကျယ်ဝန်းလေသလော။ ဦးလေးသည် ရေတိမ်ရေနက်ကိုသိရန် မကြာခဏ စမ်းသပ်လျက်ရှိလေ၏။ သို့နှင့်တစ်ကြိမ်တွင် အလေးလံဆုံးသော ပေါက်တူးသွားတစ်ချောင်းကို ပေ ၁၂၀၀ ရှည်သောကြိုးတစ်ချောင်းအဖျားတွင် ချည်၍ အောက်သို့ချကြည့်ရာ၊ မြေပြင်ကို မတွေ့ရချေ။ ကြိုးကိုမူ အတော်ခဲယဉ်းစွာဖြင့် အပေါ်သို့ပြန်၍ဆွဲတင်ကြရလေသည်။ အပေါ်သို့ ပေါက်တူးရောက်လာသောအခါ ဟန်က ပေါက်တူး၏တစ်နေရာကို ကြည့်လျက် "တန်ဒါ"ဟု ဟစ်အော်လိုက်လေသည်။

"ဘာပြောတာလဲ ဦးလေး။ ကျွန်တော် နားမလည်ပါဘူး"

"တန်ဒါ"ဆိုတာ 'သွား' လို့အဓိပ္ပာယ်ရတယ်ကွဲ့"

ဟန် ညွှန်ပြသောနေရာသို့ကြည့်လိုက်ရာ ပေါက်တူး တစ်နေရာတွင် သွားများဖြင့် ကိုက်ထားသကဲ့သို့ ချိုင့်ဝင်နေသော နေရာများကို တွေ့ရ၏။ အလွန်ကြီးမား ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးများသည် ရေအောက်၌ရှိလေပြီလောဟု တွေး၍ စိုးရိမ်မိ၏။

(ဩဂုတ်လ ၁၇ ရက်၊ တနင်းလာနေ့)ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး ပေါက်တူးပေါ်၌ထင်နေသော သွားရာများကို စဉ်းစား၍နေမိ၏။ ယင်းကဲ့သို့ ပေါက်တူးသွားကို ကိုက်လိုက်သည့် အကောင်ကြီးတစ်ကောင်တလေသည် ရေမျက်နှာပြင်ပေါ်သို့ပင် ပေါ်၍လာလေမည်လောဟု တွေး၍ကြောက်ရွံ့နေမိ၏။ ဦးလေးမှာလည်း ရေပြင်ကိုမကြာခဏ ဂရုတစိုက်ကြည့်နေသည်ကိုထောက်သဖြင့် ကျွန်ုပ်ကဲ့သို့ပင် တွေးတင်နေဟန်တူသည်ဟု ထင်မိ၏။ ကျွန်ုပ်က သေနတ်များအသင့်ရှိမရှိကို လှမ်း၍ကြည့်မိရာ ဦးလေးက ကျွန်ုပ်ကို အကဲခတ်မိဟန်ဖြင့် ပြုံးလိုက်၏။ တစ်ခါတစ်ရံ ပင်လယ်ရေမျက်ပြင်ပေါ်တွင် တစ်စုံတစ်ရာလှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်ဟုထင်မိသဖြင့် ကျွန်ုပ်တို့မှာ သတိကြီးစွာထားရပေတော့မည်။

(ဩဂုတ်လ ၁၈ ရက်၊ အင်္ဂါနေ့) ညနေစောင်း၌ ကျွန်ုပ်တို့သည် ငိုက်မြည်းစပြုလာရာ၊ ထိုအချိန်၌ ဟန်သည် တက်မ ကိုကိုင်လျက်ရှိ၏။ နောက် ၂ နာရီခန့်အကြာတွင် ကျွန်ုပ်တို့ဖောင်သည် ရေပြင်ပေါ်သို့ ရုတ်တရက်မြောက်ကာပါသွားပြီးနောက်၊ ပေ ၁၀၀ ခန့်အဝေးရှိ လှိုင်းလုံးများထဲသို့

ရောက်သွားရာ ကျွန်ုပ်တို့အားလုံးပင် ထိတ်ထိတ်ပျာပျာဖြစ်၍ သွားကြလေသည်။

"ဘာဖြစ်တာလဲဟေ့။ ကျောက်ဆောင်များ ဝင်တိုက်မိသလားကွယ်"

ထိုအချိန်၌ ဟန်သည် ပေ ၁၂၀၀ ခန့်ဝေးသောနေရာတွင် ရေပေါ်သို့ ပေါ်ချည်တစ်ခါ၊ ရေအောက်သို့ ငုတ်ချည်တစ်လှည့်ရှိနေသော ခပ်မည်းမည်းအရာဝတ္ထုကြီးကို ညွှန်ပြလေရာ ကျွန်ုပ်လည်း

"အမယ်လေး။ လပိုင်ကြီးပါကလား"ဟု အလန့်တကြား ဟစ်အော်လိုက်မိ၏။

"အေး ဟုတ်တယ်ဟေ့။ ရေထဲမှာ အဆမတန်ကြီးတဲ့ ပင်လယ်အိမ်မြောင်ကြီးတွေလည်း ရှိတယ်ကွဲ့"

"ပြီးတော့လည်း မိချောင်းကြီးတွေ။ ဟောဟိုမှာ ဟောဟိုမှာ။ သွားကြီးတွေကလည်း ဟာ ငုတ်သွားပြီ ဦးလေ၊ မရှိတော့ဘူး"

"ဝေလငါးကြီးဟေ့။ ဟောဟိုမှာ ဝေလငါးကြီးမှုတ်ထုတ်လိုက်တဲ့ ရေပန်းကြီးမြင်ရဲ့လား"

ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်တွင် ထိုကြီးမားကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးများကို မြင်ရသဖြင့် တုန်လှုပ်ချောက်ချားကား အံ့အားသင့်လျက်ရှိနေကြတော့၏။ သို့သော် မည်သို့မျှ မတတ်နိုင်ပေ။ ၎င်းတို့အနက်မှ အငယ်ဆုံးသော အကောင်သည်ပင် ကျွန်ုပ်တို့ဖောင်ကို ထက်ပိုင်းပြတ်

၍သွားအောင် ကိုက်ဖြတ်နိုင်လောက်၏။ သို့နှင့် ဟန်သည် ဖောင်ကိုအခြားတစ်ဘက်သို့ ပဲ့၍ပေးလိုက်၏။ သို့သော် ၎င်းဘက်၌လည်း အခြားသတ္တဝါကြီးများ ပေါ်လာပြန်လေသည်။ ပေ ၄၀ ခန့်ရှည်သော လိပ်ကြီးတစ်ကောင်ကို မြင်လိုက်ရပြီးနောက် မနီးမဝေး၌ပင် ပေ ၃၀ ခန့်ရှည်သော မြေကြီးတစ်ကောင်သည် လှိုင်းလုံးများအကြားမှ ပါးပြင်ကြီးကိုထောင်ပြီးနောက်မကြာမီ ရေအောက်သို့ ငုံ့လျှို့ပျောက်ကွယ်၍ သွားလေသည်။

ကျွန်ုပ်အား လွတ်မြောက်ရန် အကြောင်းမရှိတော့ပေ။ တိရစ္ဆာန်ကြီးများသည် ကျွန်ုပ်တို့ဖောင်ကို လှည့်ကာပတ်ကာပြေးလွှားကူးယက်လျက်ရှိကြကုန်၏။ သို့နှင့် ကျွန်ုပ်သည် သေနတ်တစ်လက်ကို လှမ်းယူလိုက်၏။ သို့သော် ဤမျှလောက် အဆမတန်ကြီးမားသော သတ္တဝါကြီးများအတွက် သေနတ်သည် မည်ကဲ့သို့ အသုံးဝင်ပေလိမ့်မည်နည်း။ ကျွန်ုပ်တို့အားလုံးပင် စိတ်နှလုံးတုန်လှုပ်ချောက်ချားလျက်ရှိနေသဖြင့် စကားတစ်ခွန်းမျှ မပြောနိုင်ချေ။

ထိုအချိန်၌ အချို့မှာ ကျွန်ုပ်တို့နှင့် အတော်နီးကပ်လာလျက် မိကျောင်းသည် ဖောင်၏ တစ်ဘက်၌လည်းကောင်း၊ မြွေကြီးသည် အခြားတစ်ဘက်၌လည်းကောင်း ရှိနေကြကုန်၏။ သို့နှင့် ကျွန်ုပ်က တစ်ကောင်ကိုပစ်ရန် သေနတ်နှင့်ချိန်လိုက်ရာ၊ ဟန်က သေနတ်ကိုဆွဲထားလိုက်၏။ နီးကပ်သည်ဆိုသော်လည်း ယင်းတို့မှာ ကျွန်ုပ်တို့ဖောင်နှင့် ကိုက် ၃၀၀ ခန့်

ပင်ဝေးသေးရာ၊ ထိုအချိန်၌ အကောင်ကြီးတစ်ကောင်သည် အခြားတစ်ကောင်ကို တိုက်ခိုက်စပြုလေ၏။ ယင်းတို့ကား တစ်ကောင်နှင့်တစ်ကောင် မာန်ဖီနေသဖြင့် ကျွန်ုပ်တို့ကို မြင်ဟန်မတူချေ။ ယင်းတိုက်ပွဲ၌ လပိုင်သည်လည်းကောင်း၊ ပင်လယ်အိမ်မြှောင်ကြီးသည်လည်းကောင်း၊ ဝေလငါးနှင့် လိပ်တို့သည်လည်းကောင်း ပါဝင်သည်ဟု ထင်မှတ်မိ၏။ ဟန်ကမူ အကောင်ကြီး ၂ ကောင်သာ ပါဝင်သည်ဟု ဆိုလေသည်။ သို့နှင့် အသေအချာကြည့်ရှုရာ ဟန်ပြောသည့်အတိုင်း ဟုတ်မှန်ကြောင်းတွေ့ရတော့၏။ တစ်ကောင်မှာ ပင်လယ်အိမ်မြှောင်ကြီးဖြစ်၍ ဦးခေါင်းမှာ အိမ်မြှောင်နှင့်တူပြီးလျှင် ပါးစပ်မှာ မိချောင်းပါးစပ်နှင့် သွားကြီးများ ရှိလေသည်။ အခြားတစ်ကောင်မှာ ပင်လယ်လပိုင်ကြီးတစ်မျိုးဖြစ်၍ လိပ်၏ကိုယ်ကြီးရှိပြီးလျှင် လည်ပင်းနှင့်ဦးခေါင်းမှား မြွေကဲ့သို့ ရှည်လျားလေသည်။ ယင်းတို့သည်ကား ပင်လယ်ထဲတွင် ကြောက်မက်ဖွယ်ရာ အကောင်းဆုံးသတ္တဝါကြီးများဖြစ်ကြောင်းနောင်အခါ ဦးလေးကပြောပြသဖြင့် သိရလေသည်။

ယင်းတို့သည်ကား အလယ်ခေတ်တွင်ရှိနေခဲ့၍ ကမ္ဘာပေါ်မှ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သော သတ္တဝါကြီးများပင်တည်း။ ထိုအချိန်၌ နှစ်ကောင်စလုံးပင် တစ်ကောင်နှင့်တစ်ကောင် သဲသဲမဲမဲ ကိုက်ဖြတ် သတ်ပုတ်လျက် ရှိကြသဖြင့် တောင်ပူစာတစ်လုံးခန့်မျှမြင့်သော လှိုင်းလုံးကြီးများကို ထိုနေရာမှ ဖြစ်ပေါ်၍လာစေ၏။ ကျွန်ုပ်တို့ဖောင်နှင့်မှ နီးချည်တစ်ခါ

ဝေးချည်တစ်လှည့်ဖြစ်နေလေရာ လက်ပိုက်၍ ကြည့်နေရန် မှတစ်ပါး မည်မျှသို့ မတတ်နိုင်ချေ။ ၂ နာရီခန့် ကြာပြီးနောက် သတ်ပွဲမှာ အတော်အတန်ငြိမ်သက်သွားပြီးလျှင် မိနစ်အနည်း ငယ်မျှ ကျွန်ုပ်တို့မျက်စေ့အောက်မှ ပျောက်ကွယ်၍ သွား တော့၏။ ရေအောက်၌ပင် ဆက်လက် သတ်ပုတ်၍နေကြပေ သလော မပြောတတ်ပေ။ မကြာမီ မြွေ၏ဦးခေါင်းနှင့်တူသော ဦးခေါင်းနှင့် ရှည်လျားသော လည်တံကြီးသည် ရေပေါ်သို့ အလျားလိုက်ပေါ်လာပြီးနောက် တဖြည်းဖြည်း ငြိမ်သက်၍ သွားလေ၏။ အိမ်မြှောင်ကြီးကိုကား ဆက်လက်၍ မမြင်ရ တော့ချေ။

(ဩဂုတ်လ ၁၉ရက်၊ ဗုဒ္ဓဟူးနေ့) ကံအားလျော်စွာ လေကလေးသည် ခပ်ထန်ထန်တိုက်လာသဖြင့် ကျွန်ုပ်တို့သည် ဘေးဥပါဒ်ထူပြောသောနေရာမှ အမြန်ဆုံးထွက်လာနိုင်လေ တော့၏။ ဦးလေးမှာ ကမ်းကိုမမြင်ရသေးဖြင့် စိတ်ဆိုးလျက် ပင်ရှိနေသေး၏။ ထိုနေ့ခရီးသည်ကား ရေသတ္တဝါကြီးများ တိုက်ပွဲကိုကြည့်ရသည်မှတပါး ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှ ပေ၏။

(ဩဂုတ်လ ၂၀ ရက်၊ ကြာသပတေးနေ့) လေသည် အရှေ့မြောက်အရပ်မှ တိုက်သည်။ အပူချိန်တက်သည်။ ကျွန်ုပ် တို့သည် တစ်နာရီလျှင် ၉ မိုင်နှုန်းဖြင့် သွားလျက်ရှိသည်။ နေ့လယ်အချိန်သို့ရောက်သောအခါ ကျွန်ုပတို့သည် အလွန်ဝေး သောအရပ်မှ အသံတစ်သံကိုကြားရလေရာ၊ အသံမှာ မပြတ်ဖဲ ဆက်နေသော ဟိန်းသံမျိုးဖြစ်၏။

"အတော်ဝေးတဲ့နေရာမှာ ကျောက်ဆောင်သော်လည်း ကောင်း၊ ကျွန်းတစ်ကျွန်းသော်လည်းကောင်း ရှိရမယ်ကွဲ့။ အဲဒါကို လှိုင်းလုံးရိုက်တဲ့အသံပဲ"

ဟန်ကမူ ရွက်တိုင်ထိပ်ဖျားပေါ်သို့ပင် တက်၍ကြည့်သေး၏။ သို့သော် ပင်လယ်ပြင်မှတစ်ပါး မည်သည့်အရာကိုမျှ မမြင်ရချေ။

သို့ဖြင့် ၃ နာရီခန့်မျှ အချိန်ကုန်၍သွား၏။ အသံမှာ ရေတံခွန်မှ ရေများကျနေသံနှင့် တူသဖြင့် ဤအကြောင်းကို ဦးလေးအားပြောပြရာ၊ ဦးလေးက ဦးခေါင်းကို ရမ်းလိုက်လေသည်။ ကျွန်ုပ်ကမူ ကျွန်ုပ်ထင်မြင်ချက်မှန်သည်ဟုပင်ယူဆလျက်ရှိ၏။ ကျွန်ုပ်တို့သည် အလွန်ကြီးသော ရေတံခွန်းကြီးတစ်ခုသို့ ရောက်လာပြီးနောက် ပေအနက်အားဖြင့် ထောင်ပေါင်းများစွာနက်သော ကမ္ဘာကြီး၏အလယ်ဗဟိုသို့ လိုက်ပါသွားကြရမည်လော။ မည်သို့ပင်ဖြစ်စေ ထိုအသံထွက်နေသောအရာမှာ မိုင်အနည်းငယ်မျှသာ ဝေးတော့သဖြင့် အသံမှာ ပို၍မြည်ဟိန်းလာတော့၏။ ဟိန်းသံကြီးမှာ လွန်စွာကျယ်လောင်လျက် ပင်လယ်ပြင်မှပင် လာလေသလော။ သို့မဟုတ် ကောင်းကင်ယံမှပင် လာလေသလော မပြောတတ်ပေ။ ကျွန်ုပ်သည် အပေါ်သို့ပင် မော့၍ကြည့်မိ၏။ ကောင်းကင်ဆိုသည်မှာလည်း ကျွန်ုပ်တို့ဝင်လာခဲ့သော ဂူကြီးအမိုးပင်ဖြစ်ရပေမည်။ မိုးတိမ်များမှာမူ ငြိမ်သက်လျက်ရှိပြီးလျှင် မည်သည့်အရာကိုမျှလည်း မတွေ့ရချေ။

ထို့နောက် ကျွန်ုပ်သည် ပင်လယ်ပြင်ကို ကြည့်ပြန်၏။ အကယ်၍သာ ကျွန်ုပ်ရှေ့တွင် ရေတံခွန်ကြီးရှိပါက ရေများသည် ထိုနေရာသို့ ဒလဟော စီးစင်းရမည်ဖြစ်၍ ကျွန်ုပ်တို့ဖောင်သည်လည်း ရေစီးတွင် လျင်မြန်စွာပါသွားပေလိမ့်မည်။ သို့သော် ရေပြင်မှာ ငြိမ်သက်လျက် ကျွန်ုပ်တို့ဖောင်ကြီးမှာလည်း ယခင်က အတိုင်းပင်ရှိနေ၏။

ညနေ ၄ နာရီခန့်ရှိသောအခါ ဟန်သည် ရွက်တိုင်ထိပ်ဖျားပေါ်သို့ တက်၍ကြည့်ရာမှ တောင်ဘက်သို့ လက်ညှိုးထိုးခါ တစ်စုံတစ်ရာကိုမြင်ရသည့်ဟန်ဖြင့် "ဒါနား"ဟု ဟစ်အော်လိုက်လေသည်။

"သူ ဘာပြောတာလဲ ဦးလေး"

" 'ဟိုမှာ'လို့ ပြောတာကွဲ့ "

ဦးလေးသည် ဟန် ညွှန်ပြရာအရပ်သို့ အတန်ကြာ စိုက်ကြည့်လျက်ရှိရာမှ

"ဟုတ်တယ်ဟေ့"

"ဘာမြင်ရလဲ ဦးလေး"

"ပင်လယ်ထဲကနေပြီး ရေပန်းကြီးအပေါ်ထိုးထွက်နေတာ မြင်ရတယ်"

"အကောင်ကြီးတစ်ကောင်များ တွေ့ပြန်ပြီလား ဦးလေးရယ်"

"အေး။ ဟုတ်ချင်လည်း ဟုတ်မှာပဲ"

"ဒီတော့ ကျွန်တော်တို့ အဲဒီနေရာကလွတ်အောင် သွားကြရမယ်"

"ဟာ မဟုတ်ဘူးကွဲ့။ တည့်တည့်သွားပြီး ဘာလဲဆို တာ ကြည့်ဦးမှပေါ့"

ဦးလေး မြင်ရသည်ဆိုသော အရာကြီးများသည်ကား မိုင် ၃၀ ကျော်အဝေးမှပင် မြင်နိုင်သည်ကိုထောက်သော် အဆ မတန်ကြီးမားလှသော သတ္တဝါကြီးတစ်ကောင် ဖြစ်ပေလိမ့် မည်။ ယင်းဆီသို့ ဦးတိုက်၍သွားခြင်းထက် ဝေးနိုင်မျှဝေး မှ ရှောင်ရှားသွားခြင်းသည် ၎င်းတို့နှင့် နီးကပ်လာရာ၊ အနီးသို့ ချည်းကပ်လာလေလေ၊ အပေါ်သို့ ပန်းထွက်သော ရေပန်း များ မြင့်တက်၍ လာလေလေရှိတော့၏။ ညဉ့် ၈ နာရီထိုး လတ်သော် ကျွန်ုပ်တို့မှာ ၎င်းနှင့် ၆ မိုင်ခန့်သာ ဝေးတော့၏။

ကျွန်ုပ်တို့ ကောင်းစွာမြင်ရလေပြီ။ ၎င်းမှာ တောင်တစ် တောင်နှင့်တူ၍ ပင်လယ်ပြင်တွင် ကျွန်းတစ်ကျွန်းကဲ့သို့ တည် ရှိနေ၏။ ကျွန်းတစ်ကျွန်းပင် ဖြစ်လေသလော၊ သို့မဟုတ် တိရစ္ဆာန်ကြီးတစ်ကောင်ပင် ဖြစ်နေသလော မပြောနိုင်အောင် ရှိတော့၏။ ယင်းအရာဝတ္ထုကြီးမှာ ပေ ၆၀၀ ခန့်ရှည်လျား၍ လှုပ်ရှားခြင်းမရှိ၊ ပကတိငြိမ်သက်လျက်ရှိနေ၏။ ၎င်းမှာ ရေ ပေါ်သို့ပေါ်နေခြင်းမဟုတ်ဘဲ လှိုင်းများသည် ၎င်းအားရိုက်ခတ် ကာ မိုးရေကဲ့သို့ ပြန်ကျလျက်ရှိ၏။ ကျွန်ုပ်တို့ဖောင်ကား ထို တောင်ကြီးရှိရာသို့ တည့်တည့်ကြီး မျောပါလျက်ရှိလေရာ၊ ကျွန်ုပ်မှာ အလွန်ပင် ကြောက်ရွံ့လာပြီဖြစ်၍ "ဘာကြီးလဲ ဦးလေး"ဟု လှည့်ပတ်၍မေးလိုက်၏။ သို့သော် ဦးလေးကား အဖြေပြန်၍မပေးချေ။

ဟန်သည် ဘေးဥပါဒ် တစ်စုံတစ်ရာကို မြင့်သည့် လက္ခဏာနှင့် ၎င်းရှိရာသို့ လက်ညှိုးညွှန်ပြကာ "တွမ်"ဟု ဟစ်အော်လိုက်လေသည်။ ထိုအခါ ဦးလေးက "ကျွန်းလို့ပြော တာကွဲ့"ဟု ကျွန်ုပ်အားပြန်ပြော၏။

"ဘာပြောတယ် ဦးလေး။ ကျွန်းဟုတ်လား ဦးလေး"

ဦးလေးက ရယ်မောလျက် "ဟုတ်ပါတယ်ကွဲ့။ ဘာမှ မဟုတ်ပါဘူး၊ ကျွန်းပါ"

"ဒါဖြင့် ရေပန်းထွက်နေတာကကော ဘာလဲဦးလေး"

ထိုအခါ ဟန်က "ပေဆာ"ဟုအော်လိုက်သည်။

"ဟုတ်တယ်ကွဲ့။ ဘာမှ ယုံမှားစရာမရှိဘူး။ ဒါဟာ ပေဆာပဲ။ အိုက်စလန်ကျွန်းမှာ တို့ တစ်ခါတွေ့ခဲ့တဲ့ ပေဆာ ခေါ်တဲ့ ရေပူစမ်းကြီးမျိုးတွေပေါ့ကွယ်"

ကျွန်ုပ်မှာ ၎င်းအား ရေသတ္တဝါကြီးတစ်ကောင် ထင် မှတ်၍ ကြောက်ရွံ့မိခဲ့သည်ကိုပင် စိတ်ထဲက တွေး၍ရှက်မိ၏။ အနီးသို့ချဉ်းကပ်လာသောအခါမှ အသေအချာမြင်ရတော့၏။ ၎င်းမှာ ရေပူစမ်းပန်းထွက်နေသောနေရာတွင် ပေ ၆၀ ခန့်အမြင့် ရှိ၍ အခြားတစ်ဘက်သို့ ခပ်လျောလျော ကျဆင်းသွားရာ၊ အဝေးမှကြည့်လျှင် ဝေလငါးကြီးတစ်ကောင်နှင့် တူလှပေ၏။ ဦးလေးက ကျွန်းကိုလှည့်ပတ်ကြည့်ရန် ပြောသဖြင့် ကျွန်ုပ်တို့ သည် ကမ်းခြေသို့ ချဉ်းကပ်လာကြ၏။ ထို့နောက် ကျွန်ုပ်တို့ သည် ကျောက်တုံးတစ်တုံးပေါ်သို့ ခုန်တက်လိုက်ရာ၊ ဦးလေး လည်း ကျွန်ုပ်နောက်မှ လိုက်ပါလာ၏။ ဟန်မှာမူ ဖောင်ကို ထိန်းရင်း ဖောင်ပေါ်၌ ကျန်ရစ်ခဲ့လေသည်။

ကျွန်ုပ်သို့ ခြေချလိုက်သောနေရာမှာ တုန်လှုပ်သွား၍ ပူလည်း ပူလှ၏။ မကြာမီ ကျွန်ုပ်တို့သည် ရေပူများ ပန်းထွက်နေသော ရေအိုင်ကလေးသဖွယ်ဖြစ်နေသည့် တွင်းပေါက်တစ်ခုကို တွေ့မြင်ရ၍ ထိုနေရာ၌ကား အပူပြဒါးချိန်သည် ဒီဂရီ ၆၄ မျှပင်ရှိလေသည်။ သို့ဖြစ်၍ ပန်းထွက်နေသော စမ်းရေမှာ အလွန်ပူလောင်လှသော ဗဟိုအချက်အချာနေရာတစ်ခုမှ ထွက်ပေါ်လာဟန် လက္ခဏာရှိ၏။ ဟန်နှင့် ကျွန်ုပ်က ဦးလေးအား ဤအချက်အလက်များကို ပြောပြလေသည်။

"ကဲ၊ ဒီတော့ အရင်က ဦးလေးပြောခဲ့တဲ့ အယူအဆကို မင်းဘယ်လိုထင်သလဲ"

"ဘယ်လိုမှ မထင်တတ်ဘူး ဦးလေးရဲ့"

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် အပူအအေးမျှတနေသောနေရာများကို ဖြတ်သန်းလာခဲ့ကြရသဖြင့် အတော်ပင်ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။ သို့သော် အခြေအနေကိုထောက်ရှုရသဖြင့် ကမ္ဘာ၏အလယ်ဗဟိုမှ အလွန်ကြီးမားလှသော အပူထုကြီးနှင့် ကျွန်ုပ်တို့သည် တစ်နေ့မတွေ့ရလျှင် တစ်နေ့တွေ့ကောင်းတွေ့ရဦးမည်ဟု ထင်မိရာ၊ ဦးလေးသည် ရေပူစမ်းပန်းထွက်နေသော ဤမီးတောင်ကို ကျွန်ုပ်၏အမည် 'အိတ်ဇယ်မီးတောင်'ဟု အမည်ပေးလိုက်လေသည်။

ထိုအချိန်ထိ ကျွန်ုပ်တို့သည် ဤမြေအောက်ပင်လယ်ကြီးတွင် မိုင် ၈၀၀ ခရီးပေါက်ရောက်ခဲ့ပြီဖြစ်ရာ ယခု ကျွန်ုပ်တို့ရောက်ရှိနေသော နေရာမှာ အင်္ဂလန်အောက်သို့ပင် ရောက်

ရှိနေသလောက်ပြီဖြစ်၍ အိုက်စလန်ကျွန်းမှ မိုင်ပေါင်း ၁၈၀၀ မျှဝေးကွာခဲ့လေပြီ။

(ဩဂုတ်လ ၂၁ ရက်၊ သောကြာနေ့)။ နောက်တစ်နေ့သို့ရောက်သောအခါ လေကလည်းအတော်ထန်လာရာ ကျွန်ုပ်တို့ဖောင်သည် ရေပူများပန်းထွက်နေသော မီးတောင်ကျွန်းမှ အတော်ပင်ဝေး၍လာခဲ့ပြီဖြစ်၍ ဤကျွန်းကြီးသည် တဖြည်းဖြည်း အောက်သို့နိမ့်ကျလာပြီးလျှင် စိမ်းညိုညိုအရောင်ဖြစ်လာသဖြင့် ရာသီဥတုသည် မကြာမီပြောင်းလဲတော့မည့်အကြောင်း သိရ၏။ တစ်စတစ်စ မှောင်၍လည်း လာတော့၏၊

"ရာသီဥတုကတော့ အတော်ကလေး ဆိုးပုံရတယ် ဦးလေး"

ဦးလေးကား တစ်စုံတစ်ရာပြန်၍မပြောချေ။ ကျွန်ုပ်တို့ရှက်တိုက်သွားနေသော ပင်လယ်ပြင်ကြီး တဖြည်းဖြည်းကျယ်ပြန့်လာသည်ကို သဘောမကျဘဲ စိတ်တိုနေဟန်လက္ခဏာရှိလေသည်။

"မုန်တိုင်းကျလိမ့်မယ်ထင်တယ် ဦးလေး။ ကြည့်ပါလား။ မိုးသားတွေတောင် အောက်ကိုအတော်ရောက်လာပြီ"

ထိုအချိန်၌ လေသည် လှုပ်ရှားမှုမရှိတော့ဘဲ ဖောင်ကြီးသည်လည်း ရပ်၍သွားတော့၏။

"ဒီလိုကြည့်နေလို့မဖြစ်ဘူး ဦးလေး။ ရွက်ကို ဖြုတ်ချပြီး ရွက်တိုင်ကို လှဲထားမှတော်မယ်။ ဒါမှကောင်းမယ်။ ဒီလိုလုပ်ရလိမ့်မယ်"

"မလုပ်ဘူးဟေ့ မလုပ်ဘူး။ အခါတစ်ရာ မလုပ်ဘူးကွယ်။ ကမ်းခြေမှာရှိတဲ့ ကျောက်ဆောင်တွေကို ငါ လေ့လာစမ်းပါရစေဦး။ ဖောင်ပျက်လို့ အစိတ်စိတ်အမြွှာမြွှာဖြစ် သွားပေစေ။ ငါ ဂရုမစိုက်ဘူး"

ထိုခဏ၌ ရာသီဥတုသည် ချက်ချင်းပြောင်းလဲလာလေ၏။ လေသည် ရုတ်တရက်တိုက်ခတ်လာ၍ မိုးသည်လည်း တပါတည်း သွန်ချလေတော့၏။ ပတ်ဝန်းကျင်သည် မှောင်သည်ထက်မှောင်၍လာပြီးလျှင် ကြောက်မက်ဖွယ်ကောင်းသော လေသံမိုးသံတို့သည် ဆူညံစွာရှိနေကုန်၏။ ဖောင်သည် ရုတ်တရက် အပေါ်သို့ မြောက်တက်သွားသဖြင့် ဦးလေးသည် မတ်တတ်မှ လဲကျသွားရာ၊ ကြိုးတစ်ချောင်းကိုလှမ်း၍ ဆွဲထားလိုက်သောကြောင့်သာ သက်သာရာရသွားလေသည်။ သို့သော် သူ၏မျက်နှာကား ပြုံးပြုံးရွှင်ရွှင်ပင် ရှိနေ၏။ ဖောင်မှာ လေ၏ အဟုန်ဖြင့် လျင်မြန်စွာ သွားလျက်ရှိရာ၊ ကျွန်ုပ်က "ရွက်ကို ဖြုတ်ချကြစို့"ဟု ဟစ်အော်လိုက်ပြီးလျှင် ဟန်ကိုလည်း ရွက်တိုင်ကိုလှဲချရန် မျက်ရိပ်ပြလိုက်လေ၏။

"မဖြုတ်နဲ့"

"နေး"

'နေး'ဆိုသော စကားမှာ 'မဖြုတ်ဘူး၊ လုပ်ဘူး'ဟု အဓိပ္ပာယ်ရသည်။

မိုးသည်ကား ရေတံခွန်များကျဆင်းသည့်ပမာ ပြင်းထန်လှဘိ၏။ မုန်တိုင်း၏ အဟုန်သည်လည်း မရပ်သေးဘဲ ရှိနေရာ လျှပ်စစ်မိုးကြိုးတို့သည်လည်း ကောင်းကင်ပြင်တစ်ခု

လုံးတွင် ယုက်သန်းမြူးပျံကာ တဂျုံးဂျုံးတဂျိုင်းဂျိုင်းရှိနေကြ ကုန်၏။ ဖောင်ကြီးသည် လေအဟုန်ဖြင့် အရှိန်ပြင်းစွာမျော ပါချင်တိုင်း မျောပါလျက်ရှိလေရာ၊ ကျွန်ုပ်တို့သည် မည်သည့် နေရာသို့ သွား၍နေသည်ကို မသိရပေ။ ထိုညဥ့်တစ်ညဥ့်လုံး မုန်တိုင်းသည် မရပ်စဲဘဲ ရှိနေလေရာ၊ လေထဲတွင် လျှပ်စစ် ဓာတ်ပိုမိုများပြားလာလျက် အပူရှိန်သည်လည်း တဖြည်းဖြည်း တက်၍လာတော့၏။

(ဩဂုတ်လ ၂၄ရက်၊ တနင်္လာနေ့) မုန်တိုင်းသည် မရပ်သေးဘဲရှိနေ၏။ ကျွန်ုပ်တို့သည် အရှေ့တောင်သို့ အရှိန် ပြင်းစွာဖြင့် မျောပါလျက်ရှိလေရာ၊ မီးတောင်ကျွန်းမှ မိုင် ၆၀၀ ပင် ခရီးပေါက်ခဲ့လေပြီ။ သုံးရက်လုံးလုံး ကျွန်ုပ်တို့သည် အချိန် အနည်းငယ်မျှ အနားမယူနိုင်။ တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းမျှပင်မပြောနိုင်ဘဲ မုန်တိုင်း၏ဒဏ်ကို ခံ၍နေကြ ရ၏။ အကယ်၍ စကားပြောစေကာမူ လေသံကြောင့် ကြားရ မည်မဟုတ်ပေ။ ထိုအချိန်အတွင်း ဦးလေးသည် ကျွန်ုပ်အနီးသို့ ကပ်လာပြီးနောက် တစ်စုံတစ်ရာပြောလေရာ၊ သူပြောသံကို မကြားရသော်လည်း "တို့တော့ ကိစ္စချောပြီ ကိစ္စချောပြီ"ဟု ဆိုလိုဟန် လက္ခဏာရှိလေသည်။ ကျွန်ုပ်က ရွက်တိုင်ကိုလက် ညှိုးထိုးပြီးလျှင် အောက်သို့လှဲချရန် ခြေပြလက်ပြ ပြောဆိုရာ ထိုအခါမှ ဦးလေးသည်ဦးခေါင်းကိုညိတ်၍သဘောတူလေသည်။

ထိုခဏ၌ အရောင်ပြောင်လက်သော အလုံးကြီးတစ် လုံးသည် ဖောင်အစွန်းတစ်ဘက်တွင် ရုတ်ရက်ပေါ်လာပြီး

နောက် ထိုမှ ဤမှ ရွေ့လျားလျက်ရှိလေ၏။ ရွက်တိုင်နှင့်တကွ ရွက်ကြိုးပါ ပြတ်ထွက်၍လေထဲသို့ပါသွား၏။ အလုံးကြီးမှာ တစ်ပေပတ်လည်ခန့်ရှိ၍ ဖြူပြာအရောင်ရှိပြီးလျှင် ဖောင်ပေါ်၌ တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာ ရွေ့ပြောင်းလျက်ရှိရာ ကျွန်ုပ်တို့မှာ အလွန်ပင်ကြောက်ရွံ့လျက်ရှိကြကုန်၏။ တစ်ကြိမ်တွင် အလုံးကြီးသည် ကျွန်ုပ်တို့ ခဲယမ်းမီးကျောက်ထားသော သေတ္တာအနီးသို့ ထိလုမတတ် ကပ်သွားသဖြင့် ကျွန်ုပ်တို့အားလုံးမှာ ကြေမွပေါက်ကွဲသွားတော့မည်ဟု ထင်လိုက်မိ၏။ သို့သော် ကျွန်ုပ်ထင်သည့်အတိုင်း မဟုတ်သေးဘဲ ဟန့်အနီးသို့ ရောက်သွားလေရာ ဟန်ကမူ ငြိမ်သက်အေးဆေးစွာ ကြည့်လေသည်။ ထိုမှတစ်ဖန် အလုံးကြီးသည် အလျားမှောက်၍နေသော ဦးလေးအနီးသို့ ရောက်သွားပြန်၏။ ထို့နောက် ၎င်းသည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာပြီးလျှင် ကျွန်ုပ်၏ခြေထောက်ကို ကွေ့ကာပတ်ကာ ရှိနေပြန်သဖြင့် ကျွန်ုပ်က ခြေထောက်များကို ရုပ်မည် ပြုလိုက်၏။သို့သော် တစ်စုံတစ်ယောက်က ဆွဲငင်ထားသကဲ့သို့ ခြေကိုရုပ်၍မရချေ။

ထိုအချိန်၌ ထူးဆန်းသော အနံ့တစ်မျိုးကိုရပြီးလျှင် ယင်းအနံ့ကိုရှူမိသူတိုင်း အသက်ရှူကြပ်သကဲ့သို့ဖြစ်သွား၏။ ကျွန်ုပ်သည် အဘယ်ကြောင့်ခြေထောက်ကို မရုပ်သိမ်းနိုင်သနည်းဟု ထိုအခါမှ စဉ်းစားမိ၏။ အလုံးကြီးမှာ လျှပ်စစ်ဓာတ်လုံးဖြစ်ဟန်တူ၍ ဖောင်ပေါ်ရှိ သံကိရိယာအားလုံးတို့ကို သံ

လိုက်ခာတ်ဖြင့် ဆွဲဆောင်နေဟန်တူ၏။ ကျွန်ုပ်တို့၏ ပုဆိန်၊ ဓား၊ စူး၊ ဆောက် တန်ဆာပလာစသော သံကိရိယာပစ္စည်း မှန်သမျှနှင့် သေနတ်များပါ တစ်ခုနှင့်တစ်ခု ပူးကပ်၍နေကြ တော့၏။ ကျွန်ုပ်၏ခြေထောက်ကို ဆွဲမရခြင်းမှာလည်း ဖိနပ်မှ သံခွာများသည် ဖောင်တွင်ရိုက်ထားသော သံချောင်းတစ်ခုနှင့် ကပ်၍နေသောကြောင့်ဖြစ်လေသည်။ နောက်ဆုံး၌ အလုံးကြီး သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာသဖြင့် ကျွန်ုပ်လည်း ခြေကို အတင်းဆောင့်၍ ဆွဲလိုက်သောအခါမှ လွတ်မြောက်လာလေ ၏။ ထိုခဏတွင် အလုံးကြီးသည် ပြင်းထန်သော အသံဖြင့် ပေါက်ကွဲသွားလေရာ၊ ကျွန်ုပ်၏ မျက်စိထဲတွင် မီးများအလွန် တောက်ပသော အလင်းရောင်နှင့် လျှပ်စစ်နွယ် လျှပ်ပန်းများကို မြင်လိုက်ရ၏။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မီးတောက်မီးလျှံ များကိုမြင်လိုက်ရပြီး ရုတ်တရက် မှောင်ကျသွားပြီးနောက် ကျွန်ုပ်လည်း တစ်ခါတည်း သတိလစ်၍သွားလေတော့သည်။

(ဩဂုတ်လ ၂၅ ရက်၊ အင်္ဂါနေ့) နာရီပေါင်းများစွာ ကျွန်ုပ်သည် သတိလစ်နေခဲ့ဟန်တူ၏။ ကျွန်ုပ်တို့သည် ပင် လယ်ပြင်၌ပင် ရှိနေသေးသလော ဤမျှလောက် လျင်မြန်သော အဟုန်ဖြင့်သာ သွားနေပါက အင်္ဂလန်နိုင်ငံအောက်သို့လည်း ကောင်း၊ ပြင်သစ်နိုင်ငံအောက်သို့လည်းကောင်း၊ ဥရောပတိုက် တစ်တိုက်လုံးအောက်သို့ပင် အနှံ့အပြားရောက်၍နေလောက် ပေပြီ။

ကျွန်ုပ်သည် အသံတစ်မျိုးကို နားထဲတွင်ကြားလိုက်ရ၏။ ယင်းအသံသည်ကား ကျောက်ဆောင်များကို လှိုင်းများရိုက်ခတ်နေသည့်အသံမျိုး ဖြစ်လေသည်။

**(ကျွန်ုပ်တို့လာခဲ့သော ခရီးတစ်လျှောက် ကျွန်ုပ်ရေးသားလာခဲ့သည့် မှတ်တမ်းများမှာ ဤနေရာတွင် အဆုံးသတ်ခဲ့လေပြီ)**

ကျွန်ုပ်တို့ဖောင်ကြီးသည် ကျောက်ဆောင်ကြီးများကို ဝင်၍တိုက်မိခဲ့ရာ၊ ကျွန်ုပ်မှာ ဤအကြောင်းကိုပင် မသိလိုက်ချေ။ ကျွန်ုပ်မှာ လှိုင်းလုံးများအကြားတွင် နစ်မွန်းကာ မျောပါလျက်ရှိစဉ် သန်မာသောလက်ကြီးတစ်ဘက်သည် ကျွန်ုပ်အားဆွဲငင်ပွေ့ယူ၍ ကမ်းပေါ်သို့တင်လိုက်သည်ကိုသာ အနည်းငယ်သတိရမိလိုက်၏။ ယင်းလက်ကြီးသည်ကား ဟန်၏လက်ကြီးပင်ဖြစ်၍ ကျွန်ုပ်မှာဦးလေးအနီးတွင် လဲလျောင်း၍နေရတော့၏။

ဟန်သည် ကျွန်ုပ်အား ချထားခဲ့ပြီးနောက် ဖရိုဖရဲဖြစ်နေသော ဖောင်ကြီးဆီသို့သွားကာ ရနိုင်သမျှသော ကျွန်ုပ်တို့၏ ဝန်စည်စလယ်များကို သယ်ဆောင်လျက်ရှိရာ၊ ထိုအချိန်၌ မိုးဖွဲဖွဲကလေးများ ကျဆဲပင်ရှိနေသေး၏။

ထို့နောက် ကျွန်ုပ်အား အစာအနည်းငယ်လာ၍ပေးသော်လည်း ကျွန်ုပ်မှာ ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် စား၍မဝင်တော့ချေ။ လှိုင်းလေရေမိုးတို့၏ဒဏ်ကို ၃ ရက်လုံးလုံးခံခဲ့ရသည်ဖြစ်သဖြင့် ကျွန်ုပ်မှာ စကားမပြောနိုင်တော့ဘဲ ထိုနေရာ၌ တစ်ခါတည်းအိပ်ပျော်၍သွားတော့၏။

နောက်တစ်နေ့ ကျွန်ုပ်တို့အိပ်ရာမှ နိုးသောအခါ လေ မုန်တိုင်းမှာ ငြိမ်သက်လျက်ရှိနေလေပြီ။ ရာသီဥတုမှာ ကြည် လင်သာယာလျက် ပင်လယ်ရေပြင်လည်း ငြိမ်သက်စွာရှိနေ တော့၏။

"ဘယ့်နှယ်လဲဟေ့ ကလေး။ တော်တော် အိပ်လို့ ကောင်းရဲ့လားကွဲ့"

ဦးလေးသည် ကျွန်ုပ်အား အိမ်တွင် ထမင်းစားသည့် အခါ ပြောနေသကဲ့သို့ ပြောလျက်ရှိလေသည်။ အကယ်၍သာ လေမုန်တိုင်းသည် ကျွန်ုပ်တို့အား အရှေ့အရပ်သို့သယ်ဆောင် လာပါက ကျွန်ုပ်တို့မှာ ဂျာမဏီနိုင်ငံအောက်သို့ ရောက်ရှိနေရ မည်ဖြစ်၍ အကယ်၍ ဟမ်းဗတ်မြို့အောက်သို့ ကံအားလျော်စွာ ရောက်ရှိနေခဲ့ပါမူ ကျွန်ုပ်၏အချစ် 'ဂရိုင်ဗင်'နှင့် မိုင် ၁၂၀ မျှ သာ ဝေးနေ၏။ သို့သော် ယင်းမိုင် ၁၂၀ သည်ကား ကျောက် သားပကတိဖြစ်နေသည့် မဟာပထဝီမြေကြီး၏ ထုထည်ကြီး ပေတည်း။ ဦးလေး၏ မေးခွန်းကို ပြန်၍မဖြေမီ ကျွန်ုပ်သည် ဤအကြောင်းများကို စဉ်းစားနေမိ၏။

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် အိပ်ပျော်ပါတယ်။ ဒါထက် ဒီကနေ့မနက် ဦးလေးကြည့်ရတာ သိပ်စိတ်ပျော်ပုံ ရတယ်"

"အေး ပျော်တာပေါ့ကွဲ့။ ဟိုနေရာကို တို့ ရောက်လာ ပြီလေ"

"ကျွန်တော်တို့ ခရီးစဉ်ဆုံးသွားပြီးလား ဦးလေး"

"မဟုတ်ပါဘူးကွဲ့။ ပင်လယ်ကြီး အဆုံးရောက်လာတာပြောတာပါ။ ကဲ ဒီတော့ တို့ ကုန်းလမ်းခရီး စရလိမ့်ဦးမယ်။ အောက်ကို"

"အောက်ကို ဟုတ်လား။ နို့ပေမယ့် ကျွန်တော် တစ်ခု မေးပါရစေဦး"

"မေးလေကွယ်"

"ကျွန်တော်တို့ အပြန်ကို ဘယ်လိုလုပ်ပြန်ကြလဲ"

"ခရီးမဆုံးသေးဘူး။ မင်းက ပြန်ဖို့စိတ်ကူးနေပြီလား"

"မဟုတ်ပါဘူး ဦးလေးရဲ့။ အချိန်ကျတဲ့အခါ ဘယ်လိုပြန်ကြမလဲလို့သာ မေးတာပါ"

"အို ဒါကတော့ လွယ်ပါတယ်။ လောကကြီးမှာ အလွယ်ဆုံးပဲဟေ့။ ကမ္ဘာရဲ့အလယ်ဗဟိုကိုရောက်တဲ့အခါကျတော့ လမ်းအသစ်တွေ့မှာပေါ့ကွဲ့။ မတွေ့ရင်လည်း တို့လာခဲ့တဲ့လမ်းအတိုင်းပြန်ရုံပေါ့"

"ဒီလိုဆိုရင် ဖောင်ကိုပြင်ရဦးမှာပေါ့နော်"

"အေးလေ ပြင်ရမှာပေါ့"

"နို့ပေမယ့် ဒါလောက်ခရီးရှည်ကြီးအတွက် စားရေရိက္ခာကော လုံလောက်ပါ့မလား ဦးလေးရယ်"

"လုံလောက်ပါတယ်ကွယ်။ တို့ ရိက္ခာတွေဟာ မဆုံးလှပါဘူး။ ဟန်က အင်မတန်တော်တဲ့အကောင်ပဲ။ ကဲလေ သွားကြည့်ကြဦးစို့"

ကျွန်ုပ်တို့ပစ္စည်းများ အတော်ပင်ဆုံးပါးသွားလေပြီဟု ကျွန်တော်၏ အထင်ကား လွဲမှားခဲ့ပေပြီ။ ဟန်သည် ကျွန်ုပ်တို့၏ မြောက်မြားလှစွာသော စားရေရိက္ခာများနှင့်တကွ အဖိုးတန်ပစ္စည်းများကို သဲခုံပေါ်၌ သူ့နေရာနှင့်သူ နေသားတကျ ပြင်ဆင်ထားသည်ကို တွေ့ရတော့၏။ ဦးလေးကား အလွန်ဝမ်းသာအားရရှိလှသည့် အုံ့အရာဖြင့် ဟန်၏လက်ကို တင်းကျပ်စွာ ဖျစ်ညှစ်လိုက်၏။ ဟန်ကား ကျွန်ုပ်တို့အိပ်ပျော်နေသည့်အချိန်တွင် အလုပ်လုပ်၍ နေခဲ့လေသည်။ ပစ္စည်းအတော်များများ ဆုံးရှုံးသည်ကားမှန်၏။ ဆုံးရှုံးရသည့် ပစ္စည်းများတွင် ကျွန်ုပ်တို့ သေနတ်များလည်း ပါသွားလေသည်။ သို့သော် သေနတ်များမပါဘဲလည်း ခရီးသွားနိုင်မည်ဖြစ်၏။

"အေးလေ၊ သေနတ်မရိလည်းဘဲ သွားနိုင်ပါတယ်ကွယ်။ မသကာ အမဲမပစ်ရရုံဘဲ ရှိတော့မှာပေါ့"

"ကျွန်တော်တို့ တိုင်းထွာတဲ့ပစ္စည်းတွေကော"

"ဒီမယ်ကွယ် ဘာရိုမီတာ။ တခြားဟာတွေ ဆုံးပေစေပေါ့။ ဒါတစ်ခုရှိရင် တော်ပြီ။ ဒါရှိမှ တို့ဟာ ဗဟိုအချက်အချာရောက်ရင် မြေကြီးထဲအနက် ဘယ်လောက်ရောက်လာပြီဆိုတာ သိမှာကွဲ့။ ဒါမပါရင်တော့ တို့ဟာ မှားချင်မှားပြီး ဩစတြေးလီးယားကျွန်း တစ်နေရာမှာ ထွက်ကောင်းထွက်နေမယ်"

"အိမ်မြှောင်ကော ဦးလေး"

"ဒီမှာ အိမ်မြှောင်လေ။ ကျောက်တုံးပေါ်မှာရှိတယ်။ အလို၊ ဒီမှာလည်း ကရိုနိုမီတာနဲ့ သာမိုမီတာ ပြဒါးတိုင်လည်း

ရှိတယ်။ ဟန်ဟာ တကယ်တော်တဲ့ အကောင်ကွယ်။ ဒီလို အကောင်မျိုးတော့ မရှိတော့ဘူးဟေ့"

ဦးလေး ချီးမွမ်းမည်ဆိုလည်း ချီးမွမ်းလောက်ပါပေ၏။ ကျွန်ုပ်တို့မှာ ခန့်မှန်းတိုင်းထွာသည့် ပစ္စည်းဟူ၍ တစုံတရာ ပျောက်ဆုံးခြင်းမရှိဘဲ ကြိုးများ၊ ပုဆိန်နှင့် ပေါက်ချွန်း၊ ပေါက်တူး၊ စူး၊ ဆောက်၊ တန်ဆာပလာများပါ သဲပြင်ပေါ်၌ ရှိနေသည်ကို တွေ့ရ၏။ ဤမျှသာမက ကျွန်ုပ်တို့စားရေရိက္ခာ သေတ္တာအချို့လည်း ကောင်းမွန်စွာရှိနေပြီးလျှင် ၄လအတွက် ကောင်းစွာ ဖူလုံလောက်ပေ၏။

"၄ လစာတောင် ရှိသေးတယ်ဟေ့။ ဘာမှစိုးရိမ်စရာ မရှိဘူး။ ကမ္ဘာရဲ့ အလယ်ဗဟိုကိုရောက်ပြီး ပြန်သွား။ ပြန်သွားပြီး ယူနီဗာစီတီမှာ ကိုယ့်မိတ်ဆွေ ပရော်ဖက်ဆာကို လက်ချာပေး။ ညစာထမင်းစားပွဲ ခမ်းခမ်းနားနားကျွေး။ နေရာကျလိုက်လေကွယ်။ ဒါထက် ရေပုလင်းတွေကိုလည်း ရေထည့် ဦးမှကွဲ့။ ပြီးတော့ ဖောင်ကိုလည်း တတ်နိုင်သမျှပြင်ဖို့ ဟန်ကို ခိုင်းဦးမှ။ မလိုလဲလိုလဲပေါ့ကွယ်။ နို့ပေမယ့် လိုမယ်တော့ မထင်ပါဘူး"

"ဘာဖြစ်လို့ မလိုရမလဲ ဦးလေး"

"ဒါကတော့ ငါ့အထင်ပေါ့ကွယ်။ ငါ့စိတ်ထင်တော့ ဘယ်နည်းနဲ့မှ တို့ ဝင်ခဲ့တဲ့အပေါက်က ပြန်မထွက်ရဘူးထင်တယ်"

ကျွန်ုပ်သည် ဦးလေးအား ဖျတ်ခနဲ မော်၍ကြည့်လိုက်၏။ ဦးလေးသည် ရူးသွပ်၍ပင်နေပြီလော။

"ကဲကွယ်၊ မနက်စာ စားကြပါစို့ရဲ့"

သို့နှင့် ကျွန်ုပ်တို့သည် နံနက်စာစားကြလေရာ၊ ဤ တစ်ကြိမ်လောက် မြိန်ရှက်သည့်အစာကို ကျွန်ုပ်တစ်သက်တွင် မည်သည့်အခါမျှ မတွေ့ခဲ့ရဘူးချေ။

ဤကဲ့သို့ နံနက်စာ စားသောက်နေသည့်အချိန်၌ ကျွန်ုပ်တို့ ယခုရောက်ရှိနေသောနေရာကို မည်ကဲ့သို့အတိအကျ သိနိုင်ပါမည်နည်းဟု ကျွန်ုပ်က ဦးလေးအား မေးမြန်း၏။

"ဒီလိုကွယ်။ ၃ ရက်လုံးလုံး ဆက်ပြီး မုန်တိုင်းကျနေ တဲ့အထဲမယ် တို့ဟာ တစ်နာရီ ဘယ်လောက်သွားနေတယ်၊ ဘယ်အရပ်ကို ဦးတည်ပြီး သွားနေတယ်ဆိုတာ မမှတ်သားနိုင် ဘူး မဟုတ်လား။ ဒီတော့ အတိအကျတော့ မပြောနိုင်ပေဘူး။ ဒါပေမယ့် ခန့်မှန်းချက်လောက်တော့ ရှိရမယ်ပေါ့ကွယ်"

"ဟုတ်တာပေါ့ ဦးလေး။ ဒီတော့ ကျွန်တော်တို့ဟာ ရေပူစမ်းရှိတဲ့ ကျွန်းကြီးရောက်တော့ ပင်လယ်ကို မိုင် ၈၀၀ ကျော်ဖြတ်လာခဲ့ပြီ။ အိုက်စလန်ကျွန်းကဆိုရင် မိုင် ၁၈၀၀ ကျော် ရောက်လာခဲ့ပြီ။ ဟုတ်တယ် မဟုတ်လား ဦးလေး"

"ဟုတ်တာပေါ့ကွဲ့။ မုန်တိုင်းကျနေတဲ့ ၄ ရက်အတွင်း မှာ တို့ဖောင်ကြီး ဒလဟောမျောသွားတဲ့ မိုင်နှုန်းဟာလည်း တစ်နေ့ကို မိုင် ၂၄၀ ထက်မနည်းဘူး"

"ဟုတ်ကဲ့။ မှန်လောက်ပါတယ်။ ဒီတော့ မိုင် ၉၀၀ ထပ်ပြီးပေါင်းရမယ်နော်"

“ဟုတ်တာပေါ့ကွဲ့။ လင်ဗင်ရွတ်ပင်လယ်ကြီးဟာမိုင် ၁၀၀၀ ကျယ်ရမယ်ကွဲ့။ ဒီလိုဆိုရင် မယ်ဒီတာရေးနီးယန်း (မြေထဲပင်လယ်)ထက်တောင် ကြီးပါသေးကလား”

“ဟုတ်မှာပဲဦးလေး။ သူရဲ့ အနံအတိုင်း ကျွန်တော်တို့ဖြတ်လာမယ်ဆိုရင် ကြီးမှာပေါ့။ ပြီးတော့ ထူးဆန်းတာတစ်ခုက အခု ကျွန်တော်တို့တွက်တဲ့အတိုင်း မှန်မယ်ဆိုရင် ကျွန်တော်တို့ဟာ အခု မြေထဲပင်လယ်အောက်တည့်တည့် ရောက်နေကြပြီ”

“အမှန်ပဲ အိတ်ဇယ်”

“ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ ရေကီယာဗစ်ကနေပြီး ဒီကို မိုင် ၂၇၀၀ ရှိပြီလေ”

“အေးပေါ့ကွယ်။ ခရီးအတော်ကြီးပေါက်ခဲ့ပြီပေါ့။ နို့ပေမယ့် ဦးတည်ပြီး တို့ထွက်ခဲ့တဲ့နေရာ ပြောင်းတယ်မပြောင်းဘူးဆိုတာ မပြောနိုင်ရင်တော့ တို့ဟာ မြေထဲပင်လယ်မဟုတ်ဘဲ အတ္တလန္တိတ် သမုဒ္ဒရာအောက်ပဲ ရောက်လာပြီလား။ ဒါမှမဟုတ်လို့ တူရကီအောက်ကိုပဲ ရောက်လာပြီလား မသိနိုင်ဘူးပေါ့ကွယ်”

“အိမ်မြှောင်ကိုကြည့်ရင် အလွယ်နဲ့ မသိနိုင်ဘူးလား ဦးလေးရဲ့”

ဦးလေးသည် ဟန် စီစဉ်ထားသည့်အတိုင်း ကျောက်တုံး တစ်တုံးပေါ်တွင်ရှိနေသည့် ‘အိမ်မြှောင်’ရှိရာသို့ လူငယ်တစ်ယောက်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာ လျှောက်သွားလေရာ၊ ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်ပါသွားလေသည်။

ကျောက်တုံးပေါ်သို့ရောက်၍ 'အိမ်မြှောင်'ကို တည့် မတ်စွာချိန်ထားပြီးနောက် လက်တံကို ကျွန်ုပ်တို့ကြည့်လိုက်၏။ လက်တံမှာ မည်သည့်နေရာသို့မျှ မရွေ့လျားဘဲ ငြိမ်သက်၍နေသည်ကို တွေ့ရ၏။ ဦးလေးသည် သူ၏မျက်စိများကိုပင် မယုံကြည်သည့်ဟန်ဖြင့် မျက်လုံးများကို အထပ်ထပ်ပွတ်သပ်ကြည့်၏။ ထို့နောက် အလွန်အံ့အားသင့်သောမျက်နှာဖြင့် ကျွန်ုပ်အား ကြည့်ရှုလျက်ရှိလေသည်။

ကျွန်ုပ် ။ ။ "ဘာဖြစ်လို့လဲ ဦးလေး"

ဦးလေးက ကျွန်ုပ်အား 'အိမ်မြှောင်'ကိုကြည့်ရန်မျက်ရိပ်ပြလိုက်၏။ သို့နှင့်ကြည့်လိုက်ရာ၊ကျွန်ုပ်ကိုယ်တိုင် အံ့သြ၍နေမိတော့၏။ အိမ်မြှောက်လက်တံသည် ကျွန်ုပ်တို့စိတ်ထဲတွင် 'တောင်ဘက်'ဟု ထင်မိသောနေရာကို ညွှန်ပြလိုက်ရှိနေလေသည်။ ၎င်းမှာ ပင်လယ်ဘက်သို့လှည့်ရမည့်အစား ကမ်းဘက်သို့ လှည့်၍နေလေသည်။ ကျွန်ုပ်သည် အိမ်မြှောင်ကို လှုပ်၍ကြည့်၏။ အမျိုးမျိုး စစ်ဆေးကြည့်၏။ သို့သော် အိမ်မြှောင်မှာ တစ်စုံတစ်ရာချို့ယွင်းခြင်းမရှိဘဲ လက်တံသည်သာ မှားယွင်းသောဘက်သို့ ညွှန်ပြလိုက်ရှိနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့တွေးထင်နိုင်သည်မှာ မုန်တိုင်းကျစဉ်အတွင်းလေသည် ရှေ့ဘက်သို့တိုက်ရမည့်အစား နောက်ဘက်သို့ပြန်၍ တိုက်သောကြောင့် ဖောင်သည် ကျွန်ုပ်တို့ထွက်ခွာလာသောကမ်းခြေဘက်သို့ ပြန်ရောက်လာဟန်တူလေသည်။

ဖြစ်ပျက်ပုံကို ကျွန်ုပ်တို့မှာ မယုံကြည်နိုင်လောက်အောင် ရှိပြီးလျှင် ဦးလေးမှာမူ ဒေါသထွက်၍မစုံး စိတ်တို၍မဆုံးနိုင်အောင်ရှိတော့၏။ ဤမျှလောက် ကြောက်မက်ဖွယ်ကောင်းသော ခရီးကြမ်းကို စွန့်စားလာရောက်ခဲ့ပြီးနောက်မှ ယင်းကဲ့သို့ဖြစ်ရသည်ကို စိတ်တိုမည်ဆိုကလည်း တိုလောက်ပါပေ၏။ ကျွန်ုပ်တို့မှာ ရှေ့သို့ခရီးရောက်မည့်အစား နောက်သို့ပင် ပြန်၍ဆုတ်နေသကဲ့သို့ ဖြစ်ရလေပြီ။ ထိုအခါ ဦးလေးမှာ စိတ်တိုသည်ထက်တိုလာပြီးနောက်

"တို့ကံက ချာပါတယ်ကွယ်။ မီးရော၊ ရေရော၊ လေရော ငါ့ကိုချည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြတာပဲ။ ဒါပေမယ့် ပြန်လှည့်မယ်များ အောက်မေ့သလား။ မပြန်ဟူးဟေ့။ မပြန်ဘူး။ မင်းတို့က သဘာဝ၊ ငါကလူ။ သဘောဝနဲ့လူ ဘယ်သူက နိုင်မယ်ဆိုတာ သိကြရောပေါ့ကွယ်"

"ဒီမယ် ဦးလေး။ ကျွန်တော်ပြောတာ နားထောင်စမ်းပါဦး။ ကမ္ဘာပေါ်မှာ လူလုပ်လို့မဖြစ်နိုင်တဲ့အရာတွေ အများကြီးရှိတယ်။ ဖြစ်နိုင်လျက်သားနဲ့ မလုပ်နိုင်တာတွေလည်း အများကြီးရှိတယ်။ ဒီတော့ မဖြစ်နိုင်တာကိုလုပ်ရင် အလကားပဲ ဦးလေး။ အကျိုးမရှိဘူး။ ကျွန်တော်တို့ဟာ မရှိမယ့်ရှိမယ့် ပြင်ထားတဲ့ဖောင်စုတ်ကလေးနဲ့၊ ရွက်တိုင်ကလည်း ခနော်ခနဲ့၊ ရွက်ကလည်း စောင်စုတ်ကိုတပ်ပြီး ဒီပင်လယ်ကြီးထဲမှာ မိုင် ၁၅၀၀ ရောက်အောင် မလွှင့်နိုင်ဘူး။ ဖောင်မှာ တက်မလည်းမရှိတော့ဘူး။ ရောက်ချင်တဲ့အရပ်ကို ရောက်နိုင်ဖို့ ခဲယဉ်းတယ်။ ဒီတော့

ကျွန်တော်တို့ဟာ အခုဘာမှ မတတ်နိုင်တော့တဲ့ အခြေအနေ ရောက်နေပြီ”

ကျွန်နုပ်သည် အထက်ပါစကားများကို ဦးလေးအား ၁၀ မိနစ်ခန့်မျှ ပြောကြားလျက်ရှိရာ ဦးလေးမှာမူ ကျွန်ုပ်ပြော သည်ကို ဂရုစိုက်ဟန်မတူချေ။ နောက်ဆုံးတွင်“ကဲ ဖောင်ဆီ ကို သွားကြပေ့”ဟု အမိန့်ပေးသံကိုသာ ကြားလိုက်ရ၏။ သို့နှင့် ကျွန်ုပ်မှာ သူ၏အမိန့်ကို နာခံရန်မှတပါး အခြား အကြောင်း မရှိချေ။ ဦးလေး စိတ်ပြောင်းသွားစေရန်သာ ဆုတောင်းလျက်ရှိ၏။ သို့သော် အချည်းနှီးပင်။ သူ၏ စိတ် ဓာတ်နှင့် နှလုံးသားများကား ကျောက်ထက်ပင် မာကျောလှ သေး၏။ ဟန်မှာ ဦးလေး၏အလိုဆန္ဒကို ကြိုတင်သိထားနှင့် သည့် လက္ခဏာဖြင့် ဖောင်ကိုတတ်နိုင်သမျှခိုင်ခန့်စွာ အပြီး သတ် ပြင်ဆင် လုပ်ကိုင်ပြီးခဲ့လေပြီ။ ရွက်များတပ်ဆင်ကာ ရွက်တိုင်အသစ်ပင် ထူထားလိုက်သေး၏။ ဦးလေးသည် လမ်း ပြဖြစ်သူ ဟန်အား အမိန့်ပေးလိုက်ရာ၊ ဟန်သည် ကျွန်ုပ်တို့ ပစ္စည်းများကို ဖောင်ပေါ်၌နေရာတကျထားကာ ပြင်ဆင်လျက် ရှိပြီးနောက် ခရီးထွက်ရန် အဆင်သင့်ရှိနေလေ၏။ ထိုအချိန် ၌ ရာသီဥတုမှာ ကြည်လင်သာယာလျက်ရှိပြီး၊ လေသည်လည်း အနောက်မြောက်အရပ်မှ ခပ်ညင်းညင်းတိုက်ခတ်လျက်ရှိ၏။ ကျွန်ုပ်မှာ သွားလိုစိတ်မရှိသော်လည်း ဦးလေး၏ဆန္ဒကို ဆန့် ကျင်ဘက် မပြုလိုသဖြင့် လိုက်ပါရတော့မည်။ သို့နှင့် ကျွန်ုပ် လည်း ဖောင်ပေါ်တွင် နေရာယူလိုက်ရာ၊ ဦးလေးက ့

"တို့ မသွားသေးပါဘူးကွဲ့။ နက်ဖြန်ကျမှ သွားကြပါ။ ဒီကမ်းပေါ်ရောက်တဲ့အခါ ကြည့်တတ်သရွေ့ လျှောက်ကြည့်ကြဦးစို့"ဟု ပြောလိုက်၏။

ကျွန်ုပ်တို့မှာ မြောက်ဘက် ကမ်းခြေသို့ ပြန်ရောက်လာသည်မှန်သော်လည်း ထိုနေရာသည် ကျွန်ုပ်တို့စတင်ထွက်ခဲ့သော နေရာမဟုတ်ဘဲ နေရာသစ်ဖြစ်သည်ကိုတွေ့ရသည့်အတိုင်း ဦးလေးက ကြည့်ရှုလိုခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့နောက်ဘက်တွင် ကျောက်နံရံတစ်ခုရှိနေ၍ နာရီဝက်ခန့်သွားမိလတ်သော် ထိုနေရာသို့ ရောက်လာကြ၏။ ယင်းနေရာမှ တစ်ခါက ပင်လယ်ကမ်းခြေဖြစ်ဟန်လက္ခဏာရှိ၏။ သို့နှင့် ကျွန်ုပ်တို့သည် မြင်သမျှ တွေ့သမျှကို မှတ်သားကာ ယင်းကျောက်နံရံဘေးတစ်လျှောက်သို့ လျှောက်သွားကြလေ၏။ ဦးလေးကမူ ကျောက်နံရံတစ်နေရာရာတွင် အပေါက်ရှိကောင်းရှိမည်ဟု ထင်လေသည်။ အလွန်ကျယ်ဝန်းကြီးမားသော မြေပြန့်လွင်ပြင်ကြီးတစ်ခု ရှိနေလေရာ အရိုးစုများဖြင့် ပြန့်ကျဲလျက်ရှိနေသည်ကို တွေ့ရ၏။ အရိုးများသည်ကားလွန်ခဲ့သည့် နှစ်ပေါင်းများစွာက နေထိုင်ခဲ့၍ ယခု ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သော တိရစ္ဆာန်များ၏ အရိုးစုများပေတည်း။ ထိုနေရာသည်ကား အလွန်ကြီးမားသော ပြတိုက်ကြီးတစ်ခုနှင့်ပင် တူတော့၏။

ကျွန်ုပ်တို့မှာ အံ့သြ၍ မကုန်အောင် ရှိတော့၏။ ဦးလေးမှာမူ ပါးစပ်အဟောင်းသားနှင့် လက်များကိုပင်မြှောက်

လိုက်၏။ ဦးခေါင်းကို လက်ဝဲလက်ယာသို့ရမ်းကာ တစ်ခါ တစ်ရံ ပခုံးကိုတွန့်လိုက်၏။ နာရီဝက်ခန့်မျှ သွားမိသောအခါ ရှေ့သို့လျှောက်၍သွားတိုင်း အသစ်အဆန်းများကို တွေ့မြင်ရ တော့၏။ ထိုနေရာမှာ ပင်လယ်ကမ်းခြေနှင့် အတော်ပင်ဝေး၍ လာခဲ့လေပြီ။ ထူးဆန်းပုံမှာကား ကျွန်ုပ်တို့ကိုယ်မှာ အရိပ် မထွက်ခြင်းဖြစ်၏။ အလင်းရောင်မှာ အတော်ပင်လင်းလင်း ချင်းချင်း ရှိနေသော်လည်း ကျွန်ုပ်တို့ကိုယ်မှာ အရိပ်မထွက် ဘဲ ထိုအလင်းရောင်များမှာလည်း မည်သည့်အရပ်က လာသည် ဟူ၍ မသိရချေ။

တစ်မိုင်ခန့်မျှ ရှေ့သို့ဆက်လက်လျှောက်သွားမိသော အခါ ကျွန်ုပ်တို့သည် တောစပ်တစ်ခုသို့ ရောက်လာကြ၏။ ထိုတော၌ကား ယခင်ကတွေ့ခဲ့ဖူးသော မှိုပင်ကြီးများမရှိချေ။ သို့သော် သစ်ပင်များမှာ ကျွန်ုပ်တို့ကမ္ဘာမြေပေါ်တွင် မတွေ့ ဖူးသော ထူးဆန်းသည့် သစ်ပင်မျိုးများဖြစ်၍ အရောင်အသွေး လည်း မရှိချေ။ သစ်ရွက်များမှာ စိမ်းလန်းခြင်းလုံးဝမရှိဘဲ အပွင့်များမှာလည်း ညိုမှိုင်းခြောက်သွေ့သောအရောင်ရှိလေ သည်။ ဦးလေးသည် တောအတွင်းသို့ ဝင်သွားသဖြင့် ကျွန်ုပ် လည်း နောက်မှလိုက်ပါသွားရတော့၏။ ရှေးခေတ်က သစ်ပင် ကြီးများကို တွေ့ရလျှင် ရှေးခေတ်က တိရစ္ဆာန်ကြီးများကို လည်း တွေ့ကောင်းတွေ့ရပေမည်။ ဤအကြောင်းကိုတွေးမိ သောအခါ တွေး၍ ကြောက်ရွံ့မိ၏။

ကျွန်ုပ်သည် ရတ်တရက် ရပ်တန့်လိုက်ပြီးနောက ဦးလေးအား ဆွဲ၍ထားလိုက်မိ၏။ တောအတွင်း၌ပင်ဖြစ်သော်လည်း အတော်ပင်လင်းလျက်ရှိပေရာ၊ ကျွန်ုပ်တို့ရှေ့မလှမ်းမကမ်း သစ်ပင်ကြီးများကြားတွင် တစ်စုံတစ်ရာ လှုပ်ရှားနေသည်ကို မြင်လိုက်ရသောကြောင့် ဆွဲထားလိုက်မိခြင်းဖြစ်လေသည်။ အသေအချာ ကြည့်လိုက်ရာ ဆင်ကြီးတစ်ကောင်ကို တွေ့မြင်ရတော့၏။ ယင်းမှာ ကျောက်ခေတ်မှ'မားမောက်' ခေါ် ဆင်ကြီးမျိုးဖြစ်၏။ ဤတစ်ကောင်သာမက နောက်တစ်ကောင်၊ နောက်တစ်ကောင်၊ ထို့နောက်တစ်ကောင် မြင်ရ၏။ အားလုံးအကောင် ၂၀ ခန့်ရှိမည်ဖြစ်၍ သစ်ပင်မှသစ်ကိုင်းများကို လမ်းသွားရင်း ချိုးဖဲ့ဖျက်ဆီးလျက်ရှိကြလေသည်။

"လာကွဲ့။ တို့များ နီးနီးကပ်ကပ် သွားကြည့်ရအောင်"

"မလုပ်ပါနဲ့ ဦးလေးရယ်၊ ကြောက်စရာကြီး။ သူတို့မြင်သွားရင် ခက်မှာပဲ။ ပြီးတော့ ကျွန်တော်တို့မှာ သေနတ်လည်း မရှိဘူး။ ဘယ်သူမှ သွားကြည့်ဝံ့မယ်မဟုတ်ဘူး"

"ဘယ်သူ ဟုတ်လား။ မင်းမှားတာပေါ့။ ဟိုမှာကြည့်လိုက်စမ်း။ ဟိုမှာ တို့မြင်ရတာ လူတစ်ယောက်နဲ့တူတယ်"

သို့နှင့် ကျွန်ုပ်သည် ဦးလေးညွှန်ပြရာသို့ ကြည့်လိုက်ရာ ၂ ဖာလုံခန့်ဝေးသောနေရာတွင် သစ်ပင်မှသစ်ကိုင်းကြီးတစ်ခုကိုမှီ၍ ရပ်နေသော လူတစ်ယောက်၏ပုံသဏ္ဌာန်ကို တွေ့မြင်ရလေ၏။ လူဟုပင်ဆိုရသော်လည်း အရပ်မှာ ပေ ၁၂ပေထက်မနည်းမြင့်မည်ဖြစ်၍ ဆင်ကြီးများကဲ့သို့ပင် ထူထဲ ကြမ်းတမ်းသောအမွေးအမျှင်များ ဖုံးအုပ်လျက်ရှိလေသည်။

ကျွန်ုပ်တို့မှာ ကျောက်တုံးကျောက်ခဲများကဲ့သို့ နေရာမှ မရွေ့ဘဲ ထိုနေရာ၌ပင် ကြက်သေသေ၍ ရပ်နေမိ၏။

"လာ ဦးလေး။ လာလာ မြန်မြန်"

ကျွန်ုပ်တို့အား မြင်သွားမည်စိုးသဖြင့် ကျွန်ုပ်သည် ဦးလေးလက်ကိုအတင်းဆွဲကာ တောထဲမှ လျင်မြန်စွာပြေးထွက်ခဲ့ကြရလေ၏။ နောက် နာရီဝက်ခန့်ကြာသောအခါ ကျွန်ုပ်တို့သည် ဘေးကင်းရာအရပ်သို့ ရောက်ခဲ့ပြီဖြစ်၍ တောထဲတွင် တွေ့မြင်ခဲ့ရသော သတ္တဝါကြီးများအကြောင်းကိုအေးဆေးသော ဦးနှောက်ဖြင့် စဉ်းစားနိုင်တော့၏။ ကျွန်ုပ်တို့သည် ထိုမြင်ကွင်းကို အကယ်ပင် မြင်ခဲ့လေသလော။ ကျွန်ုပ်တို့သည် စိတ်ချောက်ချားမှုပင်ဖြစ်လေသလော။ အကယ်၍ ကျွန်ုပ်တို့ မြင်ရသောလူသည် 'လူစင်စစ်'မှန်က ကမ္ဘာ့မြေကြီးနှင့် လုံးဝအဆက်အသွယ်မရှိဘဲ နေနိုင်လေသလော။

ကျွန်ုပ်တို့ ယခုရောက်ရှိသောနေရာမှာ ပင်လယ်ခရီး၊ ပထမ စတင်ထွက်ခဲ့သောနေရာမဟုတ်ကြောင်း သိသော်လည်း အချို့ကျောက်ဆောင်ကျောက်တုံးများမှာ ယခင်က ကျွန်ုပ်တွေ့ဖူးသလိုလိုရှိနေ၏။ ရာပေါင်းများစွာသော စမ်းချောင်းကလေးများမှာလည်း ကျောက်ဆောင်ကျောက်ကမ်းပါးများမှ စီးဆင်းလျက်ရှိကြကုန်ရာ၊ ကျွန်ုပ်တို့အား လမ်းညွှန်ပြသလာခဲ့သည့် 'ဟန်စဗက်'စမ်းချောင်းနှင့်တူသော စမ်းချောင်းများကို တွေ့ရသဖြင့် စိတ်ထဲတွင် ဇဝေဇဝါဖြစ်မိ၏။ ဦးလေးမှာမူမည်သို့မျှ မပြောနိုင်ချေ။

"ဘာပဲဖြစ်ဖြစ် ဦးလေး။ အခုနေရာဟာ ကျွန်တော်တို့ စထွက်ခဲ့တဲ့ နေရာတော့မဟုတ်ဘူး။ မုန်တိုင်းတိုက်တော့ အောက်ဘက်ကို ကျွန်တော်တို့ အတော်ဝေးဝေး ရောက်သွားတယ်ဦးလေးရဲ့။ ဒီတော့ ကမ်းခြေအတိုင်းလျှောက် သွားရင် ကျွန်တော်တို့စထွက်ခဲ့တဲ့နေရာ ရောက်မှာပဲ"

"အင်း မင်းပြောတဲ့အတိုင်းဆိုရင် တို့ဟာ ရှေ့ဆက်သွားဖို့ မလိုတော့ဘူး။ အကောင်းဆုံးကတော့ ဖောင်ဆီကိုပြန်သွားဖို့ပဲဟေ့။ နို့ပေမယ့် မင်းဥစ္စာက သေချာရဲ့လားကွယ်"

"အသေအချာ ပြောနိုင်ဖို့ကတော့ ခဲယဉ်းသားကလား ဦးလေး။ ဘာဖြစ်လို့လည်းဆိုတော့ ကျောက်ဆောင်တွေ၊ ကျောက်တုံးတွေကလည်း အတူတူလိုချည်းပဲ။ နို့ပေမယ့်'ဟန်' ဖောင်လုပ်တဲ့နေရာကို ကျွန်တော်မှတ်မိသလိုလိုပဲ ဦးလေး"

"မဟုတ်နိုင်ဘူး အိတ်ဇယ်။ မင်းပြောတဲ့အတိုင်းမှန်ရင် ဒီနေရာမယ် အမှတ်အသားတစ်ခုခု တွေ့ရမယ်ကွဲ့။ အခုတော့ ငါဘာမှ မမြင်မိဘူး"

"နို့ပေမယ့် ကျွန်တော်တွေ့ထားတာ တစ်ခုရှိတယ် ဦးလေး"

သို့ပြောရင်း ကျွန်ုပ်သည် သဲပြင်ပေါ်တွင် တွေ့မြင်ရသော အရာဝတ္ထုတစ်ခုကို သွား၍ ကောက်ယူခဲ့ပြီးနောက် ဦးလေးအား ပြသလေ၏။

"ဒါက ဘာလဲကွဲ့"

"ဓားတစ်ချောင်းလေ ဦးလေး"

"ဒီမယ် အိတ်ဇယ်။ ဒီဓားကို မင်းယူလာခဲ့သလား"

"ဟင့်အင်း။ ကျွန်တော်မယူခဲ့ဘူး၊ ဦးလေးကော"

"ဟင့်အင်း။ ငါလည်း မယူခဲ့မိဘူး။ အမှန်ပဲ မယူခဲ့ပါဘူးကွယ်။ ငါ့မှာ ဒီဓားမျိုးလည်း မရှိပါဘူး"

"ဒါဖြင့် သိပ်ဆန်းတာပဲ"

"အင်း ဆန်းတယ်တော့ မဟုတ်ဖူးပေါ့ကွယ်။ သူတို့ အိုက်စလန်ကျွန်းသားတွေဟာ ဒီလိုဓားမျိုးကို ဆောင်လေ့ရှိကြတယ်ကွဲ့။ ဟန် ယူလာတဲ့ဓားဖြစ်မှာပေါ့။ ဒီနေရာမယ်ကျကျန်ရစ်ခဲ့လိမ့်မယ်။ ငါပြောတာ ဟုတ်ပါတယ် မဟုတ်လား"

ကျွန်ုပ်က ဦးခေါင်းကိုရမ်းလျက်

"ဟန်မှာလည်း ဒီဓားမျိုးမရှိဘူး ဦးလေးရဲ့"

"ကဲ အိတ်ဇယ်။ ဒီဓားဟာ မင်းယူလာတဲ့ဓားလည်း မဟုတ်ဘူး။ ဟန် ယူလာတဲ့ဓားလည်းမဟုတ်ဘူး။ ပြီးတော့ ငါ့ဓားလည်းမဟုတ်ဘူး။ ဒီဓားဟာ ဒီသဲခုံပေါ်ရောက်နေတာ နှစ်ပေါင်း ၃၀၀ ရှိပြီကွဲ့။ တစ်စုံတစ်ယောက်ဟာ တို့ထက်အရင်စောပြီး ဒီနေရာကိုရောက်ခဲ့တယ်။ အဲဒီလူဟာ သူ့နာမည်ကို တစ်နေရာရာက ကျောက်တုံးမှာ ဒီဓားနဲ့ ထွင်းထားရမယ်။ ကမ္ဘာရဲ့ ဗဟိုအချက်အချာရောက်အောင် သွားမယ့်လမ်းကိုပြတဲ့ သဘောပေါ့ကွယ်။ ကဲ ကဲ တို့ လိုက်ရှာကြရအောင်"

ကျွန်ုပ်တို့သည် ကျောက်နံရံကြီးတစ်လျှောက်ရှိ အကွဲအအက်များကိုကြည့်ရင်း လျှောက်သွားကြလေ၏။ အတန်ငယ်

သွားမိလတ်သော် ပင်လယ်ရေသည် ကျောက်ကမ်းပါးအထိ ရောက်လာသောနေရာကို တွေ့ရ၍ပြီးလျှင် ကျောက်ချပ်ကြီး ၂ ခုဆိုင်၍နေသော နေရာ၌ မည်းမှောင်သော လိုဏ်ခေါင်းကြီး တစ်ခုဖြစ်နေသည်ကို တွေ့ရ၏။

ယင်းကျောက်ချပ်ကြီး ၂ချပ်အနက် တစ်ချပ်ပေါ်တွင် A.S စာလုံးများကို ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် ဦးလေးက "အာနီဆက္ကနူဆမ် အာနီဆက္ကနူဆမ်"ဟု ဟစ်အော်လိုက်လေသည်။ ယင်းစာလုံးမျိုးကိုကား ကျွန်ုပ်တို့ယခင်ကလည်း တွေ့ခဲ့ဖူးလေပြီ။

ကျွန်ုပ်မှာ ခရီးထွက်သည့်အချိန်မှစ၍ စိတ်နှလုံးတုန်လှုပ် ချောက်ချားဖွယ်ရာများကို အကြိမ်ကြိမ် တွေ့ခဲ့ဖူး၍ အတော်ပင်'ထုံ'နေပြီဖြစ်ရာ၊ ယခုတွေ့သောအခါ၌မူ ထုံနာပျောက်သွားဘိသကဲ့သို့ စိတ်နှလုံးချောက်ချားမိတော့၏။ စွန့်စွန့်စားစား သွားရောက်ခဲ့သော ကမ္ဘာ့ခရီးသည်ကြီး အာနီဆက္ကနူဆမ်သည် ဤနေရာသို့ရောက်လာကာ သူ့နာမည်ကို ကျောက်ချပ်ကြီးပေါ်၌ ကမ္ပည်းထိုးခဲ့ခြင်းသည်ပင် အံ့ဖွယ်သရဲဖြစ်တော့၏။ ထို့ထက်အံ့ဩဖွယ်ကောင်းသည်ကား ယင်းကမ္ပည်းထိုးထားသည့်ဓားကို ကျွန်ုပ်လက်ဝယ်ရရှိနေခြင်းပင်ဖြစ်လေသည်။

ကျွန်ုပ်သည် အထက်ပါ အကြောင်းအရာများကို စဉ်း စားလျက်ရှိစဉ် ဦးလေးက "အင်မတန် အံ့ဩစရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးကွဲ့။ သြော် ဆက္ကနူဆမ် ဆက္ကနူဆမ်၊ ခင်ဗျားသွား

တဲ့လမ်းကြောင်းကို တစ်နေရာက တစ်နေရာ ဆက်ပြီး ကျုပ်တို့လိုက်နိုင်အောင် ကျောက်ချပ်ပေါ်မှာ အခုလို ကမ္ဘည်းထိုးပြီး ခင်ဗျားလမ်းပြခဲ့ပေတယ်။ ကမ္ဘာရဲ့အလယ်ဗဟိုရောက်တဲ့အခါလည်း ခင်ဗျာ့နာမည်တွေ တွေ့ရဦးမှာပဲ။ အင်း၊ ကျုပ်လည်း ကျုပ်နာမည်ကို ခင်ဗျားရေးသလို ရေးခဲ့ရဦးမှာပေါ့လေ"ဟု တစ်ယောက်တည်း ပါးစပ်မှ ရေရွတ်လျက်ရှိလေ၏။

ကျွန်ုပ်မှာ အံ့သြလျက်ရှိရာမှ စိတ်များပေါ့ပါးပျော်ရွှင်လာပြီးလျှင်ဘေးအန္တရာယ်များကိုလည်းကောင်း၊ မည်သို့မည်ပုံပြန်ရမည်ဟူသော စိုးရိမ်မှုများကိုလည်းကောင်း တစ်ခါတည်း မေ့လျော့၍သွားလေ၏။ တခြားသူတစ်ယောက် လုပ်နိုင်သော အလုပ်ကို ကျွန်ုပ်တို့လည်း လုပ်နိုင်ရမည်သာဖြစ်၏။ ထိုအချိန်၌ "ကဲ တို့များအရှေ့တိုးကြစို့ဟေ့"ဟု ဦးလေး၏အသံကို ကြားလိုက်ရ၏။ သို့နှင့် ကျွန်ုပ်လည်း မည်းမှောင်လျက်ရှိသော လိုဏ်ခေါင်းကြီးအတွင်းသို့ဝင်ရန် တိုးလိုက်ရာ၊ ဦးလေးက–

"နေဦးကွဲ့ အိတ်ဇယ်။ ပထမ ဟန်ကိုသွားခေါ်ပြီး၊ ဖောင်ကို ဒီနေရာရောက်အောင် ယူခဲ့ဦးမှပေါ့"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်သွားပါ့မယ်။ ဒါထက် ကျွန်တော်တို့ အမှတ်မထင် တွေ့ခဲ့ကြုံခဲ့ရတာကလေးတွေဟာ ကျွန်တော့်အတွက် နေရာကျတာချည်းပဲနော်။ အဲဒါ ကျွန်တော်တို့ သိပ်ကံကောင်းတယ်"

"မင်းက ဒီလိုထင်သလား အိတ်ဇယ်"

"ဟုတ်ကဲ့။ ထင်ပါတယ် ဦးလေး။ ဘာဖြစ်လို့လည်း ဆိုတော့ ဦးလေးကြည့်စမ်း။ လေမုန်တိုင်းမိပြီး ကျွန်တော်တို့ ဖောင်ကြီးဟာ ကမ်းမမြင်လမ်းမမြင်မျောသွားလို့ အခုဒီနေရာ ရောက်လာတာ ကံမကောင်းဘူးလား။ တကယ်လို့ ကျွန်တော် တို့ တောင်ဘက်ကမ်းခြေသာ ရောက်သွားမယ်ဆိုရင် ဆက္ကနူ ဆမ်ရဲ့နာမည်ကို တွေ့ရမယ်မဟုတ်ဘူး။ ကုန်းဘက်ကို တိုး ဝင်နေတဲ့နေရာကို မတွေ့ရဘဲ ကမ်းခြေလျှောက်ပြီး ဆင်းလိုက် တက်လိုက်နဲ့ တဝဲလယ်လယ်ဖြစ်နေမှာပဲ"

"အင်း။ မင်းပြောတာ ဟုတ်တယ်။ ပြီးတော့ တို့လာ တဲ့လမ်းကို ချောချောမောမောဖြစ်အောင် တစ်ခုခုက လမ်းပြ ပေးသလိုပဲကွဲ့။ ဘာဖြစ်လို့လည်းဆိုတော့ မင်းကြည့်စမ်း။ သွားတုန်းက တောင်ဘက်ကိုသွားတာ၊ အခု မြောက်ဘက်ကို ပြန်ရောက်နေတယ်လေ။ အဲဒါ အင်မတန် ထူးဆန်းတာပဲ မဟုတ်လား။ ဘာဖြစ်လို့လည်းဆိုတော့ ငါနားမလည်ဘူး"

"နားလည်ဖို့ မလိုပါဘူး ဦးလေးရယ်။ ဘယ်ဟာက လမ်းပြသည်ဖြစ်စေ၊ ကျွန်တော်တို့ မှန်တဲ့နေရာ ရောက်တာသာ လိုရင်းပဲ"

"ဟုတ်တာပေါ့ အိတ်ဇယ်။ နို့ပေမယ့်"

နို့ပေမယ့် ကျွန်တော်တို့ဟာ မြောက်ဘက်ကို ပြန် သွားနေတယ်ဦးလေး။ ဒီတော့ အာဖရိကတိုက်အောက် ရောက် မယ့်အစား ဥရောပတိုက်မြောက်ပိုင်း နိုင်ငံတွေအောက် ရောက် သွားမယ်"

"ဟုတ်တယ် အိတ်ဇယ်။ မင်းပြောတာမှန်တယ်။ဒီတော့ အကောင်းဆုံးက ပင်လယ်ကိုအားကိုးနေလို့ ဘယ်မှရောက်မယ်မဟုတ်ဘူး။ ဒီတော့ အောက်ကိုရောက်အောင်တို့သွားရမယ်ကွဲ့။ အောက်ကို အောက်ကို နောက်ကိုမိုင်၄၅၀၀ သွားရဦးမယ် သိလား"

"အမယ်လေး။ ၄၅၀၀ ဟုတ်လား ဦးလေး၊ ကဲဒါဖြင့် အခု သွားကြမှဖြစ်မယ်"

ဤသို့ စကားပြောရင်း ကျွန်ုပ်တို့သည် ဖောင်ဆီသို့ ရောက်ခဲ့ကြ၏။ ထို့နောက် အသင့်ဖြစ်နေကြပြီ ဖြစ်သည့်အတိုင်း ရွက်ကိုလွှင့်ထူကာ ဟန်သည် ဖောင်ကို ကမ်းခြေနှင့်ကပ်၍ သွားစေ၏။

ညနေ ဖနာရီထိုးလတ်သော် ကျွန်ုပ်တို့သည် လိုဏ်ခေါင်းအပေါက်ဝသို့ ရောက်လာ၍ ကျွန်ုပ်လည်း ကုန်းပေါ်သို့ခုန်တက်လိုက်ရာ၊ ကျွန်ုပ်နောက်မှဦးလေးနှင့်ဟန်တို့လည်းပါလာလေသည်။

"ကဲ ကျွန်တော်တို့ စကြစို့ ဦးလေး"

"အေးကွယ် သွားတာပေါ့။ နို့ပေမယ့်နေဦးဟေ့။အခုသွားမယ့်လမ်းကို ပထမကြည့်ပြီး ကြိုးလှေခါးတွေ ဘာတွေအသင့်ရှိမရှိ စစ်ဆေးပြီးမှ သွားကြရမယ်ကွဲ့"

လိုဏ်ခေါင်းဝမှာ အနံ ၅ပေခန့်ကျယ်ဝန်း၏။ ယင်းလိုဏ်ခေါင်းကြီးသည်ကား ကမ္ဘာ၏အလယ်ဗဟိုသို့ ကျွန်ုပ်တို့အား သယ်ဆောင်သွားမည့် ဥမင်လိုဏ်ခေါင်းကြီးပေတည်း။

အတွင်း၌ မည်သို့မည်ပုံရှိနေမည်။ မည်မျှလောက် မတ်စောက်စွာ ကျဆင်းသွားမည်ကိုကား မသိရပေ။

သို့သော် အတွင်းဝသို့ဝင်၍ ကြည့်သောအခါ ကျွန်ုပ်တို့၏ တွေးထင်မျှော်လင့်ချက်များမှာ တစ်ခါတည်းလွင့်စင်ပျောက်ကွယ်၍ သွားတော့၏။ ၆ ပေခန့် ဝင်၍ကြည့်ရှုမိသည်နှင့် ထုထဲသော ကျောက်နံရံကြီးတစ်ခု ကာဆီးလျက်ရှိနေသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ဝဲယာနှစ်ဘက်သာမက အပေါ်သို့ပင် မော၍ကြည့်သေး၏။ သို့သော် အပေါက်ဟူ၍ မည်သည့်နေရာတွင်မျှ မတွေ့ရချေ။ ဟန်ကိုယ်တိုင် ဓာတ်မီးအိမ်ဖြင့် လိုက်၍ရှာဖွေသော်လည်း အကြောင်းမထူးချေ။ သို့နှင့်ကျွန်ုပ်သည် မြေပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ဦးလေးမှာလည်း စိတ်တိုလှသည့်ဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန်စင်္ကြံလျှောက်၍နေလေသည်။

"အခုလိုဆိုရင် ဆက္ကနူဆမ်ဟာ ဘယ်လိုလုပ်မလဲဦးလေး"

"ဟုတ်တာပေါ့ကွယ်။ ဒီကျောက်ဖျာကြီးပိတ်နေတာနဲ့သူမသွားဘဲနေမှာလား"

"ဘယ်နည်းနဲ့မှ သူ မသွားဘဲ နေမှာမဟုတ်ဘူးဦးလေး။ သူလာတုန်းက ဒီလိုဏ်ခေါင်းဟာ ပွင့်နေပြီး သူပြန်သွားမှ ပိတ်သွားတာ ဖြစ်ချင်ဖြစ်မယ်။ နှစ်ပရိစ္ဆေဒကလည်းကြာပြီမဟုတ်လား ဦးလေးရဲ့။ ဒီတော့ ကျွန်တော်တို့ဟာဒီဟာကိုပြန်ပွင့်အောင် လုပ်ရလိမ့်မယ်။ ပွင့်အောင် မလုပ်နိုင်ဘူး

ဆိုရင်တော့ ကမ္ဘာရဲ့အလယ်ဗဟိုကို ရောက်ဖို့ စိတ်မကူးနဲ့တော့”

“ကဲ ဒါဖြင့် ကျောက်ဖျာကို ပေါက်တူးနဲ့ ခွဲရမှာပဲ”

“ပေါက်တူးနဲ့ ခွဲလို့ရမယ်မဟုတ်ဘူး ဦးလေး။ ဒိုင်းနမိုင်းလုပ်ပြီးခွဲရင် ဘယ့်နှယ်လဲ”

“အေး ဟုတ်တယ်။ ယမ်းမှုန့်နဲ့မှဖြစ်မယ်။ ဟေ့ ယမ်း မှုန့်ယူစမ်း ဟန်”

သို့နှင့် ဟန်သည် ဖောင်ကိုပြန်၍ ပေါက်တူးနှင့် ယမ်း မှုန့်များကိုယူခဲ့ရာ၊ ဦးလေးသည် ကျောက်ဖျာပေါ်တွင် အပေါက် တစ်ပေါက်ဖောက်ရန် ဟန်အား အမိန့်ပေးလေ၏။

ညဥ့် ၁၂နာရီတွင် ယမ်းမှုန့်ပေါင် ၃၀ ခန့်ဝင်မည့် အပေါက်ကြီးတစ်ပေါက် ဖောက်၍ ပြီးစီးလေရာ၊ ကျွန်ုပ်တို့သည် ယမ်းမှုန့်များကို အပေါက်ထဲသို့ ထည့်ကြလေ၏။ ထို့နောက် ဦးလေး၏အမိန့်အတိုင်း နံနက်မိုးလင်းမှဖောက်ခွဲရန် စောင့်ဆိုင်းလျက်ရှိနေကြလေရာ၊ ကျွန်ုပ်၏စိတ်ထဲကမူ ချက်ချင်းပင် မိုးလင်းစေရန် ဆုတောင်းမိ၏။

နောက်တစ်နေ့သည်ကား ဩဂုတ်လ ၂၇ရက်၊ ကြာသာပတေးနေ့ဖြစ်၍ မမေ့နိုင်သော နေ့တစ်နေ့ပင်ဖြစ်တော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏ တွေးတောဆင်ခြင်မှုပညာဉာဏ်ဆင်ခြေတုံတရားတို့သည် အချည်းနှီးပင်ဖြစ်ရလေတော့၏။ ကျွန်ုပ်တို့ပြုလုပ်လိုသည့်အတိုင်း မဖြစ်တော့ဘဲ၊ မြေရေလေမီး စသော ဓာတ်သဘာဝတို့အလိုသို့သာ လိုက်ရတော့သည်ဖြစ်တော့၏။

နံနက် ဖြနာရီတွင် ကျွန်ုပ်တို့အလုပ်စကြလေသည်။ အချိန် ၁၀ မိနစ်ခန့် ခံစေရန်ပြုလုပ်ထားသော စနက်တံတစ်ချောင်းကို ယမ်းမှုန့်များထည့်ထားသည့် ကျောက်တွင်းမှ သွယ်တန်းပြီးလျှင် ကျွန်ုပ်တို့လည်း ဖောင်ကိုပြန်၍ ဆုတ်ခွာရန် အသင့်ပြင်ဆင်ထားကြ၏။ စနက်တံကို ကျွန်ုပ်က မီးရှို့ရမည်ဖြစ်ရာ၊ မီးရှို့ပြီးလျှင်ပြီးချင်း ကျွန်ုပ်က ဖောင်ဆီသို့ပြန်လာပြီးလျှင်၊ ဖောင်ကို အတော်ဝေးဝေးဆုတ်ခွာထားရန် စီစဉ်ထားလေသည်။ အားလုံးအသင့်ဖြစ်သောအခါ ကျွန်ုပ်သည် ဥမင်လိုဏ်ခေါင်းအဝသို့ သွားရောက်ကာ စနက်တံအဖျားကို မီးရှို့ရန် အသင့်ရှိနေလေရာ၊ ဦးလေးကမူ ကရိုနိုမီတာကို လက်ထဲတွင်ကိုင်လျက်စောင့်နေလေသည်။

"အသင့်ပဲလားဟေ့ အိတ်ဇယ်"

"ဟုတ်ကဲ့ ဦးလေး။ အသင့်ပဲ"

ထိုအခါ ကျွန်ုပ်လည်း စနက်တံအစကို မီးရှို့လိုက်တော့၏။ ထို့နောက် ကောင်းစွာလောင်မလောင်ကို ခေတ္တမျှစောင့်ဆိုင်းကြည့်ရှုနေပြီးလျှင် ကောင်းစွာလောင်ကြောင်းသိသည်နှင့် တစ်ပြိုင်နက် ဖောင်ရှိရာသို့ အမြန်ဆုံးပြေးလာခဲ့လေ၏။ ဖောင်ပေါ်သို့ ခုန်တက်မိလျှင်တက်မိခြင်း ဟန်သည်ဖောင်ကို ကမ်းခြေမှ ပေ ၁၀၀ ကျော်ခန့်မျှ ဆုတ်ခွာခဲ့လေသည်။ တခဏမျှကြာသောအခါ ဦးလေးက "ငါးမိနစ်ပဲ လိုတော့တယ်ဟေ့။ လေးမိနစ်၊ သုံး၊ နှစ်၊ တစ်၊ ကဲကွယ်" ဟု ဟစ်အော်လိုက်လေသည်။

မည်ကဲ့သို့ ဖြစ်လေသနည်း။ ပေါက်ကွဲသံကိုကား မကြားရတော့ချေ။ သို့သော် လိုဏ်ခေါင်းဝနှင့်တကွ ကျောက်နံရံကြီးများသည် ကျွန်ုပ်တို့မျက်စိအောက်၌ပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ သွားတော့၏။ လိုဏ်ခေါင်းဝသည် ကျယ်ပြန့်သော အပေါက်ကြီးဖြစ်ကာ ပွင့်ထွက်သွားပြီးနောက် ပင်လယ်ရေပြင်မှရေသည် အတွင်းသို့ အရှိန်ပြင်းထန်စွာဒလဟော စီးဆင်းသွားသည်ကို မြင်လိုက်ရ၏။ သို့အတွက် လှိုင်းလုံးကြီးတစ်လုံး ရုတ်တရက်ပေါ်လာပြီးလျှင် ကျွန်ုပ်တို့ဖောင်ကိုနောက်မှ ရိုက်ခတ်လိုက်လေ၏။ ထိုအချိန်တွင် မှောင်ကျသကဲ့သို့ ဖြစ်သွားပြီးနောက် ကျွန်ုပ်တို့ဖောင်သည် ဂူပေါက်ကြီးထဲသို့ စီးဝင်လျက်ရှိသော ရေစီးကြောင်းထဲတွင် ကြောက်မက်ဖွယ်ကောင်းသောအရှိန်ဖြင့် တဟုန်ထိုးပါသွားလေတော့၏။

ကျွန်ုပ်တို့ ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲလိုက်သောကျောက်ဖျာကြီး၏နောက်၌ တွင်းကြီးတစ်ခုဖြစ်သွားပြီးလျှင် ၄င်းတွင်းကြီးထဲသို့ ပင်လယ်ရေသည် အရှိန်ပြင်းစွာစီးဆင်းနေသည်ကိုမူ ထိုခဏ၌ ကျွန်ုပ်သတိပြုမိလိုက်၏။ ကျွန်ုပ်သည် ဦးလေးကို စကားပြောရန် ကြိုးစားသေး၏။ သို့သော် ရေသံများကြောင့် မကြားရချေ။ ဤသို့ဖြင့် ကျွန်ုပ်တို့မှာ ရေထဲသို့ လွင့်စင်ကျမသွားရန် ဖောင်ကိုတတ်နိုင်သမျှ တွယ်ကပ်ခါ ဖောင်ကြီးသည် ရေတံခွန်မှကျသွားသော သစ်တုံးကဲ့သို့ ဒလဟော မျောပါသွားလေတော့၏။ တစ်ခါတစ်ရံ ဖောင်အစွန်းသည် ကျောက်နံရံနှင့်သွား၍ တိုက်မိသဖြင့် လိုဏ်ခေါင်းကြီးမှာ ပို၍ကျယ်ပြန့်လာ

ကြောင်း သိရလေသည်။ ဤလမ်းကြောင်းသည် ဆက္ကနူ ဆမ်လိုက်ခဲ့သော ကမ္ဘာ့၏ဗဟိုအချက်အချာသို့ သွားရာလမ်း ကြောင်း ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏ဖောင် သည် အမြန်ဆုံးသောမီးရထားထက်ပင် အသွားမြန်လျက်ရှိနေ ပေ၏။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီမက ကြာခဲ့လေပြီ။ကျွန်ုပ် တို့ ဓာတ်မီးအိမ်များမှာ ဒိုင်းနမိုင်းပေါက်ကွဲစဉ်ကပင် ကြိုးပဲ့ ပျက်စီးသွားခဲ့ပြီဖြစ်၍ 'ဟန်'က ရေနံဆီမီးအိမ်ကို မဖြစ်ဖြစ် အောင် ထွန်းလေသည်။ သို့သော် ဤမျှလောက်သော အလင်း ရောင်ကလေးဖြင့် မည်သည့်အရာကိုမျှ သဲကွဲစွာမမြင်ရချေ။ ကျွန်ုပ်တို့မှာ ရေ့သို့မကြည့်ဝံ့သကဲ့သို့ နောက်ဘက်သို့ပြန်၍ လှည့်နေသောအခါမှ အတော်အတန်သက်သာရာရရှိပြီးလျှင် အသက်ရှူနိုင်ကြတော့၏။ ဤသို့ဖြင့် နာရီပေါင်းအတော်ကြာ မျှ အချိန်များကုန်လွန်သွားလေသည်။

ဤကဲ့သို့ အသက်ဆံဖျား တွေ့ကြုံခဲ့ရသည့် အချိန် အတွင်း ကျွန်ုပ်တို့ပစ္စည်းများအားလုံးလိုလိုပင် ဆုံးပါးခဲ့ရ၏။ သို့နှင့် ကျွန်ုပ်လည်း ဟန်၏မီးအိမ်ဖြင့် မည်သည့်ပစ္စည်းများ ကျန်ခဲ့သေးသည်ကို စစ်ဆေးကြည့်ရှုရာ၊ တိုင်းထွာသောပစ္စည်း များထဲမှ 'အိမ်မြှောင်'နှင့် ကရိုနိုမီတာတစ်ခုသာ ကျန်ရှိရစ်ခဲ့ တော့သည်ကို သိရ၏။ ကြိုးမှာလည်း ရွက်တိုင်တွင် ချည်ထား သည့် မဖြစ်စလောက်ကြိုးကလေးတစ်ချောင်းသာ ရှိနေပြီးလျှင် စူး ဆောက် တန်ဆာပလာများမှာလည်း ပေါက်ချွန်းပင်မကျန် ရစ်တော့ချေ။ အဆိုးဆုံးမှာ စားရေးရိက္ခာများ ဆုံးရှုံးခြင်းဖြစ်၍

တစ်ရက်စာမျှ အနိုင်နိုင်ကျန်ရစ်ခဲ့တော့၏။ သို့သော် ကျွန်ုပ်တို့ကား မထူးတော့ပြီ။ သေခြင်းတရားနှင့် တစ်မိနစ်ထက်တစ်မိနစ် နီးကပ်လာသူများအတွက် တစ်လစရိက္ခာပင်ရှိစေကာမူ မည်ကဲ့သို့အကြောင်းထူးလေမည်နည်း။ ဤကြောက်မက်ဖွယ်ကောင်းသော လိုဏ်ခေါင်းကြီးမှထွက်၍ မြေပြင်သို့ပြန်ရောက်ရန်ကား မဖြစ်နိုင်တော့ပြီ။ ဤအကြောင်းများကို ဦးလေးအားပြောရန် ပထမ စိတ်ကူးမိသေး၏။ သို့သော် အကြောင်းမထူးသဖြင့် မပြောတော့ချေ။

ထိုအချိန်၌ ကျွန်ုပ်လက်ထဲမှ မီးအိမ်အလင်းရောင်မှာ တဖြည်းဖြည်းမှိန်၍လာပြီးနောက် တစ်ခါတည်း ငြိမ်းသွားလေရာ၊ ကျွန်ုပ်တို့မှာ မှောင်ထဲတွင် ကျန်ရစ်ခဲ့တော့၏။

မည်မျှလောက် အချိန်ကြာသည်ကိုကား မသိရချေ။ ရေစီးမှာ သန်သည်ထက်သန်လာလျှင် ကျွန်ုပ်တို့ဖောင်သည် ရေတံခွန်တစ်ခုအောက်သို့ မတ်စောက်စွာ ထိုးဆင်းနေသကဲ့သို့ ပြင်းထန်စွာ လှုပ်ရှားသွားပြီးလျှင် ကျွန်ုပ်တို့ကိုယ်ပေါ်သို့ရေများကျလာသဖြင့် နစ်မွန်းနေသကဲ့သို့ ရှိတော့၏။ သို့သော် အချိန်ကား မကြာလှချေ။ နောက်တစ်ခဏမှ ကျွန်ုပ်မှာလေကို ကောင်းစွာ ရှူရှိုက်နိုင်တော့၏။ ထိုအချိန်သည်ကား ကျွန်ုပ်စိတ်ထင်အားဖြင့် ညဥ့် ၁၀ နာရီခန့်ရှိလေပြီ။

ထိုအချိန်၌ ဆူညံစွာမြည်ဟည်းလျက်ရှိသော ရေသံများလည်း ရပ်သွားပြီးလျှင် ဦးလေး၏အသံကို ကြားရ၏။

"တို့ အပေါ်ကိုတက်နေတယ်ဟေ့"

"ဘာပြောတယ် ဦးလေး"

"တို့ဖောင်ဟာ အောက်ကိုပါမသွားတော့ဘဲ အပေါ်ကို ပြန်တက်နေပြီလို့ ပြောတာကွဲ့"

ဦးလေးပြောသည့်အတိုင်း မှန်ပေ၏။ ဖောင်ကြီးသည် အပေါ်သို့တက်လျက်ရှိလေသည်။

"ကဲ မီးခွက်ထွန်းကြစမ်းဟေ့"

"ဟုတ်ကဲ့ ဦးလေး"

မီးခွက်ထွန်းပြီးနောက် ဦးလေးက

"ဟုတ်တယ်ဟေ့။ ငါထင်တဲ့အတိုင်းပဲ။ လက်စသတ်တော့ တို့ဟာ ခေါင်းတိုင်လို ဟာမျိုးထဲ ရောက်နေတာကိုးကွဲ့။ အင်း ၂၄ ပေလောက်ကျယ် လိမ့်မယ်ထင်တယ်။ ရေဟာ အောက်ဆုံးရောက်တော့ သူ့ သဘာဝအတိုင်း အထက်ကိုပြန်တက်တာပေါ့ကွယ်။ ဒါကြောင့် အပေါ်ကို တို့ ပြန်တက်နေတာပေါ့"

"ဘယ်ကိုပြန်တက်နေတာလဲ ဦးလေး"

"ဘယ်သိမလဲကွယ်။ ဒါပေမယ့် တို့ဟာ အသင့်ပြင်ထားရမယ်ကွဲ့နော်။ ဘယ်လိုဖြစ်ကြဦးမယ်ဆိုတာ မသိဘူး။ အခု တို့တက်နေတဲ့နှုန်းဟာ တစ်စက္ကန့်ကို ၁၂ ပေနှုန်းတက်နေတယ်ကွဲ့။ တစ်မိနစ်ကို ပေ ၇၂၀။ ဒီတော့ တစ်နာရီကို ၉ မိုင်ခွဲနှုန်းရှိတယ်"

"အခုလို ဘယ်လောက်ကြာများ တက်နေဦးမှာလဲ ဦးလေးရယ်။ ပြီးတော့ ဒီရေတွင်းကြီးမှာ အပေါ်က အပေါက်မှ ရှိပါလေရဲ့လား မပြောတတ်ဘူး။ မရှိရင်တော့ ကျွန်တော်

တို့ဟာ လေအားနဲ့ အဖိနှိပ်ခံရပြီး မှုန့်မှုန့်ညက်ညက် ကြေကြေတော့မှာပဲ"

"ဒီမှာ အိတ်ဇယ် တို့ရဲ့အခြေအနေဟာ အင်မတန်ကြောက်ဖို့ကောင်းတယ်။ နို့ပေမယ့် မျှော်လင့်ချက်မရှိဘူးတော့ မဟုတ်ဘူး။ တို့ဟာ ချက်ချင်းသေသွားနိုင်သလို ချက်ချင်းလည်း ချမ်းသာရာရနိုင်တယ်။ ဒါကြောင့် အခွင့်အရေးရတာနဲ့ တပြိုင်နက် ဒီအခွင့်အရေးကို ယူနိုင်အောင်လို့ တို့ပြင်ထားရမယ်ကွဲ့"

"ဘယ်လိုပြင်မလဲ ဦးလေး"

"ဘယ်လိုပြင်ရမလဲ။ တတ်နိုင်သမျှ ပြင်ရတာပေါ့ကွဲ့။ အရေးကြုံရင် ခံနိုင်ရည်ရှိအောင် စားသောက်ကြရမယ်။ နို့မှအားရှိမှာပေါ့ကွဲ့"

"စားရမယ်၊ ဟုတ်လား ဦးလေး"

"အေးလေ။ စားမှာပေါ့။ အခုချက်ချင်း"

ဦးလေးသည် စကားလုံးအနည်းငယ်ကို ဂျိမ်းဘာသာဖြင့် ပြောလိုက်ရာ၊ ဟန်က ဦးခေါင်းကိုရမ်း၍ပြလေသည်။

"ဘာပြောတယ်။ တို့မှာ စားစရာ မရှိတော့ဘူး။ ဟုတ်စ"

"ဟုတ်တယ် ဦးလေး။ မရှိတော့ဘူး။ ကျွန်တော်တို့ ၃ ယောက်အတွက် အမဲခြောက်တစ်ချပ်ကလွဲပြီး ဘာမှမရှိတော့ဘူး"

ဦးလေးသည် မျှော်လင့်ခြင်းကင်းမဲ့စွာဖြင့် ကျွန်ုပ်၏မျက်နှာကိုကြည့်လိုက်၏။

"ဘယ့်နှယ်လဲ ဦးလေး။ ကျွန်တော်တို့ ချမ်းသာရာရဖို့များ ရှိသေးသလား"

ဦးလေးသည် တစ်စုံတစ်ရာ ပြန်၍မပြောချေ။

ဤသို့ဖြင့် တစ်နာရီမျှ အချိန်ကုန်၍သွားလေ၏။ ကျွန်ုပ်မှာ အလွန်ဆာလောင်မွတ်သိပ်နေပြီဖြစ်ရာ၊ ဦးလေးနှင့်ဟန်မှာလည်း ကျွန်ုပ်ကဲ့သို့ပင် ရှိရှာပေလိမ့်မည်။ သို့သော်ကျန်ရှိနေသော အမဲခြောက်ချပ်ကလေးတစ်ချပ်ကိုမူ မည်သူမျှလက်ဖျားနှင့်မထိရက်ကြချေ။ ထိုအချိန်အတွင်း ဖောင်ကြီးသည်မြင့်သည်ထက်မြင့်တက်လာလေရာ၊ လေသည်လည်း တဖြည်းဖြည်း ပူသည်ထက်ပူလာတော့၏။

"တဖြည်းဖြည်း ပူလာပြီဦးလေး။ ကျွန်တော်တို့ဟာ ရေနစ်လို့လည်းမသေ၊ မှုန့်မှုန့်ညက်ညက်ကြေပြီးလည်းမသေဘဲ မီးဖိုထဲ ထည့်ဖုတ်သလို အပူလောင်ပြီး သေကြရတော့မှာလား ဦးလေးရယ်"

ဦးလေးသည် တစ်စုံတစ်ရာ ပြန်၍ အဖြေမပေးချေ။ နောက်ထပ်တစ်နာရီခန့်ကြာ၍ သွားပြန်ရာ၊ အပူရှိန်မှာပို၍သာလာတော့၏။ နောက်ဆုံးတွင် ဦးလေးက

"ကဲ လာကွယ်။ တို့များ စားကြစို့။ နည်းနည်းပါးပါးပိုပြီး နောက်ဆုံးအားရှိလာအောင်ပေါ့ကွယ်"

"ဟုတ်တယ် ဦးလေးရေ။ နောက်ဆုံးပဲ။ အဲဒီနောက်ဆုံးဆိုတာလည်း မကြာတော့ပါဘူး။ ဒီအမဲသားတုံးကလေးကုန်ရင် ကျွန်တော်တို့မှာ ဘာရှိသေးလို့လဲ"

"ဘာမှမရှိဘူး အိတ်ဇယ်။ ဘာမှမရှိဘူး"

"ဒါဖြင့် ဦးလေးမှာ မျှော်လင့်ချက်မရှိဘူးဆိုပါတော့"

"အဲဒါ မင်းမှားတာပေါ့ကွဲ့။ ငါ့မှာ မျှော်လင့်ချက်အများကြီးရှိတယ်။ တို့ဟာ အခုအသက်ရှင်နေသေးတယ်မဟုတ်လား။ လူဆိုတာ အသက်ရှင်နေသမျှကာလပတ်လုံး မျှော်လင့်ချက်ရှိတာပဲ"

ဦးလေးမှာ ဤမျှလောက် အကျဉ်းအကျပ်ထဲ၌ပင် ယခုကဲ့သို့ စိတ်အားမလျှော့ဘဲ ရှိနေသည်ကို ကျွန်ုပ်ကတွေး၍ ချီးကျူးအံ့သြမိ၏။

"ကဲ ဒီတော့ ဦးလေးရဲ့အကြံက ဘယ်လိုလဲ"

"တို့ဟာ အခု အင်မတန်အားနည်းနေတယ် မဟုတ်လား။ အဲဒီတော့ ကျန်တဲ့အမဲသားတုံးကို နောက်ဆုံးစားလိုက်ကြပြီး မင်းပြောတဲ့နောက်ဆုံးဆိုတဲ့ သေခြင်းတရားကိုရင်ဆိုင်မယ်။ ဒါပေါ့ကွဲ့"

သို့နှင့် ဦးလေးသည် အမဲခြောက်တုံးကို သုံးစိပ်ညီမျှစွာ လှီးဖြတ်ပေးလိုက်ရာ ကျွန်ုပ်တို့လည်း စားကြရတော့၏။ ဦးလေးမှာ မြိန်ရှက်စွာ စားသောက်နေရာ ဟန်သည်လည်း အေးဆေးငြိမ်သက်စွာပင် စားသောက်လေ၏။ ကျွန်ုပ်မှာမူ အဆာပြေစားသောက်လိုက်ရသော်လည်း အရသာမရှိလှချေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့မှာ အင်အားတောင့်တင်းလန်းဆန်း၍ လာတော့၏။

နံနက် ၅ နာရီထိုးလတ်သော်၊ ကျွန်ုပ်တို့မှာ တစ်ယောက်နှင့်တစ်ယောက်စကားမပြောသော်လည်း ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာရှိနေကြကုန်၏။ အခြားသူများ မည်သို့တွေးတောနေသည်ကို မသိသော်လည်း ကျွန်ုပ်၏စိတ်များမှာမူ ဟမ်းဗတ်မြို့ရှိ နေအိမ်သို့ပြန်ရောက်ခါ ဂရှိုင်ဗင်၏ လှပသောမျက်နှာကလေးကိုမြင်ယောင်ကာ ထမင်းချက်မိန်းမကြီးမာသာကိုပင် သတိရမိ၏။ ဦးလေးမှာမူ နံဘေးပတ်ဝန်းကျင်ရှိ ကျောက်များကိုပင် ကြည့်ရှုလေ့လာ၍ နေနိုင်သေး၏။

"နှမ်းဖတ်ကျောက်တွေဟေ့။ ဒီလိုဆိုရင် တို့ဟာ အနက်ကြီး ရောက်နေသေးတယ်။ နို့ပေမယ့် ဖောင်ကတော့ အပေါ်တက်နေတုန်းပဲကွဲ့"

ဦးလေး၏ မျက်နှာမှာ ယခင်ကကဲ့သို့ မဟုတ်ဘဲ အတော်ပင် ရွှင်လန်းလာသည်ကို မြင်ရ၏။ မကြာသေးမီက ကျွန်ုပ်တို့ဖောင်မှာ အောက်သို့ဒလဟော ထိုးကျနေသည်ကို သူသည် ဝမ်းမြောက်သော လက္ခဏာရှိ၍ ယခုမူ အပေါ်သို့ တက်နေခြင်းကိုပင် ကျေနပ်နှစ်သိမ့်နေဟန် လက္ခဏာရှိလေသည်။ အပူရှိန်သည်ကား မလျော့ပဲ တိုး၍သာလာတော့၏။

"ဒီမယ် ဦးလေး၊ ကျွန်တော်တို့ဟာ မီးဟုန်းဟုန်းတောက်နေတဲ့ ကျောက်တွေနား နီးလာပြီလား မပြောတတ်ဘူး"

မဟုတ်တာကွယ်။ မဖြစ်နိုင်တာ"

ကျွန်ုပ်က ကျောက်နံရံတစ်နေရာကို လှမ်း၍ကိုင်လိုက်ပြီးနောက် "နို့ပေမယ့် ဒီကျောက်တွေဟာ ပူနေတယ်ဦးလေး"

ထိုအချိန်၌ ကျွန်ုပ်၏လက်တစ်ဘက်မှာမတော်တဆ ရေပြင်နှင့် ထိမိရာ၊ ရေမှာအလွန်ပူသဖြင့် ချက်ချင်းပင် လက်ကိုပြန်၍ ရုပ်သိမ်းလိုက်၏။

"ရေကလည်း ကြွက်ကြွက်ဆူမတတ် ပူနေတယ် ဦးလေး"

ထိုအချိန်၌ ဦးလေးမှာ မည်သည့်အကြောင်းကြောင့် မသိ၊ ဒေါသထွက်၍နေသကဲ့သို့ ခက်ထန်လျက်ရှိ၏။ သို့နှင့် ကျွန်ုပ်မှာ မကြာမီ ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်ကြီးများနှင့် ပက်ပင်းပါတွေ့ရတော့ပေမည်လောဟု ယခင်ကထက်ပို၍ တုန်လှုပ်ချောက်ချားမိတော့၏။

ထိုခဏ၌ပင် ကျွန်ုပ်သည် 'အိမ်မြှောင်' ကိုလှမ်း၍ ကြည့်လိုက်ရာ၊ လက်တံမှာရပ်မနေဘဲ တစ်ဖြည်းဖြည်းလည် နေသည်ကို တွေ့ရ၏။ အတော်ခပ်ဝေးဝေးမှ ပေါက်ကွဲသံများ ကိုလည်း ကြားရ၏။ ကျွန်ုပ်တို့ဖောင် မျောသွားလျက်ရှိသော ရေစီးကြောင်းနံဘေးမှ ကျောက်လွှာကျောက်ထပ်များကို ကြည့် လိုက်ရာ တုန်လှုပ်နေသကဲ့သို့ ထင်မိ၏။

သို့နှင့် ကျွန်ုပ်လည်း "ဦးလေး၊ ဦးလေး၊ ကျွန်တော် တို့တော့ ခက်ပြီထင်တယ် ဦးလေး" ဟု အလန့်တကြားလှမ်း၍ အောင်လိုက်မိတော့၏။

ဦးလေးက တည်ငြိမ်သောအသံဖြင့် "ဘာဖြစ်တာလဲ ကွဲ့။ မင်းက ဘာများကြောက်နေရပြန်တာလဲ"

"ဟိုမှာကြည့်စမ်းပါဦး ဦးလေးရယ်၊ ကျောက်နံရံကြီး တွေကလည်း ပြိုမတတ်လှုပ်နေတယ်။ ရေကလည်း ကြွက်

ကြွက်ဆူ ပူနေပြီ။ လေကလည်း ပူလိုက်တာ မပြောပါနဲ့တော့။ ငလျင်လှုပ်တော့မယ်ထင်တယ်"

ဦးလေးက ခေါင်းကို ညင်သာစွာရမ်းလျက်

"ငလျင် လှုပ်တော့မယ် ဟုတ်စ"

"ဟုတ်တယ် ဦးလေး"

"မဟုတ်ဘူး လူကလေးရဲ့။ မင်းထင်တာလွဲနေပြီထင်တယ်"

"ဘာပြောတယ်ဦးလေး။ ပတ်ဝန်းကျင်မှာ မြင်ရတာကတော့ ငလျင်လှုပ်မယ့် နိမိတ်လက္ခဏာတွေပဲ"

"ငလျင်မဟုတ်ဘူးကွဲ့။ ဒီထက်ကောင်းတာကို ငါမျှော်လင့်နေတယ်"

"ဘာကို ဆိုလိုတာလဲ ဦးလေးရဲ့"

"ငါဆိုလိုတာက မီးတောင်ပေါက်ကွဲတာကို ဆိုလိုတယ် အိတ်ဇယ်"

"မီးတောင်ပေါက်မယ် ဟုတ်လား ဦးလေး။ ဒါဖြင့် ကျွန်တော်တို့ဟာ မီးရှင်တောင်တစ်ခုထဲ ရောက်နေတာပေါ့"

ဦးလေးကပြုံးလျက်

"အေး။ ဒီအတိုင်းပဲ ငါထင်တာပဲ။ အဲဒါဟာ တို့အတွက် အကောင်းဆုံးဘဲကွ။"

ကျွန်ုပ်တို့မှာ မီးရှင်တောင်တစ်ခုအတွင်းသို့ ရောက်နေလျက် ထိုအချိန်၌ မီးတောင်ပေါက်ကွဲမည်ကိုပင် ဦးလေးက ဝမ်းမြောက်နေခြင်းကို ကျွန်ုပ်နားမလည်နိုင်ချေ။ ဦးလေးပင် ရူးသွပ်နေလေပြီလော။

"ဘာပြောတယ် ဦးလေး။ ကျွန်တော်တို့ဟာ ပေါက်ကွဲမယ့်မီးတောင်ထဲ ရောက်နေတယ်။ ကြွက်ကြွက်ဆူအောင်ပူနေတဲ့ ရေပူခေါင်းတိုင်ကြီးထဲ ဒလဟောကျလာခဲ့တယ်၊ ပြီးတော့ ကျောက်ခဲတွေ ချော်မြှုပ်တွေနဲ့အတူ အပေါ်ကို ရှန်းကန်ထွက်သွားဦးမယ်။ ဒါနဲ့တောင် ဦးလေးက အခုလိုဖြစ်တာ ကျွန်တော်တို့အတွက် အကောင်းဆုံးဆိုတာ ဘယ်လိုလဲ ဦးလေးရဲ့"

"ဟုတ်ပါတယ်ကွယ်။ ဒါ တစ်ခုပဲ တို့ဟာ မြေမျက်နှာပြင် ပြန်ရောက်ဖို့မျှော်လင့်ချက်ရှိတော့တယ်"

ကျွန်ုပ်တို့ဖောင်မှာ မရပ်မနားဘဲ အပေါ်သို့လျင်မြန်စွာ တက်လျက်ပင်ရှိလေ၏။ သို့နှင့် ညဥ့်အချိန် ကုန်လွန်၍သွားခဲ့ရာ ပတ်ဝန်းကျင်မှ မြည်ဟိန်းသံများလည်း ယခင်ကထက် ကျယ်လောင်၍လာတော့၏။ လေသည်လည်း တင်းကြပ်လာသဖြင့် အသက်ရှူရန်ပင် ခဲယဥ်းလျက်ရှိနေလေရာ၊ ကျွန်ုပ်မှာ'နောက်ဆုံးအချိန်'သို့ရောက်လေပြီဟု သတိပြုလိုက်မိတော့၏။

ကျွန်ုပ်တို့သည် မီးတောင်ကြီးတစ်ခုအတွင်း နက်ရှိုင်းမတ်စောက်လှစွာ ခေါင်းတိုင်ကြီးအတွင်းသို့ ရောက်နေလျက် ကျိုက်ကျိုက်ဆူလျက်ရှိသော ရေထဲတွင် ဖောင်ကိုစီးကာ ပေါက်ကွဲတော့မည့်အရှိန်မျိုးဖြင့် အပေါ်သို့မြောက်တက်လျက်ရှိနေသော မီးတောင်မှာ မီးသေတောင်'စနေးဖဲ' မဟုတ်ဘဲ၊ အခြားမီးရှင်တောင်တစ်ခု ဖြစ်ပေလိမ့်မည်။

သို့နှင့် ကျွန်ုပ်သည် မည်သည့်နိုင်ငံ၊ မည်သည့်ဒေသမှ မီးရှင်တောင်တစ်ခုအတွင်းသို့ ရောက်နေသည်ကို မျှော်မှန်း

ရမ်းဆ၍ပင် မကြည့်နိုင်ချေ။ ကျွန်ုပ်တို့သည် မြောက်ဘက်သို့ လာနေသည်ကားမှန်၏။ ဤသို့ဆိုလျှင် အိုက်စလန်ကျွန်းဘက်သို့ပင် ရောက်နေပြီလော။ အကယ်၍သာ ရောက်ရှိနေက 'ဟယ်လကာ' သို့မဟုတ် အခြားမီးတောင်တွင်း၀ ၇ ခုရှိသည့် အနက်မှ အပြင်သို့ပေါက်ကွဲ၍ထွက်ကြမည်လော။

နံနက်လင်းသည့်အချိန်ထိ ကျွန်ုပ်တို့မှာ အပေါ်သို့ လျင်မြန်စွာ တိုးတက်လျက်ပင် ရှိနေသေး၏။ အပူရှိန်သည်လည်း ပြင်းထန်သည်ထက် ပြင်းထန်လာရာ၊ အပေါ်မျက်နှာပြင်နှင့် နီးကပ်လေလေ၊ သာ၍ပင်ပူလေလေ ဖြစ်တော့၏။ထိုအချိန်၌ကား ကျွန်ုပ်တို့အောက်တွင် ရေပြင်မဟုတ်ဘဲ၊ ကြွက်ကြွက်ဆူနေသည့် ချော်ရည်၊ ချော်မြုပ်များသာဖြစ်တော့၏။

နံနက် ၈ နာရီရှိလတ်သော် အလွန်ထူးခြားသော အခြင်းအရာတစ်ခု ဖြစ်ပေါ်လာ၏။ ယင်းသည်ကား အပေါ်သို့ လျင်မြန်စွာတက်နေသော ကျွန်ုပ်တို့၏ဖောင်ကြီး ရုတ်တရက် ရပ်သွားခြင်းပင်ဖြစ်လေသည်။

"ဟော။ ဘယ်လိုဖြစ်တာလဲ ဦးလေး"

"ရပ်သွားတယ်လေ"

"ပေါက်ကွဲလို့ကော ပြီးပြီလား"

"ပြီးမယ် မထင်ပါဘူးကွဲ့"

ကျွန်ုပ်သည် ဖောင်ပေါ်၌ရပ်လိုက်ပြီးလျှင် ဖောင်သည် ကျောက်စွန်းတစ်ခုနှင့် ငြိနေသည်အထင်နှင့် နံဘေးပတ်ဝန်း

ကျင်သို့ ကြည့်လိုက်၏။ သို့သော် မဟုတ်ချေ။ ဖောင်သာ ရပ်နေသည်မဟုတ် အောက်မှတက်လျက်ရှိသော ချော်ရည်၊ ချော်မြှုပ်များလည်း အတက်ရပ်သွားသည်ကို တွေ့ရ၏။

"သည်းခံကွဲ့ လူကလေးရဲ့၊ သည်းခံ။ အခုလို ငြိမ်သက်နေတာ မကြာပါဘူး။ အလွန်ဆုံး ၅ မိနစ်ပေါ့ကွယ်"

သို့ပြောရင်း ဦးလေးသည် ကရိုနိုမီတာကို ကြည့်လျက် တခဏမျှအကြာတွင် ဖောင်သည် ရှေ့လျားစပြုကာ အပေါ်သို့မြင့်တက်လာ၏။ ၂ မိနစ်ခန့်ကြာလတ်သော် တစ်ဖန် ရပ်သွားပြန်၏။

"ကောင်းတယ်ဟေ့။ နောက် ၁၀ မိနစ်ကြာရင် တို့ ပြန်တက်လိမ့်ဦးမယ်"

"၁၀ မိနစ် ဟုတ်လား ဦးလေး"

"ဟုတ်တယ်ကွဲ့။ ၁၀ မိနစ်တစ်ကြိမ် ပေါက်ကွဲတဲ့ မီးတောင်မျိုးရှိတယ်။ တို့အသက်ရှုပေါက်ရတာပေါ့ကွယ်။"

ဦးလေးပြောသည့်အတိုင်းလည်း မှန်ပေ၏။ နောက် ၁၀ မိနစ်ခန့်ကြာသောအခါ ဖောင်သည်အပေါ်သို့လျင်မြန်စွာ တက်သွားပြန်ရာ၊ အရှိန်ပြင်းလွန်းလှသဖြင့် ကျွန်ုပ်မှာလွင့်စင် မကျသွားစေရန် ဖောင်ကိုကြိုးစားဖက်တွယ်ထားကြရလေ၏။ ထို့နောက် ရပ်သွားပြန်လေသည်။ အကြိမ်ပေါင်း မည်မျှဤကဲ့သို့ ရပ်လိုက် တက်လိုက် ရှိနေသည်ကို ကျွန်ုပ်မမှတ်မိတော့ချေ။ သို့သော် တစ်ကြိမ်ထပ်၍တက်လိုက်တိုင်း အရှိန်မှာပို၍ မြန်လာသည်ကိုသာ သတိပြုမိတော့၏။ အပူရှိန်မှာလည်း

တဖြည်းဖြည်းတိုးလာသဖြင့် ကျွန်ုပ်မှာ အားနည်းသည်ထက် နည်းလာပြီးလျှင် မကြာခဏ သတိလစ်၍သွားရသေး၏။သို့ရှိစဉ် အလွန်ပြင်းထန်သော အသံကြီးတစ်သံကို နားထဲတွင်ဆက်၍ကြားနေရခြင်း၊ ကျွန်ုပ်တို့ဖောင်ကြီးမှာ ချော်မြှုပ်ရည်ပင်လယ်ပြင်တွင် ချာလည်လည်လျက်ရှိနေခြင်း၊ အပေါ်သို့မြောက်ပါသွားကာ ကျွန်ုပ်တို့၏ မျက်စိထဲတွင် နံဘေးပတ်ဝန်းကျင်မှ မီးတောက်မီးလုံးများကို မြင်လိုက်ရခြင်း၊ ဟန်က ကျွန်ုပ်အား ပွေ့ပိုက်ထားခြင်းတို့ကိုသာ နောက်ဆုံးသတိရသကဲ့သို့ ရှိနေပြီး နောက် ကျွန်ုပ်လည်း တစ်ခါတည်း မျောမေ့၍ သွားလေတော့၏။

မည်မျှလောက်အချိန်ကြာအောင် သတိလစ်သွားသည်ကို မသိရပေ။ သတိရ၍ မျက်လုံးများဖွင့်ကြည့်လိုက်ရာ၊ ကျွန်ုပ်အား သန်မာသောလက်ကြီးတစ်ဘက်ဖြင့် ဖက်ထားသည်ကို တွေ့ရ၏။ ယင်းလက်ကြီးမှာ ဟန်၏လက်ကြီးပင်ဖြစ်၍ သူ၏အခြားတစ်ဘက်ဖြင့်လည်း ဦးလေးအား ဖေးမထားရသေး၏။ ကျွန်ုပ်တွင် ပွန်းပဲ့နေသော အရာများမှတစ်ပါး၊ဒဏ်ရာအကြီးအကျယ်မရှိပေ။ ကျွန်ုပ်တို့ရောက်ရှိနေသောနေရာမှာ တောင်ကြီးတစ်တောင်၏နံဘေး ချောက်ကမ်းပါးတစ်ခုအစွန်းဖြစ်၍ နက်ရှိုင်းလှသောချောက်ကြီးသည် ကျွန်ုပ်တို့နှင့် ခြေလှမ်း ၂ လှမ်းမျှသာဝေးတော့၏။ ဟန်က ကျွန်ုပ်တို့အားဖေးမလျက် ဘေးကင်းသောနေရာတစ်ခုသို့ တွား၍သွားကြရလေရာ၊ ထိုအခါမှ ကျွန်ုပ်တို့မှာ အသက်ရှူနိုင်တော့၏။ ထိုအချိန်၌

ကျွန်ုပ်တို့သည် မိုးကောင်းကင်သို့ ကောင်းစွာမြင်ရလေရာ ယင်းသည်က ယခင်မြေအောက်တွင်ရှိစဉ်က ကျွန်ုပ်တို့တွေ့ခဲ့ရသော ကျောက်ဖြင့်ပြုလုပ်ထားသည့် ကောင်းကင်မဟုတ်ဘဲ ကမ္ဘာမြေမျက်နှာပြင်ပေါ်ရှိ ကောင်းကင်အစစ်ပင်ဖြစ်လေသည်။ ခရီးထွက်၍ ရက်ပေါင်း ၆၂ ရက်ကြာရှိခဲ့ပြီးနောက်၊ မိုးကောင်းကင်အစစ်ကို ဤအကြိမ် ပထမပြန်၍မြင်ရခြင်းဖြစ်လေသည်။

လေး ။ ။"ငါတို့တတွေ ဘယ်ရောက်လာကြတာလဲ ဟေ့"

ဟန်က သူမသိသည့် လက္ခဏာဖြင့် ဦးခေါင်းကိုညင်သာစွာ ရမ်းလိုက်၏။

ကျွန်ုပ် ။ ။"အိုင်စလန်လား ဟင်"

ဟန် ။ ။"နေး"

လေး ။ ။"ဘာပြောတယ်ကွဲ့။ မဟုတ်ဘူးလား"

ကျွန်ုပ် ။ ။"ဟန် မှားနေတာပါ ဦးလေးရယ်။ သူမျက် စိလည်နေတာပါ"

ကျွန်ုပ်တို့ရောက်ရှိနေသော တောင်၏တောင်ထိပ်တွင် စနေးဖဲကဲ့သို့ ရေခဲများ၊ ဆီးနှင်းများကို မမြင်ရပဲ ပူလောင်ခြောက်သွေ့သော တောင်စောင်း တောင်ကမ္ဘားယံများကိုသာ မြင်ရသဖြင့် ကျွန်ုပ်တို့နှစ်ယောက်စလုံးပင် အံ့သြခြင်းမကအံ့သြ၍နေမိတော့၏။ ကျွန်ုပ်မှာ မိမိမျက်စေ့ကိုပင် မယုံနိုင်အောင်ရှိလေသည်။

"ဟုတ်တယ်ကွဲ့။ အိုက်စလန်ကျွန်းနဲ့မတူဘူး။ ဒီမီးတောင်ဟာလည်း မြောက်ပိုင်းမီးတောင်မျိုး မဟုတ်ဘူး"

ကျွန်ုပ်တို့ အထက်ပေ ၅၀၀ခန့်မျှ ဝေးသောနေရာတွင် ကျွန်ုပ်တို့အား အပြင်ဘက်သို့မှုတ်ထုတ်လိုက်သည့်မီးတောင်ထိပ်ဝရှိ၍ ၁၀ မိနစ်လျှင် တစ်ကြိမ်ကျ ငှင်းမှချော်မြုပ်နှင့် ကျောက်တုံးကျောက်ခဲများ အပြင်သို့ အံထွက်နေသည်ကိုတွေ့မြင်ရ၏။ တစ်ကြိမ်ထွက်လိုက်တိုင်းလည်း တောင်ကြီးမှာသိမ့်ခနဲတုန်၍ မြည်ဟည်းသွားသည်ကို တွေ့ရ၏။ တောင်ကမ္ဘားစောက်မှာ ကျွန်ုပ်တို့ရောက်ရှိနေသော နေရာအောက်တွင် ပေ ၁၈၀၀ ခန့် ရှိပေလိမ့်မည်။ မနီးမဝေး၌ကား စိမ်းလန်းစိုပြည်သော တောအုပ်များနှင့် ဥယျာဉ်များကိုတွေ့မြင်ရ၏။

အမှန်လည်း အိုက်စလန်ကျွန်းမဟုတ်ပါပေ။

စိမ်းလန်းစိုပြည်သော တောအုပ်ကြီးများ၏ အခြားဘက်တွင် ပြာလဲ့သော ပင်လယ်ရေပြင်ရှိသဖြင့် ကျွန်ုပ်တို့မှာ ကျွန်းကလေးတစ်ကျွန်းပေါ်သို့ ရောက်နေခြင်းပေလော။ အရှေ့ဘက်တွင် လူနေအိမ်ကလေးများနှင့် ပင်လယ်ပြင်တွင် ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့် သင်္ဘောများကိုလည်း တွေ့မြင်ရ၏။ တောင်ဘက်သို့ကြည့်လိုက်ပြန်သော် အတော်ဝေးသောအရပ်တွင် ကုန်းမြေကို မြင်ရပြီးလျှင် ယင်းကုန်းမြေပေါ်၌ အလွန်မြင့်မားသော တောင်တစ်တောင်ရှိ၍ တောင်ထိပ်မှမည်းမှောင်သော မီးခိုးများ ထွက်လျက်ရှိလေသည်။ အလုံးစုံခြုံ၍ ကြည့်ရသော် သာယာသောရှုမျှော်ခင်းတစ်ခုပါပေတည်း။

ကျွန်ုပ်တို့မှာ မည်သည့်နေရာသို့ရောက်နေကြသည်ကို သိလိုလှပြီဖြစ်သော်လည်း ဟန်မှာမူ တစုံတရာ စိတ်ဝင်စားခြင်းမရှိဘဲ ခပ်အေးအေးပင်ရှိနေ၏။

"ဘယ်လိုတောင်မျိုးပဲဖြစ်ဖြစ် တို့ဟာ အပူပိုင်းဒေသ တစ်ခုကို ရောက်လာတာတော့အမှန်ပဲ။ ဒါတွင်မကသေးဘူး။ ဘေးအန္တရာယ်က ရှိနေသေးတယ်ကွဲ့။ မီးတောင်က ဆက်ပြီး ပေါက်ကွဲနေတယ်။ တို့ဟာ မီးတောင်ထဲက ကံကောင်းထောက် မပြီး မသေလို့ ထွက်လာခဲ့ကြတာ။ မီးတောင်ဝကထွက်တဲ့ ကျောက်တုံးမှန်ပြီး အသေတော့မခံနိုင်ဘူး။ ဒီတောင်အောက် ကို မြန်မြန်ဆင်းပြီး တို့ဟာ ဘယ်နေရာကိုရောက်နေတယ်ဆို တာ သိအောင်လုပ်ကြရလိမ့်မယ်။ ကဲ ကဲ ဆင်းကြစို့။ငါဖြင့် ဆာလိုက်တာလွန်ရော။ အူနဲ့ ဟောင်းလောင်းဖြစ်နေပြီ"

သို့နှင့် ကျွန်ုပ်တို့သည် မတ်စောက်သောတောင်ကမ္ဘား ယံကို ခဲယဉ်းစွာဆင်းကြလေရာ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ မှာ စကားတပြောပြောနှင့် ပျော်ရွှင်စွာ ရှိနေကြကုန်၏။

"ဒီမယ် ဦးလေး။ ကျွန်တော်တို့ဟာ ကမ္ဘာမြေကြီး အောက်ကို ဒီလောက်နက်နက်ဆင်းခဲ့ပြီး ဒီလောက် ဝေးဝေး လံလံရောက်လာရတယ်ဆိုတော့ ကမ္ဘာကြီးကို တစ်ဝက်ကျိုးနေ ပြီ။ ဒီတော့ ကျွန်တော်တို့ အခုရောက်လာတာ အာရှတိုက်ဖြစ် ရမယ်။ အိန္ဒိယကမ်းခြေပဲလား။ ဒါမှမဟုတ်လည်း ပသျှူး ကျွန်းဆွယ်က ကျွန်းတစ်ကျွန်းပဲလားမသိဘူး။

"အိမ်မြှောင်နဲ့ ခရီးသွားခဲ့တာကတော့ ဘယ်လိုလဲ ကွယ်"

"အိမ်မြှောင်ညွှန်ပြချက်အတိုင်းဆိုရင်တော့ ကျွန် တော်တို့ မြောက်ဘက်ချည်းဦးတည်ပြီး သွားခဲ့တာပဲ ဦးလေးရဲ့"

"ဒါဖြင့် မင်းအိမ်မြှောင် မမှန်ဘူးပေါ့"

"အလို ဘုရားရေ"

ကျွန်ုပ်တို့သည် စကားပြောရင်း လှပသော တောများကို ဖြတ်သန်းလာခဲ့ကြရာ အစားအစာဆာလောင်မွတ်သိပ်ရုံမျှမက ရေလည်းငတ်လျက်ရှိကြကုန်၏။ အတန်ကြာသွားမိလတ်သော် အသီးအနှံများပေါက်သော တောတစ်တောသို့ ရောက်လာကြပြီးလျှင် ချောင်းကလေးတစ်ချောင်းကိုလည်း တွေ့ရသဖြင့် သစ်သီးများကို ခူး၍စားသောက်ကြပြီးနောက် ရေကို အဝသောက်ကြရလေတော့၏။

သို့ရှိစဉ် ဟောင်းနွမ်းပေကျံနေသော အဝတ်များကိုဝတ်ထားသည့်ကလေးတစ်ယောက် တောထဲသို့ဖြစ်ပြေးသွားသည်ကို မြင်ရသဖြင့် ဟန်သည် ဦးလေးအမိန့်ဖြင့် ကလေးကိုလိုက်၍ခေါ်ရာ ကလေးသည် ကျွန်ုပ်တို့အား ကြောက်ရွံ့သည့်ဟန်ဖြင့် ခေါ်၍မရဘဲ ပြေးမြဲပြေးသွားလေ၏။ ထိုအခါ ဟန်သည် ကလေးကိုလိုက်၍ ဖမ်းကာ ပခုံးပေါ်တွင်ထမ်း၍ ယူခဲ့လေ၏။ ကလေးအား ဦးလေးက နှစ်သိမ့်ချော့မော့သည့်တိုင်အောင်အငိုမတိတ်သေးချေ။ အငိုတိတ်စပြုသည်နှင့် တပြိုင်နက် ဦးလေးက "ဒီမယ်ကွဲ့ ကလေး။ မင်းတို့မြို့နာမည် ဘယ်လိုခေါ်သလဲ" ဟု ဂျာမန်ဘာသာဖြင့်မေးမြန်း၏။

ကလေးကား မဖြေချေ။

"ကောင်းတယ်ဟေ့။ တို့ဟာ ဂျာမဏီတော့ ရောက်လာတာ မဟုတ်ဘူး"

ဦးလေးက အင်္ဂလိပ်ဘာသာဖြင့် မေးမြန်း၏။ သို့သော် ယခင်အတိုင်းပင်မဖြေချေ။

"အေး ဟုတ်တယ်။ တို့ရောက်လာတာ အင်္ဂလန်လည်း မဟုတ်ဘူး။ ကဲ ဒီတော့ အီတလျံလို မေးစမ်းကြဦးစို့ရဲ့"

လေး ။ ။"ဒိုနိုင်ဆိုင်ယယ်မိ"

ကလေးထံမှ အဖြေမရချေ။

ထိုအခါ ဦးလေးမှာ စိတ်တိုလာပြီဖြစ်၍ ကလေး၏ နားရွက်ကလေးကို အသာဆွဲလိုက်ပြီးနောက် အီတာလျံဘာသာဖြင့်"ဟော့ကောင်လေး။ မင်းတို့ကျွန်းကို ဘယ်လိုခေါ်သလဲ"ဟုမေးလိုက်ရာ၊ ကလေးသည်'စထရွမ်ဗိုလီ'ဟု ဟစ်အော်ပြောဆိုပြီးနောက် ထွလ်ပြေးကာ သစ်ပင်များတွင် ပျောက်ကွယ်သွားလေ၏။ စထရွမ်ဗိုလီ။ ယင်းသည်ကား ကျွန်ုပ်တို့မမျှော်လင့်သောအမည်ပါပေတကား။ ကျွန်ုပ်တို့သည် မြေထဲပင်လယ်အလယ်ရှိ ကျွန်းတစ်ကျွန်းသို့ ရောက်လာခဲ့ခြင်း ဖြစ်၏။အရှေ့ဘက်ရှိ ပြာလဲ့သော တောင်တန်းကြီးများသည်ကား'ကလာဗရီယာ'တောင်တန်းကြီးများဖြစ်၍ တောင်ဘက်တွင် အဝေးမှ ကျွန်ုပ်တို့မြင်ရသောမီးတောင်မှာ'အက်တနာ'မီးတောင်ပင်ဖြစ်တော့၏။

ကျွန်ုပ်တို့ပေါက်ရောက်ခဲ့သော ခရီးသည်ကား အံ့သြ၍ မကုန်နိုင်သော ခရီးပင်တည်း။ မီးတောင်ထိပ်ဝတစ်ခုမှဝင်၍ အခြားမီးတောင်ထိပ်ဝတစ်ခုမှ ထွက်ခဲ့ကြလေရာ'စနေးဖဲ'မှ ခရီးမိုင်ပေါင်း ၃၀၀၀ ကျော်မျှ ပေါက်ရောက်ခဲ့၏။

ထို့နောက် ကျွန်ုပ်တို့သည် မြို့ဆီသို့လာခဲ့ကြရာ မြို့သို့ရောက်သောအခါ လူများအား ကျွန်ုပ်တို့၏အဖြစ်အပျက်မှန်ကို မပြောဘဲ သင်္ဘောပျက်၍လာသော ဒုက္ခသည်များဖြစ်ကြောင်းသာပြောရန် ဆုံးဖြတ်လိုက်ကြ၏။ အကယ်၍ ကျွန်ုပ်တို့ ဟုတ်မှန်သည့်အတိုင်း ပြောစေကာမူ သူတို့သည် ယုံကြည်ကြမည် မဟုတ်ပေ။ ဦးလေးသည် လမ်းလျှောက်ရင်း စိတ်မကျေနပ်သည့်ဟန်ဖြင့် ပါးစပ်မှရေရွတ်လျက်ရှိ၏။

"ဘယ့်နှယ်လဲကွယ် အိမ်မြှောင်ဟာ ဘာဖြစ်သလဲ။ မြောက်ဘက်ကို အမြဲပြနေတာပဲကွဲ့။ ဒီအချက်ကို ဘယ့်နှယ်လုပ်ပြီး တို့ရှင်းမလဲ"

"မရှင်းနဲ့ပေါ့ ဦးလေးရဲ့။ မရှင်းဘဲနေတာ အကောင်းဆုံးပေါ့"

"ဘာပြောတယ်ကွဲ့။ ယူနီဗာစတီမှာ ပရော်ဖက်ဆာလုပ်နေတဲ့ ငါလိုလူတစ်ယောက်က အဖြေမပေးနိုင်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလားကွယ်။ မဖြစ်နိုင်ဘူးဟေ့၊ မဖြစ်နိုင်ဘူး။"

နောက်တစ်နာရီခန့်ကြသောအခါ ကျွန်ုပ်တို့သည် 'ဆန်ဗီစင်ဇို'သင်္ဘောဆိပ်သို့ ရောက်လေရာ ထိုအချိန်တွင် ဟန်က ၁၃ကြိမ်မြောက် ရက်သတ္တပတ်သူ၏လခကို ရှင်းပေးရန်ပြောသဖြင့် ဦးလေးသည် ကျေနပ်ဝမ်းမြောက်စွာ ရှင်းပေးလိုက်၏။ ဟန်ကလည်း ကျေနပ်စွာ ပြန်၍ပြုံးလေသည်။

ဤနေရာတွင် ကျွန်ုပ်တို့ဇာတ်လမ်းအဆုံးသတ်ခဲ့လေပြီ။ ကျွန်ုပ်တို့၏ အတ္ထုပ္ပတ္တိကိုကား မည်သူကမျှယုံကြည်မည်

မဟုတ်ပေ။ သို့သော် လူတို့မည်သည် မိမိတို့ယုံကြည်လိုသော အရာများနှင့် ဆန့်ကျင်ဘက်ဖြစ်သော အရာဟူသရွေ့ကို ယုံကြည်ရန် လက်မခံတတ်ကြောင်း ကျွန်ုပ်ကိုယ်တွေ့ဖြစ်သဖြင့် ကျွန်ုပ်အတွက် ရိုး၍နေပေပြီ။ စထရွမ်ဗိုလီမြို့သို့ ရောက်သော အခါ မြို့သူမြို့သားများသည် ကျွန်ုပ်တို့အား သနားကြင်နာကြသဖြင့် စားရေးရိက္ခာနှင့် အဝတ်အစားများကို ပေးကမ်းကြ၏။ ထို့နောက် ၁၈ နာရီမျှကြာသောအခါ ဩဂုတ်လ ၃၁ရက်နေ့၌ ကျွန်ုပ်တို့သည်'မက်ဆီနာ'မြို့သို့ သင်္ဘောလွှင့်ခဲ့ကြ၍ ထိုမြို့သို့ရောက်သောအခါမှ ကျွန်ုပ်တို့မှာ အေးချမ်းစွာအမောဖြေရတော့၏။

စက်တင်ဘာလ ၄ ရက်နေ့၊ သောကြာနေ့တွင် ကျွန်ုပ် တို့သည် ပြင်သစ်သင်္ဘောတစ်စင်းဖြင့်မက်ဆီနာမြို့မှထွက်ခွာလာခဲ့ပြီးလျှင် ၃ ရက်ကြာသောအခါ'ဗာဆေးမြို့'သို့ ဆိုက်ရောက်ကြ၏။ ထိုအချိန်၌ ကျွန်ုပ်တို့စိတ်ထဲတွင် 'အိမ်မြှောင်' သည် အဘယ်ကြောင့်မမှန်သည့်ဘက်ကို ညွှန်ပြနေခဲ့ရသနည်း ဟူသောအချက်တစ်ခုတည်းသာ ရှင်းလင်း၍ မရသောအချက်တစ်ခုအနေဖြင့် ကျန်ရစ်တော့၏။ စက်တင်ဘာလ ၉ ရက်နေ့ ညနေစောင်းတွင် ကျွန်ုပ်တို့သည် ဟမ်းဗတ်မြို့နေအိမ်သို့ချောမောစွာ ပြန်လည်ရောက်ရှိလာခဲ့ကြရာ ထမင်းချက်မိန်းမကြီး မာသာ၏ အံ့ဩပုံကိုလည်းကောင်း၊ ချစ်စဖွယ်ကောင်းသော 'ဂရိုင်ဗင်'၏ နှစ်သိမ့်ပျော်ရွှင်ပုံကိုလည်းကောင်း စာအားဖြင့် ရေးသားဖော်ပြခြင်းငှာ မစွမ်းနိုင်တော့။ ဂရိုင်ဗင်ကပင် ကျွန်ုပ်

အနီးသို့ကပ်၍“ဒီမယ် အိတ်ဇယ်။ ရှင်ဟာ အင်မတန်ထင်ရှားကျော်ကြားတဲ့ လူတစ်ယောက်ဖြစ်လာပြီ”ဟုပြောလိုက်သေး၏။ ပရော်ဖက်ဆာ လင်ဒင်ဗရွတ်ပြန်ရောက်လာသည့်အတွက် ဟမ်းဗတ်မြို့ပေါ်တွင် ဟိုးလေးတကျော်ဖြစ်သွား၏။ ကျွန်ုပ်တို့ ခရီးသွားခြင်းကို အလွန်သိုသိပ်စွာ လျှို့ဝှက်ထားခဲ့သော်လည်း မာသာ၏ နှုတ်မငြိမ်မှုကြောင့် လူတိုင်းလိုလိုပင် သိ၍နေခဲ့၏။ ကမ္ဘာ၏အလယ်ဗဟိုသို့ ကျွန်ုပ်တို့သွားရောက်သည်ကို မည်သူမျှမယုံကြည်သော်လည်း ကျွန်ုပ်တို့နှင့်အတူ‘ဟန်’ပါလာသည်ကိုတွေ့ရသဖြင့် အချို့လည်း ယုံကြည်ကြပေမည်။

ဤသို့ဖြင့် ကျွန်ုပ်တို့၏ ဦးလေး ပရော်ဖက်ဆာ လင်ဒင်ဗရွတ်သည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာရာ ကျွန်ုပ်သည်လည်း နောက်မှကပ်၍ အထိုက်အလိုက်ကျော်ကြားရတော့၏။ ဟမ်းဗတ်မြို့က ကျွန်ုပ်တို့အား ကြိုဆိုဧည့်ခံသည့် ညစာစားပွဲကြီးတစ်ခု ပေးသေး၏။ ထို့နောက် တက္ကသိုလ်ကျောင်းတော်ကြီးတွင် အစည်းအဝေးကြီးတစ်ခု ကျင်းပပြုလုပ်ရာ အစည်းအဝေးတွင် ဦးလေးက ကျွန်ုပ်တို့၏ခရီးစဉ်ကို ရှင်းလင်းပြောပြ၏။ သို့သော် အိမ်မြှောင်၏ အကြောင်းကိုကား အနည်းငယ်မျှ နှုတ်ကမဟချေ။ ထိုနေ့၌ပင် ဦးလေးသည် တက္ကသိုလ် ပိဋကတ်တိုက်ကြီးသို့ ဆက္ကနူဆမ် ရေးခဲ့သော ပေရွက်ကလေးကို လက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းလိုက်လေသည်။

ဦးလေးသည် နေ့ချင်းညချင်း ထင်ရှားကျော်ကြား၍ လာခဲ့ရာ အပြိုင်အဆိုင် ရန်သူများလည်း ပေါ်ပေါက်လာတော့၏။ သူ၏အယူအဆများသည် သက်သေခံအထင်အရှားပြနိုင်သော အချက်အလက်များနှင့် ကိုက်ညီသော်လည်း သက်သေခံ ထင်ရှားမပြနိုင်သည့် အချက်အလက်များနှင့် သဘောကိုက်ညီခြင်း မရှိပေ။ ထို့ကြောင့်လည်း တိုင်းပြည်အသီးသီးမှ လောကဓာတ်ဆရာကြီးများ၏ ထိပါးပြောဆိုခြင်းကို အတော်အသင့် ခံရလေသည်။ ဟန်သည် ကျွန်ုပ်တို့နှင့်အတူ နေလျက်ရှိရာမှ တစ်နေ့တွင် အိမ်သို့ပြန်လိုကြောင်း ပြောပြရာ ကျွန်ုပ်မှာများစွာ စိတ်မချမ်းမသာဖြစ်ရတော့၏။ သူသည် ကျွန်ုပ်တို့အသက်ကို ကြိမ်ဖန်များစွာ ကယ်ဆယ်ပြီးလျှင် ကျွန်ုပ်တို့အောင်မြင်မှုများမှာလည်း သူ၏သတ္တိ ဗျတ္တိနှင့် စွန့်စားမှုအပေါ်တွင်တည်ရှိပေ၏။ သို့နှင့် ကျွန်ုပ်တို့သည် သူ့အား အသက်သခင်ဟု အမှတ်ထားရုံသာမက ညီအစ်ကိုမျှပင် ချစ်ခင်နေသည်ဖြစ်ရာ သူပြန်တော့မည့်အကြောင်း သိရသောအခါ စိတ်ထဲက တွေး၍ ပူဆွေးဝမ်းနည်းမိ၏။ မိမိတို့ အိုးအိမ်နှင့်တကွမွေးရာ ဇာတိသို့ပြန်လိုခြင်းသည်ကား လောကကြီး၏ဓမ္မတာပင်တည်း။

သူသည် ဦးလေးက ချီးမြှင့်သောငွေများကို လက်မခံဘဲ ငြင်းပယ်ပြီးလျှင် ပြန်တော့မည့်အကြောင်းကိုသာ ပြောဆိုလျက်ရှိရာ ကျွန်ုပ်မှာ သာ၍စိတ်မကောင်းဖြစ်မိ၏။

တစ်နေ့တွင် သူသည် "ဖွာဗယ်"ဟု စကားတစ်ခွန်းသာပြောပြီးလျှင် ဦးလေးအား အရိုအသေပေးပြီးနောက် သူ၏ အိုးအိမ်ရှိရာ အိုက်စလန်ကျွန်းသို့ ပြန်သွားလေတော့၏။

ကျွန်ုပ်တို့နှင့် အလွန်ဝေးကွာသော အရပ်၌ပင် နေသော်လည်း ကျွန်ုပ်တို့သည် သူ့အား မည်သည့်အခါမျှ မမေ့နိုင်တော့ချေ။ ဦးလေးနှင့် ကျွန်ုပ်တို့ အသက်နှစ်ချောင်းကား သူ၏ လက်ထဲတွင်ရှိခဲ့၍ အကြိမ်ပေါင်းများစွာ ကျွန်ုပ်တို့အား အသက်ဘေးမှ စွန့်စွန့်စားစား ယောက်ျားပီသစွာ ကယ်ဆယ်ခဲ့သူဖြစ်၏။ ကျွန်ုပ်မသေမီ သူနေသောအရပ်သို့ တစ်ကြိမ်တစ်ခါ သွားရောက်တွေ့ဆုံဦးမည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်၏။

ကျွန်ုပ်တို့စွန့်စားသွားရောက်မှုကြီးအတွက် ဦးလေးရော ကျွန်ုပ်ပါ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများဖြစ်လာကြတော့၏။ တစ်ကမ္ဘာလုံးကပင် ကျွန်ုပ်တို့အား သိရှိလျက် ရှိကြကုန်၏။ ကျွန်ုပ်တို့သည် သိပ္ပံပညာဘာသာရပ်အတွက် အရေးကြီးသော အလုပ်တစ်ခုကို ပြုလုပ်ခဲ့ကြလေပြီ။ ကျွန်ုပ်တို့စိတ်ထဲတွင် အနှောက်အယှက်ဖြစ်သော အရာတစ်ခုသာ ကျန်တော့၏။ ယင်းသည်ကား 'အိမ်မြှောင်' ပင်ဖြစ်လေသည်။

ဦးလေးသည်ကား ထိုအချက်ကို မရှင်းလင်းရသမျှ ကာလပတ်လုံး မည်သည့်အခါမျှ ကျေနပ်နိုင်မည်မဟုတ်ချေ။

တစ်နေ့သ၌ ကျွန်ုပ်သည် စာကြည့်ခန်း၌ အလုပ်လုပ်လျက်ရှိစဉ် 'အိမ်မြှောင်' ကို အမှတ်မထင်လှမ်း၍မြင်မိ၏။ ထိုနေရာ၌ ယင်း 'အိမ်မြှောင်' ရှိနေသည်မှာ ၆ လပင်ကြာရှိခဲ့လေပြီ။

သေချာစွာကြည့်ရှုသောအခါ ကျွန်ုပ်မှာ အံ့သြခြင်းမက အံ့သြသွားသဖြင့် ဦးလေးအား အလန့်တကြားလှမ်းခေါ်လိုက်မိ၏။

"ဒီမယ် ဦးလေး။ လာပါဦး။ လာပါဦး။"

ဦးလေးသည်လည်း ချက်ချင်းပင် ကျွန်ုပ်ရှိရာသို့ ပြေး ၍လာလေသည်။

"ဘာလဲကွဲ့ အိတ်ဇယ်။ မင်းကလည်း အလန့်တကြား ကွယ်"

"အိမ်မြှောင် ဦးလေး။ အိမ်မြှောင်"

"အိမ်မြှောင် ဘာဖြစ်သလဲကွဲ့"

"ကျွန်တော်တို့အိမ်မြှောင်လေ။ မြောက်ဘက်ကိုလှည့် ရမယ့်အစား တောင်ဘက်ကိုလှည့်နေတယ် ဦးလေး"

"မဟုတ်နိုင်တာကွယ်"

"မဟုတ်နိုင်ဘူး ဟုတ်စ။ ဟိုမှာကြည့်လိုက်စမ်း ဦး လေး"

ဦးလေးသည် ကျွန်ုပ်ညွှန်ပြရာသို့ ကြည့်လိုက်၏။

"အင်း။ တန်တော့ ဟေ့။ တို့ဟာ ကမ္ဘာမြေအောက်က လင်ဒင်ဗရွတ်ပင်လယ်ကြီးကို ဖြတ်သွားတဲ့အခါတုန်းက အပ် တံဟာ မြောက်ဘက်ကိုညွှန်ပြရမယ့်အစား တောင်ဘက်ကိုညွှန် ပြနေတာဖြစ်ရမယ်"

"ဟုတ်တာပေါ့ ဦးလေး။ အရှင်းသားပဲ"

"တို့အမှားဟာ အခုပေါ်ပြီကွယ့်။ အင်း ဒီလိုဘာဖြစ် လို့ ဖြစ်ရသလဲ"

"ကျွန်တော်သိပြီ ဦးလေး။ ဒီပင်လယ်ကြီးပေါ်မှာ ဖောင်နဲ့ ကျွန်တော်တို့ရွက်တိုက်လွှင့်သွားတဲ့အခါက မုန်တိုင်း

မိတယ် မဟုတ်လား။ အဲဒီအခါတုန်းက မီးလုံးကြီးလို နီနီရဲရဲ အလုံးကြီးတစ်လုံး ပေါ်လာတယ် မဟုတ်လား ဦးလေးရဲ့။အဲဒီ မီးလုံးကြီးဟာ သံလိုက်ဓာတ်လုံးကြီးလို့ နောက်တော့ဦးလေးပဲ ပြောတာပဲ”

“အေး ဟုတ်တယ်”


“အဲဒီ သံလိုက်လုံးကြီးဟာ ကျွန်တော်တို့ဖောင်ပေါ် မှာရှိတဲ့ သံနဲ့စပ်ဆိုင်တဲ့ ဝတ္ထုပစ္စည်းမှန်သမျှ အကုန်လုံးကို သံလိုက်ဓာတ်နဲ့ဆွဲကြည့်သောအခါ “အိမ်မြှောင်”ကိုလည်းသံ လိုက်ဓာတ်အားနဲ့ ဆွဲလိုက်လို့ ဖြစ်မှာပေါ့။ ဘယ့်နှယ်လဲ ဦးလေး။ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား”

ဦးလေးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

“အင်း၊ လျှပ်စစ်နဲ့ပတ်သက်လို့ လူကိုအရူးလုပ်တာ တစ်မျိုးပေါ့ကွယ်။ ဟား ဟား ဟား”

ထိုနေ့မှစ၍ ကမ္ဘာပေါ်တွင် ဦးလေးကဲ့သို့ စိတ်ချမ်းသာကျေနပ်သူ မရှိသလောက်ပင် ဖြစ်တော့၏။ ကျွန်ုပ်သည်လည်း ဦးလေးထက်မလျော့ချေ။ ပိုလျှင်သာပိုပေမည်။ အဘယ်ကြောင့်ဆိုသော် ယခုရေးသားချိန်၌ ပန်းကလေးတမျှ ချစ်စဖွယ်ကောင်းလှသော‘ဂရွိုင်ဗင်’မှာ ကျွန်ုပ်၏ချစ်ဇနီးဘဝသို့ ရောက်၍နေပြီဖြစ်သောကြောင့် ပေတည်း။

**ဒဂုန်ရွှေမျှား**


ကမ္ဘာမြေအောက်ခရီး
ဒဂုန်ရွှေမှူး
JOURNEY TO
THE CENTRE OF
THE EARTH
BY JULES VERNE